

www.burmeseclassic.com
စည်သူအာဂ
လူစွန့်စားမီရာ နှင့်
ရေနတ်ဘုရားဒေါ်ကြွင်ရာတော်
BURMESE CLASSIC .com
L လင်း
www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# စည်သူအဂ္ဂ

လူစွန့်စားဗီရော

နှင့်

ရေနတ်ဘုရား၏ကြွင်ရာတော်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၁၀၈၄၄၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၂၂၄၀၉၀၉

အကြိမ် – ပထမအကြိမ်၊

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၉၉၅.၈၃

စည်သူအဂ္ဂ

လူစွန့်စားမီရာနှင့် ရေနတ်ဘုရား၏ကြင်ရာတော်/

စည်သူအဂ္ဂ။ – ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၀၉။

၂၄၀ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) လူစွန့်စားမီရာနှင့် ရေနတ်ဘုရား၏ကြင်ရာတော်




ကျွန်ုပ် အန်းဒိတ်အောင်ဒင်သည် လူစွန့်စားမီရာ၏ စွန့်စားခန်း ဆိုးစဉ်များစွာ၌ မကြာခဏ ရာပ်မြောင်လိုက်ပါခဲ့ဖူးလေ၏။ ထိုအထဲ တွင်မှ ယခု ဖော်ပြမည့်ခရီးစဉ်သည်ကား မမေ့နိုင်စရာ အကောင်း ဆုံးခရီးစဉ်တစ်ခု ဖြစ်ခဲ့ပေသည်။ ကမ္ဘာမြေ၏ အကြမ်းတမ်းအရက် စက်ဆုံးလူမျိုးစုနွယ်များကြားထဲသို့ရောက်သွားခဲ့ကြသည့် ကျွန်ုပ်တို့ ခရီးစဉ်များ ယခုအခါ၌မူ လွမ်းမောဖွယ်ရာ ဒဏ္ဍာရီတစ်ပုဒ်အလား ဖြစ်၍နေပေပြီ။ သို့သော်လည်း ဤဇာတ်လမ်းတွင် အဓိကပါဝင် သည့် အလွန်အလွန်ချောမောလှပြီး အလွန်အမင်း ရက်စက်ခက်ထန် သည့် အမျိုးသမီးကိုမူ ယခုအချိန်ထိ ပြန်တွေးဖြစ်သည့်အခါတိုင်း ကျွန်ုပ်မှာ ကျောရိုးစိမ့်လောက်အောင် လန့်ဖျပ်နေဆဲဖြစ်ကြောင်း ဖြင့်တော့ ဝန်ခံရပေမည်။

ရွှေသမင်စာပေ

www.burmeseclassic.com



အပြင်လူများ ရောက်ပေါက်ရန် လွန်စွာခက်ခဲသော အာဖရိကတောကြီးမျက်မည်းတစ်နေရာ၌ တိုင်းရင်းသားဘာသာစကားနှင့် အာဆကဟုခေါ်သည့် တစ္ဆေလူမျိုးများနေထိုင်ရာ နယ်မြေတစ်ခုရှိ၏။ ထိုနယ်မြေမှာ ရွှေတောင်ကြီးနှစ်ခုကြား စီးဆင်းနေသည့် မြစ်ကြီးအနီးတွင် တည်ရှိပြီး ဆောက်လုပ်ထားသည့် အဆောက်အအုံများမှာ ရွှေများနှင့် အတိပြီး၍နေ၏။

ရွှေမှာ အခြားနေရာများ၌ အဖိုးထိုက်တန်မည်ဖြစ်သော်လည်း ထိုနေရာ၌မူ ကျောက်ခဲသလဲများနှင့် ဘာမှ ခြားနားမှုမရှိပေ။ အိုးခွက် ပန်းကန်များကို ရွှေနှင့်ပြုလုပ်သလို ဓားလှံလက်နက် စသည်တို့ကိုလည်း ရွှေစင်ရွှေသားများနှင့်သာ ထွင်းထုကိုင်ဆောင်ကြသောကြောင့် မည်သည့်နေရာကိုကြည့်ကြည့် တပြောင်ပြောင် တဝင်းဝင်းနှင့် လင်းလက်၍နေပေ၏။

တစ္ဆေလူမျိုးများသည် ပန်နီဆာဟုခေါ်သည့် ရေနတ်ဘုရားကို အစဉ်အဆက်ကိုးကွယ်လာကြ၏။ မိစ္ဆာနတ်ဆိုးဖြစ်သည်နှင့်အညီ ထိုနတ်ဘုရားအတွက် ယဇ်ပူဇော်ခြင်းအမှုကိုလည်း မပြတ် ပြုလုပ်ပူဇော်ကြ၏။ တစ္ဆေလူမျိုးများကို ရီဟာန်နာဟု အမည်ရသည့် ဝှဲဗျောဟိတ်မက ဘုရင်မသဖွယ် စိုးစံအုပ်ချုပ်ပြီး လူအများမှာ သူ့အဆိုးအဖြတ်အတိုင်းသာ နေကြရလေသည်။





ဘုရင်မ ရီဟာန်နာသည် ရွှေတောင်ကြီးနံဘေးတွင် အဆောင်ဆောင်အခန်းခန်းများနှင့် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားသော ရွှေစံအိမ်တော်ကြီး၌ နေထိုင်လေသည်။ သူမသည် ရုပ်ဆင်းအင်္ဂါ လှပချောမောပြေပြစ်သူတစ်ယောက်ဖြစ်သော်လည်း စိတ်ဓာတ်ကမူ လွန်စွာ ခက်ထန်ကြမ်းကြုတ်လှပေ၏။

သူမသည် သူမနှင့်ထိုက်တန်မည့် လင်ယောက်ျားကို အမြဲရှာဖွေနေသူဖြစ်ပြီး အစဉ်သဖြင့် ရွေးချယ်တင်မြှောက်နေလေ့ရှိ၏။ သူမနှင့် ညားသည့်ယောက်ျားပျိုများမှာ တစ်နှစ်မပြည့်မီမှာပင် သေဆုံးကုန်ကြလေသည်။ အလွန်သန်မာကြံ့ခိုင်သူများသာ တစ်နှစ်လောက်ခံကြပြီး များသောအားဖြင့်မူ လေး,ငါး,ခြောက်လလောက်အတွင်းမှာပင် သည်းခြေပျက် ရူးနောက်၍ သေဆုံးကုန်ကြလေသည်။

ထိုအခါများတွင် သူမသည် ဟက်ဟက်ပက်ပက်ရယ်မောပြီး နောက်လင်ယောက်ျားတစ်ဦးကို ထပ်မံရှာဖွေတင်မြှောက်ပြန်၏။ တင်မြှောက်ခြင်းခံရသော ယောက်ျားများမှာ မန်ဂလာ ဟူသည့် ဘွဲ့မည်ကို ရရှိကြပြီး စည်းစိမ်ရှိရှိ ဇိမ်ခံနေထိုင်ကာ အခြားမယားများစွာကို ယူပိုင်ခွင့်ရှိသော်လည်း မည်သူမျှ ထိုဘွဲ့ထူးကို မလိုချင်ကြပေ။ မန်ဂလာဘွဲ့ကိုပေးပြီး ဘုရင်မ ရီဟာန်နာက လင်ယောက်ျားအဖြစ် တင်မြှောက်ခြင်းခံလိုက်ရသူများမှာ သေမင်းထံသို့ ဖြတ်သမ်း



www.burmeseclassic.com

www.burmeseclassic.com



ခရိုးနှင့် အမြန်ဆုံးရောက်ရှိသွားကြသည်ကို မြင်တွေ့ခဲ့ရပေါင်း များလှသောကြောင့် ထိုဘွဲ့ရရှိမည်ကို ကြောက်လန့်နေကြခြင်း ဖြစ်လေသည်။

ဘုရင်မသည် မှော်ကဝေအတတ်ပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်ကျွမ်းပြီး ထိုအတတ်ပညာနှင့်ပင် သူ၏ ကာယသိဒ္ဓိတိုးစေရန်အတွက် မန်ဂလာများ၏ဝိညာဉ်ကို တဖြည်းဖြည်းစုပ်ယူစားသောက်သည်ဟု တစ္ဆေလူမျိုးများက ယုံကြည်ကြလေသည်။ သူမ၏ အသက်အရွယ် မည်မျှရှိပြီကို မည်သူမှ မခန့်မှန်းနိုင်ကြသော်လည်း အစဉ်သဖြင့် ကြည့်လိုက်လျှင် ငယ်ရွယ်နုပျိုနေခြင်းက ထိုအချက်ကို သက်သေခံ၍နေပေသည်။

သူမထံ၌ အာယုဝဍ္ဍန အသက်ရှည်ခြင်း၊ ဝဏ္ဏသိဒ္ဓိ အဆင်းလှခြင်းတို့ကို ဖြစ်ပေါ်စေသည့် စုန်းအတတ်နှင့်ပြုလုပ်ဖော်စပ်ထားသော ဆေးစွမ်းကောင်းများလည်းရှိနေဟန်တူလေ၏။ ထိုအရာ အဆိုများမှ တစ္ဆေလူမျိုးတို့၏ အယူအဆများသာဖြစ်လေသည်။ မည်သို့သော အကြောင်းကြောင့်ဖြစ်စေ လူတစ်ယောက်သည် နှစ်ထောင်ပေါင်းများစွာ အသက်ရှင်နိုင်သည်ဆိုသည်မှာ ဖြစ်နိုင်သော အရာပါ။ ရီဟာန်နာဘုရင်မနှင့်ပတ်သက်သည့် လျှို့ဝှက်ချက်ပေါင်း နောင်အခန်းများ၌ တွေ့ရပါမည်။ (ဤကား စကားချပ်) သ...





ရာ စံအိမ်တော်ဘေး မနီးမဝေး၌ ရေတွင်ကူးခတ်နေသော နတ်ဘုရားကြီး ပန်နီဆာ စံပျော်ရာ တစ္ဆေရေအိုင်ကြီး ရှိလေသည်။ ဝိညာဉ်စုပ်ယူစားသုံးခြင်းခံရသောကြောင့် ရှုံးသွပ်ကုန်သော မန်ဂလာများမှာ ထိုရေအိုင်အတွင်းသို့ဆင်း၍ သေဆုံးကြသည်က များလေ၏။

ပန်နီဆာနတ်ဘုရားကြီး၏ ဘုန်းတန်ခိုးမှာ တစ္ဆေလူမျိုးစုအပေါ်တွင်သာမက အနီးအပါးတောအုပ်ကြီးအတွင်း စုဖွဲ့နေထိုင်ကြသည့် လူသားစားအရိုင်းများ၊ အဆိပ်ပြင်းမြားပစ်ခေါင်းနီလူပုများသည့် ဒေသများသို့ပါ ပျံ့နှံ့သက်ရောက်မှုရှိ၏။ ထိုနတ်ဘုရားကြီးကို အားလုံးက ကြောက်ရွံ့ရိုသေကြလေသည်။

ကုန်လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်ကမှ နတ်ဘုရားကြီး ပန်နီဆာနှင့် ပတ်သက်သည့် ကြီးမားသော ပြောင်းလဲမှုကြီးတစ်ခု ဖြစ်ပွားခဲ့တော့၏။ ထိုအကြောင်းကိုမဆိုမီ ပန်နီဆာ နတ်ဘုရားမကြီး၏ ကြင်ရာတော်နတ်သမီးရုပ်တုအကြောင်းကို ဦးစွာ တင်ပြမှ သင့်မြတ်ပေလိမ့်မည်။ ရှေးနှစ်ထောင်ပေါင်းများစွာကတည်းက တစ္ဆေပုရောဟိတ်ကြီးများသည် ယဇ်နတ်ပူဇော်ပွဲများတွင် အသုံးပြုရန်အတွက် ရေနတ်ဘုရားကြီး၏ ကြင်ရာတော်မိဖုရားရုပ်တုကို ထုလုပ် ကိုးကွယ်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရုပ်တုမှာ ဘုရင်မကြီး ရီဟာန်နာကဲ့သို့ လှပသောမျက်နှာနှင့် ရက်စက်သောမျက်လုံးတို့ရှိပြီး ကိုယ်ခန္ဓာကတော့ ရေတွင် ကူးခတ်တော့မည့် ဖားတစ်ကောင်၏ပုံစံမျိုးဖြစ်လေ၏။ ဖားကပြုတ်ခန္ဓာနှင့် လှပသောအမျိုးသမီးမျက်နှာ ပေါင်းစပ်ထုလုပ်ထားသော ရုပ်တုမှာ ရွှေစင်ရွှေသားအတိနှင့် ဖြစ်သော်လည်း ရေပေါ်တွင် ပေါ်လောပေါ်နိုင်၏။ ထိုရုပ်တုကို ယဇ်ပူဇော်ပွဲကျင်းပမှသာ တန္တေရေအိုင်တွင်း ချပေးကြပြီး ကျန်အချိန်များ၌မူ ဘုရင်မ၏ နန်းဆောင်အတွင်းရှိ ရွှေရေဖလားကြီးအတွင်း၌သာ ပူဇော်ထားကြလေသည်။

တစ်နေ့သ၌ ရီဟာန်နာဘုရင်မအုပ်စိုးသော တန္တေနယ်မြေသို့ လှည့်လည်ရစ်ယာန် သာသနာပြုဘုန်းတော်ကြီးတစ်ပါး ရောက်ရှိလာတော့သည်။ ထိုဘုန်းတော်ကြီး၏အမည်မှာ ယောနသံဆမ်းမားဟူ၏။ ဘုန်းတော်ကြီးဆမ်းမား အဆိပ်ပြင်းလှပုလေးများနှင့် လူသားစားအရိုင်းကောင်ဒေသများကို မည်သို့ မည်ပုံ ကျော်ဖြတ်လာခဲ့သည်မှာ စိတ်ဝင်စားဖွယ်ရာပင်တည်း။

မည်သို့ပင်ဖြစ်စေ ရီဟာန်နာ ဘုရင်မကတော့ သူ၏ နယ်မြေအတွင်းသို့ ရောက်ရှိလာခဲ့သော လူစိမ်းများကို ပြုလုပ်နေကျ ဥပဒေသအတိုင်း အလွန်မွေးကြိုင်၍ စားချင့်စဖွယ်ပုံစံပေါက်နေသော ပန်းအဆိပ်သီးများနှင့် တည်ခင်းဧည့်ခံလေ၏။ အဆိပ်သီးစားသုံး





သောသူများမှာ ဝမ်းတွင်းသို့ရောက်သည်နှင့် များမကြာမီမှာပင် တုံးခနဲသေဆုံးကြရသော်လည်း ဘုန်းတော်ကြီး ဆမ်းမားကမူ စရဏာပဲကောင်းတာလား၊ ကုသိုလ်ကံကပဲ ကြီးမား၍လားမသိ စားပြီးသည်နှင့် ခဏခြင်းမှာပင် ပြန်အော့အန်ထုတ်ပစ်လိုက်၏။ ပန်းအဆိပ်သီးစားပြီး မသေဆုံးသူမှာ ဘုန်းတော်ကြီးတစ်ပါးသာရှိသေးသည်ဟု ဌာနေတန္တေလူမျိုးများက နောက်ပိုင်း၌ ဘုန်းတော်ကြီးအား ပြောပြကြလေသည်။

ထိုထူးခြားမှုတစ်ခုတည်းနှင့်ပင် ရီဟာန်နာဘုရင်မသည် ဘုန်းတော်ကြီး ဆမ်းမားအား လေးစားသွားပြီး အထူးဧည့်သည်တော်အဖြစ် သတ်မှတ်ကာ ကောင်းမွန်စွာ လက်ခံထားလိုက်လေတော့သည်။ ထိုအခွင့်ကောင်းကိုယူပြီး ဘုန်းတော်ကြီးဆမ်းမားက ခရစ်ယာန်တရားဒေသနာများကို တိုးတိုးကြိတ်ဟောကြားပြီး ဆွယ်တရားဟောသော်လည်း ဌာနေလူမျိုးများ၏ အရိုးစွဲနေပြီဖြစ်သော ကိုးကွယ်မှုအယူအဆတို့ကို ပြောင်းလဲအောင်မတတ်နိုင်ခဲ့ချေ။ ထိုစကားများကို မပြောရန်နှင့် နတ်ဘုရားကြီး ပန်နီဆာ သိလျှင် စိတ်ဆိုးပြီး အသက်နုတ်ယူခြင်းခံရမည်ဟုပင် ဌာနေတန္တေတို့က ဘုန်းတော်ကြီးအား ပြန်လည်ပြောဆိုကြလေ၏။

သည်သို့နှင့် များမကြာမီမှာပင် ယဇ်ပူဇော်ပသသည့် ပွဲတောင်



www.burmeseclassic.com

www.burmeseclassic.com



အခါသို့ရောက်ရှိလာခဲ့တော့သည်။ ဘုန်းတော်ကြီးမှာ ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိအယူအဆ အပြုအမူများကို လုံးဝ နှစ်သက်ခြင်းမရှိလှသော်လည်း သူပင်လျှင် ကံကောင်း၍ အသက်ရှင်နေရခြင်းဖြစ်လေရာ အခြားသူများ၏အသက်ကို မည်သို့ ကယ်တင်နိုင်ပါမည်နည်း။ ထို အကြောင်းကိုတွေးပြီး ဘုန်းတော်ကြီးမှာ များစွာ စိတ်မချမ်းမြေ့ခြင်း ဖြစ်နေရတော့၏။

တစ္ဆေလူမျိုးများမှာ မည်မျှအထိ အယူသီးသနည်း ဆိုသော် ကျန်းမာရေး၊ စီးပွားရေးအတွက် လိုအပ်မည်ဆိုလျှင် မိမိတို့၏သားသမီးကိုပင် ယဇ်နတ်ပူဇော်ရန်အတွက် ဝန်လေးသူများ မဟုတ်ကြချေ။ ဆင်းရဲချမ်းသာမဟူ ဆွေစဉ်မျိုးဆက်၌ ယဇ်နတ်အပူဇော်ခံခဲ့သူချည်းပင်တည်း။ ပန်နီဆာနတ်ဘုရားကြီး၏အလိုတော်အရ ပုရောဟိတ်မ ရီဟန်နာ၏ သဘောကျသတ်မှတ်ခြင်းကို ခံရလျှင် ဝမ်းသာအားရ လည်ချောင်းသွေးများနှင့် စတေးပေးဆက်ကြ၏။ အလွန်ဆိုးရွားသောအယူအဆပါပင်တည်း။

ထိုနှစ်က ယဇ်ပူဇော်ရန်အတွက် သတ်မှတ်ခြင်းခံရသူမှာ ပါစီပူစီအမည်ရှိလူငယ်လေးတစ်ဦး ဖြစ်ပေသည်။ ထိုလူငယ်လေးမှာ ရက်ရက်စက်စက် အသတ်ဖြတ်ခံရမည့်အရေးကို တွေးပြီး များစွာ တုန်လှုပ်ချောက်ချားနေ၏။ အပြစ်ကင်းစင်သော ထိုလူငယ်လေး





အကြောက်လွန်နေပုံကိုကြည့်ပြီး ဘုန်းတော်ကြီးဆမ်းမားသည် နှလုံးကြေကွဲမတတ် ခံစားနေရ၏။

သူ့ တစ်ခုခုတော့ ဆုံးဖြတ်ရပေမည်။ သူသည် သာသနာတော်အတွက် အသက်ကိုငဲ့ကွက်ခြင်းမရှိဘဲ ကမ္ဘာအနှံ့အပြား သွားလာ သာသနာပြုနေသူတစ်ဦးသာ ဖြစ်လေသည်။ သူ ဘာကို ကြောက်နေရမည်နည်း။ လူတစ်ဦး၏အသက်ကို ကယ်တင်နိုင်လျှင် ဘုရားသခင်က ကောင်းချီးပေးလိမ့်မည်။ မကယ်တင်နိုင်ဘဲ သူ့အသက်သေဆုံးခဲ့လျှင်လည်း ဘုရားသခင်နှင့် နီးစပ်ရာ ကောင်းကင်ဘုံသို့ ရောက်ရှိပေမည်။ ထိုအတွေးများကို တွေးလိုက်ပြီးနောက် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်ပြီး လူအလစ်၌ ဘုရင်မနန်းဆောင်အတွင်းသို့ လှမ်းဝင်လိုက်လေတော့သည်။

ဘုန်းတော်ကြီးမှာ ဘုရင်မ၏ပစားပေးခြင်းကို ခံရသူဖြစ်သည့်အတွက် သူ့ကို အစောင့်ရဲမက်များက များစွာ တင်းကျပ်မှု မရှိဘဲ ဝင်ထွက်သပ်ခွင့်ကို ပေးထား၏။ ဘုန်းတော်ကြီးဆမ်းမားသည် ပန်နီဆာနတ်မိဖုရား၏ရုပ်တုကို သေချာစွာစေ့စပ်စွာ လေ့လာထားခဲ့၏။ ရုပ်တုမှာ ကုန်းကွနေသည့် ဖားပြုတ်ပုံသဏ္ဌာန် ရေပေါ် ချပါက ပေါ်နေနိုင်ပြီး အောက်ခြေကို ချိုင့်ခွက်ထားသောကြောင့် ရေထဲသို့ကြိုးတပ်ပြီး မျက်နှာတွင် စွပ်လိုက်ပါက မျက်နှာဖုံးပုံစံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အသုံးပြု၍ရသည်ကို သူ သိထား၏။

ရုပ်တုပြုလုပ်ခဲ့သူများမှာ လွန်စွာ လက်ရာမြောက်ပြီး အကွက်စေ့တိကျကာ သိပ္ပံနည်းကျဆန်လွန်းလှသည်ဟု ဆိုရပေမည်။ ဘုန်းတော်ကြီး ဆမ်းမားသည် အသင့်ယူလာသော သားရေကြိုးနှင့် ဖားပြုတ်လက်နှစ်ဖက်တွင်ချည်လိုက်ပြီး မျက်နှာတွင်စွပ်လိုက်သည်။

ဘုန်းတော်ကြီးရုပ်တုမျက်နှာကြီးစွပ်လျက်ထွက်လာသည်ကို ကြည့်ပြီး ယာဇ်ပွဲတော်လာလူအများမှာ ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြတော့၏။ ဘုရင်မ ရီဟာန်နာမှာလည်း ထိုကဲ့သို့အဖြစ်မျိုးကို တစ်ခါမှ ကြုံဖူးသူ မဟုတ်သောကြောင့် ကြောင်အမ်းအမ်းဖြစ်၍နေ၏။

နတ်မိမယ်၏ဝိညာဉ်သည် ဘုန်းတော်ကြီးကို ပူးကပ်နေပြီ အရမ်းမလုပ်ကြနှင့် နတ်မိဖုရား၏ အလိုတော်အတိုင်း စီစဉ်ကြပါ စသည့်စကားများကို တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်မှာ ကျွက်ကျွက်ညံ၍နေ၏။ ရုပ်တုကြီး၏မျက်လုံးတွင် တပ်ဆင်ထားသော အမျိုးအမည်မသိကျောက်မျက်မှာ အံ့ဖွယ်ကောင်းလွန်းလှ၏။ ထိုကျောက်သည် အရောင်မျိုးစုံ ပြောင်းလဲ၍နေပြီး မျက်နှာဖုံးစွပ်ထားလျှင် မျက်လုံးတည့်တည့်၌ရှိနေ၏။ ထိုမှကြည့်လျှင် အပြင်ဘက်သို့ထွင်းဖောက်၍မြင်နေသောကြောင့် ဘုန်းတော်ကြီး ဆမ်းမားသည် ယဇ်ပူဇော်မည့်နေရာသို့ အလွယ်တကူ သွားနိုင်





တော့သည်။

ဘုန်းတော်ကြီးလျှောက်ရာလမ်းတစ်လျှောက်ရှိသူများမှာ ကြောက်လန့်တကြားနှင့် တိမ်းဖယ်ပေးကြရာ အလဲလဲအပြိုပြိုပင် ဖြစ်ကုန်ကြတော့သည်။ ထိုအချိန်မှာ ယဇ်သားကောင်၏ လည်ချောင်းသွေးနှင့် ယဇ်ပူဇော်ရန်အတွက် ပါးကွက်အာဏာသားက ဓားနှင့်ခုတ်ပိုင်းတော့မည်ဆဲဆဲဖြစ်နေရာ ထိုသူမှာလည်း ဘာလုပ်ရမှန်းမသိဘဲ ဓားကိုမြှောက်လျက်သားနှင့် ရပ်တန့်နေ၏။

ဘုန်းတော်ကြီးဆမ်းမားက 'နိုး' ဟုအော်လိုက်သောအသံကြီးမှာ ရုပ်တုအတွင်းမှထွက်လာသောအခါ၌ မည်သည့်အသံမှန်း ခွဲခြားမသိသောအသံကြီးအဖြစ်သို့ ပြောင်းလဲသွားသောကြောင့် အချို့သူများမှာ ကြောက်လန့်တကြားနှင့် မြေပေါ်သို့ဝပ်စင်းပြီး တစ်ကိုယ်လုံးတုန်ယင်နေကြတော့သည်။ ဘုန်းတော်ကြီးသည် ပါးကွက်အာဏာသားထံမှဓားကို ဦးစွာ ဆွဲယူလိုက်ပြီး ယဇ်သားကောင် ပါစီပူစီ၏ လက်ကိုဆွဲကာ အပြင်ဘက်သို့ ထွက်လာလိုက်လေတော့သည်။

ဘုရင်မမှာ အံ့သြမှင်တက်သည့်ပုံဟန်မျိုးနှင့်ယခုတိုင် မည်သည့်အမိန့်ကို ပေးရမှန်းမသိဘဲ ရပ်တန့်နေဆဲဖြစ်လေ၏။ အချို့သူများက ဘုန်းတော်ကြီးနှင့် ပါစီပူစီတို့၏နောက်သို့ လျှောက်လိုက်မည်ဟုပြင်ကြလေရာ ဘုန်းတော်ကြီးက ယခင်အတိုင်း နိုးဟုအော်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဓားကြီးကို ဝင့်ပြလိုက်သောကြောင့် အားလုံး ရပ်တန့်ကုန်ကြသည်။

နတ်မိဖုရား၏ဝိညာဉ်က ဘုန်းတော်ကြီးထံစီးပြီး ယဇ်သားဆောင်ထို သူ နှစ်သက်သည့်နေရာ၌ ကွပ်မျက်ရန်ခေါ် သွားခြင်းဖြစ်မည်။ နေ့ဝင့်ယှက်ဟန့်တားလျှင် နတ်မိဖုရား၏ စိတ်ဆိုး အမျက်ထွက်ခြင်းနှင့် ကြုံရမည် စသည့် ထင်ကြေးတို့နှင့် အသိဉာဏ်ပညာနည်းပါးလှသော သူတို့မှာ ဆက်မလိုက်ကြဘဲ နောက်တွင်ကျန်ရစ်ခဲ့ကြလေတော့သည်။

ထိုအချိန်မှစ၍ နတ်မိဖုရားရုပ်တုမှာ ဘုန်းတော်ကြီးဆမ်းမား ယဇ်သားကောင် ပါစီပုစီတို့နှင့်အတူ စုန်းစုန်းမြုပ် ပျောက်ကွယ်သွားလေတော့သည်။ ပန်နီဆာ နတ်ဘုရားကြီးနှင့် အခန့်မသင့်ကတောက်ကဆတ်ဖြစ်သောကြောင့် နတ်မိဖုရားဝိညာဉ် ပူးကပ်နေသောရုပ်တုမှာ စိတ်ကောက်ပြီးထွက်သွားဟန်တူသည်။ သို့သော်တစ်နေ့တစ်ချိန်ကျလျှင်ဖြင့် သူ စိုးစံရာနယ်မြေ၊ သူ ချစ်ခင်မြတ်နိုးသည့် နတ်ဘုရားကြီးထံသို့ မလွဲမသွေ ပြန်လာမည်ဟူသော အယူအစွဲတို့မှာတော့ တာဗွေလူမျိုးတို့၏ရင်ထဲ ကိန်းဝပ်နေမြဲပင်တည်း။





## ဟာကျူလီဆမ်းမားထံမှ စာ

မိတ်ဆွေကြီး လူစွန့်စားမိရာ...

ကျွန်တော် ဟာကျူလီဆမ်းမား သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။ ဟာကျူလီကို မှတ်မိသေးရဲ့လား။ တိဗက်ကော်ကော်နူးကွင်းပြင်မှာ ဆုံခဲ့ကြတဲ့ မောင်စကြဝဠာလို ဗလကောင်းကောင်းနဲ့လူဖြူအင်္ဂလိပ်ကြီးလေဗျာ၊ ကျွန်တော်တို့ဘုရားသခင်ရဲ့မီးဖိုချောင်လို့အမည်ရတဲ့ ဗိုဟန်ဗိုတာတောင်ကို တက်ခဲ့ကြတဲ့အကြောင်း အမှတ်ရသေးတယ်ဗျာ။ အဲဒီမှာ ကျွန်တော့်အသက်ကို သက်စွန့်ဆံဖျားကယ်တင်ခဲ့တဲ့ ခင်ဗျားကို ကျွန်တော်ကတော့ တစ်သက်လုံး မမေ့နိုင်ပါဘူး။ ကျွန်တော့်ကို ထမ်းပိုးခဲ့စဉ်တုန်းက ရယ်ရွှမ်းပတ်ရွှမ်းနဲ့ ခင်ဗျား ပြောခဲ့ဖူးသေးတယ်လေ၊ ကျွန်တော်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဟာကျူလီဆိုတဲ့နာမည်နဲ့ လိုက်အောင် အချိန်စီးလွန်းလှတယ်ဆိုပြီး တော့ပေါ့။

အခုတော့ ကျွန်တော်ဟာ ဗလကောင်းကောင်း လူဖြူကြီး မဟုတ်တော့ပါဘူး။ နာတာရှည်ရောဂါသည် ပိန်တာရိုးတစ်ယောက် ဖြစ်နေပါပြီ၊ သွေးကင်ဆာ ဆိုတဲ့ သေမင်းတမန်က ကျွန်တော့်ရဲ့ ခွန်အားဗလကို ဝါးမျိုစားသောက်ပြီး မရဏာချောက်ထဲ တွန်းချလို့နေပါပြီ၊ ကျွန်တော် သိပ်ကြာကြာ နေရတော့မှာမဟုတ်ပါဘူး။

တိဗက်မှာဆုံခဲ့စဉ်က ကျွန်တော့်မှာရှိတဲ့ ထူးဆန်းတဲ့ရုပ်တု လေးအကြောင်းကို ပြောပြဖြစ်သေးတယ်ထင်ပါရဲ့၊ ဒီရွှေစင်ရုပ်တုကို ကျွန်တော့်ဘကြီး ဘုန်းတော်ကြီးဆမ်းမားက ပေးသွားခဲ့တာပါ၊ အမိုး စပ်ဆုံးမျိုးဆက်ဆိုလို့ ကျွန်တော်ပဲရှိတော့ ကျွန်တော်ပဲ လက်ခံခဲ့ရ တာပေါ့လေ။

ဒီ နတ်ဘုရားမရုပ်တုမှာ ကြီးမားတဲ့ တန်ခိုးအာနိသင်ရှိတယ် လို့ ကျွန်တော် ယုံကြည်တယ်။ ကံကောင်းခြင်း၊ ကံဆိုးခြင်းတွေကို သူက ပေးစွမ်းနိုင်တယ်။ အစကတော့ ကျွန်တော်ဟာ ဒါတွေကို ယုံကြည်တဲ့သူ မဟုတ်ပါဘူး၊ ပါစီပူစီကတော့ ဒီရုပ်တုကို သေ မတတ်ကြောက်ရွံ့ရှိသေတယ်၊ ပါစီပူစီ ဆိုတာ ကျွန်တော့်ဘကြီး ဘုန်းတော်ကြီး ဆမ်းမားနဲ့ ပါလာခဲ့တဲ့ အာဖရိကဌာနေ တစ္ဆေလူမျိုး





နီဂရိုးကြီးလေ။ ကျွန်တော့်ဘကြီး ဆုံးပြီးကတည်းက ကျွန်တော်နဲ့ အတူတူနေတာ ခုထိပါပဲ။

သူက ပြောတယ်၊ ဒီရုပ်တုကို ရိုသေစွာကိုးကွယ်သမှုပြုရင် ဘဘ်လာဘ ပေါများမယ်တဲ့၊ ကျွန်တော်က ကဲ ဟုတ်ပါပြီ ငါ့ကို အရင်လာဘ်ရွှင်အောင်လုပ်ပေးနိုင်ရင်တော့ ကိုးကွယ်သင့်ရင် ကိုး ကွယ်ရမှာပေါ့လို့ ပြောတော့ ပါစီပူစီက သူ လုပ်ပေးမယ်တဲ့။

ဒါနဲ့ပဲ ပါစီပူစီရယ်လေ ကြွက်ကလေးတစ်ကောင်ကိုဖမ်းပြီး ကြွက်သွေးနဲ့ယဇ်ပူဇော်လို့ ကျွန်တော့်အတွက် ဆုတောင်းပေးတော့ တယ်၊ ကျွန်တော်ကတော့ သူ လုပ်နေတာကို ဟာသတစ်ခုလို့ပဲ ထိုင်ကြည့်နေပြီး ရယ်နေမိတာပါပဲ။ ဒါပေမယ့် ဘာကြာမလဲဗျာ နိုင်ယာလန်ထီပေါက်ပါရောလား။

ဘယ်ပြောကောင်းမလဲ ကိုဇီရာရယ် အဲဒီအချိန်တုန်းက သန် ဘန်းမြန်တုန်း အရွယ်ကောင်းတုန်းဆိုတော့ သုံးဖြုန်းပျော်ပါးကြ တာ မဆုံးနိုင်အောင်ပါဘဲလား။ သို့သော်လည်း လူ့သဘာဝဆိုတာ က ဆန်းကြယ်တယ်ဗျ။ ကျွန်တော် ခုလိုထီပေါက်တာ အဲဒီရုပ်တု ကြောင့်လို့ ယုံမယ်ထင်လို့လား။ မထင်ဘူးဗျ၊ ကိုယ့်ကုသိုလ်ကံကြောင့် ကိုယ် ရခဲ့တာပဲလို့ထင်ခဲ့တယ်၊ ဒါဟာ တိုက်ဆိုင်မှုတစ်ခုပဲလို့ ယူဆ ခဲ့တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သည်ကုတ်မှာ အိမ်ကြီးတစ်လုံးကို ဝယ်လိုက်တယ်။ ငယ်ချစ်ဖြစ်တဲ့ စင်သီယာနဲ့လဲ လက်ထပ်ဖြစ်တယ်။ အခု ကျွန်တော့်မှာ လင်နွန် နဲ့ လိုလာလို့ခေါ်တဲ့ သားတစ်ယောက်၊ သမီး တစ်ယောက် ရှိနေပြီလေ။

စီးပွားရေးကတော့ ကျွန်တော့်မှာ ပူစရာမရှိပါဘူးဗျာ။ အဲ ဆိုးနေတာကတော့ ကျန်းမာရေးပဲ၊ အဲဒီကျန်းမာရေးကလဲ နတ် ဘုရားရုပ်ကြီးနဲ့သက်ဆိုင်တာပါပဲဗျာ၊ ကျွန်တော့်ကို သူက အိပ်မက် ထဲမှာ ကိုယ်ထင်ပြပြီး သူ့ကို ပြန်ပို့ပေးဖို့ပြောတယ်၊ သူ့ကို ပြန်မပို့ ရင် ကျွန်တော့်ရဲ့အသက်ကို ဖြည်းဖြည်းချင်းနုတ်ယူသွားမယ်တဲ့။ သူပြောတာက ကြောက်စရာပါ၊ ဒါပေမယ့် အဲဒီအချိန်တုန်းက ကျွန်တော် မကြောက်ခဲ့ဘူး။

မနက်မိုးလင်းတော့ ရုပ်တုကိုစေ့စေ့ကြည့်ပြီး "နင့်ကို အန္တရာယ် တောထဲ ငါ့အသက်နဲ့ရင်းပြီး ပြန်ပို့ရအောင် အားယားနေတဲ့ကောင် မဟုတ်ဘူး" လို့ ရိုင်းရိုင်းစိုင်းစိုင်း ပြောလိုက်မိတယ်။ ဒီလိုပြောပြီး ဘယ်လောက်မှမကြာပါဘူးဗျာ ကျွန်တော့်ခေါင်းတွေ မူးလာပြီး ထိုင်နေရာကနေ အောက်ကို ထိုးကျသွားတော့တယ်။

ဒီအချိန်ကစပြီး ကျွန်တော်ဟာ နာတာရှည်ရောဂါ ဖြစ်ခဲ့တာ ပဲ၊ ဒါကိုလဲ တိုက်ဆိုင်မှုတစ်ခုပဲလို့ ဆိုရမှာလား။ နောက်ပိုင်းကျတော့





သူဟာ ကျွန်တော့်အိပ်မက်ထဲ ခဏ ခဏ ရောက်လာတယ်၊ ရောက် တဲ့အခါတိုင်းမှာလဲ သူ့ကို အမြန်ဆုံးပြန်ပို့မေး၊ မပို့ပေးရင် ကျွန်တော် တင်မက ကျွန်တော့်မိန်းမ၊ သား၊ သမီးနဲ့ ဆမ်းမားမျိုးဆက်တစ်ခု လုံးကို ဖျောက်ပစ်လိုက်မယ်လို့ ကြိမ်းဝါးနေတာပါပဲ၊

ကိုမီရာ ခုဆိုရင် ကျွန်တော် ဒီစာကို ဘာကြောင့်ရေးသလဲဆို တာ သဘောပေါက်နေလောက်ပါပြီ။ မသာ အစားငှားတယ်လို့ တော့ မထင်ပါနဲ့ဗျာ၊ ကျွန်တော့်ဘဝမှာ ခဏလေးသာတွေ့ခဲ့ရပေ မယ့် လေးစားစရာအကောင်းဆုံးစွန့်စားသူဆိုလို့ ကိုမီရာ တစ် ယောက်တည်းကိုပဲ မြင်မိပါတယ်။

ကိုယ်ရဲ့အသက်သခင်ကျေးဇူးရှင်ကို တမင် ဒုက္ခပေးတဲ့ သဘောမျိုးတော့မဟုတ်ပါဘူး၊ ကျွန်တော်ရဲ့နောက်ဆုံးအချိန်တွေ မှာ ရင်ဖွင့်ချင်တဲ့သူဆိုလို့ ခင်ဗျားကိုပဲမြင်နေလို့ ဒီစာကို ရေးလိုက် ရခြင်း ဖြစ်ပါတယ်ဗျာ။

ဒီစာနဲ့အတူ ကျွန်တော့်ဘကြီး ဘုန်းတော်ကြီးဆမ်းမားရဲ့ ဘာစွဲနယ်မြေနဲ့ပတ်သက်တဲ့ မှတ်စုစာရွက်များကိုပါ ထည့်ပေးလိုက် ပါတယ်။

*လေးစားစွာဖြင့် ...*

ဟာကျူလီဆမ်းမား



www.burmeseclassic.com

www.burmeseclassic.com



ထိုစာနှင့်အတူ ဟာကျူလီဆမ်းမားက သူ၏ နေရပ်လိပ်စာ အပြည့်အစုံကိုပါထည့်ပေးလိုက်ပြီး အင်္ဂလိပ်ပိုင် မည်သည့်ဘဏ်တွင်မဆို ထုတ်ယူနိုင်သော ပေါင်တစ်သောင်းတန် ချက်လက်မှတ်နှင့်အတူ အကယ်၍ လိုက်လာမည်ဆိုပါက လိုအပ်တာအားလုံး သူဖြည့်ဆည်းပေးမည့်အကြောင်းတို့ကိုပါ စာကြွင်းတွင် ရေးသားထားလေ၏။ ဘုန်းတော်ကြီး၏ မှတ်စုစာရွက်များမှာ နှစ်ပရိစ္ဆေအကြာကြီးလှပြီဖြစ်သောကြောင့် ဟောင်းနွမ်းဆွေးမြည့်၍နေပေပြီ။ အချို့စာလုံးများမှာ ဖတ်ရှုမရအောင်ပင်ပျက်စီးနေပြီဖြစ်ရာ အဆက်အကြောင်းမိအောင် များစွာဖတ်ရှုရ၏။ သူ၏စာများဆီလျော်အောင်စီပြီး ရွှေအခန်း၌ ဖော်ပြလိုက်ခြင်းသာဖြစ်လေသည်။ သူ၏ စာရွက်များကြားတွင် တစ္ဆေနယ်မြေသို့ သွားရန်အတွက် မှတ်သားထားသောမြေပုံတစ်ခုလည်း ပါဝင်လေသည်။

"ဟာကျူလီဆမ်းမားနဲ့ ကိုမီရာက ဘယ်လိုဆုံဖြစ်ကြတာထဲ"

"ခရီးသွားဟန်လွှဲပါပဲဗျာ၊ ဒီလူက ဟိမဝန္တာမှာ အမဲပစ်ဖို့ထွက်လာတာ၊ မိုဟန်မိုတာမှာက အလွန်ရှားပါးတဲ့ ကျားဖြူတွေရှိတယ်သူက ကျားဖြူကို ပစ်ချင်လို့ ရောက်လာတဲ့သူပဲ၊ သူနဲ့အတူ အစေခံသုံးယောက်လောက်ပါခဲ့သဗျ။ သူတို့အဖွဲ့နဲ့ ကျုပ် လမ်းခုလတ်အနား ယူ့ စခန်းချတဲ့နေရာတစ်ခုမှာ ဆုံဖြစ်ခဲ့ကြတာပဲ"





"သူ့အသက်ကို ကယ်ခဲ့တယ်ဆိုတာက ..."

"အဲဒီမှာပဲလေ၊ သူက ကျားဖြူကိုတွေ့တော့ သေနတ်နဲ့ပစ်တယ်၊ ချက်ကောင်းကိုမထိတော့ ကျားနာက သူ့ကို ပြန်ခုန်အုပ်ပါရောလား။ သူ့အဖော်တွေက ကြောက်လန့်တကြားနဲ့ ခြေဦးတည့်ရာထွက်ပြေးကြတဲ့အချိန်မှာ ကျုပ်က မနေနိုင်လို့ ကျားကို ကျုပ်လက်စွဲဓားမြှောင်နဲ့ပဲ ရှင်းပစ်လိုက်ရတော့တာပေါ့။ ရှားပါးကျားဖြူဆိုပေမယ့် ဘယ်တတ်နိုင်မလဲဗျာ၊ လူ့အသက်က ပိုတန်ဖိုးရှိတယ်မဟုတ်လား"

"နောက် သူ့စာထဲမှာပါတယ်လေ၊ ခင်ဗျားက သူ့ကို ထမ်းပိုးပြီး ပြေးရသေးတယ်ဆို"

"ခင်ဗျားက စာရေးဆရာလုပ်မယ့်သူပီပီ တော်တော်စေ့စပ်တာပဲလား ကိုအောင်ဒင်၊ ဒီလိုပါဗျာ၊ မိုဟန်မိုတာတောင်ဆိုတာက တောင်တစ်ခုလုံးမှာ ကာဘွန်နစ်အက်စစ်ဓာတ်တွေက စိမ့်ပြီးထွက်နေတာလေ၊ ကြာကြာ ထိုင်လို့ အိပ်လို့မရဘူးဗျ၊ ဟစ်ခါတည်း အသက်ပါသွားမှာ၊ ဒီလူက ကျားကုတ်တဲ့ဒဏ်ရာနဲ့ လဲနေတာဆိုတော့ သူ့ကိုထမ်းပိုးပြီး စခန်းချတဲ့နေရာ ပြေးရတာပေါ့ဗျာ၊ ဒါပါပဲ"

"အဲဒီမှာပဲ သူနဲ့ရင်းနှီးသွားကြတာပေါ့"

"ဟုတ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် အကြောင်းပြော



www.burmeseclassic.com

www.burmeseclassic.com



ကြရင်း ကျုပ်ကို အန္တရာယ်အရှိဆုံးနေရာတွေကိုမှ ရွေးပြီးသွားတတ်တဲ့သူမှန်း သိသွားတယ်၊ ဒါနဲ့ သူ့အိမ်မှာကျန်နေခဲ့တဲ့ ထူးဆန်းအံ့ဖွယ် ရုပ်တုလေးအကြောင်းကို အနည်းအကျဉ်း ပြောပြသွားခဲ့ဖူးတယ်၊ အဲဒီတုန်းကတော့ ဒီအရုပ်ကို ခုလို သွားပြန်ပေးခိုင်းချင်တဲ့သဘောမျိုးတော့မဟုတ်ပါဘူး။ ကမ္ဘာမြေပေါ်မှာ ကျွန်တော် စိတ်ဝင်စားနိုင်မယ့် လျှို့ဝှက်ဆန်းကြယ်နေရာတစ်ခုရှိတယ်ဆိုတဲ့ သဘောမျိုးနဲ့ ပြောခဲ့တာပါ"

"ကိုမီရာ အဲဒီကိုသွားမှာလား"

"အိုး ... မေးနေစရာလိုသေးလားဗျာ၊ ဟောဒီမှာ မြေပုံလဲ ရှိနေပြီ၊ ကုန်ကျစရိတ်ခံမယ့် ပရိဂျူဆာ ဟာကျူလီဆမ်းများလဲ ရှိနေပြီ ဘာလိုသေးလဲ"

ကိုမီရာသည် ပေါ့ပေါ့လေးပြောပြီး ရယ်မောနေလေ၏။ သူ၏ စိတ်ထဲတွင် အဆိပ်လူးမြားများနှင့်ပစ်ခတ်သတ်ဖြတ်မည့်ခေါင်းနီ လူပုများ၊ လူတစ်ကိုယ်လုံးကို ကိုက်ဖြတ်စားသောက်မည့်လူသား စား အရိုင်းများ၊ ရက်စက်ကြမ်းကြုတ်သည့် တဈေလူမျိုးတို့၏ခေါင်းဆောင် ပုရောဟိတ်မ ရီဟာန်နာ စသည်တို့၏အန္တရာယ်ကို မှန်းဆ၍ ပင် တွေးထားပုံမပေါ်။ ကြည့်ရသည်မှာ သက်သောင့်သက်သာ ရှိ





လွန်းလှလေ၏။

"ဒီခရီးကို ခင်ဗျားတော့ လိုက်ဖို့မသင့်ဘူး ကိုအောင်ဒင်၊ အန္တရာယ်က များလွန်းသဗျ"

"ဟာ ... လိုက်ဖို့သင့်ပါတယ်ဗျ၊ အခု ခင်ဗျားဆီ ကျုပ် ရောက်လာတဲ့အချိန်မှာပဲ လန်ဒန်ကနေ ပေးပို့လိုက်တဲ့ ဟာကျူလီရဲ့စာ ရောက်လာတယ်ဗျာ၊ ဒါဟာ တိုက်တိုက်ဆိုင်ဆိုင် ကျုပ်နဲ့ ဒီခရီး ကံစပ်တယ်ဆိုတဲ့သဘောကို ပြနေတာပဲဗျ"

"သေခြင်း၊ ရှင်ခြင်းကို ထည့်မတွက်ထားဘူးဆိုရင်တော့ လိုက်ပေါ့ဗျာ"

"ကိုမီရာ ပါနေမှတော့ သေခြင်းကိုတော့ လုံးဝ တွက်မထားပါဘူးဗျာ"

ကျွန်ုပ်တို့နှစ်ဦးစလုံး ရယ်ဖြစ်ကြ၏။

"ဒီရုပ်တုက ဖားကပြုတ် ခန္ဓာကိုယ်နဲ့ အမျိုးသမီးရဲ့ဦးခေါင်းဆိုတော့ စိတ်ဝင်စားစရာတော့ ကောင်းပေရဲ့၊ နို့ ဒီရုပ်တုရဲ့ ကျိန်စာ တိုက်မှုကြောင့် ဟာကျူလီဆမ်းမား ရောဂါသည်ဖြစ်ရတယ်ဆိုတဲ့ အပေါ် ကိုမီရာ ယုံသလား"

"ဒါကတော့ ပြောရခက်သားဗျ၊ မိစ္ဆာနတ်ဆိုးရဲ့ကျိန်စာ ကြောင့်လား၊ သူ့ရဲ့စိတ်အစွဲကြောင့်ဖြစ်တာလားဆိုတာ တွေ့မှပဲ



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်လို့ရနိုင်မယ်၊ လူဆိုတာကလဲ ခက်တယ်၊ ရိုးရိုးတန်းတန်း တိုက်ဆိုင်မှုလေးတွေက တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မှန်လာရင် ဒါကြောင့်ပဲဆိုပြီး အစွဲဝင်လာတတ်သဗျ၊ အဲဒီလူမျိုးက ဥပါဒါန် ကြောင့် ဥပဒ်ရောက်ဖို့ နီးစပ်နေပြီလေ၊ နောက်တစ်ခုက ဟာကျူလီ မှာရှိနေတဲ့ ပန်နီဆာမိဖုရားရုပ်တုက နှစ်ထောင်ပေါင်းများစွာ ကတည်းက ထုလုပ်ကိုးကွယ်ခဲ့တော့ သူ့ဆီမှာ မကောင်းဆိုးဝါး ဝိညာဉ်တွေလဲ ပူးကပ်ကောင်းပူးကပ်နေမှာပေါ့၊ ကံပါလေ ခင်ဗျားလဲ သူ့ကိုမြင်ရရင်တော့ အကဲခတ်နိုင်မှာပေါ့"

ထို့နောက် ကျွန်ုပ်နှင့် ကိုမီရာတို့သည် ဟာကျူလီဆမ်းမား ရှိရာ လန်ဒန်ရေးစဉ်က မည်သည့်နေ့ရက်အချိန်တို့၌ မည်သို့မည်ပုံ သွားကြမည်ဆိုသည့် အကြောင်းများကို ညှိနှိုင်းကာ လမ်းခွဲခဲ့ကြလေ တော့သတည်း။

※ ※ ※





## လူမည်းကြီး ပါစီပူစီ

သည်ကုတ်ရှိ ဟာကျူလီဆမ်းမား၏အိမ်မှာ လွန်စွာကြီးကျယ် ခမ်းနားလွန်းလှပေ၏။ ကတော်တော်များများကျယ်သည့် မြေဝန်း ကျယ်ကြီးအတွင်းတွင် ရှေးဆန်ဆန်ဆောက်လုပ်ထားပြီး ရေကူး ကန်၊ တင်းနစ်ကွင်း၊ ဘက်စ်ကက်ဘောကွင်း စသည်တို့မှာလည်း မြေဝင်းအတွင်း အချိုးကျစွာရှိ၍နေ၏။

ကြိုတင်မှာကြားထားမှုကြောင့် ကျွန်ုပ်တို့ကို အသက် လေး ဆယ်ကျော်အရွယ်ခန့်ရှိ ထောင်ထောင်မောင်းမောင်း နီဂရိုးကြီး တစ်ဦးက ဆီးကြို၍နေသည်။ ထိုလူကြီးက ပြောင်နေသောခေါင်း ပြောင်ကြီးကိုညွှတ်ပြီး လွန်စွာပီသသော အင်္ဂလိပ်စကားနှင့် သူ့ကိုယ် သူ မိတ်ဆက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ကောင်းသောညနေခင်းပါ၊ ကျွန်တော်ကတော့ ပါစီပူစီပါ။ ကျွန်တော့်ရဲ့သခင်က သခင်တို့ကို စောင့်ကြိုနေပါတယ်ဗျာ"

ဟာကျူလီဆမ်းမား၏စာထဲတွင်ပါသည့် တစ္ဆေလူမျိုး ပါစီပူစီဆိုသည်မှာ ဤလူကြီးပါပဲလား။ ကျွန်ုပ်တို့လည်း မိမိတို့အမည်များကို ဖော်ပြနှုတ်ဆက်ပြီး ထိုလူကြီး ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့တော့သည်။ ကျောက်ဖြူသားနှင့်ခင်းထားသည့် လမ်းဘေးတစ်လျှောက်တွင် ရှားပါးလှပ၍ တွေ့မြင်ရခဲသောပန်းအိုးမျိုးစုံကို စီတန်း၍ ခင်းထား၏။ ခြံဝင်းတံခါးမှနေ၍ ခြေလှမ်းတစ်ရာခန့်လျှောက်ပြီးမှ အိမ်ကြီးဆီသို့ ရောက်ရှိတော့သည်။

"ကြွပါခင်ဗျာ၊ သခင်က ဧည့်ခန်းထဲမှာ စောင့်နေပါတယ်"

အိမ်ကြီးမှာ အပြင်ဘက်မှ ခံ့ညားထည်ဝါသည့်နည်းတူ အတွင်းဘက်တွင်လည်း အဆောင်ဆောင်အခန်းခန်းနှင့် နန်းတော်ကြီးပမာဖြစ်၍နေသည်။ အမိုးထိုက်တန်သော ပရိဘောဂများမှာ ခန်းမကျယ်ကြီးများအတွင်း နေရာတကျ သပ်သပ်ရပ်ရပ် အထားအသိုကျနစွာနှင့် တည်ရှိ၍နေသည်။ ဧည့်ခန်းထောင့်တစ်နေရာတွင် မပော်ယမ်းရောင်လက်နေသော ရှေးဟောင်းစန္ဒရားကြီးတစ်လုံးကို တွေ့ရ၏။ စန္ဒရားကြီး၏ မနီးမဝေးတွင် အလှနတ်ဘုရားမ အဖရိုဒိုက်၏ ပန်းပုရုပ်ရှိနေပြီး ထိုအနီးမှာပင် လေးမြားတို့ကိုင်ခွဲထားသော ဟာကျူလီ





နတ်သား၏ရုပ်တုကို ကပ်၍ချထားလေ၏။ ရုပ်တုများမှာ လူ တစ်ရပ်စာခန့်ရှိသောကြောင့် ခပ်မှောင်မှောင်အချိန်၌ ကြည့်လျှင် လူများရပ်နေသည်နှင့်ပင်တူနေသေးတော့သည်။

ကျွန်ုပ်နှင့် ကိုမီရာတို့သည် ခန်းလုံးပြည့်ခင်းထားသော နီညိုရောင်ပါရှန်ကော်ဇောများပေါ် နင်းလျှောက်ပြီး ပန်းကနုတ်များလက်ရာမြောက်ထွင်းထုထားသည့် သက်န်းနက်စားပွဲပုလေးအနီးရှိ ဆက်တီခုံတွင်ထိုင်ကာ ဟာကျူလီဆမ်းမားကို စောင့်ဆိုင်းကြရလေ၏။

"ဟာကျူလီဆမ်းမား ဆိုတဲ့လူက အဲဒီ ဟာကျူလီနတ်သားလို ဗလကြီးနဲ့ဗျ"

ကိုမီရာက ဟာကျူလီနတ်သားရုပ်တုရှိရာသို့ မေးဆတ်ပြရင်း ပြောလေသည်။ ပန်းပုဆရာ၏လက်စွမ်းပြ ကြွက်သားအဖုအထစ်များမှာ လုံးကြွဝင်းပြောင်နေပြီး ထိုအပေါ်မှ အကြောမျှင်များ ယှက်သမ်း၍ကျနေသည်မှာ အသက်ဝင်နေသည့်အလား လက်ရာမြောက်လှပေသည်။

ကျွန်ုပ်သည် ဟာကျူလီရုပ်တုကိုကြည့်ပြီး ဟာကျူလီဆမ်းမား ဆိုသူကြီးကို စောင့်မျှော်နေမိ၏။ ထိုလူကြီးမှာ ဧည့်သည်များရောက်နေသည်ကို သိပါလျက်နှင့် မထွက်လာဘဲ ကိန်းခန်းကြီး၍



www.burmeseclassic.com

www.burmeseclassic.com



နေသည်ဟုလည်း ထင်မြင်နေမိသည်။ သို့သော် ထိုအမြင်မှာ မှားယွင်းကြောင်း မျှားမကြာမီမှာပင် တွေ့ရတော့သည်။

နီဂရိုးကြီးပါစီပူစီသည် လွန်စွာပိန်လှီဖြူဖျော့ပြီး မျက်ကွင်းများနက်မှောင်နေသည့် လူကြီးတစ်ဦးကို တွဲခေါ်၍ပြန်ရောက်လာတော့သည်။ ထိုသူမှာ ဟာကျူလီဆမ်းမားပင်တည်း။ တွဲခေါ် ထားရင်းမှပင် မကြာခဏ လဲပြိုမလိုဖြစ်နေသောကြောင့် ပါစီပူစီက ဂရုစိုက်ပြီး ထိန်းနေရ၏။ အိပ်ခန်းနှင့်ဧည့်ခန်း မကွာဝေးသောခရီးအတိုလေးကိုပင် သူ့ခမျာ အံကြိတ်အားခဲပြီးလျှောက်လာခဲ့ရသည်မှာ ကရုဏာသက်ဖွယ်ရာကောင်းလွန်းလှ၏။ သူတို့နှစ်ဦး၏နောက်တွင် အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိ ကိုယ်နေဟန် လှပပြေပြစ်သော အမျိုးသမီးတစ်ဦးလည်း ပါလာလေသည်။

"မစ္စတာမီရာ ဝမ်းသာလိုက်တာဗျာ"

ဟာကျူလီဆမ်းမားက ဆက်တီခုံလွတ်ပေါ် တုန်ယင်စွာနှင့်ထိုင်လိုက်ပြီး နှုတ်ဆက်လေ၏။

"မစ္စတာဟာကျူလီ ဘာလို့ အပင်ပန်းခံပြီး ထွက်လာတာလဲ၊ ကျုပ်တို့ လာတွေ့လဲ ရတာပဲ"

"ကျုပ် လမ်းမလျှောက်ဖြစ်တာ ကြာပြီ၊ မလျှောက်ဖြစ်တာထက်ကို မလျှောက်နိုင်တာလို့ပြောရင် ပိုမှန်လိမ့်မယ်၊ အခု မစ္စတာ





မီရာ ရောက်လာပြီဆိုတော့ ကိုယ့်ဟာကိုယ် လမ်းပြန်လျှောက်ကြည့်ချင်တယ်လေ၊ ဘယ်လိုလဲဗျာ၊ အရင်ဟာကျူလီကို အခုလိုနုံပြီစုတ်ဘဝနဲ့ ပြန်တွေ့တော့ အံ့ဩမသွားဘူးလား"

"ရောဂါဘယရဲ့ ဖိစီးနှိပ်စက်မှုကိုခံရတဲ့အခါ ဒီအတိုင်းပါပဲဗျာ၊ စိတ်ဓာတ်မကျပါနဲ့ ခင်ဗျားကြည့်ရတာ ခုတောင် တော်တော် လန်းလန်းဆန်းဆန်းရှိနေပါပြီ"

"ကျုပ်ရဲ့ သွေးနီဥတွေကို နတ်ဘုရားမက စုပ်ယူနေတာ၊ သူ့ရဲ့ နေရင်းဌာနကို ပြန်ပို့ပေးနိုင်ရင်တော့ ကျုပ်ရဲ့ကိုယ်ထဲ သွေးဖြူဥတွေနေရာမှာ သွေးနီဥတွေပြန်ထည့်ပေးမယ်ထင်တာပဲ"

ထိုစကားများကိုပြောပြီးနောက် ဟာကျူလီသည် မောနေသောကြောင့် အသက်ကို ပြင်းပြင်းရှူရှိုက်၍နေ၏။ သူ၏ထိုင်ခုံနောက်တွင် ကပ်ပြီးရပ်နေသည့် အမျိုးသမီးက သူ၏ပခုံးနှင့် ဇက်ကြောနေရာတို့ကို လက်ချောင်းလေးများနှင့် ဆုပ်နယ်ပြီး သက်သာအောင်ပြုစုပေး၏။

"ကိုမီရာကိုတွေ့တာနဲ့ ဝမ်းသာပြီး အားလုံးမေ့သွားသလားပဲ၊ သောဒါက ကျုပ်ရဲ့ဇနီး စင်သီယာပါဗျာ"

အမျိုးသမီးက နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး ဦးညွှတ်နှုတ်ဆက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးနှစ်ယောက်ကိုတော့ ထုံးစံအတိုင်း ဘော်ဒါဆောင် ပို့ထားလေရဲ့ဗျာ၊ ကျောင်းပိတ်ချိန် သူတို့ ပြန်လာမှပဲ ဒီအိမ်ကြီးက စည်တော့တယ်၊ သြော် ... ဒါက ကျုပ်ရဲ့သစ္စာရှိ အထိန်းတော်ကြီး ပါစီပူစီ ပါ"

"သူ့ကိုတော့ သိပြီးပါပြီဗျာ၊ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ကျုပ်ရဲ့မိတ်ဆွေ ကိုအောင်ဒင်ပါ၊ ရှေးဟောင်းယဉ်ကျေးမှု သုတေသနပညာရှင် ဖြစ်သလို နယ်သစ်စွန့်စားသွားလာခြင်းကို ဝါသနာ ပါသူတစ်ယောက်ပေါ့ဗျာ"

အာလာပသလ္လာပစကားများကို ပြောဆိုကြပြီးသည့်နောက် ကျွန်ုပ်တို့သည် နတ်ဘုရားမရုပ်တုကို သွားရောက်ကြည့်ရှုဖြစ်ကြ၏။ ရုပ်တုကို သီးသန့်အခန်းတစ်ခုတွင် ထားရှိပြီး ထိုအခန်းကို ကြေးဝါ သော့ခလောက်ကြီးတစ်ခုနှင့်ခတ်၍ပိတ်ထား၏။ ပါစီပူစီက အခန်း တံခါးကိုဖွင့်လိုက်ရာ အမှောင်ထဲမှ မီးစုန်းရောင် တလက်လက် တောက်ပနေသည့် အရာလေးနှစ်ခုကို တွေ့လိုက်ရ၏။

"ဒါ နတ်ဘုရားမရဲ့မျက်လုံးတွေပဲ၊ ဒီမျက်လုံးတွေဟာ အမျိုး မျိုး အရောင်ပြောင်းလဲတတ်တယ်"

ပါစီပူစီက ထိုသို့ပြောဆိုပြီးနောက် အခန်းတွင်းသို့ ဦးစွာ ဝင် သွားကာ ပြတင်းပေါက်များတွင် တပ်ဆင်ထားသည့် ခန်းဆီးအနံ့





လန့်ကာစများကို ဆွဲဖယ်လိုက်လေသည်။ ထိုအခါ အခန်းတစ်ခုလုံး မှာ ထင်သာမြင်သာ လင်းလင်းကျင်းကျင်းဖြစ်သွားတော့သည်။

အခန်းတွင်းတွင် မည်သည့်ပရိဘောဂပစ္စည်းမှ မရှိပါ။ ရုပ်လုံး များ ထုထွင်းထားသည့် တစ်ချောင်းထောက်ကနုတ်စားပွဲငယ်ပေါ် တွင် နတ်ဘုရားမရုပ်တုကို တင်ထား၏။ ရုပ်တု၏မျက်နှာမှာ အခန်းဝသို့ဦးတည်၍နေသောကြောင့် တံခါးဖွင့်လိုက်သည့်အချိန်၌ မီးစုန်းရောင်မျက်လုံးများကို တွေ့ရှိကြရခြင်းဖြစ်လေသည်။

ဖားကပြုတ်၏လက်ပြင်နှစ်ခုကြားမှ ထွက်ပေါ်နေသည့် အမျိုး သမီး၏ရုပ်ပုံမှာ ခပ်မော့မော့အနေအထားနှင့် အားလုံးကို မလွှတ် တမ်း ကြည့်ရှုနေသလိုမျိုးထင်မြင်ရ၏။ ကျွန်ုပ်တို့ ဤအခန်းတွင်းသို့ ဝင်ကြသည့်အချိန်၌ ဟာကျူလီ၏ဇနီး မဒမ်ဟာကျူလီမှာ မလိုက်ဝံ့ သောကြောင့် အပြင်မှာသာ ကျန်ရစ်ခဲ့၏။

"အမျိုးသမီးရဲ့မျက်နှာက လှသလိုရှိပေမယ့် ကြောက်စရာ ကောင်းတယ်ဗျနော်"

ကျွန်ုပ်၏စကားကို အားလုံးက ခေါင်းညိတ်ပြီးထောက်ခံကြ ၏။

"ဒီရုပ်တုကို အရင်က လူမြင်သူမြင်ဧည့်ခန်းမှာပဲ ထားခဲ့တာ၊ ကျုပ် ရောဂါဖြစ်ပြီးနောက်ပိုင်းကျတော့ စင်သီယာက ဒီအရုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရရင် မလုံမလဲဖြစ်လွန်းလို့တဲ့ ရွှေခိုင်းတော့တာပဲ၊ အင်း... ကျုပ်လဲ ဒီအတိုင်းပါပဲဗျာ၊ ရုပ်တုကိုမြင်နေရရင် ရှံ့ကြောက်ကြီးကို ဖြစ်နေဟော့တာပဲ"

လူရှုန့်စားခီရာသည် ရုပ်တုကို လှမ်းယူလိုက်ပြီး အပေါ်အောက် စေ့စေ့စပ်စပ်ကြည့်ရှုလေ၏။ ထိုသို့ကြည့်ရှုနေစဉ်အတွင်းမှာပင် ရုပ်တု၏မျက်လုံးအရောင်မှာ တဖျပ်ဖျပ်နှင့် အမျိုးမျိုးပြောင်းလဲနေ ကြောင်း ကျွန်ုပ်တို့ သတိပြုမိ၏။

"ပန်နီဆာကလေးက သခင့်ကို နှစ်ခြိုက်ကြောင်း ပြသနေပါ တယ် သခင်၊ သူပြုံးတာကို ကျွန်တော် မြင်လိုက်ပါတယ်"

"သူ တကယ်ပြုံးလိုက်သလား ပါစီပူစီ"

"ဟုတ်ကဲ့ ပြုံးလိုက်ပါတယ်၊ သူက သူနှစ်သက်သူဆိုရင် ပြုံးပြ ပြီး မနှစ်သက်တဲ့သူကိုတော့ မဲ့ပြပါတယ်။ သူ လုံးဝ မတွေ့မမြင်ချင် သူတွေကိုတော့ အံကြိတ်ပြတတ်ပါတယ် သခင်"

အသက်မဲ့ရုပ်တုက ပြုံးခြင်း၊ မဲ့ခြင်း၊ အံကြိတ်ခြင်းတို့ကို ပြုလုပ် ပြသည်ဟု အလေးအနက်ကြီး ပြောနေသည့် ပါစီပူစီ၏ပုံမှာ ရယ်ဖွယ် ရာကောင်း၍ပင်နေတော့သည်။ သို့သော်လည်း ကျွန်ုပ်နှင့်ကိုခီရာ တို့မှာ လူတစ်ယောက်၏ ယုံကြည်လေးစားကိုးကွယ်မှုတို့အပေါ် ပြက်ရယ်မပြုတတ်သူများဖြစ်ကြသောကြောင့် ဆိတ်ဆိတ်သာ





နေလိုက်၏။

"ဒီရုပ်တုရဲ့အတွင်းဘက်မှာ စာတွေအပြည့်ရေးထားပါတယ် ပါစီပူစီ၊ ဒါ ခင်ဗျားတို့ရဲ့စာပဲလား"

"ကျွန်တော်တို့လူမျိုးက စာပေရေးသားခြင်းမရှိကြပါဘူး၊ ဘိုး ဘေးဘီဘင်အချိန်တုန်းကတော့ စာပေရေးသားခြင်းအလေ့ရှိခဲ့ဟန် တူလေရဲ့၊ ဒီအထဲမှာ ရေးထားတဲ့စာတွေဟာ ဘာစာလဲဆိုတာ ဘယ်သူမှ မသိပါဘူး၊ တချို့ပြောတာကတော့ ဒီစာတွေဟာ ပန်နီ ဆာနတ်ဘုရားထံ ယဇ်ပူဇော်ခြင်းခံရမယ့်လူတွေရဲ့အမည်ကို ရေး ထားတာတဲ့၊ ဒါပေမယ့် နှစ် ထောင်ပေါင်းများစွာကတည်းက ယဇ် ပူဇော်လာခဲ့တယ်ဆိုတော့ စတေးခံခဲ့ရတဲ့သူတွေဟာ ဒီစာလုံး တွေထက်တောင် ပိုများနေပါပြီ"

ကိုခီရာသည် ကိုင်ထားသည့် ရွှေစင်ရုပ်ကလေးကို တစ်ချောင်း ထောက်စားပွဲဝိုင်းလေးပေါ်သို့ ပြန်တင်လိုက်၏။

"အပြင်ဘက် ပြန်ထွက်ကြစို့ဗျာ၊ ဒီမှာနေရတာ မွန်းကျပ်လွန်း တယ်"

ဟာကျူလီဆမ်းမားက ညှောင်နာနာအသံနှင့် ဆိုလိုက်သော ကြောင့် ကျွန်ုပ်တို့လည်း အလိုက်တသိနှင့်ပင် အခန်းပြင်သို့ ပြန် ထွက်ဖြစ်ကြတော့သည်။ ကျွန်ုပ်၏စိတ်ထဲတွင်လည်း ဟာကျူလီ



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းမားကဲ့သို့ဖြစ်နေသည်ကိုဝန်ခံရပေမည်။ ထိုရုပ်တုမှာ တစ်ခါ ကြည့်လိုက်ရုံနှင့်ပင် မျက်စိထဲ စွဲထင်စေနိုင်၏။ သူ့ထံမှထွက်ပေါ် နေ သော မမြင်ရသည့်အားများက စိတ်နှလုံးကို တင်းကျပ်စွာ ရစ်ပတ် ချည်နှောင်နေသကဲ့သို့ ခံစားရ၏။ ထိုမွန်းကျပ်မှုများကြောင့် လူ တစ်စတစ်စနှင့် ထိုင်းမှိုင်းလေးလံလာတော့သည်။ ပါစီပူစီမှာ ရုပ်တု ရှေ့တွင် ဝပ်စင်း၍ ဆုတောင်းသမှုပြု၍နေသေး၏။ နတ်ဘုရားအား ပြန်ပို့ပေးမည်ဖြစ်ကြောင်းနှင့် သခင်ဟာကျူလီနှင့် သူတို့အားလုံး စောင့်ရှောက်ပေးပါဆိုသည့် အကြောင်းများကို တတွတ်တွတ်ရွတ် ဆိုပြီး အခန်းတွင်း၌ တစ်ကိုယ်တည်းကျန်ရစ်ခဲ့လေ၏။

"ပါစီပူစီကတော့ သူ့ရဲ့နတ်ဘုရားမကို တော်တော်ကြီး ကြည်တဲ့ပုံပဲ"

"အတိုင်းထက်အလွန်ပေါ့ဗျာ၊ အင်း ... ကျုပ်လဲ အရင်က လိုပဲ ရှိသေကိုင်းရှိုင်းခဲ့ရင်ကောင်းမှာပဲလို့ တစ်ခါတစ်ခါ တွေးမိ ဗျာ၊ အဟွတ်ဟွတ်"

ဟာကျူလီဆမ်းမားမှာ နတ်ဘုရားမကို စော်ကား ပြောဆိုပြုမူခဲ့သည်များအပေါ် နောင်တရနေဟန်တူလေ၏။ များဆိုးပြီး ဒယိမ်းဒယိုင်ဖြစ်လာသောကြောင့် မဒမ်ဟာကျူလီ သူ့ကို ပြေးတွဲလိုက်ရလေသည်။ ကျွန်ုပ်တို့သည် ညှော်နံ





ပြန်ရောက်လာခဲ့ကြ၏။ မကြာခင်မှာပင် ပါစီပူစီသည်လည်း ခြေလှမ်း သွက်သွက်လှမ်း၍ ပြန်ရောက်လာတော့သည်။

'ပန်နီဆာကလေးကို ပန်နီဆာကြီးက အရမ်းလွမ်းနေပြီ သူက ဘဏ္ဍာရေအိုင်ကြီးထဲမှာ ကူးခပ်နေရင်း ပန်နီဆာကလေးကို တတွတ် တွတ် ခေါ်နေရှာတယ်"

"ဟိုက မင်းကို ဖုန်းဆက်လိုက်လို့လား၊ အဟွတ် အဟွတ်"

"အို... သခင် ဒီလိုမပြောသင့်ပါဘူး။ ပန်နီဆာနတ်ဘုရားကြီးရဲ့ အင်ကို ပါစီပူစီရဲ့နှလုံးသားက ကူးစက်ပြီးသိရတာပါ။ မြင့်မြတ် သော ပန်နီဆာ သခင့်ကို ခွင့်လွှတ်ပါ"

"အဲဒါပဲ ကိုမီရာရေ၊ သူက သိပ်ပြီး ယုံကြည်လေ ကျုပ်က ခွ ကိုက်လေဖြစ်နေတာပဲ၊ ကျုပ်ရဲ့ကဏ္ဍကောစဝသီကလဲ မပျောက် ဘူး"

ဟာကျူလီဆမ်းမားက မျက်နှာကြီးကို ရှုံ့မဲ့ပြီးပြောလေ၏။

"ကျွန်မဖြင့် ဒီအရုပ်ကို မြန်မြန်ပို့လိုက်ချင်တာပါပဲ၊ ဒီအရုပ်သာ လိုက်ကတော့ ဟောဒီလူနဲ့ ဖြစ်မှာမဟုတ်ဘူး"

တစ်ချိန်လုံး နှုတ်ဆိတ်နေသည့် စင်သီယာမှ ဝင်ပြောလိုက်ရာ ကျူလီဆမ်းမားက မကြည်သလိုပုံစံမျိုးနှင့် ဖမ်းကြည့်လိုက်၏။

"ညီသည်တွေ စကားပြောတဲ့အထဲ မင်း ဝင်မပါစမ်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အမျိုးသမီးသည် ဘာမှပြန်မပြောတော့ဘဲ မျက်စောင်း ခဲ၍ အတွင်းခန်းထဲသို့ ဝင်သွားတော့သည်။

"အဲဒါပဲဗျ၊ မိန်းမတွေကလဲ တစ်မျိုး၊ ဟိုစပ်စပ် ဒီစပ်စပ် ပါချင်တတ်တာ၊ အင်း ... ကျုပ် သေရင်တော့ သူ ဝင့်ကြွတ်သွားမှာပေါ့ ကျုပ်ရှာတဲ့စည်းစိမ်နဲ့ နောက်လင်ယူ ပျော်ပျော်ကြီးနေပေါ့ဗျာ၊ အဟွတ်ဟွတ်"

အမှန်တော့ သူ့မှာ နာတာရှည်နေမကောင်းသည့်အရှိန်နှင့် စိတ် တစ်ချိန်လုံးမကြည်မလင်ဖြစ်၍နေခြင်းသာဖြစ်သည်။ ပိန်ချုံးချည့်နဲ့နေရသည့်ကြားထဲ သူ၏မျက်နှာက အစဉ်သဖြင့် ရှုံ့တွ၍နေ၏။ ပါစီပူစီသည် သူ၏ဆရာနံဘေးတွင် မျက်နှာငယ်လေးနှင့် ရပ်နေ၏။

"ပါစီပူစီ ... ခင်ဗျားတို့ရဲ့တာဆွေနယ်မြေနဲ့ တာဆွေလူမျိုးတွေရဲ့အကြောင်း အသေးစိတ်မေးရဦးမယ်၊ ကျုပ်ကို ပြောပြနိုင်မလား"

"ပြောပြနိုင်ပါတယ် သခင်၊ ကျွန်တော် သိသလောက် ပြောပြမှာပါ"

"ကောင်းပြီလေ၊ ခရီးမထွက်ခင် ကျွန်တော်တို့ ဒီအကြောင်းတွေ ဆွေးနွေးကြတာပေါ့၊ ဒါနဲ့ ခင်ဗျားရော ကျုပ်တို့နဲ့ လိုက်မှာမဟုတ်လား၊ လိုက်ဖို့ရော စိတ်ပါဝင်စားမှုရှိရဲ့လား"





ကိုစီရာက ထိုကဲ့သို့မေးလိုက်ရာ ပါစီပူစီသည် ချက်ချင်း ပြန်သည်မဖြေဘဲ တစ်ချက်တွေ၍နေ၏။ ခဏကြာမှ အသံခပ်လေးလေးနှင့် ဤသို့ဖြေလေသည်။

"အမှန်အတိုင်းပြောရရင် ဒီနယ်မြေကို ကျွန်တော် ပြန်မသွားချင်ပါဘူး၊ အတိတ်ကို တွေးလိုက်တဲ့အခါတိုင်း ကျွန်တော့်ရင်ထဲမှာ ကြောက်ရွံ့ထိတ်လန့်မှုတွေက အပြည့်အနှက်ရှိနေဆဲပါ၊ ဒါပေမယ့် ကျွန်တော် လိုက်မှာပါ၊ သခင် ဟာကျူလီရဲ့ကျန်းမာရေးကြောင့် ...သလို ကျွန်တော်ကိုယ်တိုင်ကလဲ ရေနတ်ဘုရားကြီးရဲ့ ကြင်ရာတော်ကို သူ့ဇာတိရပ်ရွာ ပြန်ပို့ပေးချင်တဲ့ စိတ်ဆန္ဒရှိနေပါတယ်၊ နောက်တစ်ခုက ..."

ပါစီပူစီသည် စကားစကိုဖြတ်လိုက်ပြီး သက်ပြင်းချ၍ ပိုက်၏။ ...ည်းထွားကြီး၏ မျက်လုံးတွေက ညှိုးရော်ရီဝေနေသည်၊ အတန်ကြာမှ လူ၏ပုံသဏ္ဌာန်နှင့် မလိုက်ဖက်လွန်းလှသည့် ကြေကွဲတစ်ဆို့အသံကြီးနှင့် ...

"ကျွန်တော့်အမေကိုလဲ သတိရလွန်းလှတယ်ဗျာ"

ဟု ဆိုလေ၏။

"ကျွန်တော့်မှာ အဖေ မရှိတော့ဘူး၊ ကျွန်တော် အဲဒီက ထွက်လာတဲ့အချိန်မှာ အမေကတော့ ကျန်ရစ်ခဲ့တယ်၊ ကံကောင်းထောက်မရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြန်တွေ့ရမှာပေါ့လေ"

လူထွားကြီး ပါစီပူစီသည် ထိုစကားများကိုပြောပြီးချိန်၌ မျက်ရည်များပါ စီးကျလာသည်ကို သနားစဖွယ် တွေ့မြင်ကြရ၏။ လောကဇာတ်ခုံပေါ်တွင် ပါဝင်ကပြနေကြသောလူသားတိုင်းတွင် ကိုယ်ပိုင်ဇာတ်တစ်ခုစီတော့ ပိုင်ဆိုင်ခွင့်ရကြလေ၏။ ကိုယ့်ဇာတ်တွင် ကိုယ်ကိုယ်တိုင် အဓိကသရုပ်ဆောင်ကြရပြီး ရရှိထားသည့်အသက်ခတ် ချုပ်ပြတ်ငြိမ်းချိန်ထိ ကပြအသုံးတော်ခံကြရလေရာ အချစ်အမုန်း အပြုံး အငို ကြမ်းခန်း လွမ်းခန်းများစွာကိုလည်း ကြုံတွေ့ကြရပေမည်။ လူထွားကြီး ပါစီပူစီ၏ဇာတ်ထုပ်ကတော့ သူတကာထက်ပိုမိုဆန်းပြား၍နေ၏။ သေအံ့ဆဲဆဲအချိန်တွင် ကံကောင်းထောက်မစွာနှင့် တစ္ဆေနယ်မြေမှ လွတ်မြောက်လာခဲ့သည့် လူမည်းကြီး၏နှလုံးသားတွင်လည်း နူနယ်သောခံစားချက်တို့ ရှိ၍နေပေမည်။ သူ၏မိခင်၊ သူ၏အဆွေအမျိုးများ၊ ထိုထက်မက သူ၏ချစ်သူတို့ရှိရာ လွန်စွာ အန္တရာယ်များလှသည့် တစ္ဆေနယ်မြေသို့ သူ၏အသက်ကိုရင်း၍ ဒုတိယမ္ဘိ ခရီးဆက်ရမည့်အဖြစ်အပျက်အပေါ် အဘယ်သူသည် ရင်မခုန်ဘဲ တည်တံ့ခိုင်မြဲစွာ နေနိုင်ပါမည်နည်း။

❀ ❀ ❀





## မောင်ဂိုမာရီနှင့် အာကာစမ်းပွဲ

ကျွန်ုပ်တို့သည် ဟာကျူလ်ဆမ်းမား၏နေအိမ်တွင် တစ်ပတ်တာမျှနေထိုင်ကြစဉ်အတွင်း သွားရမည့်ခရီးစဉ်နှင့်ပတ်သက်၍ အကြိမ်ကြိမ် ဆွေးနွေးခဲ့ဖြစ်ကြ၏။ ဘုန်းတော်ကြီး ဆမ်းမားရေးဆွဲခဲ့သောမြေပုံကိုကြည့်ပြီး မရှင်းလင်းသည်များကို နယ်ခံလူ ပါစီပူစီအား မေးမြန်းကြရလေသည်။

မြေပုံ၏အစမှာ အနောက်အာဖရိက ဘိုင်ဖရာပင်လယ်ကွေ့အွင်ရှိသည့် ရှေးဟောင်းမြို့တော် ကာလ်ဗာမှစတင်ထားလေသည်။ ကာလ်ဗာမြို့ဟောင်းသို့ ဖြတ်သန်းစီးဆင်းနေသည့် ကူဝါမြစ်ကြီးကို ဆန်တက်သွားပြီး အလွန်နက်ရှိုင်းသော တောအုပ်ကြီးမှို့ညှန်



www.burmeseclassic.com

www.burmeseclassic.com



အိုင်များ၊ တောင်စဉ်တောင်တန်းအခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ကြရပေမည်။ ဘုန်းတော်ကြီးဆမ်းမားသည် သူ ရေးဆွဲထားသောမြေပုံကို မိုင်နှုန်းပြစကေးများနှင့် စနစ်တကျ တွက်ချက်ရေးဆွဲထားသောကြောင့် သွားရမည့်ခရီးတာကို တွက်ချက်၍ရနိုင်၏။ ကျွန်ုပ်တို့သည် လွန်စွာခက်ခဲကြမ်းတမ်းသော မိုင်ငါးရာအကွာအဝေးခန့်ရှိ ခရီးကို ကျော်ဖြတ်ကြရပေမည်။ ထိုခရီးလမ်းတွင် အန္တရာယ်များ ပွန်းတီးလျက်ရှိကြောင်းကိုလည်း သိရှိထားခဲ့ကြပြီးဖြစ်လေသည်။

"ဟောဒီတောအုပ်တစ်လျှောက်မှာ ခေါင်းနီလူပုလေးတွေ နေကြတယ်၊ သူတို့ဟာ သူတို့နယ်မြေထဲကို ရောက်လာကြတဲ့ ဘယ်သူ့ကိုမဆို အဆိပ်လူးမြားတွေနဲ့ ပစ်ခတ်သတ်ဖြတ်ပစ်ကြတယ်၊ မေးမြန်းစုံစမ်းခြင်း၊ ဆင်ခြင်တိုင်းထွာခြင်း လုံးဝ မရှိဘူး၊ လူနဲ့ သာတူနေတာ အသိဉာဏ်က တိရစ္ဆာန်သာသာလောက်ပဲ ရှိတယ်"

ပါစီပူစီက မြေပုံတစ်နေရာကို လက်ညှိုးနှင့်ထောက်ပြီး ရှင်းပြ၏။

"ဒီလူပုကောင်တွေကိုကျော်သွားရင် ပိုပြီးဆိုးတဲ့ လူသားစားလူရိုင်းတွေရဲ့နယ်မြေကိုရောက်ပြီပေါ့။ ဒီကောင်တွေကတော့ လူသားကို အကောင်းဆုံး အစားအစာလို့ သတ်မှတ်ထားတဲ့ကောင်တွေပဲ။ စားစရာမရှိရင် သူတို့အချင်းချင်းကိုတောင် အလွတ်ပေးကြတဲ့ကောင်တွေ မဟုတ်ဘူး၊ လူပုတွေက ဒီကောင်တွေကိုတော့ ကြောက်ကြတယ်၊ ဒီကောင်တွေက သူတို့ထက် ပိုပြီး ဦးနှောက်မဲ့ကြတယ်လေ၊ သူတို့ကိုကျော်ဖြတ်နိုင်မှ ကျွန်တော်တို့ရဲ့တစ္ဆေနယ်မြေကိုရောက်မှာ"

"ဒီလူတွေက ခင်ဗျားတို့တစ္ဆေလူမျိုးတွေကိုရော မတိုက်ခိုက်ကြဘူးတဲ့လား"

"မတိုက်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လူမျိုးတွေဟာ သူတို့ထက်ကို ဉာဏ်ရည်ပိုမြင့်တယ်လေ၊ လက်နက် တည်ဆောက်မှုရော တိုက်ခိုက်သတ်ပုတ်မှုတွေမှာပါ သူတို့ထက် သာတယ်၊ နောက်တစ်ခုက လူပုလေးတွေရော လူသားစားကောင်တွေပါ ပန်နီဆာနတ်ဘုရားကြီးကို ကြောက်ရွံ့ကြတယ်၊ ဒါကြောင့် ပန်နီဆာနတ်ဘုရားရဲ့နယ်မြေကို မကျူးကျော်ရဲကြပါဘူး"

"ဒါဆိုရင် ခင်ဗျားတို့ကရော သူတို့ကို ဘာကြောင့် ထားထားသလဲ၊ ဒီလောက်အန္တရာယ်ရှိတဲ့ကောင်တွေကို မျိုးဖြုတ်ပစ်လိုက်ပါလား"

"ကျွန်တော်တို့ငယ်ငယ်က အဲဒီလိုပဲ တွေးမိဖူးတယ်၊ ကျွန်တော်[illegible]တ တစ်ယောက်တလေ သူတို့ဆီ ကျသွားတဲ့အခါမျိုးမှာ သတ်







www.burmeseclassic.com

www.burmeseclassic.com



ဖြတ်စားသောက်ခြင်းခံကြရတယ်၊ ဒီလောက် ရိုင်းစိုင်းဆိုးသွမ်းတဲ့ လူမျိုးတွေကို ငါတို့ အကြီးအကဲတွေက ဘာကြောင့်မတိုက်ခိုက်လဲ ဆိုပြီးတော့ပေါ့၊ အခုကျမှ သေသေချာချာတွေးပြီး တစ်ခုကို သိလာတော့တယ်”

“ဘာများလဲဗျ”

ကျွန်ုပ်သည် ထိုအကြောင်းကို လွန်စွာ စိတ်ဝင်စားသောကြောင့် အလောသုံးဆယ်ပင်မေးလိုက်၏။ ကိုမီရာသည် ကျွန်ုပ်နှင့် ပါစီပူစီတို့၏ စကားဝိုင်းထဲ ဝင်မပါဘဲ ဂရုစိုက်၍နားထောင်နေ၏။

“ဒီလိုဗျာ၊ ကျွန်တော်တို့ တစ္ဆေလူမျိုးတွေက ပြင်ပကမ္ဘာနဲ့ အဆက်အသွယ်မလုပ်ချင်ကြဘူး၊ ပြင်ပကမ္ဘာကလူတွေ ရောက်လာမှာကိုလဲ မလိုလားကြဘူးလေ၊ ဒီတော့ ခေါင်းနီလူပုတွေနဲ့ လူသားစားအရိုင်းကောင်တွေက ခုအနေအထားအရ ကျွန်တော်တို့နယ်မြေကို တံတိုင်းကြီးလို ကာကွယ်ပေးထားသလိုဖြစ်နေတယ်လေ၊ ဒါ့ကြောင့် သူတို့ကို မတိုက်ခိုက်ဘဲထားထားတာပဲပေါ့”

သူပြောသည့်စကားမှာ များစွာဆီလျော်လှ၏။ မနက်ဖြန် ဆိုလျှင် ကျွန်ုပ်တို့မှာ ဤနေရာမှ စတင်ထွက်ခွာကြလေတော့မည်။ ဤယနေ့တွင် ကျွန်ုပ်တို့အား နှုတ်ဆက်ညစာစားပွဲနှင့် ဂုဏ်ပြုရန် ဟာကျူလီဆမ်းမားက စီစဉ်ထား၏။ သူ၏ ဆမ်းမားမျိုးဆက်များ





ကိုလည်း ဖိတ်ခေါ်ထားရာ ထိုသူများမှာ တဖွဲဖွဲရောက်၍လာတော့သည်။

ဆိုက်ရောက်လာသူများထဲတွင် လွန်စွာ ကိန်းကြီးခန်းကြီးနိုင်လှသော ဆာဘွဲ့ရ မောင်ဂိုမာရီဆမ်းမားသည်လည်း ပါဝင်လာသည်။ ထိုသူကြီးမှာ ဟာကျူလီဆမ်းမား၏ တစ်ဝမ်းကွဲဦးလေးတော်စပ်ပြီး အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိနေပေ၏။ နှုတ်ခမ်းမွေးကို အပေါ်ဘက်သို့ကော့နေအောင်သပ်တင်ထားပြီး နှာခေါင်းကြီးကြီး ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်း ထိုလူကြီးမှာ မည်သူ့ကိုမျှ အထင်မကြီးဘဲ သူမှသူပင် ဆရာတင်ထားသူဖြစ်မှန်း ပြောပုံဆိုပေါက်ကို ကြည့်ရုံနှင့် သိသာနိုင်လေ၏။ ထို လက်ပေါက်ကပ်လှသောလူကြီးနှင့် ကျွန်ုပ်တို့မှာ ညှို့ခံထမင်းစားပွဲ၌ ထိပ်တိုက်တွေ့ကြတော့သည်။

ထိုနေ့ညနေက ထမင်းစားပွဲမှာ လွန်စွာ သိုက်မြိုက်ခမ်းနားလွန်းလှသည်ဟု ဆိုရပေမည်။ သိုးကောင်လုံးကင်၊ အမဲပေါင်ခြောက်၊ ကြက်ဆင်သားဟင်းလျာ စသည်တို့ အပါအဝင် ဟင်းအမည်ပေါင်းများစွာနှင့် အဖျော်ယမကာမျိုးစုံကို စိတ်ကြိုက်သုံးဆောင်နိုင်ရန်အတွက် တည်ခင်းပေးထားလေသည်။

ဟာကျူလီဆမ်းမားမှာ ခါတိုင်းနေ့များနှင့်မတူဘဲ ပျော်ပါးလန်း

www.burmeseclassic.com



ဆန်း၍နေ၏။ သူက အယောက်နှစ်ဆယ်ကျော်ခန့်ရှိ ဆမ်းမားမျိုးနွယ်များနှင့် ကျွန်ုပ်တို့အား မိတ်ဆက်ပေးလေ၏။ ကျန်သည့်သူများက အပြန်အလှန်သဘောမျိုး တရိုတသေ လက်ဆွဲနှုတ်ဆက်ကြသော်လည်း မောင်ဂိုမာရီဆမ်းမားကြီးကတော့ လက်ဆွဲနှုတ်ဆက်ခြင်းမပြုဘဲ ခပ်တည်တည်နှင့်သာနေ၏။ ဦးစွာ လက်ကမ်းပေးမိသည့် ကျွန်ုပ်မှာ ကြောင်အမ်းအမ်းဖြစ်သွားရသည်။ ကိုဗီရာကတော့ ကျွန်ုပ်ဖြစ်သွားပုံကိုကြည့်ပြီး ပြုံးလိုက်လေသည်။

"ကျွန်ုပ်က တော်တန်ရုံလူကို လက်ဆွဲနှုတ်ဆက်တဲ့အလေ့မရှိဘူး"

လူယဉ်ကျေးတို့၏အသိုင်းအဝိုင်း၌ ထိုလူကြီး၏စကားမှာ ရိုင်းစိုင်းမောက်မာနေသည်ဟုပင် ဆိုရပေမည်။ ထို့မှုနှင့် မကျေနပ်သေး

"အဆင့်အတန်းနိမ့်တဲ့သူတွေရဲ့လက်ကို မထိမကိုင်ချင်ဘူးလေ"

ကျွန်ုပ်သည် ထိုလူကြီး၏စကားကြောင့် အောင့်သက်သက်ဖြစ်သွားပြီး မဟုတ်လျှင် မည်သူကြီးဖြစ်နေပါစေ မခံချင်တတ်သည့်စိတ်တို့က ထောင်၍ထလာ၏။ ထို့ကြောင့်လည်း ...

"မိတ်ဆွေကြီးဆီက ကုမရတဲ့ရောဂါ သူများကို မကူးစက်စေချင်တဲ့ စေတနာနဲ့လားဗျာ"





ဟု သာသာနှင့်နာနာနက်ထည့်လိုက်ရာ ထိုသူကြီး၏မျက်နှာ ခရမ်းချဉ်သီးမှည့်ကဲ့သို့ ရဲတွတ်သွား၏။

"ကျွန်ုပ်မှာ ဘာရောဂါမှမရှိဘူး"

"ဪ... သိပါဘူးဗျာ၊ ကျုပ်တို့ဆီက ဆစ်ဖလစ်နာဖြစ်နေတဲ့ လူကြီးတချို့က သူတို့ရဲ့ရောဂါကို သူများတွေကို မကူးစက်စေချင်လို့ လက်ဆွဲနှုတ်ဆက်ခြင်း၊ ဖက်လဲတကင်းနေခြင်းတို့ကို ရှောင်ကြဉ်ကြတယ်ဗျ။ မိတ်ဆွေကြီးလဲ ဒီလိုရောဂါများ ရှိနေသလားလို့ပါ"

"တော်စမ်းပါ၊ သင့်ရဲ့စကားတွေက ကျွန်ုပ်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတယ်"

"ဒီလိုဖြစ်သွားရင်တော့ တောင်းပန်ပါတယ်"

မျက်နှာကြီးမှာ ခရမ်းချဉ်သီးမှည့်လို ရဲရဲနီနေရာမှ မီးပါဖုတ်ခြင်းခံလိုက်ရသလို ရှုံ့တွနေသော မောင်ဂိုမာရီဆမ်းမားကြီးကို ကြည့်ရသာ ကျွန်ုပ်မှာ ရယ်ချင်ပက်ကျိဖြစ်နေမိ၏။ စကားတောင်းစားသတ်ကို ကျေညက်အောင်ဖတ်ထားသော ကျွန်ုပ်အဖို့ ကိုယ့်ကိုသာကပ်လျှင် ပြန်ကပ်ပြောဖို့ရာ အခက်အခဲမရှိလှပါ။ ကျွန်ုပ် ယခုကဲ့သို့ ကလေးကပ်ကပ်နေခြင်းကို လူစွန့်စားဗီရာကတော့ နှစ်သက်ဟန်မတူပါ။ ကျွန်ုပ်အား ဘာမျှ ဆက်မပြောနှင့်တော့ဟူသည့် အထွာန်မျိုးနှင့် မျက်ရိပ်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ လူစွန့်စားခရီးအကြောင်းကိုတော့ ကျွန်ုပ်တူ ဟာကျူလီ ဆမ်းမားက တဖွဖွနဲ့ပြောမဆုံးပါဘဲ ကျုပ်ကလဲ ကိုယ်တိုင်မမြင်ရင် မယုံတတ်တော့ ခက်တယ်"

"ရပါတယ်၊ ကျုပ်က ဒီလောက်ကြီးလဲမဟုတ်ပါဘူး"

"ဒီလောက်မဟုတ်ဘူးဆိုတာတော့ ဟုတ်မှာပေါ့လေ၊ ကျုပ်တူ ကလဲ ခပ်ကဲကဲကိုးဗျ ဟဲ ဟဲ ဟဲ၊ ဒါနဲ့ အခုခရီးက အာဖရိကရွှေတူး ရွှေခဲတွေကို မက်မောလို့သွားမှာလားဗျာ၊ ကြည့်လဲလုပ်ဦးနော်၊ ရွှေ မရဘဲ အသက်ပေးခဲ့ရဦးမယ် ဟဲ ဟဲ ဟဲ"

သရော်စော်ကားစကားများဖြစ်သော်လည်း ကိုမီရာကတော့ ဘာမှမဖြစ်သလိုပုံမျိုးနှင့် ပြုံး၍သာနေ၏။ ကျွန်ုပ်ကသာ မနေနိုင်သော ဤသို့ဝင်ကောမိတော့သည်။

"ရွှေလိုချင်မှတော့ အာဖရိက သွားစရာလိုမှာလားဗျာ၊ ရွှေ ရ ကျောက်သံပတ္တမြားဆိုတာ ကျုပ်တို့နိုင်ငံမှာ ဘာပေါသလဲမမေး ကြိုက်တဲ့နေရာ မျက်စိမှိတ်ပြီး ကောက်ယူလို့ရတယ်။ သေခြင်း တရားဆိုတာကလဲ စွန့်စားသွားလာမှ သေတတ်တာမဟုတ်ပါဘူး အိမ်မှာနေရင်းထိုင်ရင်းနဲ့လဲ အချိန်တန်ရင် ဖြုတ်ခနဲသေတတ်တာ ပါပဲ"

"သင်က စကားပြော တော်တော်ကြီးကျယ်တာပဲ"





"ဟုတ်ကဲ့၊ ကြီးကျယ်သူနဲ့ဆို ကြီးကြီးကျယ်ကျယ်ပြောမှ အဆင်ပြေတယ်လေ၊ တချို့က ကိုယ့်ကိုယ်ကို ကြီးကျယ်တယ်ထင် နေတော့လဲ လိုက်ပြီးကြီးကျယ်ပေးရတာပေါ့"

ကျွန်ုပ်တို့နှင့် မောင်ဂိုမာရီဆမ်းမားကြီးမှာ မျက်နှာချင်းဆိုင် ဖြစ်နေသောကြောင့် ကြိတ်ပြီး ခွပ်၍နေရလေ၏။ အချို့သူများမှာ သူ့စကားနှင့်သူ တီးတိုးပြောဆိုနေသောကြောင့် ကျွန်ုပ်တို့ကို သိပ် ပြီးသတိမထားမိကြ။ မောင်ဂိုမာရီကြီးမှာ ကျွန်ုပ်ကို စကားကပ်ပြော ၍ မနိုင်သောကြောင့် တင်းလာပုံရကာ နှာခေါင်းပွကြီး လှုပ်၍ပြီး နှာမှုတ်သံက ပြင်းလာသည်။

"ကျွန်ုပ်ကတော့ အသက်ကြီးနေပြီ ငယ်ငယ်တုန်းကလိုတော့ ဘာအားကြီးသန်သန်စွမ်းစွမ်းတော့ မဟုတ်တော့ဘူး၊ သို့ပေမယ့် သင်နဲ့တော့ လက်မောင်းလုံးကြည့်လိုက်ချင်သေးတယ်၊ ဘယ်လိုလဲ"

ငနဲကြီးက သူ၏လက်သီးကြီးကို ဆုပ်ပြီး ဗလညှစ်ထုတ်လိုက် ကာ ခပ်မာမာဆိုလေ၏။

"အို... မကောင်းပါဘူးဗျာ၊ သင်က အသက်ကြီးပေမယ့် ခန္ဓာ ကိုယ်အလုံးအရပ်ခြင်းယှဉ်လိုက်ရင်တော့ ကျုပ်ထက်ကို အဆမတန် ကြီးပါတယ်ဗျာ၊ ဆင်နဲ့ဆိတ်လို ကွာခြားနေတော့ ခင်ဗျား နိုင်သွား မဲ့ ဘယ်သူမှအထင်ကြီးမှာမဟုတ်ဘူး။ ဝိတ်ပေါ်ကြီးက လူ့ပလံ



www.burmeseclassic.com

www.burmeseclassic.com



လေးကို အနိုင်ယူတယ်ဆိုတာ ရှက်စရာကြီးပါဗျာ၊ ဟော...ကျုပ်က နိုင်သွားတယ်ဆိုရင်လဲ ခင်ဗျားကြီးအတွက် ရှက်စရာမဲ့၊ ဟယ် လူ့ဖလံလေးက ဝိတ်ပေါ်ကြီးကို နိုင်သွားတယ်ဟာဆိုပြီး လူအများရဲ့ ပြောင်လှောင်သရော်ခြင်းကို ခံရမယ်၊ အဲဒီတော့ ...”

“တိတ်စမ်း”

စားပွဲခုံကို လက်ဝါးကြီးနှင့် ဖြန်းခနဲရိုက်ပြီး အော်လိုက်သည့် အသံကြောင့် လူများအားလုံး၏အသံက တိတ်ဆိတ်သွား၏။ အိမ် ရှင်ဖြစ်သူ ဟာကျူလီဆမ်းမားမှာလည်း ပြဿနာတစ်ခုခုတော့ ဖြစ် နေပြီဟု တွေးကာ ထိတ်ထိတ်ပျာပျာဖြစ်သွားပုံရ၏။ အားလုံး၏ မျက်လုံးအကြည့်များက မောင်ဂိုမာရီကြီးထံသို့ ရောက်ကုန်ကြသည်။

“ဘာဖြစ်လို့လဲ ဦးလေး”

“ဘာဖြစ်ရမှာလဲ ဟာကျူလီ၊ မင်းရဲ့လူညိုလူစွန့်စားတွေရဲ့ စွမ်း ရည်ကို စမ်းသပ်နေတာပဲ၊ ဘယ့်နှယ် ကျွန်ုပ်လို အဘိုးကြီး တစ် ယောက်ကိုတောင် လက်မောင်းချင်းယှဉ်မလှဲနိုင်မှတော့ ဘယ် နေရာမှာ သွားအသုံးကျတော့မှာလဲ။

အားလုံး၏အကြည့်မျက်လုံးများက ကျွန်ုပ်တို့ဆီသို့ ရောက် လာပြန်သည်။

“လက်မောင်းချင်းလှဲလို့နိုင်ရုံနဲ့ လူစွမ်းကောင်းလို့ယူဆကြ





သား”

ကိုမီရာက မောင်ဂိုမာရီကြီး၏မျက်နှာကို စေ့စေ့ကြည့်ပြီး မေး လိုက်၏။ ထိုလူကြီးက ခေါင်းညိတ်လိုက်သည်။

“ဒါက ပင်ကိုသန်စွမ်းမှုအစွမ်းအစကို အလွယ်တကူ သိနိုင်တဲ့ နည်းပဲလေ“

“သန်စွမ်းမှုနဲ့ အစွမ်းအစဆိုတာက တခြားစီပဲ၊ သန်စွမ်းတိုင်း သာ သူရဲကောင်းဖြစ်မယ်ဆိုရင်တော့ လူဝံကြီးတွေ၊ မျောက်ဝံ၊ ဝက် ဝံကြီးတွေက ကမ္ဘာမြေရဲ့သူရဲကောင်းတွေဖြစ်နေမှာ ကြာပြီပေါ့”

“ဒီမှာ မစ္စတာမီရာ ယှဉ်ပြိုင်မနိုင်ဘူးဆိုရင် မနိုင်ဘူးလို့ဘဲဝန်ခံ လိုက်ပါ၊ ဟိုဟာ ဒီဟာတွေ ပြောမနေပါနဲ့”

“ယှဉ်ပြိုင်မနိုင်ဘူးလို ဘယ်သူက ပြောခဲ့လဲ”

“ဘာ”

ယခုအချိန် ဟာကျူလီဆမ်းမားအပါအဝင် လူအားလုံးမှာ မောင်ဂိုမာရီကြီးနှင့် ကိုမီရာတို့၏စကားစစ်ထိုးပွဲကို စိတ်ဝင်စားနေ ကြတော့၏။ ဟာကျူလီမှာ ဦးလေးဖြစ်သူအားလည်း အတန်ငယ် ကြောက်ရပုံပေါ်လေ၏။ သူ၏ အထူးဧည့်သည်များဖြစ်သော ကျွန်ုပ်တို့နှင့် သူ၏ဦးလေးတို့၏ ပဋိပက္ခအပေါ် မည်သို့ဝင်ရှင်းရမည် သိ၏ အားနာသောမျက်လုံးများနှင့်သာ ကြည့်၍နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စကာဓိရာ… သင်က ကျွန်ုပ်နဲ့ အားလှဲမယ်လို့ဆိုလိုက်တာ ပေါ့"

မောင်ဂိုမာရီကြီးသည် သူ၏အပေါ်ကုတ်အင်္ကျီကို ချွတ်လိုက်ပြီး အောက်ခံရှပ်အင်္ကျီ၏လက်များကို ပင့်တင်လိုက်သောအခါ ကြွက်သားများနှင့် ဖောင်းကားနေသော သူ၏လက်မောင်းသားကြီးများ ပေါ်လာတော့သည်။

"ကိုဓိရာ ကျုပ်ဦးလေးက ဒီနယ်တစ်ဝိုက်မှာတော့ ပြိုင်ဘက်မရှိ လက်လှဲသမားကြီးပဲဗျ"

ဟာကျူလီဆမ်းမားက ဝင်ပြောရာ ကိုဓိရာက အံ့သြ… ပြသည့်အနေနှင့် ခေါင်းညိတ်ပြီးပြုံးလိုက်သည်။

"ကျွန်ုပ်တို့ အလောင်းအစားတစ်ခုလုပ်ဖို့တော့ လိုမယ်"

"ဘယ်လို အလောင်းအစားလဲဗျာ"

"သင်တို့ ဘာတတ်နိုင်သလဲပေါ့၊ ကျုပ်ကတော့ ဘာ… လောင်းဖို့အသင့်ပဲ"

"ကောင်းပြီလေ"

ကျွန်ုပ်သည် ကိုဓိရာက မည်သည့်ပစ္စည်းမျိုးနှင့် အလော… အစားလုပ်မည်ကို စိတ်ဝင်စားနေမိ၏။ လူအများမှာလည်း ကျွ… သဘောမျိုးပင် ရှိနေမည်ဟုထင်၏။ ငြိမ်သက်တိတ်ဆိတ်စွာ…





…ငေါင့်ကြည့်နေကြလေသည်။

"မိတ်ဆွေကြီးရဲ့လက်စွပ်က စိန်လက်စွပ်ပါလား။ ကျောက်…အားကိုကြည့်ရုံနဲ့ ပေါင်တစ်သောင်းဝန်းကျင်လောက် တန်မှာကို …သိနိုင်ပါရဲ့"

"ပေါင်တစ်သောင်းနှစ်ထောင်တန်တယ်"

"ဟုတ်ပြီလေ၊ ကျုပ်နဲ့ ဟောဒီ ကိုအောင်ဒင် နှစ်ယောက်က …သောင်းနှစ်ထောင်တော့ တန်လောက်ပါတယ်"

"သင်ဆိုလိုတာက ဘာလဲ"

"ဒီလိုပါ။ ကျုပ် နိုင်ရင် မိတ်ဆွေကြီးရဲ့လက်စွပ်ကို ယူမယ်၊ …ရင်တော့ ကျုပ်တို့နှစ်ယောက်စလုံး မိတ်ဆွေကြီးဆီမှာ တစ်သက် …း ကျွန်ခံမယ်ဗျာ"

အာမေဋိတ်သံများ ဆူညံသွား၏။ ကာဝယက်ရှင်ဖြစ်သော …ကျွန်ုပ်၏အသံက ပိုပြီးကျယ်သွားမည်ထင်သည်။ ဟာကျူလီက …ခေါင်းကိုရမ်းခါလိုက်ပြီး …

"ဒီအလောင်းအစားကိုတော့ ကျုပ် လက်မခံဘူးဗျာ၊ ကိုဓိရာ …က ကျုပ်ရဲ့အကျိုးအတွက် ရောက်လာကြတဲ့ မိတ်ဆွေတွေပါ။ …ကြောင့် ကျုပ်က လက်စွပ်တန်ကြေး ငွေသား ပေါင် သောင်း …ထောင် ထည့်ဝင်ပေးပါမယ်၊ ကိုဓိရာ ရှုံးရင် ငွေသား …သောင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင် ဦးလေးကို ကျွန်တော် ပေးမယ်ဗျာ”

“နိုး နိုး နိုး … မလိုပါဘူးဗျာ၊ ကျုပ်အတွက်နဲ့ မိတ်ဆွေကြီးဟာကျုံလီ ဝန်ထုပ်ဝန်ပိုး အဖြစ်မခံပါနဲ့ နောက်ပြီး ဒီကမိတ်ဆွေကြီး မောင်ဂိုမာရီလဲ ငွေသားထက် ကျွန်ကောင်းနှစ်ယောက်ရမယ့်အရေးက မက်စရာပါပဲ၊ ဟဲ ဟဲ ဟဲ”

ယှဉ်ပြိုင်ပွဲကို စိတ်ဝင်စားကြသောကြောင့် လူအများမှာ ဝိုင်းအုံ၍လာကြတော့သည်။ ထိုအထဲတွင် စားပွဲခုံ၌ထိုင်ခွင့်မရှိသော ပါစီပူစီနှင့်အခြားကျေးကျွန်များလည်း ပါဝင်လေသည်။ ထမင်းချက်များအစေခံများမှာ သူတို့ လုပ်စရာရှိသည့်အလုပ်များကို ပစ်ထားကြပြီး စိတ်ဝင်စားစွာနှင့် ရပ်တန့်ကြည့်ရှုကုန်ကြ၏။ ကျွန်ုပ်မှာ ရင်များတဒိတ်ဒိတ်အခုန်မြန်၍နေသည်။ ကိုမီရာသာ ရှုံးနိမ့်သွားမည်ဆိုပါက အော်တိုမစ်တစ် ကျွန်သဘောက်ဖြစ်ရမည့်အရေးအတွက် မည်သူရင်မခုန်ဘဲနေနိုင်မည်နည်း။

ကိုမီရာကတော့ ဘာမှမဖြစ်သလို အေးဆေးစွာနေနိုင်ပေ၏။ သူက သူ၏ညာလက်တံတောင်ဆစ်ကို စားပွဲထောက်လိုက်ပြီး လက်သီးများကို ဖြန့်လိုက် ဆုပ်လိုက် လုပ်၍နေသည်။

“ကဲ … ကျုပ်ကတော့ နှစ်ယောက်စလုံးကို အလောင်းအစားထဲ ထည့်ထားလိုက်ပြီ ကိုအောင်ဒင်ရေ၊ ဘယ့်နှယ်လဲ ကျုပ်ကို ယုံ





ကြည်ရဲ့လားဗျ”

“ယုံ… ယုံပါတယ်ဗျာ၊ အဟဲ”

မရိုသွားဖြဲသဘောမျိုးနှင့် ပြောလိုက်သော်လည်း အသက်ရှူ ဖြစ်နေတာကိုတော့ ကိုယ့်ဘာသာကိုယ် သိ၏။

“ယုံတယ်ဆိုပေမယ့် အသံကတော့ တယ်တုန်ပါလား ကိုအောင်ဒင်”

ကျွန်ုပ် ထပ်မံပြီး မရိုသွားဖြဲလိုက်ရပြန်သည်။

“ကဲ … မစ္စတာ မောင်ဂိုမာရီ ကျုပ်ကတော့ အသင့်ဖြစ်ပြီဗျား”

မောင်ဂိုမာရီကြီးက စဉ်းလဲစွာပြုံးလိုက်၏။

“တစ်ခုကျန်သေးတယ်”

“ဘာများလဲ မစ္စတာ မောင်ဂိုမာရီ”

“ကျုပ်တို့ဆီမှာ အမြင့်ဆုံးစိန်ခေါ်ပွဲအဖြစ် သတ်မှတ်တဲ့ပွဲတွေ လက်လှဲကြတဲ့အခါ ဓားမြှောင်၊ သံချောင်း စတဲ့ အချွန်အတက် ညည်းတွေကို အောက်မှာခံကြတယ်၊ ရှုံးတဲ့သူရဲ့လက်က ပေါက်ပြီး ပေါ့ဗျာ၊ ဒီစိန်ခေါ်ပွဲကိုလဲ မိတ်ဆွေကို လေးစားတဲ့အနေနဲ့ ကျုပ် အမြင့်ဆုံးစိန်ခေါ်ပွဲအဖြစ် သတ်မှတ်ထားတယ်ဗျာ၊ ဘယ်လိုလဲ ဗျာ”

“ရပါတယ်ဗျာ၊ ခင်ဗျား လုပ်ချင်တဲ့ပုံစံအတိုင်း ကြိုက်သလိုသာ



www.burmeseclassic.com

www.burmeseclassic.com



စီမံပါလေ”

ဤလူကြီးကတော့ အပိုင်တွက်ပြီး အစွမ်းကုန်ရက်စက်ပေတော့မည်။ ကျွန်ုပ်သည် ကိုမီရာအတွက် များစွာစိတ်ပူမိ၏။ ထိုအချိန်၌ ကိုယ်ပါရောပြီး ကျွန်ဖြစ်ရမည့်အရေးကိုပါ မေ့နေတော့သည်။ မောင်ဂိုမာရီကြီးသည် လူတစ်ယောက်၏လက်ကို ထွင်းဖောက်နိုင်လောက်သည့်အနေအထားသာရှိ သံမှိုနှစ်ချောင်းကို သူ၏အပေါ်အင်္ကျီအိတ်ထဲမှ ထုတ်ယူလိုက်၏။ သံမှိုများမှာ ချွန်မြထက်ရှ၍နေပြီး အောက်ခြေမှာ ဒင်္ဂါးပြားအရွယ်ဖြစ်သောကြောင့် ကောင်းစွာ ထောင်မတ်၍ထားနိုင်၏။

“ဒါလေးတွေက ကျုပ်ရဲ့ ရဲဘော်ရဲဘက်တွေပဲလေ၊ လူ့ လက်ဖမိုးသွေးတွေကိုတော့ သူတို့ သောက်ထားတာ တော်တော်များနေပြီ၊ ဟဲ ဟဲ ဟဲ စလိုက်ကြရအောင်၊ လူညိုလူစွန့်စားရဲ့ သွေးကို သူတို့ သောက်ချင်နေလှပြီ”

လက်များလှဲကျမည့်နေရာနှင့်အလိုက် သံချွန်နှစ်ခုကို တစ်ဖက်တစ်ခု ထောင်လိုက်ပြီး သူ၏လက်ကြီးကိုလည်း အသင့် အနေအထား ပြင်ဆင်လိုက်၏။

မျက်နှာချင်းဆိုင် လက်နှစ်ချောင်း တင်းကျပ်စွာဆုပ်ကိုင်လိုက်ကြ၏။ ပွဲကတော့ စပါပြီ။ မောင်ဂိုမာရီကြီးမှာ အသက်ကြီးပြီဖြ





သော်လည်း ကာယဗလလိုက်စားသူဖြစ်သောကြောင့် လက်မောင်းကြီးမှ လုံးကြွဖုထစ်၍နေ၏။ သူ၏လက်မောင်းအိုးကြီးမှာ ကိုမီရာထက် နှစ်ဆလောက်ကြီးမားလှပေသည်။

လက်မောင်း စပြီးလှဲလိုက်ခြင်းမှာပင် ကိုမီရာ၏လက်မှာ သံချွန်အနီးသို့အထိ ကွေးညွတ်ကျသွားသောကြောင့် ကျွန်ုပ်မှာ ထိတ်ခနဲဖြစ်သွားရသည်။ မောင်ဂိုမာရီကြီးသည် သူနိုင်ပြီအထင်နှင့် အားကုန်ဖိချသော်လည်း ကိုမီရာ၏လက်မှာ ထိုနေရာ၌ပင် တန့်၍နေ၏။ အံကို တင်းတင်းကြိတ်ပြီး နဖူးကြောများထောင်ထအောင် အားခဲပြီး ဖိချနေသည့်မောင်ဂိုမာရီ၏ပုံမှာ ဘီလူးသဘက်ကြီး စီးနေသည်နှင့်ပင်တူနေသေးတော့သည်။

မောင်ဂိုမာရီ၏မျက်လုံးများ ပိုမို၍ ပြူးကျယ်လာ၏။ အဘယ့်ကြောင့်ဆိုသော် သူ အားကုန်ဖိထားပါလျက်နှင့် သူ့လက်များက မိန့်ကြွတက်လာသောကြောင့်ဖြစ်လေသည်။ ကိုမီရာ၏ လက်မောင်းသက်ရုံးတို့မှာ မောင်ဂိုမာရီလောက် မကြီးမားသော်လည်း ယခုလိုဉာဏ်အားထုတ်ထားသည့်အချိန်၌မူ ကြွက်သားများ အမြှောင်းလိုက်ထနေပြီး သံချောင်းသံခဲကဲ့သို့ ခိုင်မာတောင့်တင်းလွန်းလှ၏။ သူ၏လက်ကြီး သံချွန်ဘက်သို့ ကွေးညွတ်ကျလာသည်နှင့် မောင်ဂိုမာရီမှာ တုန်လှုပ်ချောက်ချားလာပြီး ချွေးစေးများပြန်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလက်ကို ကျုပ် ဖောက်လိုက်ရတော့မလား မောင်ဂိုမာရီ"

"မလုပ်နဲ့ မလုပ်နဲ့ ကျုပ် အရှုံးပေးတယ်"

ရက်စက်တတ်သည့်စိတ်ထားရှိသူတို့မှာ ပိုမိုကြောက်လန့်တတ်ကြသည့်သဘောမျိုးလည်းရှိလေ၏။ ယခု မောင်ဂိုမာရီကြီးမှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်၍နေသည်။ သူ၏လက် ဆုံးချွန်နှင့် နီးလာလေလေ အော်ဟစ်တောင်းပန်သံက ပိုမိုကျယ်လောင်လာလေဖြစ်နေတော့၏။ သံချွန်က သူ၏လက်နှင့် နီးတစ်ဖျား အကွာအဝေးသို့ပင်ရောက်၍နေပေပြီ။

"အမယ်လေး မလုပ်...မလုပ်နဲ့တော့ ... အား ..."

"အရှုံးပေးပြီနော်"

"ပေးတယ်၊ ပေးတယ်"

"ဒါဆိုရင် လက်စွပ်ပေးတော့မယ်ပေါ့"

"ပေးမယ်၊ ပေးမယ်"

ကိုမီရာက လက်ကို လွှတ်ပေးလိုက်၏။ လက်ခုပ်သံများ ဆူညံသွားသည်။ ထိုအထဲတွင် ကျွန်ုပ်၏လက်ခုပ်သံမှာ အကျယ်ဆုံးဖြစ်မည်ဟုထင်၏။ မောင်ဂိုမာရီကြီးမှာ လက်ဖျံတို့ကို အခြား လက်တစ်ဖက်နှင့် နှိပ်နယ်၍ပြီး ရှုံ့မဲ့၍နေသည်။ နှုတ်မှလည်း ...





"ခင်ဗျားဟာ သံမှုန်တွေစားထားလို့များ ဒီလောက်သန်မာရတာလဲ"

ဟု ညည်းတွားပြောဆိုလေ၏။ သူ၏လက်စွပ်ကိုလည်း ကြည်ကြည်ဖြူဖြူနှင့်ပင် ချွတ်ပြီး ကိုမီရာအား ကမ်းပေးလေ၏။

"လူကြီးလူကောင်းတစ်ယောက်နဲ့ ပျော်ရွှင်စွာကစားခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ဒီနေ့အတွက် စားသောက်ဖွယ်ရာများကို စီမံပေးတဲ့ စားဖိုမှူးကြီးက ဘယ်သူများလဲဗျာ"

ကိုမီရာက ထိုကဲ့သို့ဆိုလိုက်ရာ လူအုပ်ထဲမှ ဝဖိုင့်ဖိုင့်ပုပျပ်ပျပ် သူကြီးတစ်ဦး ထွက်လာ၏။

"ကျွန်တော် စားဖိုမှူး ဘလန်ဆာကွတ် ပါ ခင်ဗျာ"

"မစ္စတာကွတ် ... ခင်ဗျားရဲ့အရသာရှိတဲ့စားသောက်ဖွယ်ရာတွေအတွက် ဟောဒီလက်စွပ်ကို ဆုချပါရစေဗျာ"

လူအများထဲမှ အာမေဋိတ်သံကြီးတစ်ခု ပေါ်ထွက်လာ၏။ စားဖိုမှူး ဘလန်ဆာကွတ်မှာ သူ့လက်ထဲသို့ ရောက်လာသော လက်စွပ်ကို တုန်ယင်စွာနှင့်ကြည့်၍ ရက်ပေါင်းတစ်ထောင်လောက် အောင်မကိုင်ခဲ့ဘူးသော သူ့ဘဝ၌ ဤလက်စွပ်မှာ များစွာတန်ဖိုးရှိ၍နေ၏။

"ဒါ ... ဒါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ပိုင်သွားပါပြီ မစ္စတာကွတ်၊ ကိုင်း ... စားဖိုမှူးကြီး မစ္စတာကွတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ တစ်ခွက်စီသောက်ကြရအောင် ဗျို့"

ဘာရာဗို–ရိုးယားစ်အသံများနှင့်အတူ ဖလ်ခွက်ချင်းထိခတ်သံတို့က တချွင်ချွင်နှင့် ဆူညံဝေလွင့်သွားလေတော့သည်။ စားဖိုမှူးကြီး မစ္စတာကွတ်မှာ ကိုမီရာအား အကြိမ်ကြိမ် ဦးညွှတ်၍ အရိုအသေပေးနေလေတော့သတည်း။





## တရွှေနယ်မြေသို့ ခရီးအစ

ကာလ်ဗာမြို့ဟောင်းမှနေ၍ ခက်ခဲကြမ်းတမ်းပင်ပန်းလှသည့် ခရီးကြမ်းကို သူတို့ဖြတ်သန်းခဲ့ကြသည်မှာ သီတင်းသုံးပတ်ခန့်ပင် ရှိ၍နေပေပြီ။ ယခုအချိန်ထိတော့ ကြီးမားသည့်အန္တရာယ်များနှင့် မတွေ့ဆုံဖြစ်သေး။ ပြောစရာဆို၍ မိချောင်းများ လွန်စွာပေါများသည့် ရှန်ဘာမြစ်ကို သက်စွန့်ဆံဖျားဖြတ်ကျော်ခဲ့ရခြင်းနှင့် အထမ်းသမားတစ်ယောက်ကိုရန်မူသော ကျားသစ်တစ်ကောင်အား ပစ်ခတ်ခဲ့ခြင်းတို့လောက်သာ ရှိပေ၏။

ထိုခရီးအတွင်း ကျွန်ုပ်တို့မြင်တွေ့ခဲ့သမျှ ဌာနေတိုင်းရင်းသား

www.burmeseclassic.com



များမှာလည်း သိပ်ရိုင်းစိုင်းသူများမဟုတ်သောကြောင့် မည်သည့်အန္တရာယ်မှ မပေးကြပေ။ အထမ်းသမားအဖြစ်ခေါ်လာခဲ့သောသူလေးဦးမှာလည်း သူတို့နှင့် မျိုးတူတိုင်းရင်းသားများဖြစ်သောကြောင့် မေးမြန်းပြောဆိုရ လွယ်ကူလှပေ၏။

ဌာနေလူမျိုးများ စီးဟ်ဝင်စားကြသည်မှာလည်း ကျွန်ုပ်တို့သုံးဦးကိုသာ ဖြစ်လေ၏။ အရပ်ခြောက်ပေလေးလက်မခန့်မြင့်သောနီဂရိုးကြီးပါစီပူစီမှာ ထူးထူးခြားခြားနီညိုရောင်သင်တိုင်းရှည်ကြီးကိုခြုံလွှမ်းထားပြီး ဦးခေါင်းထက်၌လည်း ဘော်ကြယ်များထိုးထားသည့် နီညိုရောင်သံပရာဦးထုပ်ကို ဆောင်းထားသောကြောင့် နတ်ဆရာရုပ် ပေါက်၍နေသည်။

ပါစီပူစီသည် လွန်စွာသန်မာသူဖြစ်သည်နှင့်အညီ အထမ်းသမားများထက်ကိုပင် ပိုမိုလေးလံသည့်အထုပ်အပိုးကျောပိုးအိတ်များကိုလွယ်ထားသည့်အပြင် တွန်းကန်အား အလွန်ပြင်းထန်သောနှစ်လုံးပြူးသေနတ်တစ်လက်ကိုလည်း ပခုံးထက် ချိတ်ဆွဲထားလေသည်။

အရပ်ခြောက်ပေခန့်ရှိပြီး လွန်စွာတည်ကြည်ခံ့ညားလှသောကိုမီရာသည်လည်း ကျောပိုးအိတ်တစ်လုံးကို လွယ်ထားပြီး ခါးတစ်ဖက်တစ်ချက်တွင် သူ့လက်သုံးတော်ဓားမြှောင်တစ်လက်နှင့် ဟာ





ကျူလီဆမ်းမား ပေးလိုက်သည့် ဝီလ်ဘလီခြောက်လုံးပြူးသေနတ်တစ်လက်တို့ကို ချိတ်ဆွဲထားလေသည်။ သူ၏ကျောပိုးအိတ်ထဲ၌ပန်နီဆာနတ်ဘုရားမရုပ်တုကို ထည့်ထားလေသည်။ ထိုပစ္စည်းမှာအဓိကအကျဆုံးပစ္စည်းဖြစ်သောကြောင့် ဟာကျူလီဆမ်းမားကကိုမီရာကိုသာ စိတ်ချယုံကြည်စွာ အပ်နှံခဲ့ခြင်းဖြစ်လေသည်။

ကျွန်ုပ်ကတော့ ထုံးစံအတိုင်း လက်စွဲတော် ဝင်ချက်စတာမောင်းပြန်ရိုင်ဖယ်ကို အသင့်ကျည်ထိုးပြီး ကိုင်ဆောင်ထားလေ၏။ နှစ်လစာထုပ်ပိုးထည့်လာသည့် ရိက္ခာခြောက်များကို ထမ်းပိုးလာကြသော အထမ်းသမားများမှာ လူပုလေးများ၏နယ်မြေနှင့် နီးကပ်လာသည်နှင့် ထပ်မံ မလိုက်လိုကြဘဲ ငြင်းဆန်ကုန်ကြတော့သည်။

"မင်းတို့ကို ငှားလာကတည်းက ခရီးစဉ် စဆုံး ဆိုပြီး ပြောလာတာ၊ ခု တစ်ဝက်တစ်ပြက်နေရောက်မှ ဘာဖြစ်တာလဲ၊ ငါ့ပညာနဲ့ အုအသည်းတွေ ထုတ်လိုက်ရမလား"

ပါစီပူစီ၏ ခပ်တည်တည်ပြောလိုက်သောစကားကြောင့် အထမ်းသမားများ ငြိမ်သွားကြသည်။ ကျွန်ုပ်တို့သည် လူပုနယ်မြေအတွင်းသို့ ချက်ချင်းမဝင်သေးဘဲ အကွယ်အကာကောင်းသည့်နေရာတစ်ခု၌ ရွက်ဖျင်ထိုးကာ တစ်ညတာ စခန်းချကြ၏။

အထမ်းသမားများ သယ်ဆောင်လာသည့်အထဲမှ ဘာနီဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို ဖောက်၍ အနည်းငယ်စီ သောက်ကြသည်။ ထို့နောက် ပေါင်မုန့်အခြောက်အခြမ်း၊ စည်သွတ်အစားအစာများနှင့်ပင် ညနေစာကို တင်းတိမ်လိုက်ကြသည်။ ထိုညက လူပုလေးများ အန္တရာယ် လာပေးမည်ကို ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေခဲ့သေးသော်လည်း မည်သည့်အန္တရာယ်မှတော့ ကျရောက်မလာခဲ့ပါ။ အထမ်းသမားများမှ ပင်ပန်းလွန်းလှ၍ ထင့်၊ ခေါင်းချပြီး များမကြာမီမှာပင် တခေါခေါနှင့် အိပ်ပျော်ကုန်တော့သည်။

"ဒီကောင်တွေကို လုပ်ခ တနင့်တပိုးပေးခဲ့လို့သာ ဒီခရီးကို လိုက်လာကြတာ၊ နို့မို့ဆို ဘယ်လွယ်မလဲ"

"ဟုတ်တယ် ပါစီပူစီ၊ သူတို့လဲ လူတွေပဲ ဆိုတော့ ကြောက်ရ မယ့်နေရာမှာ ကြောက်ကြမှာပဲပေါ့၊ ကဲပါဗျာ သူတို့ကြောက်တဲ့ခေါင်းနီလူပုလေးတွေရဲ့နယ်စပ်ရောက်နေပြီဆိုတော့လူပုလေးတွေအကြောင်း ဗဟုသုတတွေ ပြောပြစမ်းပါဦးဗျာ"

ကျွန်ုပ်က တောင်းဆိုလိုက်ရာ ပါစီပူစီသည် မည်းနက်နေသည့် အသားအရောင်နှင့် လွန်စွာဆန့်ကျင်ဘက်ဖြစ်လှသော သူ၏ သွားဖြူဖြူကြီးများပေါ်အောင် ရယ်လိုက်လေသည်။

"ဒီလူပုကောင်တွေက အုပ်စုဖွဲ့သွားလာနေတဲ့ ခွေးအတွေ့ရဲ့ အတော်တူသဗျ။ ခေါင်းဆောင်အကောင်သွားတဲ့နောက်ကို ကျန်တဲ့





အကောင်တွေက လျှောက်လိုက်နေတာပဲ၊ ကျွန်တော်တို့ ကံကောင်းရင်တော့ သူတို့နဲ့ မတွေ့ဘူးလဲဖြစ်နိုင်တာပေါ့လေ၊ သူတို့ တောင်ဘက်ရောက်နေချိန်မှာ ကျွန်တော်တို့က မြောက်ဘက်ကနေ ဖြတ်သန်းနိုင်ရင်ပေါ့ဗျာ"

"ဒီ လူပုဦးရေက တော်တော်များများ ရှိသလား"

"အရင်ကတော့ ထောင်ချီရှိတာပေါ့ဗျာ၊ ခုတော့ နည်းသွားလောက်ပါပြီ၊ လူသားစား ဘူးဒူးအရိုင်းကောင်တွေက သူတို့ကို ဖမ်းစား လာစားကြတယ်လေ"

ကျွန်ုပ်တို့နှစ်ဦး စကားပြောနေသည့်အချိန်၌ ကိုမီရာမှာ ဖြတ်သန်းလာခဲ့သည့်ခရီးလမ်းကြောင်းမြေပုံကားချပ်ကို ဖြန့်ခင်းပြီး ကြည့် ရှု၍နေလေသည်။ သူသည် ကွန်ပါတိုင်လေးတစ်ခုနှင့် ကေားများ ကိုထောက်ပြီး စေ့စေ့စပ်စပ်ကြည့်ရှု၏။

"ပါစီပူစီ ဘုန်းတော်ကြီးဆမ်းမားနဲ့ ခင်ဗျားတို့ ထွက်ပြေးလာတုန်းက ဒီနေရာတစ်ဝိုက်မှာပဲ တစ်ည နားသေးတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ဒီနေရာပဲလို့တောင် ကျွန်တော် ထင်ပါတယ်၊ ငယ်ငယ်တုန်းက သေဘေးအတွက် ကြောက်တဲ့ ကြောက်စိတ်တွေက ဒီနေရာရောက်တဲ့အခါ ပြန်ခံစားရသလိုပါပဲ"

ထိုခဏမှာပင် မိုးခြိမ်းသံတချို့ကိုကြားလိုက်ရပြီး မကြာမီမှာ



www.burmeseclassic.com

www.burmeseclassic.com



ပင် မိုးရွာလေတော့၏။ ရွက်ဖျင်တဲပေါ်သို့ တဖောက်ဖောက်နှင့်ခုံ ကျဲကျဲကျနေသော မိုးရေစက်များမှာ တစ်စတစ်စနှင့် စိပ်လာပြီး ဖွဲရာမှ သဲလဲလေတော့သည်။

"ပန်နီခဲသာနတ်ဘုရားက ကူညီတာပဲဗျာ၊ ကျွန်တော်တို့ ဒီည တော့ နောက်ကြောင်းလုံလုံထားနိုင်ပြီ၊ လူပုကောင်တွေက မိုးရွာရင် နီးရာဂူထဲ ဝင်ပြေးကြတော့တာပဲ၊ ဒီကောင်တွေက ဆိတ်တွေလိုပဲ ရေထိခံချင်ကြတာမဟုတ်ဘူးဗျ"

ပါစီပူစီက ထိုသို့ဆိုပြီး သူတို့ နတ်ဘုရားကို ရည်စူး၍ ဦးညွှတ် နေလေ၏။ သူသည် သူ ကိုးကွယ်သောနတ်ဘုရားအပေါ်၌ သည်း စွာသောအယုံရှိသူဖြစ်၏။ မကြာခဏဆိုသလိုပင် နတ်ဘုရား၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်နေလေ့ရှိသူဖြစ်လေသည်။

"ခင်ဗျားတို့ နတ်ဘုရားက အသက်ရှိနေတယ်ဆို ဟုတ်လား"

"ဟုတ်ပါတယ် သခင်၊ သူက ရေမှာ အမြဲကူးခပ်နေပါတယ်"

"ကျုပ်ကို သခင်လို့ မခေါ်ပါနဲ့လို့ ခဏခဏပြောနေရပါလား ပါစီပူစီ၊ နာမည်အတိုင်းပဲခေါ်ပါဗျာ"

"ဟုတ်ကဲ့ မီရာ၊ ကျွန်တော်တို့လူမည်းတွေက လူမည်းအချင်း အချင်းကလွဲရင် သခင်လို့ခေါ်တာ အကျင့်ပါနေလို့ပါ"

ကိုမီရာသည် ကျွန်စနစ်ကို အလွန်မုန်းသူဖြစ်၏။ လူလူချင်း





ကျွန်ပြုခိုင်းစေခြင်းမှာ လူမဆန်မှုတစ်ခုသာဖြစ်သည်ဟု သူက အမြဲ ပြောတတ်သည်။ ဖြူဝါညိုမည်း အသားအရောင် မည်မျှကွဲပြားသော် သည်း လူသည် လူသာဖြစ်သည်မဟုတ်ပါလား။ ထိုခေတ်ထိုအခါက လူမည်းအများစုမှာ လူဖြူများ၏ကျွန်သပေါက်ဘဝသို့ရောက်ရှိ ၍နေသည်။ ပါစီပူစီမှာ ကျွန်အဖြစ်နှင့်ရောက်လာခဲ့သူမဟုတ်သော် သည်း အခြားလူမည်းများနည်းတူ သူ့ကိုယ်သူ ကျွန်အဖြစ် ခံယူထား သူဖြစ်လေသည်။ ထို့ကြောင့်လည်း သူသည် လူမည်းများမှလွဲ၍ ကျွန်အသားအရောင်ရှိသူအားလုံးကို သခင်အဖြစ် နှုတ်ကျိုးနေခြင်း ပင်တည်း။

"ဘုရင်မရဲ့ ဝိညာဉ် စုပ်ယူစားသုံးခြင်းခံရတဲ့ မန်ဂလာတွေဟာ ပန်နီခဲသာနတ်ဘုရားရှိရာရေအိုင်ကြီးထဲ ခုန်ဆင်းကြတယ်၊ သူတို့ဟာ အဲဒီအချိန်ကျရင် သည်းခြေပျက်ရူးသွပ်နေကြပြီလေ၊ ခုန်ဆင်းပြီး ကြာခင်မှာပဲ နတ်ဘုရားကြီးက သူ့လက်ချောင်းရှည်ရှည်ကြီးတွေ နဲ့ဆွဲယူစားသောက်လိုက်တာပဲ"

"သူ့လက်တွေက အရှည်ကြီးပဲလား"

"ရှည်တယ် သခင်၊ အဲ...ဆောရီး အောင်ဒင်၊ သူ့မှာ လက် ချောင်းတွေလဲ အများကြီးရှိတယ်၊ သူ့လက်ချောင်းရှည်တွေရဲ့ ရစ် ပတ်ညှို့ငင်ခံရတဲ့သားကောင်ဟာ ပြန်မလွတ်တော့ဘူး။ မန်ဂလာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလဲ ဒါကိုပဲ လိုလားတယ်လေ၊ အသက်ရှင်လျက် ပရိဒေဝသောက မီးဖိစီးခံနေရတာထက် သေတာ ပိုကောင်းတယ်မဟုတ်လား"

"ခင်ဗျားကို သူ့ယောကျ်ား မန်ဂလာအဖြစ် ရွေးချယ်မယ် ဆိုရင် ဘယ်လိုလုပ်မလဲ၊ ခင်ဗျားက အလွန်သန့်မာတဲ့သူပဲလေ၊ သူ့ အကြိုက်ပေါ့"

ကျွန်ုပ်က နောက်ပြောင်ပြောလိုက်ရာ ပါစီပူစီမှာ သဘောကျ စွာ ရယ်လေ၏။

"မလုပ်ပါနဲ့ဗျာ၊ သူ့ယောကျ်ားဖြစ်တဲ့သူဟာ သေဒဏ်ကျ လိုက်ရတာနဲ့ အတူတူပဲ၊ ဒါပေမယ့် ရုပ်ကြည့်ပြီးပြောရရင်တော့ မိန်းမက မကြိုက်ဘဲမနေနိုင်အောင်ကို ချောမောလှပလွန်းပါတယ် ဗျာ"

"တော်တော်ချောလား"

"တော်တော်မှ တော်တော်ကြီးကိုချောတာ၊ သူ့ရဲ့မျက်နှာ သူ့ရဲ့ကိုယ်လုံးကိုယ်ပေါက် ဘယ်နေရာမှ ပြင်းရက်စရာမရှိပါဘူး"

ကျွန်ုပ်တို့ စကားပြောနေကြစဉ်မှာပင် အိပ်ပျော်နေသော အထမ်းသမားတစ်ယောက်မှာ ယောင်ယမ်းပြီး ဝူးဝူးဝါးဝါးထအော် လေတော့သည်။ ဗလုံးဗထွေးနှင့် ဟစ်အော်နေသည့် သူ၏စကား များကိုလည်း ကျွန်ုပ် နားမလည်ပါ။





"သူ ဘာတွေယောင်နေလဲမသိဘူး"

"မရဏတံခါးကြီးပွင့်နေပြီ၊ အားလုံး သေကြတော့မယ် ဆိုပြီး အော်နေတာပဲ"

သူတို့၏စကားကို နားလည်သူ ပါစီပူစီ က ဘာသာပြန်လိုက် ရာ ကျွန်ုပ်မှာ ကျောစိမ့်သွားရ၏။ ထိုခဏမှာပင် ယောင်ယမ်းနေ သောအထမ်းသမားမှာ ဝုန်းခနဲခုန်ထလာသည်ကိုတွေ့လိုက်ရ၏။ သူ၏ တစ်ကိုယ်လုံးမှာ နတ်ပူးနေသကဲ့သို့ တုန်ယင်နေပြီး ကြောင် တောင်တောင်မျက်လုံးများနှင့် ကျွန်ုပ်တို့ကို ကြည့်နေ၏။ ထိုသူမှာ အထမ်းသမားများထဲတွင် ခွန်အားအကြီးဆုံးဖြစ်ပြီး ခန္ဓာကိုယ်မှာ လည်း ကျွဲပေါက်ကြီးတစ်ကောင်ကဲ့သို့ သန်မာလှပေသည်။

"သေမင်းတမန်တွေ"

အသံနက်ကြီးနှင့်အော်လိုက်သည့် သူ၏အသံကြောင့် အိပ် ပျော်နေသော အထမ်းသမားများအားလုံး လန့်နိုးကုန်ပြီး လူးလဲ ထ လာကြတော့သည်။

"တောက်.. ငါ ပစ်သတ်လိုက်ရရင်တော့"

"မလုပ်နဲ့"

ပါစီပူစီ က နှစ်လုံးပြူးသေနတ်ကိုလှမ်းဆွဲလိုက်သောကြောင့် ကိုမီရာမှ တားမြစ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက စိတ်နဲ့ခန္ဓာ လွတ်နေတာ့"

ထိုသို့ပြောပြီးနောက် ကိုမီရာသည် ထိုဗလကြီးဆီသို့ ထသွားလိုက်သည်။ ကိုမီရာ သူ၏အနီးသို့ရောက်သည်နှင့် ဗလကြီးသည် သားရိုင်းတိရစ္ဆာန်တစ်ကောင် မာန်ဖီသလို အော်ဟစ်လိုက်ပြီး အလွန်လျင်မြန်သောအဟုန်နှင့် ခုန်အုပ်လေတော့သည်။

အဖြစ်အပျက်မှာ စက္ကန့်ပိုင်းလောက်သာကြာ၏။ ဗလကြီး သူ့ထံသို့မရောက်ခင်မှာပင် ကိုမီရာ၏ လက်တစ်ဖက်က လျှပ်ပြက်သလိုလှုပ်ရှားသွားသည်ကို ရိပ်ခနဲမြင်လိုက်ရ၏။ အရုပ်ကြိုးပြတ်ပုံလျက်ကျသွားပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေသောဗလကြီးကိုကြည့်ကာ ကိုမီရာက ...

"ကိုအောင်ဒင်ရေ ရေတစ်ခွက်လောက်ခပ်ပြီး သူ့မျက်နှာပေါ်ပက်လိုက်ဗျာ"

ဟု ဆိုလေ၏။ ကျွန်ုပ်လည်း မဆိုင်းမတွပင် ရေတစ်ခွက်ခပ်၍ ထိုလူကြီး၏မျက်နှာပေါ်သို့ လောင်းလိုက်ရာ ထိုသူမှာ သတိပြန်ရလာတော့သည်။

"အို... ကျွန်တော် ဘာဖြစ်နေလဲ"

သူ့မှာ ယခုမှပင် စိတ်နှင့်ခန္ဓာ ပြန်ကပ်သွားဟန်တူ၏။ ဘာမှ မသိသလိုပုံစံမျိုးနှင့် လူးလဲ၍ထလာသည်။





"မင်းကို မိစ္ဆာနတ်ဆိုးတွေက ဝင်စီးလိုက်တာယ်ထင်တယ်၊ ဆော်သေးတာပေါ့၊ မီရာက သတိရအောင်လုပ်ပေးလိုက်လို့ ဒါသာဆိုရင်တော့ ဟောဒီသေနတ်နဲ့ ပစ်ပြီးသားပဲ"

ပါစီပူစီက ထိုသို့ဆိုလိုက်မှ ဗလကြီးသည် ကိုမီရာကို ဦးညွှတ်အရိုအသေပေးပြီး ပြန်လည်အိပ်စက်သမှုပြုလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းနီလူပုများ နှင့် လူသားစားအရိုင်းများ

အတော်ခပ်လှမ်းလှမ်းရှိ ချုံပုတ်သစ်ရွက်များကြားမှ ဝိုးတဝါး မြင်လိုက်ရသည့် ထူအမ်းအမ်းမျက်နှာကြီးကြောင့် ကျွန်ုပ် လန့်ဖျပ် သွားရ၏။ ဆံပင်နီနီ၊ မျက်လုံးပြူးကြောင်ကြောင်နှင့် ချောင်းမြောင်း ကြည့်ရှုနေသောမျက်နှာကြီးမှာ လူနှင့်ပင်မတူဘဲ သရဲသဘက် အလားဟုပင် ထင်မှတ်ရလေသည်။

"ကိုမိရာ"

"တွေ့တယ် ကိုအောင်ဒင်၊ လူပုကောင်တွေ ရောက်နေပြီ"

ထိုအချိန်မှာပင် ဒိန်းခနဲသေနတ်သံနှင့်အတူ လူပုကောင်များ





လွင့်စဉ်သွား၏။ ပါစီပူစီ၏လက်ချက်ပင်တည်း။ ထိုသည်နှင့်တစ်ပြိုင် နက် တောကိုတိုးပြီး အနောက်ဘက်သို့ ပြန်ဆုတ်ခွာပြေးသော ခြေသံများကို အနှံ့အပြား ကြားလိုက်ရ၏။

"ရုတ်တရက်တော့ ကြောက်သွားပြီ၊ ဒါပေမယ့် ဒီကောင်တွေ က ခွေးအလောက်ပဲအသိဉာဏ်ရှိတာဆိုတော့ မကြာခင် ပြန်လာဦး မှာပဲ"

ပစ္စည်းများကို ထမ်းပိုးထားကြသည့် အထမ်းသမားများမှာ သေနတ်သံကြောင့် လန့်ဖျပ်သွားပုံရ၏။ များပြားလှစွာသောခြေသံ များကလည်း သူတို့ကို ပို၍ထိတ်လန့်စေသည်။ သူတို့သည် ဆက် သွားသင့်၊ မသွားသင့် တွေဝေစွာနှင့် ကျွန်ုပ်တို့အား ရပ်တန့်၍ကြည့် နေကြသည်။ ခရီးစထွက်လာကြသည်မှာ သုံးနာရီခန့်ရှိနေပြီဖြစ် သောကြောင့် နောက်ကြောင်းပြန်လှည့်ရန်မှာ မဖြစ်နိုင်တော့။ အမှန် တော့ နောက်ကြောင်းပြန်လှည့်ရန်လည်း ကျွန်ုပ်တို့အစီအစဉ်မရှိပါ။ ဘာပဲဖြစ်ဖြစ် တိုးတိုက်တိုက်၊ ကျားကိုက်ကိုက် သွားကြရပေမည်။ အထမ်းသမားများကတော့ ကြောက်လန့်သည့်မျက်လုံးများနှင့် ရပ် တန့်နေကြဆဲ။ သူတို့မှာ လူပုလေးများကိုတော့ မြင်လိုက်ရပုံမပေါ်။

"ဘာမှမဖြစ်ဘူးဟေ့၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ တောခွေးတွေ တွေ့လို့ ပစ်လိုက်တာ"



www.burmeseclassic.com

ပါစီပူစီ၏စကားကို သူတို့ သိပ်မယုံကြည်။

"တော...တောခွေးဆိုတာ လူ... လူပုတွေလား"

"ဟာ ... ဘယ်ကလာ လူပုရမှာလဲ၊ လုပ်ကြကွာ၊ ထွက်ကြမယ်"

သေနတ်မှန်သွားသော လူပုကို သူ၏အဖော်များက ဆွဲခေါ်သွားကြဟန်တူ၏။ ကျွန်ုပ်တို့ ခရီးလမ်း၌ သေသူ၏ရုပ်အလောင်းကို မမြင်ရဘဲ သွေးစသွေးနများကိုသာ တွေ့နေရသည်။ အထမ်းသမားများမှာ စိတ်မပါ့တပါနှင့်သာ သွားနေကြသည်။ သိပ်ပြီးတော့ ဂရုမပြုမိလှ။ ကျွန်ုပ်တို့သုံးဦးသားမှာတော့ သေနတ်များကို အသင့်အနေအထား မောင်းတင်ပြီး မည်သည့်နေရာမှ အန္တရာယ် စတင်ပေါ်လာမည်ကို သတိဝီရိယနှင့် စောင့်ကြည့်နေကြ၏။

ထိုနေရာတစ်ဝိုက်၌ ရှုံ့ညွန်များလည်း ပေါများလှသည် ဖြစ်လေရာ ထိုအရာများကို ရှောင်ကွင်းနေရသည်မှာလည်း အလုပ်တစ်လုပ် ဖြစ်နေ၏။

"ဝိုး"

"ဒုတ်"

"အား"

မြားတစ်စင်း လေကိုခွင်းလာသံ၊ ထိမှန်သံ၊ အထမ်းသမား





တစ်ဦး၏ နာကျင်စွာအော်ဟစ်လိုက်သံတို့က တစ်ဆက်တစ်စပ်တည်းပေါ် ထွက်လာ၏။

"လူပုတွေလား"

ကိုမီရာက ပြောပြီးသည်နှင့် ခြောက်လုံးပြူးသေနတ်နှင့် ပစ်လိုက်ရာ သစ်ပင်ပေါ်မှလူပုတစ်ယောက် ကားခနဲပြုတ်ကျလာ၏။ ကျွန်ုပ်နှင့်ပါစီပူစီတို့မှာလည်း မည်းမည်းမြင်ရာကို ထိုး၍ပစ်ကြတော့သည်။ ထိုအချိန်မှာပင် ကျန်ရှိသည့်အထမ်းသမားများမှာ ထွက်ပြေးကုန်ကြတော့သည်။

"ဟေ့... ဟေ့... မပြေးကြနဲ့ သေကုန်မယ်"

ကျွန်ုပ်တို့တားမြစ်သည်ကို ဂရုစိုက်ခြင်းမရှိသော အထမ်းသမားများမှာ ခြေဦးတည့်ရာ ပြေးလွှားပျောက်ကွယ်ကုန်တော့သည်။ သူတို့၏ကံကြမ္မာအဆိုးအကောင်းကို ကျွန်ုပ်တို့ သိခွင့်မကြုံတော့။ သုံးဦးသား သေနတ်များနှင့်ပစ်ခတ်မှုကြောင့် အထိနာကုန်သော လူပုတို့မှ နောက်သို့ တစ်ဖန်ပြန်ဆုတ်သွားကြပြန်၏။

"လူပုဦးရေ တော်တော်များတယ်ဗျို့၊ ဒီနေရာက အကာအကွယ်ကောင်းဘူး၊ သူတို့ဆုတ်သွားတုန်း ပြေးကြစို့"

"ဘယ်ဘက်ကိုပြေးမလဲ"

"ရှေ့တည့်တည့်ကိုသွားရမှာပဲ၊ တွေ့တဲ့ကောင်တွေကို ဖောက်



www.burmeseclassic.com

www.burmeseclassic.com



မနေးတမ်းပစ်သာပစ်ဗျာ”

သို့နှင့် ကျွန်ုပ်တို့သုံးဦးသား ခြေကုန်သုတ်ပြေးကြလေတော့သည်။ ကျွန်ုပ်မှာ ထိပ်ဆုံးမှပင်တည်း။ ကိုမီရာက ကျွန်ုပ်နောက်မှလိုက်၍ ပိုမိုလေးပင်သည့် ပါစီပူစီ က နောက်ဆုံးမှ ဖြစ်လေသည်။

“မြားတွေနဲ့ပစ်ပြန်ပြီဗျို့၊ သတိထားကြ”

ပါစီပူစီ အော်သံနှင့် မရှေးမနှောင်းမှာပင် မြားများမှာ ကျွန်ုပ်တို့၏နံဘေးမှ ဖြတ်ကျော်သွားသည်ကို တွေ့ကြရ၏။

“ကျွန်တော့်ကို တော်တော်ထိနေပြီဗျ”

ပါစီပူစီက အော်ပြန်သည်။

“အမယ်လေး”

မြားတစ်စင်းမှာ ဘယ်ကဘယ်လို ဖြတ်သန်းလာသည်မသိ၊ ကျွန်ုပ်၏တောဆောင်းဦးထုပ်ထိပ်ပိုင်းကို နောက်ဘက်မှနေ၍ ဖောက်ထွင်းသွားသောကြောင့် လန့်ပြီးအော်လိုက်မိ၏။ လွန်စွာ ကံကြီးသည်ဟု ဆိုရပေမည်။ အနည်းငယ်လေးသာ နိမ့်ကျသွားခဲ့ပါလျှင် ဆိုပါက နောက်စေ့နှင့် နဖူးကို တံစို့ကင်လိုက်သကဲ့သို့ဖြစ်သွားပေမည်။

“ကိုအောင်ဒင် အရှေ့ကကျောက်တုံးအကွယ်လေးနောက် ဝင်လိုက်ဗျို့”





ကိုမီရာက နောက်မှ လှမ်းပြောလိုက်သောကြောင့် ကျွန်ုပ်လည်း ဒိုင်ဗင်ပစ်၍ ထိုးဝင်လိုက်၏။

“ဒီအတိုင်းပြေးနေလို့ကတော့ တစ်ချက်မဟုတ်တစ်ချက် ထိမှာပဲ၊ ဒီကနေပြီးတော့ ပြန်ဆော်ရအောင်”

ကျွန်ုပ်တို့သုံးဦးသား ခါးစောင်းခန့်ရှိ ကျောက်တုံးကြီးနောက်တွင် နေရာယူလိုက်ကြပြီး ကျည်ဆန်များကို အပြည့်ဖြည့်ကြ၏။ ဗျားပြားလှစွာသော လူနီပုများမှာ ကျွန်ုပ်တို့အား မြားများနှင့် အဆက်မပြတ်ပစ်ပြီး အပြေးလာနေကြ၏။

“ကဲ ... ဆော်ပြီဗျာ”

ကျွန်ုပ်၏ ဝင်ချက်စတာရိုင်ဖယ်၊ ပါစီပူစီ၏ နှစ်လုံးပြူး၊ ကိုမီရာ၏ ခြောက်လုံးပြူးတို့မှာ သေနတ်သံများ တစ်ပြိုင်နက်တည်း ထွက်သွား၏။ သေနတ်ထိမှန်ခြင်းခံရသော လူပုများမှာ လွင့်စဉ်ပြီလဲကျကုန်၏။ အချို့လူများမှာ သူတို့၏အဖော်များ သေဆုံးကုန်သည်နှင့် နောက်သို့ ပြန်လှည့်ပြေးကြ၏။ သို့သော် ဝေးဝေးမပြေးဘဲ တရွေ့ရွေ့နှင့် ပြန်လှည့်လာကြပြန်သည်။

“ဒီကောင်တွေက တကယ့်တိရစ္ဆာန်တွေပဲ၊ သူတို့လက်ထဲ မိလို့ကတော့ တစ်စစီဆုတ်ဖြဲပစ်မှာ သေချာတယ်”

ပစောက်ပုံစံ ဝိုင်းပြီးတက်လာသော လူပုများမှာ တချို့နေရာ



www.burmeseclassic.com

www.burmeseclassic.com



များ၌ ရှိ ညွန့်အိုင်များခံနေသောကြောင့် ခရီးမတွင် ဖြစ်ကြရ၏။ သို့မို့ကြောင့်သာ ကျွန်ုပ်တို့မှာ သက်သာရာ ရနေကြခြင်းပင်တည်း။ ကျွံပြီးထွက်လာသည့်သူများကိုတော့ ကျွန်ုပ်တို့ အလွတ်မပေး၊ ကျည်ဆန်စာကျွေးပစ်ကြ၏။

"ဒီပုံစံအတိုင်းဆိုရင်တော့ ကျုပ်တို့ရှိတဲ့ ကျည် ကုန်သွားလိမ့်မယ်၊ ဘယ်လိုလဲ ပါစီပူစီ၊ ခင်ဗျားပြောတော့ ခေါင်းနီလူပုလေးတွေက လူသားစားအရိုင်းတွေစားလို့ ကုန်သလောက်ရှိနေပြီဆို"

"တွက်ကြည့်တာပါဗျာ၊ ဒီကောင်တွေက ယုန်တွေလို သားပေါက်နှုန်းမြန်နေသလားမှမသိတာ"

ပြောလည်းပြော ပစ်လည်းပစ်နှင့် ထိုနေရာမှာပင် အတော်ကြာ၏။ အားလုံးထဲတွင် ကိုမီရာမှာ လက်အဖြောင့်ဆုံးဖြစ်လေသည်။ သူကိုင်သည့်ခြောက်လုံးပြူးမှာ လွန်စွာထိမှန်ခဲသော လက်နက်ဖြစ်ကြောင်း အသုံးပြုဖူးသူတိုင်း သိကြပါလိမ့်မည်။ ထိုထိမှန်ရန်မလွယ်ကူသောလက်နက်နှင့် တစ်ချက်မလွဲပစ်ခတ်နိုင်သည်မှာ လွန်စွာ အံ့ဖွယ်ကောင်းလှပေသည်။ ကျွန်ုပ်နှင့် ပါစီပူစီတို့မှာသာ လွဲချော်မှုများဖြစ်တတ်သော်လည်း သူကတော့ တစ်တောင့် တစ်ကောင်နှုန်း ထိမှန်အောင် ပစ်ခတ်နိုင်လေ၏။

ကျွန်ုပ်တို့ သည်မျှလောက်ပစ်ခတ်နေသည့်ကြားမှပင် ဆိပ်သူ





မြားများမှာ ကျွန်ုပ်တို့နံဘေးသို့ ပွတ်ကာသီကာ ကျရောက်၍နေပေသေး၏။ ကျွန်ုပ်တို့မှာ ကံသီနေသေး၍သာ အသက်နှင့်ခန္ဓာ အိုးစားမကွဲကြသေးခြင်းဖြစ်လေသည်။ အမှန်တော့ ကျွန်ုပ်တို့သုံးဦး ပြေးလွှားကြစဉ်ကတည်းက ကံကောင်းနေခဲ့၏။ နောက်ဆုံးမှ အထုပ်အပိုးကြီးများနှင့် ပါလာသည့် ပါစီပူစီ က ကျွန်ုပ်တို့အား ကာတာလုပ်ပေးနေသလိုဖြစ်သွားသောကြောင့်တည်း။ သူ၏ကျောဦးအိတ်၊ ဂွမ်းကပ်လိပ်တို့တွင် မြားငါးချောင်း စူးဝင်နေခြင်းက ထိုအချက်ကို သက်သေခံ၍နေသည်။

ပါစီပူစီက "ကြောက်လန့်တကြားနဲ့ သေပြေးရှင်ပြေး ပြေးရင်းအလျှာပေါ်က အလေးအပင်တွေကို ပစ်ချဖို့ မေ့သွားတာ ကံကောင်းတာပဲ" ဟု ဆိုသောကြောင့် ကျွန်ုပ်တို့မှာ အသက်အန္တရာယ် နီးစပ်နေသည့်ကြားမှပင် ရယ်ဖြစ်ကြသေး၏။

"မြေပုံအရဆိုရင် ဒီတည့်တည့်ဆက်ပြေးရင် ကွင်းပြင်ကြီးအစွန်းကို ရောက်မယ်၊ ဟုတ်လား ပါစီပူစီ"

"ဟုတ်တယ် မီရာ၊ ကွင်းပြင်လယ်လောက်မှာ ကျောက်တုံးတွေ ကျောက်ခဲကြီးတွေ ရှိတယ်၊ ကျွန်တော်နဲ့ ဘုန်းတော်ကြီးအခြားအဲဒီမှာ နားခဲ့ကြသေးတယ်"

"ကဲ ဒါဆိုရင်တော့ ကျည်မကုန်ခင် အဲဒီကိုပြေးကြရအောင်၊



www.burmeseclassic.com

www.burmeseclassic.com



မပြေးခင် ဒီကောင်တွေကို တန့်သွားအောင် ကိုအောင်ဒင်ရေ အော်တိုသာဆွဲတော့ဗျာ"

ကျွန်ုပ်တို့သုံးဦး ကျည်အပြည့်ဖြည့်ပြီး တရစပ်ဆွဲကြတော့၏။ ခေါင်းနီပုများကို ခေါင်းမဖော်နိုင်အောင်ပစ်ပြီးမှ ဝမ်း၊ တူး၊ သရီး ဟု တိုင်ပင်ရွတ်ကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးကြလေတော့သည်။

ထုံးစံအတိုင်း အပြေးအပြုနေရာ၌ ကျွန်ုပ်မှာ ထိပ်ဆုံးကပင် တည်း။ ပါစီပူစီနှင့် ကိုဓိရာတို့က နောက်သို့လှည့်ကြည့်ပြီး အပြေးသန်သည့် လူပုတချို့ကို လှည့်ပစ်နေချိန်၌ ကျွန်ုပ်ကတော့ ဝီခေါ်ရအောင် ပြေးလေတော့၏။

ကွင်းပြောင်ကြီးမှာ အတန်ငယ်ကျယ်ဝန်းလှသောကြောင့် ကျောက်တုံးကျောက်ခဲများရှိရာသို့ မနည်းပြေးယူရ၏။ ကျွန်ုပ်တို့ ကွင်းတစ်ဝက်ခန့်ရောက်ချိန်၌ ခေါင်းနီလူပုများမှာ တောစပ်သို့ ရောက်ရှိ၍နေပေပြီ။ သူတို့က မြားများကို ထုတ်၍ပစ်ကြပြန်၏။ သို့သော် မြားတချို့မှာ ကျွန်ုပ်တို့ထံသို့ မရောက်ရှိတော့ချေ။ အလွန်အားသန်သည့်သူများပစ်သော မြားတချို့သာ ပွတ်ကာသီကာ ရောက်ရှိလာပေ၏။ သို့နှင့် ကျွန်ုပ်တို့သည် ကျောက်တုံးကျောက်ခဲကြီးများရှိရာသို့ ရောက်ရှိလာခဲ့ကြတော့သည်။





"ကဲ ... ဒီကနေပြီးတော့ ပြန်ဆော်ကြမယ်ဗျို့၊ ပစ်ကွင်းက တော့ ရှင်းနေတာပဲ"

ပုတက်တက်နှင့်ပြေးလာနေသော လူပုများမှာ ကွင်းပြင်တစ်လျှောက် ဖွေး၍နေ၏။ အနီရောင်ဆံပင်များက နေခြည်အောက်တွင် ရဲရဲတောက်၍နေလေသည်။ တုတ်ချွန်ဝါးချွန်များကို တဝင့်ဝင့်နှင့် ဖြစ်နေသော လူပုများမှာ သရဲသဘက်စီးနေသည့်နှင့်ပင် တူနေသေးတော့သည်။ လူပုများမှာ အမှန်တကယ်ပင် တောခွေးအများနှင့် တူလွန်းလှပါသည်။ သူတို့သည် သားကောင်က ပြေးပြီဆိုလျှင် သရဲမရဲစီးကာလိုက်ကြ၏။ သားကောင်က ပြန်လှည့်ပြီး မာန်ဖီလျှင် အနည်းငယ် တုံ့ရပ်သွားကြ၏။ ထိုသို့ပင်တည်း။

ကျွန်ုပ်တို့က ကျောက်ဆောင်ကွယ်များတွင် ရပ်တန့်ပြီး သူတို့ကို တိုက်ခိုက်ရန်ပြင်ဆင်သည်ကို တွေ့လိုက်သည်နှင့် အနည်းငယ် တွန့်ဆုတ်သွားကြတော့သည်။ ကော်ဒိုက်ယမ်းအား ပေါက်ကွဲသံများနှင့်အတူ လူပုလေးများ အတုံးအရုံး လဲကျကုန်ပြန်သည်။

"ကျွန်တော့်မှာ ကျည်ဆန်ကုန်သွားပြီဗျ"

ပါစီပူစီက နှစ်လုံးပြူးသေနတ်ကိုပစ်ချပြီး အော်ပြောလေတော့သည်။ ဒီအချိန်မှာ သေနတ်က ဓားလောက် အသုံးမဝင် တော့။ သူက ခါးတွင်ချိတ်ဆွဲထားသည့် ဓားမြှောင်ရှည်ကို ထုတ်ယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လဲ ကျည်ဆန်ကုန်သလောက်ဖြစ်နေပြီ ကိုမိရာ"

"တူတူပါပဲဗျာ"

ကိုမိရာက ပြန်ဖြေလိုက်ပြီး တရိပ်ရိပ်တက်လာနေသော လူပု များကို သိမ်းကြုံး၍ကြည့်လိုက်သည်။ ကျွန်ုပ်အထဲတွင် ကိုမိရာ တစ်ယောက်သာ သိပ်မောပန်းဟန်မပြသော်လည်း ကျွန်ုပ်နှင့် ယ ပုစီတို့မှာမူ မျက်ဖြူဆိုက်ပြီးအမောဆို့မတတ်ဖြစ်၍နေလေပြီ။ ခေတ္တ အမောမဖြေဘဲနှင့် ဆက်၍မပြေးနိုင်ကြတော့။ ဒီအတိုင်းသာဆိုလျှင် ဖြင့် ကျွန်ုပ်တို့သည် ကျည်ဆန်ကုန်သည်အထိ မကုန်နိုင်သော လူပု များ၏အရေခွံနွှာခြင်းကိုတော့ ခံကြရပေတော့မည်။

"ကျန်တဲ့ကျည်ဆန်တွေကိုတော့ အကျိုးရှိအောင်လုပ်မှပဲ"

"ဘယ်လိုလုပ်မလဲ ကိုမိရာ"

"ကျုပ် အခုကြည့်နေတာ သူတို့ရဲ့ခေါင်းဆောင်ကိုပဲ၊ ကိုအောင် ဒင် ဟိုမှာကြည့်စမ်း၊ လူပုတွေထဲမှာ ထိပ်ပြောင်နေတဲ့လူကြီးတစ် ယောက် တွေ့လား၊ ဒီလူဟာ သူတို့ရဲ့ခေါင်းဆောင်ပဲ၊ ကျန်သူတွေက သူ အမိန့်ပေးတဲ့အတိုင်း လျှောက်လုပ်နေကြတယ်"

ကိုမိရာက ဂာစ်နေရာသို့လက်ညှိုးထိုးပြီးပြောလိုက်သည်။ ထိုလူ ကြီးမှာ အခြားလူပုများထက် အရပ်အနည်းငယ်ပိုရှည်သယောင်ရှိပြီး ဝလည်းဝလေ၏။ အရှေ့ပိုင်းတစ်ခြမ်းလုံး ပြောင်နေသောသူဖြစ်၏





ယ်ထိပ်မှာ နေရောင်အောက်၌ တလက်လက်နှင့်ဖြစ်၍နေသည်။

"ဒီကောင်က လူပုထဲမှာ ထိပ်ပြောင်နေတယ်ဆိုတော့ ပညာရှိ ဖြစ်နေတာနဲ့တူပါရဲ့"

ကျွန်ုပ်၏စကားကြောင့် အားလုံး ရယ်ဖြစ်ကြလေ၏။

"ကဲဗျာ ထိပ်ပြောင်လူပုကို ကျည်ဆန်ဆုလေး ပေးလိုက်မယ်"

ထိုသို့ပြောပြီးနောက် ကိုမိရာသည် သူ၏လက်ကို ကိုးဆယ် ဒီဂရီ ဆန့်တန်းလိုက်၏။ လေတဟူးဟူးတိုက်ခတ်နေသောကြောင့် သူ၏ဆံပင်နှင့် အဝတ်အစားများ တဖျပ်ဖျပ်လွင့်နေသော်လည်း သူ၏သေနတ်ကိုင်လက်ကတော့ တည်ငြိမ်လွန်းလှပေသည်။ ထို အချိန်၌ မြားသုံးလေးစင်းခန့် ကျွန်ုပ်တို့အနီးအနားသို့ လာစိုက် သော်လည်း ကိုမိရာသည် လုံးဝ လှုပ်ရှားခြင်းမပြုဘဲ လှုပ်ရှားနေ သောပစ်မှတ်ကိုသာ လိုက်လံ ချိန်ရွယ်၍နေသည်။

"ဒိုင်း"

ကျယ်လောင်သောပေါက်ကွဲသံနှင့်အတူ ထိပ်ပြောင်လူပုကြီးမှာ ထိမှန်ခေါက်ကွေးလွင့်ထွက်သွားတော့သည်။ ခေါင်းဆောင်ဖြစ်သူ ဆုံးသွားသောကြောင့် လူပုများ ဘာဆက်လုပ်ရမှန်းမသိဘဲ ယောင်နနဖြစ်ကုန်ကြတော့သည်။

ထိုအချိန်မှာပင် ကြောက်မက်ဖွယ်အော်သံကြီးများကို ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရပြီးနောက် တစ်ကိုယ်လုံးကို အနက်စင်းများ ဆေးခြယ်ထားသော လူရိုင်းအုပ်ကြီးတစ်အုပ် ပေါ်ထွက်လာတော့သည်။

"ဒုက္ခပဲ၊ ဒါ လူသားစားအရိုင်းကောင်တွေ"

လွန်စွာကြမ်းကြုတ်ခက်ထန်သောပုံစံမျိုးရှိသည့် လူသားစားအရိုင်းကောင်ကြီးများသည် ကျွန်ုပ်တို့ထံသို့ ဦးစွာမလာဘဲ ခေါင်း လူပုများဆီသို့သာ အပြေးအလွှား သွားရောက်တိုက်ခိုက်ကြ တော့သည်။ သူတို့မှာ ကမ္ဘာ့ရန်များဖြစ်ကြသော်ကြောင့် ယခုကဲ့သို့ ကျွန်ုပ်တို့အား ခေတ္တလျစ်လျူရှုလိုက်ခြင်းဖြစ်ဟန်တူ၏။ လူနီပုများ နှင့် လူသားစားအရိုင်းကောင်တို့၏ တိုက်ပွဲသည်ကား ကြီး ပြင်းထန်လွန်းလှပေသည်။

နောက်ဆုံးကျတော့ အနီးကပ်တိုက်ခိုက်ရာ၌ သိပ်မကျွမ်း သော လူနီပုများမှာ ကိုယ်လွတ်ထွက်ပြေးကြရလေတော့သည် လူနီပုများ တစ်ယောက်မှမကျန်တော့မှ လူသားစားအရိုင်းကော ကြီးများသည် ကျွန်ုပ်တို့ဘက်သို့ လှည့်လာကြတော့၏။

"ဘယ်... ဘယ်လိုလုပ်မလဲ ကိုမီရာ၊ သေနတ်နဲ့ပစ်မလား"

"ဒီအုပ်စုကြီးကို သေနတ်နဲ့ပစ်လို့လဲ သိပ်ထူးမှာမဟုတ်ဘူး ရေက ဒီလောက်များတာမော်တာနဲ့ထုခွင့်ရရင်တော့တစ်မျိုး

လူရိုင်းကြီးများသည် တုတ်ချွန် လှံချွန်များကိုတဝင့်ဝင့်





ချောက်ချားဖွယ်အသံကြီးများကို အော်ဟစ်၍လာနေသည်မှာ ကြောက်ဖွယ်ကောင်းလွန်းလှပေ၏။ သူတို့မှာ သိပ်ပြီးအမြန်ကြီးတော့ ပြေးလွှားမလာကြ။ ကျွန်ုပ်တို့၏ သေနတ်လက်နက်အစွမ်းကို တွေ့မြင်သွားပုံရသောကြောင့်ထင်၏။ သတိကြီးစွာနှင့် ချဉ်းကပ်လာနေကြ ကျွန်ုပ်သည် လွန်စွာကြမ်းတမ်းသောရုပ်ရည်များနှင့် ရှုပ်ထွေးနေသော ဆံပင်ရှည်ကြီးများကို ဖွာလန်ကြဲချထားသောလူသားစား အရိုင်းကောင်ကြီးများကိုကြည့်ပြီး ကြောက်လန့်စိတ်များနှင့် မေးတဂတ်တက်ရိုက်နေ၏။ လူမှာလည်း တစ်ကိုယ်လုံးတုန်ယင်နေတော့သည်။

"ဒီ... ဒီကောင်ကြီးတွေက ကျုပ် ... ကျုပ်တို့ကို အရှိုတည်း တော့မယ် ထင်... ထင်ပါရဲ့"

"သေတစ်နေ့ မွေးတစ်နေ့ပါပဲဗျာ၊ ကျုပ်တို့လဲ တခြား သတ္တဝါတွေကိုစားခဲ့သလို သူတို့လဲ ကျုပ်တို့ကို ပြန်စားချင်မှာပေါ့၊ ခင်ဗျားကို စားရင်တော့ အရိုးစုးမှာသေချာတယ်ဗျာ"

ကိုမီရာကတော့ ဘာမှမဖြစ်သလိုပုံမျိုးနှင့် ပြောနိုင်ပေ၏။ ကျွန်ုပ်မှာသာ မိမိ၏ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖြတ်တောက် ပြီး မီးကင်ရှေရှက်ရေစားသောက်ကြမည့်အရေးကိုတွေးကာ သွေးပျက် နေတော့သည်။ ယခုအချိန်တွင် ထွက်ပြေး၍လည်း မလွတ်နိုင် တော့။ ကျွန်ုပ်တို့၏ လေးဖက်လေးတန်၌ လူသားစားအရိုင်းကောင်



www.burmeseclassic.com

www.burmeseclassic.com



များမှာ ထူထပ်စွာ ဝိုင်းပတ်ရောက်ရှိ၍နေပေပြီ။

"ဟာ ... ကျွန်တော် ခုမှ သတိရတယ်"

ပါစီပူစီက သူ၏ပေါင်ကို လက်ဝါးနှင့်အုပ်ပြီးပြော၏။

"ဘာများလဲ ပါစီပူစီ"

"ကိုမီရာ နတ်မိမယ်ရုပ်တုကို မြန်မြန်ထုတ်ပြီး မျက်နှာမှာစွပ် လိုက်၊ ဒီကောင်တွေ အဲဒီရုပ်တုကို ကြောက်ကြတယ်"

ကိုမီရာသည် သူ၏ကျောပိုးအိတ်တွင်းမှ နတ်မိမယ်ရုပ်တုကို အမြန်ထုတ်ယူလိုက်သည်။

"ရော့ ကိုအောင်ဒင် ...၊ ခင်ဗျားမျက်နှာမှာ စွပ်လိုက်"

"ကျွန်တော့်မျက်နှာ ..."

"အင်းပါ၊ မြန်မြန်စွပ်လိုက်"

ကျွန်ုပ်လည်း ထပ်စောဒကမတက်ရဲတော့ဘဲ ရုပ်တုကို မျက်နှာ ပေါ် လျှင်မြန်စွာစွပ်လိုက်တော့၏။ ရုပ်တု တည်ဆောက်ထားပုံမှာ မျက်နှာဖုံးအဖြစ်ပါ အသုံးပြု၍ရသောကြောင့် သိပ်ပြီး အခက်အခဲ မရှိလှ။ သားရေကြိုးများကလည်း အသင့်တပ်ထားပြီးဖြစ်လေရာ တစ်ဖက်တစ်ချက်နားရွက်များတွင် ချိတ်လိုက်သည်နှင့် မျက်နှာဖုံး တပ်ပြီးသား ဖြစ်သွားတော့၏။

"ကျွန်တော်နဲ့ ဘုန်းကြီးဆမ်းမား ဒီနယ်မြေကို ဖြတ်ကျော်





တာတာ ဘာအန္တရာယ်မှ မရှိခဲ့ဘူး၊ သူက တစ်ချိန်လုံး ဒီမျက်နှာဖုံးကို တပ်ထားတာလေ"

ကိုမီရာ ခေါင်းညိတ်လိုက်ပြီး ကျွန်ုပ်ကိုကြည့်ကာ ...

"ကောင်းတယ် ကိုအောင်ဒင်၊ ခင်ဗျားလဲ နတ်မင်းကြီးဖြစ်သွား ပြီ ခင်ဗျားကိုတပ်နိုင်းတာက ဘာပဲပြောပြော ဒီကောင်ကြီးတွေ ရုပ်တို့ကို ရန်မူချင်မူပေမယ့် ဒီရုပ်တုကိုတော့ ရန်မူရဲမှာမဟုတ် ဘူးလေ၊ ကဲဗျာ အစွမ်းပြလိုက်ကြရအောင်၊ ကျောက်တုံးပေါ် ခုန် တက်ပြီး အသံကုန်အော်လိုက်ဗျာ၊ မြင်ရော မြင်ရဲ့လား"

"မြင်ပါတယ်ဗျ၊ ဒီမျက်နှာဖုံးမှာတပ်ထားတဲ့ ကျောက်က အတော်ထူးဆန်းတာပဲ၊ အားလုံးကို ထွင်းဖောက်မြင်နေတယ်ဗျ"

ကျွန်ုပ်သည် ခါးစောင်းခန့်ရှိသော ကျောက်တုံးကြီးတစ်ခု ပေါ်သို့ ခုန်တက်လိုက်ပြီး "ဟေး"ဟု အသံကုန် ဟစ်၍အော်လိုက် သောတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## နတ်ဘုရားမ၏ သားတော်

မယုံကြည်ဖွယ်ရာပင် ကောင်းလွန်းပေစွ။ ကျွန်ုပ်ကိုမြင်လိုက်သည်နှင့် လူသားစားအရိုင်းကောင်ကြီးအများအပြားမှာ ကိုင်ဆောင်ထားသည့် လက်နက်များကိုလွှတ်ချ၍ ပြားပြားဝပ် ဒူးထောက်ကုန်ကြ၏။ အချို့ ယော်ရွယ်သူများသာ လူကြီးများကို နားမလည်သလိုကြည့်ပြီး ကြောင်တက်တက်နှင့် ရယ်နေလေ၏။

“အောင်ပြီဗျ ကိုအောင်ဒင်ရေ၊ ပန်နီဆာနတ်ဘုရားမက ကူညီဗျ။ ကျွန်တော် ဒီကောင်တွေရဲ့ဘာသာစကားကို တတ်တယ်၊ ကြည့်ရှိုးလိုက်မယ်၊ အရိပ်အခြည်ကြည့်ပြီးသာ သရုပ်ဆောင်ပေတော့”





ပါစီပူစီက ထိုသို့ပြောဆိုပြီးနောက် အပြင်ဘက်သို့ထွက်လိုက်၏။ နီညိုရောင် သင်တိုင်းဝတ်ရုံ၊ သံပရာသီးဦးထုပ်တို့နှင့် မြင့်မားထွားကျိုင်းသော ပါစီပူစီ၏သဏ္ဌာန်မှာလည်း လူရိုန်လောက်ပေ၏။

“ဟော့... ရယ်နေတဲ့လူမိုက်တွေ ပန်နီဆာနတ်ဘုရားကြီးကို မခန့်လေးစားလုပ်နေကြရော့သလား၊ သင်တို့ကို နတ်ဘုရားရဲ့ သေမင်းတမန်လက်နဲ့ ဆုံးမလိုက်ရမလား”

ကျွန်ုပ်၏ ဝင်ချက်စတာရိုင်ဖယ်ကိုကိုင်မြှောက်ပြပြီး ခပ်ထန်ထန်ပြောလိုက်သည့် ပါစီပူစီကိုကြည့်ကာ ဝပ်နေသည့် လူသားစားကောင်ကြီးများ ထိတ်လန့်တုန်လှုပ်သွားပြီး ရယ်နေသောလူငယ်များကို လက်ဆွဲဒူးထောက်စိုင်းကုန်တော့၏။ ကျွန်ုပ်တို့မှာ သူတို့ဘာသာစကားကို နားမလည်သောကြောင့် ပါစီပူစီ ဘာပြောလိုက်သောကြောင့် ထိုကဲ့သို့ ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်ကို နားမလည်ပါ။ နောင်မှသာ ပါစီပူစီက ထိုအကြောင်းများကို ပြန်ပြောသောကြောင့် ရယ်မောကြရလေ၏။ ပါစီပူစီနှင့် လူသားစားကောင်များ အချီအချပြောကြသည်မှာ အောက်ပါအတိုင်းပင်တည်း။

“နတ်မင်းကြီးရဲ့ ကြင်ရာတော်နတ်သမီးဟာ နတ်မင်းကြီးကို စိတ်ပြေပြီး ပြန်လာပေပြီ၊ သင်တို့ ကံကောင်းကြတော့အုံ၊ ယနေ့ နတ်သမီးဝိဉာဉ်နှင့်အတူ နတ်မင်းကြီးရဲ့သားတော် မင်းသားလေးပါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါထည်း ပါလာခဲ့သည်၊ ရှုကြပေါ့”

ပါစီပူစီက ကိုမီရာအား ညွှန်ပြပြီးပြောလိုက်ရာ လူသားစားကောင်များ ဟာခနဲဖြစ်ကုန်၏။

“ဤ တင့်တယ်သောအဆင်းရှိသည့် သူငယ်သည်ကား နတ်မင်းကြီး၏သားတော် မီရာပင်တည်း၊ အရိုအသေ ပြုကြလော့”

မြေကြီးကို နဖူးနှင့်တိုက်ပြီး အရိုအသေပြုကြကုန်၏။ အမှန်တော့ ပါစီပူစီက အားလုံး အန္တရာယ်ကင်းအောင် လုပ်ဇာတ်ဆင်လိုက်ခြင်းသာဖြစ်ပေ၏။

“ငါသည်ကား နတ်မင်းကြီး၏ မျက်နှာသာပေးခြင်းခံရသော နတ်ဆရာ ပါစီပူစီပင်တည်း။ နတ်မိမယ်ရုပ်တုကို ငါကိုယ်တိုင် ပြန်လည်ပို့ဆောင်ပေးပါလျက် မခန့်လေးစားလုပ်ဝံ့ကြသလား၊ သင်တို့၏ အုအသည်းများကို နတ်ယူစားသောက် ခံရချိန်ကျမှ နောင်တမရကြနှင့်”

အာမေဍိတ်အသံများက ပေါ်လာပြန်၏။ သို့သော် သူတို့အထဲတွင် လူငယ်လူရွယ်အများအပြားမှာ ပါစီပူစီ၏စကားကို ယုံကြည်မှုမရှိကြောင်း သူတို့၏အမူအရာများကိုကြည့်ပြီး ခန့်မှန်း၍ရနိုင်၏။ လူကြီးများက ကြောက်၍ တုန်လှုပ်နေသောကြောင့်သာ သူတို့လည်း ဘုမသိဘမသိနှင့် ငြိမ်နေကြခြင်းသာ ဖြစ်လေ၏။ ထိုအကြောင်းကို





ပမာမခန့်ပုံဟန်မျိုးနှင့် မေးလိုက်သည့် လူငယ်တစ်ယောက်၏စကားသံက ပေါ်လွင်လာစေ၏။

“အို ... လူမည်းကြီး၊ သင်တို့ရဲ့နတ်မိမယ်ရုပ်တုဟာ အစစ်အမှန်ဖြစ်ကြောင်း ဘယ်ကဲ့သို့ သက်သေခံနိုင်မည်နည်း”

“မိုက်လိုက်တဲ့လူမိုက်၊ အစစ်အမှန် ဟုတ်၊ မဟုတ်ကို သင်၏လူကြီးများက သက်သေခံပြီး သင့်အား ရိုက်နှက်ဆုံးမ ပြောပြလိမ့်မယ်၊ ဟိုအရှေ့မှာရှိနေတဲ့ အဘိုးကြီးတွေ ဒီရုပ်တုကို လာကြည့်လှည့်ခမ်းပါ”

ဆံပင်ဖြူဖွေးနေပြီဖြစ်သည့် အဘိုးကြီးသုံးယောက် အနီးသို့ ခရုတရဲနှင့် လျှောက်လာကြ၏။ ကျွန်ုပ်မှာ မျက်နှာဖုံးစွပ်ထား၍သာ တော်တော့သည်။ မျက်နှာဖုံးစွပ်အောက်မှ ကျွန်ုပ်၏မျက်နှာမှာ သွေးမရှိသလို ဖြူရော်နေမှာ သေချာ၏။ အနီးသို့ ကပ်လာသော ထိုလူကြီးများမှာ အနံ့အသက် လွန်စွာဆိုးပြီး စက်ဆုပ်ရွံရှာဖွယ်ကောင်းလှ၏လှပေစွ။

“ဘယ်လိုလဲ၊ အတုလား၊ အစစ်လား မှန်တဲ့အတိုင်း ပြောစမ်း”

“အစစ် ... အစစ်ပါ၊ ဒီရုပ်တုကို ကျွန်ုပ်တို့ အနီးကပ်မြင်ဖူးခဲ့ပါတယ်၊ အရင်က လူဖြူကြီးတစ်ယောက်ရဲ့ခေါင်းပေါ်မှာ စံမြန်းပြီး ကျွန်ုပ်တို့နယ်မြေမှ ဖြတ်သန်းသွားသည်ကို အမှတ်ရနေဆဲပါ”



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ် အဘိုးကြီး ထိုစဉ်က နတ်မိမယ်ဟာ သူ့ကြင်ရာတော် နတ်မှင်းကြီးကို စိတ်ဆိုးပြီး ထွက်သွားခဲ့တာပါ၊ သွားစဉ်က လူဖြူ ဝိညာဉ်ကို ပူးကပ်ပြီးသွားသလို ခု ပြန်လာချိန်မှာ နလုံးသားလှတဲ့ လူညိုရဲ့ ဝိညာဉ်ကိုစီးနင်းပြီး ပြန်ရောက်လာခဲ့ခြင်းဖြစ်တယ်၊ သင်တို့ ရဲ့ မလိမ်မိုးမလိမ္မာလူမိုက်များ နားလည်အောင် ရှင်းပြကြလော့"

သို့သော်လည်း အဘိုးကြီးများမှာ နောက်ပါအရိုင်းကောင်များ ကို သိပ်မာမာတင်းတင်း ပြောရဲဟန်မတူကြောင့် သူတို့၏ အမူအရာ များကို ကြည့်၍သိသာနိုင်၏။ အလွန်ထွားကျိုင်းသန်မာသော လူငယ်အရိုင်းကောင်တစ်ကောင်က ဤကဲ့သို့ ပြောပြန်၏။

"သင်တို့ဟာ နတ်ဘုရားရဲ့လူတွေလဲ ဆိုသေးရဲ့ ခေါင်းနီလူပု တွေ လိုက်တော့လည်း ပြေးတာ တန်းနေတာပါပဲလား"

သူ့စကားအဆုံး၌ အုတ်အုတ်ကျက်ကျက်ရယ်သံတချို့ ပေါ် ထွက်လာ၏။ ပါစီပူစီက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး ခေါင်းကို ခါရမ်းပြ လိုက်၏။

"ကျွန်ုပ်တို့က ဒီအရိုင်းအစိုင်းကောင်တွေကို သင်တို့နယ်မြေထဲ ရောက်အောင် မြားခေါ်လာတာကွ၊ သူတို့ဟာ သင်တို့ရဲ့ရန်သူများ မဟုတ်လော၊ ကျွန်ုပ်တို့ရဲ့ကျေးဇူးကြောင့် ရန်သူ အများအပြားတို့ သင်တို့ ချေမှုန်းနိုင်ခဲ့ပြီမဟုတ်လား။ ကျွန်ုပ်တို့ကသာ လူနီပုအားလုံး





ကို အလွယ်တကူသတ်လိုက်ရင် သင်တို့ စားသောက်ဖို့အတွက် တောင် အခက်တွေ့သွားနိုင်တယ်"

ထိုလူငယ်များမှာ သည်မျှလောက်နှင့် ကျေနပ်ကြသည်မဟုတ်။ ကိုမီရာက ဖြစ်ပျက်နေပုံတို့ကို ပါစီပူစီအား မေးမြန်းမှ အကြောင်းစုံ သိရတော့သည်။

"သင်ပြောတဲ့စကားတွေကို ကျွန်ုပ်တို့ မယုံကြည်ဘူး။ ဒီတော့ နတ်ဘုရားကြီးရဲ့သားတော်ကို ကျုပ်တို့အရင်စားမယ်၊ ပြီးရင် သင့် ကို အစာပိတ်စားမယ်"

"ဒုက္ခပဲ ကိုမီရာရေ၊ ဒီကောင်တွေက ကျုပ်ပြောတာတွေကို မယုံဘူးဗျ၊ အခု ကျုပ်တို့ကို စားကြတော့မယ်တဲ့၊ ဘယ်လိုလုပ် မလဲ"

"ကဲ ... ဒီလိုဆိုရင်တော့ ပါစီပူစီရေ ကျုပ်ကိုစားချင်တဲ့သူဟာ ကျုပ်ကို သတ်ပုတ်နိုင်မှ စားလို့ရမယ်လို့ ပြောလိုက်ဗျာ"

ပါစီပူစီက ခေါင်းညိတ်လိုက်ပြီး ကျွန်ုပ်တို့အား စားမည်ဆိုသည့် အရိုင်းကောင်ကို စေ့စေ့ကြည့်လိုက်၏။

"သင်တို့က နတ်ဘုရားကြီးရဲ့သားတော်ကို စားချင်တယ် ဆိုရင် တော့ သူ့ကိုအနိုင်တိုက်နိုင်ရင် စားခွင့်ရှိတယ်လို့ မိန့်တော်မူလိုက် တယ်၊ ကဲ သူ့ကို ဘယ်သူစားမှာလဲ၊ ထွက်ခဲ့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



သန်မာထွားကျိုင်းသည့်လူငယ်သုံးဦး ထလာကြ၏။ ကျွန်ုပ်တို့အနီးရှိ လူရိုင်းကြီးတစ်ဦးက စိတ်မသက်မသာနှင့်ကြည့်လိုက်ပြီး ...

"ခေတ်လူငယ်များ အတော်အစားကြူးတာပဲ၊ စားသင့်တာ မစားသင့်တာမတွေးဘဲ စားမယ်ဆိုတာကြီးပဲ၊ ဒုက္ခတော့ရောက်ကုန်တော့မှာပဲ"

ဟု ညည်းတွားပြောဆိုလေ၏။ ကိုမိရာက ထလိုက်သည်။

"ကိုမိရာ ဘယ်လိုလုပ်မလဲ၊ ဒီကောင်တွေကို သေနတ်စာကျွေးလိုက်ရင် ကောင်းမလား"

ကျွန်ုပ်က တိုးတိုးပြောလိုက်ရာ ကိုမိရာက ခေါင်းကိုခါရမ်းလိုက်၏။

"မပူပါနဲ့ ကိုအောင်ဒင်ရာ၊ ဒီကောင်တွေကို သေနတ်စာကျွေးလိုက်ရင် ကျန်တဲ့ လူအများကြီးက လာဝင်လုံးလို့ ဟုတ်ပေ့ဖြစ်နေမှာ၊ အစုနည်းက ပိုကောင်းတယ်ဗျ၊ ဒီလောက်စားချင်နေတဲ့ပါးစပ်ပေါက်တွေကို ပိတ်ပေးလိုက်မယ်"

ကိုမိရာက ယုံကြည်ချက်အပြည့်နှင့်ပြောလိုက်ပြီး ကျောပိုးအိတ်များကို ချွတ်ချလိုက်၏။ ထို့နောက် သတ်ပုတ်ရန်အတွက် ချပေးထားကြသည့်မြေကွက်လပ်ရှိရာသို့ တည်ငြိမ်သောခြေလှမ်းများနှင့် လှမ်းသွားလေတော့သည်။





"ကိုမိရာရေ ... ခင်ဗျားပြီးရင် ကျွန်တော့်ကို စားမှာတဲ့ဗျ"

"ခင်ဗျားပုံကြီးကလဲ သွားရည်ယိုစရာကြီးဖြစ်နေတာကိုးဗျ၊ အသားများတော့ စားချင် ဝါးချင်ကြမှာပေါ့"

ကိုမိရာသည်ကား လွန်စွာ အံ့ဩဖွယ်ကောင်းလွန်းလောက်အောင်ပင် တည်ငြိမ်လွန်းလှပေ၏။ ယခုလို သေရေးရှင်ရေး ဖြစ်နေချိန်မှာပင် ပါစီပူစီကို နောက်တောက်တောက် ပြောနေနိုင်သေး၏။

"ကဲ မင်းသားလေး ကျွန်ုပ်သုံးယောက်ထဲက ဘယ်သူ့ကို သင့်အသားကျွေးမှာလဲ ရွေးချယ်ပါ"

အရပ်အမြင့်ဆုံးနှင့် အထောင်မောင်းဆုံး လူရိုင်းက ခနဲ့တဲ့တဲ့နှင့်ဆို၏။ ပါစီပူစီက ထိုလူရိုင်း၏စကားကို ဘာသာပြန်ပြလေရာ ကိုမိရာမှ သုံးယောက်စလုံးကိုရွေးချယ်ကြောင်း၊ သူ့ကို တစ်ပြိုင်နက်တည်းတိုက်ခိုက်နိုင်ကြောင်းတို့ကို ပြန်ပြောလေ၏။ ထိုအခါ လူသားစားလူရွယ်သုံးဦးစလုံး လှံချွန်များကိုကိုင်၍ ထွက်လာကြတော့သည်။ ကျွန်ုပ်မှာ ကိုမိရာ၏အစွမ်းအစကို ယုံကြည်သော်လည်း လွန်စွာ စိုးရိမ်ပူပန်နေမိ၏။ မကြာမီမှာပင် သတ်ပုတ်ပွဲကြီး စတင်လေတော့သည်။

"ယား"

လူရိုင်းသုံးဦးစလုံး၏ လှံသွားချွန်များက ကိုမိရာထံသို့ တစ်ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



နက်တည်း ခြေးဝင်လာသည်။ ကိုမိရာက လျှင်မြန်စွာလှဲချလိုက်ပြီး ခန္ဓာကိုယ်ကို စက်ဝိုင်းသဏ္ဌာန် လှည့်၍ပတ်ကန်လိုက်ရာ လူရိုင်းကြီးသုံးဦးစလုံး တဗိုင်းဗိုင်းနှင့် ပစ်လဲကုန်တော့၏။ လူရိုင်းများမှာ ဒေါသတကြီးနှင့်လူးလဲထပြီး သံချွန်များနှင့် တစ်ဖန်ပြန်ထိုးကြပြန်၏။ လှံချက်များ သူ့ဆီရောက် မလာမီမှာပင် ကိုမိရာက အပြင်ဘက်သို့ လွှားခနဲခုန်ထွက်လိုက်လေသည်။ မြေကြီးပေါ် မတ်တတ်ရပ်လျက်သားကျသွားသည်နှင့်တစ်ပြိုင်နက်တည်းမှာပင် ကိုမိရာ၏ခန္ဓာကိုယ်က တစ်ပတ်လည်လာပြီး သူ၏လက်ဝဲဘက်ရှိ လူရိုင်း၏ နံကြားကို ပြင်းထန်အားပါစွာနှင့် ပတ်ကန်ထည့်လိုက်၏။ ထို ခြေထောက်မှာ စပရိန်ကဲ့သို့ ပြန်လည်တွန်းကန်ထွက်လာပြီး ခြေဖမိုး စောင်းက လက်ယာဘက်ရှိလူရိုင်း၏မေးဖျားသို့ အရှိန်ပြင်းစွာနှင့် ဝင်သွားပြန်သည်။ ထို့နောက် တစ်ဆက်တည်းပင် အရှေ့တည့် တည့်ရှိလူရိုင်း၏မျက်ခွက်ကို ခုန်ကန်ထည့်လိုက်ရာ အားလုံး အရုပ်ကြိုးပြတ် လဲကုန်တော့သည်။

ဤတိုက်ကွက်ကို သရုပ်ပေါ်အောင်ရေးပြရသည်မှာ ရှည်လျား ပေများလွန်းလှပေသည်။ အမှန်တော့ ထိုအဖြစ်အပျက်များမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာလျှင် ကြာမြင့်၏။ စက္ကန့်ပိုင်း တစ်ကြိမ်တည်း လှုပ်ရှားလိုက်ရုံနှင့်ပင် လူရိုင်းများမှာ နာကျင်လူး





စွာနှင့်မြေမှာလိမ့်ပြီး အဘားဘားနှင့် အော်နေကြရပေပြီ။ တစ်ယောက်က နံကြားကိုနှိပ်ပြီး နောက်တစ်ယောက်က မေးရိုးကိုမိပြီး နောက်ဆုံးတစ်ယောက်က မျက်ခွက်ကြီးကိုအုပ်ပြီး အော်နေကြသည်မှာ သနားစဖွယ်ပင် ကောင်းနေတော့သည်။

"နတ်ဘုရားရဲ့သားတော်၊ သူဟာ လူမဟုတ်ဘူး၊ နတ်ဘုရားရဲ့သားတော်ပဲ"

လူသားစားအဘိုးကြီးတစ်ဦးက ဦးစွ အော်ဟစ်လိုက်သည်နှင့် နတ်ဘုရားရဲ့သားတော် ဟူသည့်အသံများက အုတ်အုတ်ကျက်ကျက်ဆူညံသွားတော့သည်။ ကျွန်ုပ်နှင့်ပါစီပူစီတို့ကလည်း ထိုကဲ့သို့ပင် လက်သီးလက်မောင်းတန်းပြီး အော်ဟစ်ကြလေ၏။ သို့သော် မျက်နှာဖုံးစွပ်ထားသောကြောင့် ကျွန်ုပ်၏အထဲမှာ ရှင်းရှင်းလင်းလင်းမမြင်ဘဲ ပူပူဝါးဝါးနှင့်သာ ပေါ်ထွက်နေရလေ၏။ ထိုအချိန်မှာပင် မြင်ကွင်းတစ်ခုကြောင့် ကျွန်ုပ်သည် မျက်လုံးပြူးသွားရ၏။

"ကိုမိရာ ..."

ကိုမိရာနှင့် တိုက်ခိုက်ခဲ့သည့် လူရိုင်းသုံးဦးထဲမှ တစ်ဦးက ကိုမိရာ၏နောက်ကျောကို လှံနှင့်အလစ်အငိုက်ထိုးလိုက်သည်ကို မြင်လိုက်ရသောကြောင့် ကျွန်ုပ်မှာ စိုးရိမ်တကြီးနှင့်အော် လိုက်မိသည်။ နောက်ကျောတွင် မျက်စိပါနေရော့သလားဟုပင် ထင်မှတ်ရ

www.burmeseclassic.com



လောက်အောင် ကိုဓိရာသည် ကိုယ်ကို အသာလေးတိမ်းရှောင်လိုက်သောကြောင့် လှံသွားမှာ သူနှင့် ပွတ်ကာသီကာလေး လွတ်ထွက်သွား၏။ ထိုသည်နှင့်တစ်ဆက်တည်း အရှိန်လွန်၍ရောက်လာသော လူရိုင်းကြီး၏မျက်နှာကို လက်ပြန်ရိုက်ထည့်လိုက်ရာ ပြင်းထန်အားပါလွန်းသောကြောင့် ဖြောင်းခနဲအသံကြီးမှာ ကျန်သည့်အသံဗလံအားလုံးကို ဖုံးလွှမ်းသွားတော့သည်။

ရိုက်ပြီးသည်နှင့် ကိုဓိရာသည် လျှင်မြန်စွာလှည့်လိုက်ပြီး နောက်သို့လဲပြိုသွားသည် လူရိုင်းကြီး၏လက်ကို လျှင်မြန်စွာ ပြန်ဆွဲထားလိုက်၏။ လူရိုင်းကြီးမှာ သူ့ကို ကိုဓိရာက လဲမသွားအောင်ဘာကြောင့်ဆွဲထားသည်ကို နားလည်ရခက် သည့်မျက်လုံးနှင့်ကြည့်ပြီးမှ အောက်ဘက်သို့ ငုံ့ကြည့်လိုက် လေရာ ယခင်လဲနေသူလူရိုင်းကိုင်ထားသည့်လှံသွားမှာ သူ၏ ကျောကုန်းနှင့်ထိုက်ဝင်လုဆဲ ကပ်နေသည်ကို တွေ့လိုက်ရတော့သည်။ အကယ်၍ ကိုဓိရာသာ သူ့ကို မဆွဲလိုက်ပါက ထိုလှံသွားမှာ သူ၏ကျောပြင်ကို ထွင်းဖောက်သွားချေမှာ သေချာ၏။

ထိုသည်ကိုတွေ့လိုက်မှ လူရိုင်းကြီးသည် သူ၏လှံကို ပစ်ချလိုက်ပြီး မြေပေါ်ဒူးထောက်ကာ ကိုဓိရာ့ခြေထောက်များကို အကြိမ်





ကြိမ် နမ်းရှုပ်ဦးခိုက်လေတော့သည်။ နှုတ်မှလည်း သူတို့၏ဘာသာစကားနှင့် တတွတ်တွတ် ရွတ်ဆိုနေလေ၏။

"အရိုင်းအစိုင်းကောင့်ကတော့ အမြင်မှန်ရပြီး ခွင့်လွှတ်ဖို့အကြောင်း တတွတ်တွတ်တောင်းပန်နေလေရဲ့၊ ဒီကောင်က လူကြီးတွေအပေါ်မှာရော လူငယ်တွေအပေါ်မှာပါ ဩဇာရှိဟန်တူလေရဲ့၊ ကျန်တဲ့ကောင်တွေပါ လိုက်လုပ်နေကြပြီ အောင်ဒင်ရေ"

ပါစီပုစီက ထိုသို့ဆိုပြီး တသောသောရယ်မောလေ၏။ နောက်သိရသည်မှာ ထိုလူသားစားအရိုင်းအစိုင်းကောင် ဘိုနိုမှာ ပါစီပုစီတွေ့ထင်သလိုပင် မည်သူ့ကိုမှဗိုလ်မထားသည့်သူ ဖြစ်ကြောင်း၊ ဆက်ရုံးချင်းယှဉ်ကလည်း သူ့ကိုနိုင်သူမရှိသောကြောင့် သွေးဆောင်ရောက်နေသူဖြစ်ကြောင်း၊ ခွန်အားချည့်နဲ့နေပြီဖြစ်သောအရိုင်းအိုကြီးများနှင့် နောက်ပေါက်အရိုင်းငယ်များကြားတွင် ဘယ်သူ့ဆရာမတင်ဘဲ သူ့ကိုယ်သူ ဆရာတင်ကျွေးခဲ့သူဖြစ်ကြောင်း သည်တို့ပင်တည်း။

"ကိုဓိရာရေ အရိုင်းကောင် ဘိုနိုကတော့ ခင်ဗျားကို အလွန်လေးစားကြောင်းနဲ့ ခင်ဗျားအတွက်ဆို သူ့အသက်ကိုပါ အချိန်မရွေး စွန့်လွှတ်ပေးမယ့်အကြောင်းတွေကို ကျိန်ဆိုနေတယ်ဗျ။ အမိုက်အမဲ တွေကို ခွင့်လွှတ်လိုက်ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခွင့်လွှတ်ပြီးသားပါ ပါစီပူစီရယ်၊ ခုအနေအထားအရ တော့ ဒီလူသားစားအရိုင်းကောင်တွေရဲ့ နယ်မြေကိုတော့ အေးအေး ချမ်းချမ်း ဖြတ်နိုင်ပြီလို့ထင်တာပဲ"

"သေချာတာပေါ့ဗျာ၊ ဒီလိုဖြတ်နိုင်ရုံတင်ဘယ်ကမလဲ သူတို့ရဲ့ အကျွေးအမွေးတွေနဲ့ပါ ညှော်ခံဦးမတဲ့"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်တယ်လေ၊ ခေါင်းနီလူပုတွေထဲက အဆူဖြိုးဆုံး သုံး ကောင်ကို ကျွန်တော်တို့စားဖို့ ပေးမယ်လို့ ပြောနေကြတယ်"

"ထွီ ... အော်ဂလီဆန်လိုက်တာဗျာ"

ထိုသို့ဆိုပြီးနောက်ပိုင်း ကိုမီရာသည် သဘောကျစွာနှင့် ရယ် မောလေ၏။ ပါစီပူစီပြောသည်မှာ အမှန်ပင်ဖြစ်၏။ မကြာမီမှာပင် လူရိုင်းတစ်စုသည် သေဆုံးနေပြီဖြစ်သော လူပုသုံးကောင်ကို ထမ်း ၍ ရောက်လာတော့သည်။

"ဒီကောင်တွေက အကြီးဆုံးကောင်တွေပဲ၊ အရှင်တို့ သုံးဆောင် ပါ"

ကျွန်ုပ်မှာ အသုဘာလူပုကောင်များကိုကြည့်၍ မအော့အန် အောင် မနည်းထိန်းထားရ၏။

"ပါစီပူစီ ပြောလိုက်စမ်းပါ၊ ကျုပ်တို့ဟာ ညစ်ညမ်းတဲ့လူသား





ဘယ်တော့မှမစားဘူးလို့၊ သင်တို့လဲ ကျွန်ုပ်တို့ရှေ့မှာ လူသားမစား ရဘူးလို့ မိန့်မှာတဲ့အကြောင်း ပြောစမ်းဗျာ"

ပါစီပူစီက ကိုမီရာ ပြောသည့်အတိုင်း ပြန်ပြောလေသော ကြောင့် လူရိုင်းများလည်း ကြောက်ရွံ့ရှိသေစွာနှင့်ပင် လူပုကောင် အလောင်းများကို ပြန်သယ်သွားကြတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အာဖရိကဆင်ရိုင်းကြီး

အမှန်တကယ်တော့ လူသားစားအရိုင်းကောင်များမှာ ရှုံ့ရှာ စက်ဆုပ်ဖွယ်လူသားကို စားနေကြသည်မှလွဲ၍ ဉာဏ်ရည်သိပ်နိမ့်ကျသည့်သူများ မဟုတ်ကြပါ။ ကောင်းခြင်း၊ ဆိုးခြင်းတို့ကို ခွဲခြားခွဲခြားနေသည့် အသိဉာဏ်များ သူတို့ထံ၌ ရှိနေကြ၏။ ကျွန်ုပ်တို့သည် ထိုနယ်မြေမှနေ၍ ခက်ခဲကြမ်းတမ်းသောမြစ်ကြောင်းခရီးကို စုန်တက်ရမည်ဖြစ်လေရာ ထိုနယ်မြေမှာပင် ခေတ္တနေပြီး အနားရအားမွေးကြရန် ဆုံးဖြတ်ဖြစ်ကြလေတော့သည်။

ကျွန်ုပ်တို့မသွားမီ တစ္ဆေနယ်မြေသို့ နတ်မိဖုရား ပြန်လည်ရောက်မည့်အကြောင်း သတင်းပို့ပေးရန် လူသားစားအရိုင်းများကို အကူအညီတောင်းရာ သူတို့ကလည်း မဆိုင်းမတွပင် ကူညီကြ၏





ချက်ချင်းပင် ခြေပေါ့လက်ပေါ့ရှိပြီး စကားပြော သွက်လက်ချက်ချာသည့် လူသုံးဦးကို လှေယာဉ်တစ်စီးနှင့် ဦးစွာသွားခိုင်းကြလေ၏။ ထိုသူနှစ်ဦးကို ပါစီပူစီက အောက်ပါစကားများနှင့် သေချာစွာ မှာကြားလေတော့သည်။ 

"သင်တို့ပြောရမှာက နတ်မိဖုရားက ရေနတ်ဘုရားကြီးဆီကို ပြန်လာနေပြီ၊ အခု သင်တို့နယ်မြေမှာ ခေတ္တ အနားယူနေတယ်၊ နတ်မိမယ်နဲ့အတူ ပုရောဟိတ်ဆရာတစ်ဦး၊ နတ်မိမယ်ကို မျက်နှာဆေးတင် ပင့်ဆောင်နိုင်တဲ့ ဝိညာဉ်လှသူတစ်ဦး၊ နတ်မိဖုရားက သားတော်အဖြစ်သတ်မှတ်ထားတဲ့ မင်းသားလေးတစ်ဦး ပါလာမယ်ဆိုတဲ့အကြောင်းကို ပြေလည်စွာ ပြောဆိုကြလော့၊ ဒီအတွက် ကြီးကျယ်တဲ့အခမ်းအနားနဲ့ကြိုဆိုဖို့၊ နောက်ပြီး နတ်မိဖုရားကို ကျေးဇူးသိစွာနဲ့ပင့်ဆောင်လာတဲ့ သူတွေကို ကျေးဇူးတုံ့ပြန်ဖို့ အကောင်းဆုံး ရွှေငွေရတနာများကို ထုပ်ပိုးထားဖို့ပါ ပြော၊ ဟုတ်ပြီလား"

ကျွန်ုပ်နှင့် ကိုမီရာတို့က ကျွန်ုပ်တို့အတွက် ရွှေငွေရတနာများ ဆိုကြောင်း ပြောရာ ပါစီပူစီက ...

"အို... ဘာလို့မလိုရမှာလဲ ဆရာတို့ရယ်၊ ဒီခရီးနဲ့ဒီခရီး အသက်စွန့်ပြီးလာခဲ့ကြတာ၊ အကျိုးအမြတ်လေးတော့ ရသင့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။ ပါစီပူစီ မှာကြားပြီးဆုံးသည်နှင့် အရိုင်းလူငယ် သုံးဦးမှာ လမ်းတွင် စားသောက်ရန်အတွက် ရိက္ခာပစ္စည်းများကို ဆောင်ကာ လျင်မြန်စွာ ထွက်ခွာသွားကြလေတော့သည်။

လူသားစားအရိုင်းများမှာ ကျွန်ုပ်တို့အား လွန်စွာလေး ကြောက်ရွံ့ကြသောကြောင့်သာ ကျွန်ုပ်တို့ ခိုင်းသမျှကို မညည်းမ လုပ်ပေးခြင်းဖြစ်လေ၏။ အမှန်တော့ တစ္ဆေနယ်မြေ ဆိုသည်မှာ သူတို့အတွက် လွန်စွာ ကြောက်မက်ဖွယ်ကောင်းသောနယ်မြေ မဟုတ်ပါလား။ ပါစီပူစီက နတ်မိဖုရား၏ကောင်းသတင်းကို သယ် ဆောင်သွားသူများမှာ ကောင်းခြင်းတွေကိုသာ စံစားကြရမည် ဆိုသောကြောင့် သူတို့ ယုံကြည်စွာထွက်ခွာသွားခြင်းဖြစ်လေသည်။

ထိုသူများကို လွှတ်လိုက်ပြီးနောက် ကျွန်ုပ်တို့သည် လူသား အရိုင်းရွာနှင့် မနီးမဝေးတစ်နေရာတွင် ရွက်ဖျင်တဲထိုးကြရာ ဘိုနီ အရိုင်းလူငယ်တစ်စုက အားတက်သရော ဝိုင်းဝန်းကူညီကြလေ၏။

ဘိုနီ ဆိုသည့်သူငယ်မှာ ရန်သူများအဖြစ်နှင့် သတ်ပုတ်ခဲ့ လွန်စွာကြမ်းတမ်းခက်ထန်လှသော်လည်း နောက်ပိုင်း၌မူ ထ နေ စေရာသွား လက်ကတုံးတောင်ဝှေးသဖွယ် ဖြစ်၍လာ သည်။ ထိုသူငယ်မှာ လူငယ်များအထဲတွင် ဩဇာရှိသူလည်းဖြစ် ရာ ကျွန်ုပ်တို့မှာ များစွာအားကိုးရကြ၏။ ကျွန်ုပ်တို့က လူသား





ရဟုဆိုသောကြောင့် ကျွန်ုပ်တို့ စားသောက်ရန်အတွက် တောတွင်း သစ်သီးဝလံများကို ပို့ဆောင်ပေးကြရာ စားမကုန်နိုင်လောက် အောင်ပင် များပြားလွန်းလှ၏။

ကိုမီရာက လူသားစားသည်ဆိုသည်မှာ အလွန်ရိုင်းစိုင်းယုတ် ညံ့သည့်ဓလေ့စရိုက်ဖြစ်ပြီး ကမ္ဘာပေါ်တွင် ပပျောက်နေပြီဖြစ် ကြောင်းနှင့် လူသားအစား အသီးအနှံများ၊ တောတွင်းသတ္တဝါများ ကိုသာစားသုံးသင့်ကြောင်း ပြောဆိုဆုံးမလေရာ ဘိုနီနှင့် လူငယ် အများစုက လက်ခံကြလေ၏။ သူတို့ယူလာသည့်အသီးအနှံများကို ကျွန်ုပ်တို့စားကြပြီး သူတို့အားလည်း "ဒါတွေက လူသားထက် ပိုကောင်းတယ်၊ စားကြ"ဟု ပြောလေရာ လူငယ်များလည်း ဝလုတ်ပလောင်းနှင့် ဝါးကြလေတော့သည်။

"လူသားမစားဖို့အကြောင်း မင်းသားလေးပြောတာ သဘော ကျစရာကောင်းပါတယ်၊ ဒါပေမယ့် လူသားစားပြီး အရိုးရင့်နေကြတဲ့ လူကြီးတွေကတော့ လက်ခံချင်မှလက်ခံကြလိမ့်မယ်၊ ကျွန်တော်က တော့ အရေးကြီးတဲ့ ယဇ်ပူဇော်ပွဲတွေမှာ မလွှဲမရှောင်သာ စားရတာ ကလွဲလို့ ကျန်တဲ့အချိန် မှာ မစားဘူးဆိုတာ ကတိပေးပါတယ်"

ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်တို့မှာ စကားစမြည် ပြောဆိုရာ၌ ပါစီပူစီကို အားကိုးကြရလေရာ နတ်ဆရာဂိုက်ဖမ်းထားသည့် ပါစီ



www.burmeseclassic.com

www.burmeseclassic.com



ပုစီက ဆရာကြီးလုပ်တော့သည်။

"မင်းတို့တွေ ယဖ်ပူဖော်ပွဲမှာကအစ လူသားကိုမစားသင့်ဘူး ဓာတ်တူသားစားရင် အရာရာအားလုံး ပျက်စီးတတ်သကွ၊ အခု ဒီနောက်ပိုင်းမှာ မင်းတို့ အစားအသောက်မကျပ်တည်းလာဘူးလား"

"ကျပ်တည်းပါတယ်ဗျာ၊ အခု နတ်ဘုရားရဲ့သားတော် မင်းသား လေးတို့ရောက်လာမှ လူပုကောင်တွေရဲ့အသားကို လိုင်လိုင်ပေါပေါ စားရတာဗျ။ ဒီအတွက် ကျွန်တော်တို့ တစ်ရွာလုံးကလဲ ကျေးဇူးတင် နေကြပါတယ်"

"အေး... လူပုကောင်တွေဟာ ငါတို့ကို ရန်ပြုကြတဲ့အတွက် သူတို့ရဲ့အသက်နဲ့ခန္ဓာကိုယ် ပေးဆပ်ကြရတာပဲ၊ နို့ပေတဲ့ လူသား စားတာကတော့ မကောင်းဘူးပေါ့ကွာ၊ တောထဲမှာ သမင်၊ ဒရယ် ချေငယ်၊ ဓိုင်၊ ဆတ် ပေါများတာပဲ၊ ပစ်ခတ်စားကြပေါ့ကွာ၊ မဟုတ် ဘူးလား"

ကျွန်ုပ်မှာ တစ်ချိန်လုံး ရွှေမျက်နှာဖုံးကြီးကို တပ်ထားရလေရာ များစွာ အနေအထိုင် ခက်လွန်းလှ၏။ ကျွန်ုပ်တို့အနီး လူသူမရှိမှသာ မျက်နှာဖုံးကိုချွတ်ရလေသည်။ ယခုလည်း သူတို့ စကားပြော ကောင်းနေကြသောကြောင့် အနားယူသည့်အနေနှင့် ရှက်ဖျင်တဲ ထောင့်သွားပြီး လှဲအိပ်ကာ မျက်နှာဖုံးကို မသိမသာ ဖြုတ်ရလေ၏။





နတ်ဘုရားမရုပ်တုကို ကျွန်ုပ်၏မျက်နှာအနီးတွင်ထားပြီး စေ့စေ့ စပ်စပ်ကြည့်မိလေရာ ရုပ်တုမှာ ပြုံးရောင်သမ်းနေသကဲ့သို့ ထင်မြင် မိလေ၏။

ထိုအကြောင်းကို လူငယ်များမရှိသည့်အချိန်ကျမှ ပါစီပုစီအား ပြန်ပြောပြရာ သူက အောက်ပါအတိုင်း ဆိုလေ၏။

"အလွန်ကောင်းတဲ့အတိတ်နိမိတ်ပဲ အောင်ဒင်ရေ၊ နတ်ဘုရားမ ဟာ ဒွာနေပြန်ရောက်တော့မှာမို့ ပျော်နေဟန်တူလေရဲ့၊ ရုပ်တုကို ကြည့်တဲ့အချိန်မှာ တချို့က မဲ့နေတယ်လို့ထင်ကြတယ်၊ တချို့က ကျတော့ ပြုံးနေတယ်လို့မြင်ကြတယ်၊ ပြုံးတယ်လို့မြင်ကြတဲ့သူ တိုင်းဟာ ကံကောင်းကြတယ်ဗျ။ ခုပဲ ကြည့်ပါလား၊ ကျွန်တော်တို့ကို နတ်ဘုရားမတွေက လူသားစားအရိုင်းကောင်တွေရဲ့ အရှင်သခင်လို နေရာမျိုးရောက်အောင် ကယ်တင်ထားပြီလေ"

သူပြောတာလည်း ဟုတ်တုတ်တုတ်ဖြစ်၍နေသည်။ နတ်မိမယ် ၏အရိုန်နှင့် လူစွန့်စားမိရာတို့၏အစွမ်း ပေါင်းပြီး ကျွန်ုပ်တို့ ကောင်း စားနေခြင်းပင်မဟုတ်ပါလား။ လူသားစား အရိုင်းနယ်မြေ၌ နေစဉ် အတွင်း ကျွန်ုပ်တို့ ပိုမိုကောင်းစားစေမည့် ဖြစ်ရပ်တစ်ခု တစ်နေ့သ၌ ပေါ်လာပြန်လေ၏။

"ဝူး"

www.burmeseclassic.com



ဝေလီဝေလင်းအချိန်၌ စူးရှစွာအော်ဟစ်လိုက်သည့် ဆင်ကြီးတစ်ကောင်၏အသံနှင့်အတူ အရိုင်းရွာဘက်မှ ဝုန်းဒိုင်းကြဲ ပျက်စီးသံများကို ကြားလိုက်ကြရ၏။

"ဆင်ရိုင်းတစ်ကောင်တော့ လူရိုင်းတွေကို ဝင်မွှေနေပြီ ကိုအောင်ဒင်ရေ၊ ကျုပ်တို့သွားကူညီရင် ကောင်းမယ်"

လူစွန့်စားမိရာသည် ပြောပြီးသည်နှင့် မတ်တတ်ရပ်လိုက်၏။

"ခင်ဗျား သေနတ်မှာ ကျည်ဆန်ရှိသေးတယ်မဟုတ်လား"

"ရှိပါတယ်၊ ဆယ်တောင့်လောက်တော့ ကျန်ဦးမယ်"

"အဲဒါဆို ပေးဗျာ၊ ရော့ ဒီခြောက်လုံးပြူးကို ခင်ဗျား ယူထား"

ကိုမီရာက ကျွန်ုပ်၏ရိုင်ဖယ်သေနတ်ကို လှမ်းယူလိုက်ပြီး ခြောက်လုံးပြူးကို ကမ်းပေး၏။ ထို့နောက် ရွက်ဖျင်တဲအတွင်းဘက်မှ အပြင်သို့အပြေးထွက်သွားတော့၏။ ကျွန်ုပ်သည် လူရိုင်းများအကြားသို့သွားရမည်ဖြစ်ရာ မျက်နှာဖုံးစွပ်သင့်မသင့် တစ်ချက်စဉ်းစားလိုက်ပြီး အို... ဒီလိုနေရာမျိုးမှာတော့ စွပ်နေဖို့မသင့်ပါဘူးလေဟု ဆုံးဖြတ်ကာ သူ၏နောက်သို့ အပြေးလိုက်တော့၏။ ပါမီရှင်သည်လည်း "ကျွန်တော့်မီးပြောင်းကြီးမှာ ကျည်မရှိတော့ဘူးနော်တာပဲဗျာ"ဟု ပြောပြီး ကျွန်ုပ်နှင့်အတူလိုက်ပါခဲ့လေ၏။

မကြာခင်မှာပင် မြင်ကွင်းကို ရှင်းလင်းစွာတွေ့ကြရတော့၏





အရိုင်းရွာကလေးမှာ မုန်တိုင်းနေသော ဟိုင်းဆင်ကြီးကြောင့် ကမ္ဘာပျက်သလိုဖြစ်၍နေ၏။ ဆင်ကြီးမှာ တောင်ပူစာတစ်လုံးပမာ ကြီးမားလှပြီး တွေ့သမျှအရာအားလုံးကို ဖျက်ဆီး၍နေ၏။ အရိုင်းတို့၏ တဲငယ်များမှာ ဆင်ကြီး၏လက်ချက်ကြောင့် တစ်စစီဖြစ်၍နေပေပြီ။ အရိုင်းတချို့က လှံရှည်များနှင့် ဆင်ကြီး၏ရန်ကို ကာကွယ်ရန်ကြိုးစားကြသော်လည်း မထိမရောက်ဖြစ်၍နေ၏။ သူတို့၏လှံချက်များမှာ သားရေထူသော အာဖရိကဆင်ကြီးကို အယားဖြေပေးနေသလိုဖြစ်၍နေသည်။

ကံမကောင်းအကြောင်းမလှသည့် သူတချို့ကတော့ ဆင်ကြီး၏နှာမောင်းနှင့်တိုက်ထုတ်ခြင်း၊ ဆွဲကိုင်မြှောက်ခြင်းတို့ကို မရှိမဆုံ ခံနေကြရ၏။

"ဟေး..."

ကိုမီရာဟာ အသံနက်ကြီးနှင့် ဟစ်အော်လိုက်ရာ သူ၏အသံမှာ ရှုရှလွှမ်းလှသောကြောင့် ကျွန်ုပ်တို့ကို ကျောခိုင်း ထားသောဆင်ကြီးမှာ တုံ့ခနဲရပ်သွားပြီး လှည့်ကြည့်၏။ အရိုင်းများမှာ လူစွန့်စားမီရာကိုတွေ့လိုက်ရသောကြောင့် အားတက်သွားပုံရ၏။ မင်းသားလေး... မင်းသားလေး ဟူသည့် အသံများက သူတို့၏နှုတ်ဖျားမှ ပေါ်ထွက်လာတော့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဝိုး..."

ကိုမိရာက အသံတစ်မျိုးဖြင့် ထပ်အော်လိုက်ပြန်ရာ ဆင်ရိုင်းကြီးသည် လွန်စွာစိတ်ဆိုးကွက်သွားပြီး ရန်မူရန်အတွက် ဝုန်းဒိုင်းကြဲပြေးလာလေတော့သည်။

"ကိုမိရာ သတိထားဗျို့"

ကျွန်ုပ်နှင့် ပါစီပူစီတို့က နီးစပ်ရာသစ်ပင်များနောက်သို့ ပြေးပုန်းလိုက်ကြသော်လည်း ကိုမိရာကတော့ နေရာမှ လုံးဝမရွေ့ဘဲ ဝင်ချက်စတာရိုင်ဖယ်သေနတ်ကိုသာ မောင်းတင်လိုက်ကာ ဆင်ရိုင်းကြီးထံသို့ ထိုးချိန်လိုက်လေတော့သည်။ ထိုအချိန်၌ အလွန်လျင်မြန်သော ဆင်ရိုင်းကြီးမှာ ကိုမိရာနှင့် ပေတစ်ရာခန့်အကွာအဝေးလောက် နီးကပ်၍နေပေပြီ။

BURMESE CLASSIC .com

"ဒိုင်း"

နားကျင်စွာအော်ဟစ်လိုက်သံနှင့်အတူ ဆင်ကြီးသည် သွေးရူးသွေးတန်း ဆက်ပြေးလာပြီးမှ ကိုမိရာနှင့် ပေနှစ်ဆယ်ခန့်လောက်အကွာတွင် ဝုန်းခနဲ လဲကျသွားလေတော့သည်။ ဆင်ရိုင်းကြီး လဲကျသွားခြင်းကြောင့် မဟာပထဝီမြေကြီးပင် တုန်ခါသွားရှာသလားဟု ကျွန်ုပ်စိတ်ထဲမှ ထင်လိုက်မိ၏။ ကိုမိရာ၏ ပစ်ချက် လွန်စွာတိကျသေချာလှပေသည်။ ကျည်ဆန်မှာ ဆင်ကြီး၏နဖူးပြင်တည့်တည့်ကို





ဖောက်ထွင်းသွားပြီး ဦးနှောက်ကို တစ်စစီကွဲကြေသွားစေ၏။

ဆင်ဆိုးကြီး လဲသွားသည်နှင့် ဟေးခနဲ ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည့် လူရိုင်းတို့၏အသံမှာ ဘဝဂ်သို့တိုင်ညံသွားရှာသလားဟု အောက်မေ့ရလေ၏။ ထိုသို့ အော်ဟစ်ကြွေးကြော်ပြီးမှ လူရိုင်းများသည် သေနေပြီဖြစ်သော ဆင်ကြီးထံသို့ ပြေးလာကြပြီး ထိုးခုတ်လှီးဖြတ်ကြတော့သည်။ သူတို့ သည် အစိမ်းစားသတ္တဝါများဖြစ်ကြရာ ချက်ချင်းလိုပင် ဆင်သားများကို အလုအယက် စားသောက်တော့၏။ ထိုအထဲတွင် ဘိုနီ ကတော့ မပါဝင်ပါ။ ဘိုနီသည် ကျွန်ုပ်တို့ထံသို့ လျှောက်လာပြီး ဦးညွှတ်အရိုအသေပြုလေ၏။

"တန်ခိုးထက်မြက်လှတဲ့ မင်းသားလေးရဲ့ မိုးကြိုးလက်နက်က အလွန်အံ့ဖွယ်ကောင်းလွန်းလှပါတယ်။ ကျွန်ုပ်တို့ရွာသားများဟာ အာလောင်မွတ်သိပ်နေကြတဲ့အတွက် အရှင့်ကို ခွင့်မပန်ဘဲ ဆင်သားများကို လုယက်စားနေကြတာ ခွင့်လွှတ်ပေးပါ အရှင်"

"အို ... ရတယ်၊ သင်တို့ တစ်ဝစားသောက်ကြ၊ လူသားမစားကြရင် တော်ပြီ၊ မင်းသားလေးက သင်တို့ကို လူသားမစားစေချင်လို့ ဆင်ရိုင်းကို သုတ်သင်ခဲ့တာပဲ"

ပါစီပူစီက ကြားထဲမှ ဝင်ပြောလိုက်၏။ ဘိုနီသည် ခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်ပြီး သူတို့လူမျိုးများဘက်သို့ လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ပါစကားများကို ပြောလေတော့၏။

"အို ... ဘူဒူးတို့ ...၊ သင်တို့ နားထောင်ကြလော့"

ဘိုနို၏အသံမှာ ကျယ်လောင်ပြတ်သားလွန်းသောကြောင့် ဘူဒူးများအားလုံး လှုပ်ရှားမှုရပ်တန့်ကုန်၏။

"သင်တို့တွေ အရှင်သခင်မင်းသားလေးကို ခွင့်မပန်ဘဲ ဘာကြောင့် တောခွေးများလို အလုအယက် စားသောက်နေကြသလဲ တောင်းပန်လိုက်ကြစမ်း"

"ခွင့်လွှတ်ပါ မင်းသားလေး"ဟူသော အသံများ ပေါ်ထွက်လာပြီး ဦးညွှတ်အရိုအသေပြုကြလေ၏။

"ပန်နီဆာနတ်ဘုရားကြီးရဲ့သားတော် မင်းသားလေးရဲ့ စွမ်းပကား၊ မင်းသားလေးရဲ့ ကြင်နာမှုတို့ကို သင်တို့ ရှုမြင်ပြီးခဲ့ကြပေပြီ သင်တို့ကို ဆင်သားများ၊ စိတ်ကြိုက်စားသောက်ရန် မင်းသားလေးက ခွင့်ပြုတယ်၊ ဆင်သားတင်မက မည်သည့်တောတွင်းတိရစ္ဆာန် သားကိုမဆို စားသုံးရန်ခွင့်ပြုတယ်၊ ကျွန်ုပ်တို့လူမျိုးအတွက် မင်းသားလေးက တစ်ခုကိုသာ တားမြစ်တယ်"

ဘိုနိုက စကားစကိုဖြတ်လိုက်ပြီး အားလုံးကို လှည့်ပတ်၍ ကြည့်လိုက်၏။ လူအများမှာ သူ ဘာဆက်ပြောမည်ကို စိတ်ဝင်စားစွာနှင့် နားထောင်နေကြ၏။





"အဲဒါကတော့ လူသားကို ဘယ်တော့မှ မစားသုံးကြဖို့ဘဲ၊ ဘယ်လိုလဲ၊ လိုက်နာနိုင်ကြလား"

အားလုံး လှုပ်လှုပ်ရှုရှုဖြစ်ကုန်ကြ၏။ သူတို့ ဘိုးစဉ်ဘောင်ဆက် မြိုက်စွာစားသုံးခဲ့သည့် လူသားကို ရုတ်တရက် ဖြတ်ရမည့်ကိစ္စ ဖြစ်လေရာ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ တီးတိုး တိုင်ပင်ကုန် ကြ၏။

"ကဲ ... မစားနိုင်တဲ့သူတွေ မင်းသားလေးရှေ့မှာ လက်ညှိုး ထောင်"

ဘိုနိုက ခပ်မာမာပြောလိုက်ရာ အသက်အရွယ် အိုမင်းနေကြပြီ ဖြစ်သည့် လူကြီးသုံးဦးမှလွဲ၍ မည်သူမျှ လက်ညှိုးမထောင်ကြ။

"သင်တို့သုံးယောက်က ဆက်စားမှာပေါ့လေ ဟုတ်လား"

"အဲ မဟုတ်ပါဘူး။ ယောင်သွားလို့ပါ"

အဘိုးကြီးတစ်ယောက်က ထောင်ထားသည့်လက်ကို ပြန်ချလိုက်၏။ ကျန်သည့်တစ်ဦးကလည်း "အဟီး ညောင်းလို့ လက်မြှောက်လိုက်တာ"ဟုပြောပြီး ပြန်ချလိုက်ရာ လက်ထောင်လျက်သား တစ်ယောက်သာ ကျန်နေခဲ့တော့၏။

"တို့ ယဇ်နတ်ပူဇော်ပွဲတွေမှာ နတ်ဘုရားရဲ့အလိုကျ လူသားကို ပူဇော်ပြီး စားသောက်ခဲ့ကြတာ၊ အခု ဒီလို မလုပ်ရင် နတ်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



က စိတ်ဆိုးမှာပေါ့"

ပါစီပူစီ ပါရလေပြီ။ သူက ချောင်းကိုတစ်ချက်ဟန့်လိုက်ပြီး—

"ဒီမှာ အဘိုးကြီး... နတ်ဘုရားရဲ့သားတော်ကိုယ်တိုင်က တာ
မြစ်ဘာကို သင်က နတ်ဘုရားအကြောင်းပြပြီး ငြင်းချင်နေသေး
တယ်၊ သင့်ဂိုဒ် မိုးကြိုးလက်နက်နဲ့ ဆုံးမမှုဖြစ်တော့မယ်ထင်တယ်"

ထိုအခါကျမှ အဘိုးကြီး တုန်လှုပ်ချောက်ချားသွားတော့သည်။

"မ... မလုပ်ပါနဲ့၊ ကျွန်ုပ် ... ကျွန်ုပ် မှားပါတယ်"

"ကဲ... လူသားကို ဘယ်သူစားမယ်ပြောဦးမလဲ"

"ဘယ်သူမှ မပြောတော့ပါဘူး"

ဤကိစ္စမှာ ကျွန်ုပ်တို့အတွက် အကြီးမားဆုံးအောင်မြင်မှုတစ်
ပင်ဖြစ်လေ၏။ ကမ္ဘာမြေပေါ်တွင် နောက်ဆုံးလက်ကျန်များဖြ
သည့် အလွန်ရိုင်းစိုင်းယုတ်ညံ့သော လူသားစားခြင်းအမှုကို
ပျောက်အောင်ပယ်ဖျက်ပေးနိုင်လိုက်သည့်အတွက် ကျွန်ုပ်တို့သုံး
မှာ လွန်စွာဝမ်းသာပီတိဖြစ်ကြရလေတော့သတည်း။





## ဘူဒူးများနှင့် ရေဆန်ခရီး

တမန်တော် ဘူဒူးလူရိုင်းငယ်သုံးယောက်လည်း ပြန်ရောက်လာ
ဖြစ်လေရာ ကျွန်ုပ်တို့မှာ ခရီးထွက်ရန် ပြင်ဆင်ဖြစ်ကြတော့၏။
လူရိုင်းငယ်သုံးဦး၏စကားကို ပြန်ပြောရမည်ဆိုလျှင် သူတို့သည်
သွားခရီး၌ ကြမ်းတမ်းသောရေဆန်ခရီးကိုကျော်ဖြတ်ရသောကြောင့်
တစ်ပတ်ခန့် အချိန်ကြာမြင့်ခဲ့ကြောင်း၊ လမ်းခရီးတွင် မိကျောင်းများ
အလွန်တရာပေါများသည့် မြစ်ကွေ့တစ်ခုကိုလည်း ကျော်ဖြတ်ခဲ့ရ
သေးရာ သူတို့မှာ ရင်တထိတ်ထိတ်နှင့်ပင် ခရီးဆက်ခဲ့ရကြောင်းနှင့်
သစ္စေနယ်မြေသို့ရောက်သောအခါမှာလည်း သူတို့မှာ လွယ်လွယ်
ကူကူနှင့် ဝင်ရောက်ခွင့်မရကြောင်း စသည်များပင် ဖြစ်လေ၏။
သူတို့ဆီမှ သတင်းစုံကို ပါစီပူစီက သေချာစွာ စစ်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို လွယ်လွယ်ကူကူ ပေးမဝင်ဘူးဆိုတော့ သူတို့က တိုက်ခိုက်ဖို့တွေ ဘာတွေ လုပ်သေးလား"

"လုပ်တာပေါ့ ဆရာ၊ သူတို့က ကျွန်တော်တို့လှေ ကပ်သွားတာနဲ့ ဓားတွေလှံတွေကိုင်ပြီး ဝိုင်းလာကြတာ၊ ကျွန်တော်ဖြင့် ဒီတစ်ခါတော့ ကိစ္စချောပြီကိုထင်တော့တာပါပဲ"

"ဟုတ်ကဲ့ ဆရာ၊ အဲဒီမှာ ကျွန်တော်က နှုတ်သွက်လျှာသွက်နဲ့ တစ္ဆေနယ်မြေအတွက် သတင်းကောင်း လာပို့တာပါ၊ အကောင်းဆုံးသတင်းကို လာပို့တာပါလို့ အော်ရတော့တာပေါ့"

နောက် လူငယ်တစ်ယောက်က ဝင်ပြော၏။

"ဒါနဲ့ အဆင်ပြေသွားသလား"

"အင်း၊ သူတို့ရဲ့ခေါင်းဆောင်က ကျန်တဲ့သူတွေကို တားလိုက်ပြီး ဘာသတင်းကောင်းလဲဆိုပြီး မေးတော့တာပေါ့၊ ပန်နီဆာနတ်ဘုရားကြီးရဲ့ကြင်ရာတော်ဟာ သူ့ရဲ့သားတော်ရယ်၊ နတ်ဆရာကြီးတစ်ဦးရယ်၊ ဝိညာဉ်လှသူတစ်ယောက်ရယ် ခြံရံပြီး ပြန်ကြွလာတော့မယ့်သတင်းကို ပြောပြလိုက်တော့ သူတို့ ထိတ်ထိတ်ပျာပျာဖြစ်ပြီး အံ့သြကုန်တော့တာပေါ့၊ ဒါနဲ့ ချက်ချင်းပဲ ဘုရင်မဆီကို အကြောင်းကြားကြတော့တယ်"

"မင်းတို့ကိုရော တစ်ပါတည်း မခေါ်သွားကြဘူးလား"





လူစွန့်စားမီရာက ဝင်မေးလိုက်ရာ လူငယ်သုံးဦးစလုံး မသက်သာမျက်နှာများနှင့် ခေါင်းရမ်းပြကြ၏။ ကိုမီရာမှာ ယခုအခါ၌ လူသားစား ဘူဒူးစကားတင်မက ပါစီပူစီတို့၏ တစ္ဆေစကားများကိုတော်တော်ကြီးပြောတတ်၍နေပေပြီ။ သူသည် အားလပ်သည့်အချိန်လုံးတွင် အလကားမနေဘဲ ပါစီပူစီထံမှ ထိုစကားများကိုသင်ယူ၍နေ၏။ ယခင်ကတည်းက ဘာသာစကား အမျိုးသုံးဆယ်ကျော်တတ်ထားသော သူ့အဖို့ ထိုစကားများကို အလွယ်တကူအတတ်မြောက်နိုင်သော်လည်း ဉာဏ်နည်းသော ကျွန်ုပ်မှာမူ ယခုထိတစ်လုံးစ နှစ်လုံးစသာ နားလည်လေ၏။

"ဘာကြောင့် မင်းတို့ကို ခေါ်မသွားကြတာလဲ"

"ကျွန်တော်တို့က လူသားစားကောင်တွေ ဖြစ်နေလို့ပေါ့ဗျာ၊ သူတို့နယ်မြေပေါ်ကို ကျွန်တော်တို့တက်လိုက်ရင် နယ်မြေတစ်ခုလုံး ညစ်ညမ်းသွားမှာစိုးလို့တဲ့၊ ကျွန်တော်တို့ဗျာ အဲဒီအချိန်မှာ လူသားစားကောင်ဖြစ်ခဲ့ရတဲ့ဘဝကို တွေးပြီး သိမ်ငယ်ဝမ်းနည်းစိတ်တွေ ဝင်နေကြတော့တာပါပဲ"

"အေး ... နောက်ဆိုရင် မင်းတို့ ဝမ်းနည်းစရာမလိုတော့ ဘူး၊ အခု မင်းတို့ဘူဒူးတွေအကုန်လုံး လူသား မစားကြတော့ဘူးကွ"

"ဟင်... ဟုတ်လား၊ ကောင်းလိုက်တာဗျာ၊ ကျွန်တော်တို့ ဘူဒူး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူငယ်တချို့မှာ နဂိုကတည်းက ဒီလေ့စရိုက်ကို မကြိုက်တဲ့သူတွေ ရှိကြပေမယ့် ရဲရဲတင်းတင်းမပြောရဲကြဘူး။ အဲဒီထဲမှာ ကျွန်တော်တို့လဲပါတယ်၊ ခုလိုဖြစ်သွားတဲ့အတွက် မင်းသားလေးတို့ကို အထူးကျေးဇူးတင်ပါတယ်ဗျာ”

ထိုလူငယ်များမှာ သူတို့လူမျိုးများထဲတွင် စကားပြော သွက်လက်ချက်ချာမှုအရှိဆုံးဖြစ်သည်နှင့်အညီ စိတ်နှလုံး နူးညံ့သိမ်မွေ့သူများပါဖြစ်ကြောင်း သူတို့၏ပြောစကားများကိုကြည့်ပြီး သိနိုင်လေ၏။ အမှန်ပင် တမန်တော်ဆက်သားလုပ်ရန် သင့်လျော်သောလူငယ်များပင်တည်း။

ဆက်လက်ပြီး ပါစီပူစီက သူတို့သည် တစ္ဆေနယ်မြေသို့ အမြန်သွားရောက်ကြတော့မည်ဖြစ်ကြောင်းနှင့် သူတို့နှင့်အတူ အသက်စွန့်ရန် ဝန်မလေးသောလူများ လိုက်ပါဖို့လိုကြောင်းပြောရာ ဘိုနီနှင့်အတူ လူငယ်တချို့က သူတို့ လိုက်လိုကြောင်း စာရင်းပေးကြ[illegible]

“ကဲ လိုက်ချင်ကြတာတော့ ဟုတ်ပါပြီ ဒါပေမယ့် လိုက်ပါမယ့်သူများဟာ အတတ်နိုင်ဆုံး အနှောင်အဖွဲ့ကင်းသူတွေ ဖြစ်ဖို့လိုတယ်၊ ဘာကြောင့်လဲဆိုတော့ လမ်းခရီးမှာ အန္တရာယ်အမျိုးမျိုးကြောင့် အချိန်မရွေး သေဆုံးသွားနိုင်ကြလို့ပဲ၊ ဒီအလုပ်ဟာ နတ်ဘုရားရဲ့ကြင်ရာတော်ကို ပြန်လည်ပို့ဆောင်ပေးမယ့် မြင့်မြတ်တဲ့





အလုပ်ဖြစ်သည်နှင့်အညီ သေဆုံးခဲ့ရင်လဲ ရေနတ်ဘုရားက သူ့ရဲ့ နတ်ဘုံနတ်နန်းမှာ ကောင်းချီးပေး မြှောက်စားခြင်းကိုခံကြရမှာပဲ၊ သေခဲ့ရင် သူ ချစ်ခင်နှစ်သက်လို့ ခေါ်သွားပြီဆိုပြီး တွက်ထားရမယ်၊ ဘယ်လိုလဲဟေ့”

“သေချင်သေပါစေ ကျွန်တော်တို့ ပျော်ပျော်ကြီး အသေခံရပါတယ်”

ဘိုနီက စပြောလိုက်ရာ ကျန်သည့်လူငယ်များကလည်း သေမှာကိုမကြောက်ကြောင်း ဝိုင်းဝန်းပြောဆိုကြလေ၏။ ကျွန်ုပ်နှင့် ကိုခိရာတို့မှာ ပါစီပူစီ၏ ပိုလွန်ကဲသော အသုံးအနှုန်းများကို မနှစ်သက်လှသော်လည်း အမှန်တကယ် အသက်စွန့်ပြီးလိုက်ပါပို့ဆောင်ပေးမည့်လူများ လိုအပ်နေသည်ကို သိထားကြသောကြောင့် ဆိတ်ဆိတ်သာနေလိုက်၏။

ဆက်သားအဖြစ် သွားရောက်ခဲ့ကြသည့် တမန်တော် ဘူဒူး လူငယ်သုံးဦးမှာ ဤမြစ်ကြောင်းခရီးကို ကျွမ်းကျင်ပိုင်နိုင်သူများဖြစ်သလို သူတို့၏ ရိုးရာလှေများကိုလည်း သုံးဦးစလုံး တက်ညီလက်ညီ အသုံးပြုနိုင်ကြသောကြောင့် သိပ်ပြီးမထောင်းတာလှ။ ကျွန်ုပ်တို့မှာတော့ နယ်မြေခံများမဟုတ်ကြသလို လှေလှော်လှေခတ်အတတ်ပညာမှာလည်း အကျွမ်းတဝင်မရှိလှ။ သည်ကြား[illegible]



www.burmeseclassic.com

www.burmeseclassic.com



သယ်ဆောင်သွားရမည့်ပစ္စည်းပစ္စယများကလည်း ပါဝင်နေသေးရာ ငိုသူများကို မရှိမဖြစ် လိုအပ်၍နေ၏။

နောက်တစ်နေ့မှာပင် ကျွန်ုပ်တို့သည် ပါစီပူစီ၏ မွေးရပ်ဌာနေ တစ္ဆေနယ်မြေသို့ ခရီးစတင်ထွက်ဖြစ်ကြတော့၏။ အသင့် စီစဉ်ထား ပြီးဖြစ်သည့် လှေကြီးတစ်စင်းနှင့်ထွက်ခွာခဲ့ကြခြင်းဖြစ်လေရာ ကျွန်ုပ်တို့နှင့်အတူ ဘိုနီနှင့်အားကောင်းမောင်းသန် ဘူဒူးလူငယ် ဆယ်ယောက်လည်း သူတို့၏ကတိအတိုင်း ပျော်ပျော်ကြီး ပါခဲ့ကြ လေသည်။ လူငယ်များအားလုံး စိတ်လှုပ်ရှားမှုကင်းနေကြသော် လည်း ပါစီပူစီမှာတော့ သူ အသက်လုပြီးထွက်ပြေးလာခဲ့ဖူးသည့် ဇာတိချက်ကြွေတစ္ဆေ မြေသို့ ပြန်နင်းရမည့်အရေးတွေးကာ များစွာ စိတ်လှုပ်ရှား၍နေလေသည်။

“မီရာရေ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်ကအကြောင်း အရာ တွေကို တွေးပြီး ကျွန်တော်ဖြင့် ရင်ခုန်မဆုံး ရှိနေတုန်းပါပဲဗျာ၊ အဲဒီ တုန်းကတော့ ဒီနယ်မြေကို ဘယ်တော့မှမလာတော့ဘူးလို့ ဆုံးဖြတ် ခဲ့ပေမယ့် ခုတော့ အဲဒီစိတ်တွေကလျော့သွားပါပြီ၊ ခုအသက်အရွယ် မှာတော့ သေချင်လဲသေပါစေတော့ဗျာ၊ မသေခင်မှာတော့ ကျွန်တော် မျှော်လင့်တားတလေးတွေ ပြည့်သွားချင်လိုက်တာ”

“ဘာများလဲဗျာ”





“ကျွန်တော့်ဖခင်က ကျွန်တော် ငယ်စဉ်ကတည်းက ဆုံးပါး သွားခဲ့ပေမယ့် မိခင်ကတော့ ကျွန်တော် ထွက်ပြေးစဉ်မှာ အသက် ရှင်နေတုန်းပါပဲ၊ ကျွန်တော့်ရဲ့ဖြစ်မှုကြောင့် အမေ့ကို မကွပ်မျက်ကြ ပါစေနဲ့လို့ ကျွန်တော် နေ့စဉ်နဲ့အမျှ ဆုတောင်းနေပါတယ်၊ ပန်နီဆာ နတ်ဘုရားက ကူညီစောင့်ရှောက်မယ်လို့ ထင်တာပါပဲ”

အစဉ်သဖြင့် မြူးကြွသွက်လက်နေသည့် လူမည်းကြီး၏မျက်နှာ သည်အခါတွင်မတော့ ရီဝေမှိုင်းညို့၍နေ၏။ သူသည် ဘဝတစ်လျှောက် လုံး ခံစားချက်ကို မေ့ဖျောက်ပြီးနေခဲ့ဟန်တူသည်။ ယခုလို နဖူးတွေ့ ဒူးတွေ့ ပြန်လည်ဆုံတွေ့ရတော့မည့်အခါကျမှ သူ၏နှလုံးသားထဲ မှ ပြိုအုံကျလာခဲ့ဟန်တူပေ၏။

“နောက်တစ်ခုက ...”

ထိုမျှသာပြောပြီး သူ၏စကားသံက တိတ်ဆိတ်သွားပြန်သည်။ သူသည် ကြေကွဲရိပ်သမ်းနေသော မျက်လုံးကြီးများနှင့် လှေဦးဘက် ရေပြင်ကျယ်ကြီးဆီသို့ ငေးမောကြည့်ရှု၍နေ၏။

“ခင်ဗျားရင်ထဲမှာရှိတာ ပြောသာပြောချလိုက်ပါ ပါစီပူစီရာ၊ ကျွန်တော်တို့ မျှဝေခံစားပေးကြပါ့မယ်”

ပါစီပူစီက လေးတွဲ့စွာခေါင်းညိတ်လိုက်ပြီး သက်ပြင်းရှည်ကြီး ကို မှုတ်ထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုက ပြောရမှာတောင် စပ်ရှက်ရှက်ပါပဲဗျာ၊ အင်း... မပြောဘဲလဲ မနေနိုင်ပြန်ဘူး၊ ကျွန်တော့်မှာ ငယ်စဉ် ကတည်းက ချစ်ခဲ့တဲ့ချစ်သူ ရှိတယ်"

ထိုစကားကိုဆိုပြီးနောက် သူက ရှက်ရယ် တစ်ချက်ရယ်လိုက်သည်။

"သူ့နာမည်က အလီရှာတဲ့ဗျာ၊ ကျွန်တော့်ထက်တော့ ငါးနှစ်လောက်ငယ်ပါတယ်၊ အင်း ခုဆိုရင်တော့ သုံးဆယ့်ငါး နှစ်လောက်ရှိပြီပေါ့၊ သူရော ရှိမှရှိသေးရဲ့လား၊ ဒါမှမဟုတ် အိမ်ထောင်ရက်သားများ ကျနေပြီလား၊ ကျွန်တော်ကတော့ သူနဲ့ခွဲခွာလာခဲ့ပြီးကတည်းက ကျွန်တော့်အသည်းနှလုံးထဲကို ဘယ်မိန်းကလေးမှ ဝင်လို့မရ တော့ပါဘူးဗျာ"

ဖြူဖါဉ်ိမည်း အသားအရောင်တွေ မည်မျှပင်ကွဲပြားကြပေစေ ချစ်တတ်တဲ့အသည်းနှလုံးကတော့ အားလုံးမှာ ရှိကြတာပဲလားဟု ကျွန်ုပ် ဆင်ခြင်မိ၏။ ကျွန်ုပ်သည် ထိုကိစ္စမျိုး၌ ကိုယ်တိုင်တွေ့ ဟုတ်တိပတ်တိ မဟုတ်လှသော်လည်း ချစ် တတ်သည့်ချစ်သူများကိုမူ ပျော်ရွှင်စွာ ဓာတ်ပေါင်းပေးချင်သူတစ်ဦးဖြစ်လေ၏။ ထို့ လည်း လူမည်းကြီး ပါစီပူစီနှင့် သူ့ချစ်သူ အလီရှာတို့၏ ပုံရိပ်တို့ကို စိတ်ကူးယဉ်ပြီး အားလုံး ပျော်ရွှင်မှုအပေါင်းနှင့် ခညောင်းပြီး ဇာတာများကောင်းပါ စေဟု ဆုတောင်းပေးလိုက်လေတော့သည်။





ကျွန်ုပ်တို့၏ လှေမှာ ရေဆန်လေဆန်ကို ကျော်ဖြတ်ရခြင်း ဖြစ်လေရာ ဘိုနီနှင့် ဘူဒူးလှော်ယင်များမှာ များစွာ အားစိုက်ရလေ၏။ တောင့်တင်းကြံ့ခိုင်သောသူတို့၏ ကျောပြောင်များမှာ ချွေးများနှင့် ရွှဲစို၍နေသည်။ ရာသီဥတုမှာ အုံ့မှိုင်းနေသောကြောင့်သာ တော်သေး၏။ အကယ်၍ နေသာကြဲကြဲတောက်ပူနေမည်ဆိုပါက များစွာ ပင်ပန်းကြလိမ့်မည်။

ကျွန်ုပ်တို့သည် သူတို့ကို ငွဲညာသောအားဖြင့် ကမ်းစပ် အရိပ် အာဝါသကောင်းသောနေရာများရောက်လျှင် ခေတ္တ အမောဖြေစေပြီးမှ ဆက်လက်ထွက်ခွာကြလေ၏။ ပထမနေ့များ၌ အသေးစား အဝယ်ိကပြဿနာတချို့မှလွဲ၍ ကြီးကြီးမားမားမည်သည့်အန္တရာယ်မှ မကြုံတွေ့ကြရသည်မှာ ကျွန်ုပ်တို့အတွက် ကံကောင်းလှပေသည်။ အစားအသောက်တွေကလည်း မပူပင်ရ။ ကမ်းစပ်နားခိုရာနေရာမှ တောတွင်းသို့ အနည်းငယ်ဝင်သွားမိလျှင်ပင် သမင် ဒရယ်သည့် တောကောင်များကို ပေါများစွာတွေ့မြင်နိုင်၏။ အခြား ဆင်ပြောင် ကျွဲ ဆတ် စသည့် သတ္တဝါကြီးများကိုလည်း တွေ့နိုင်၏။ လူစွန့်စားမီရာက အစားအသောက်အတွက် ကျွန်ုပ်ကို လက်စွမ်းပြခွင့်ပေးထားလေရာ ရိုက္ခာစိုလိုသည်နှင့် ကျွန်ုပ်မှာ ဘိုနီတို့လှုစုကိုခေါ်ပြီး သွားရောက်ပစ်ခတ်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်ရသည်နှင့် အသားကြိုက်သည့်ဘူဒူးများမှာ ခေါင်းမဖော်နိုင်အောင် လှီးဖြတ်စားသောက်ကြတော့သည်။ ပထမတွင် သူတို့ဘာသာဘာဝအတိုင်း အစိမ်းစားသောက်ကြလေရာ အသားများကို မီးနှင့်ကင်ပြုတ်ပြီးစားပါမှ ရောဂါဘယကင်းရှင်းပြီး ပိုမိုအရသာရှိကြောင်း ရှင်းပြကြရလေ၏။

ဘာသဲပြောပြော ဘူဒူးလူရိုင်းများမှာ လူငယ်များဖြစ်သည်နှင့်အညီ သူတို့ စားလိုသည့်အကောင်ကို လက်ညှိုးထိုးပြရုံနှင့် ကျွန်ုပ်က ပစ်ခတ်ပေးနေသောကြောင့် များစွာပျော်ရွှင်၍နေ၏။ အစားအသောက်ကို ဝဝလင်လင် စားသောက်နေကြရသောကြောင့် အားအင်ပြည့်ပြီး အလုပ်လုပ်ရာ၌ များစွာ တွင်ကျယ်ကြလေသည်။ ရေကိုဆန်၍တက်နေစဉ်အတွင်း အဓိကအန္တရာယ်မှာ ရေစီးနှင့်အတူ အရှိန်ပြင်းစွာမျောပါလာတတ်သည့် သစ်လုံးကြီးများ၏ အန္တရာယ်ပင်တည်း။

တိုက်စားသည့်ရေအရှိန်ကြောင့် ကမ်းနားသစ်ပင်တချို့မှာ အမြစ်မှကျွတ်ပြီး မျောပါလာတတ်လေရာ သတိမမူပါက လှေကို အစိတ်စိတ်အမြွှာမြွှာကွဲအောင် ခွဲချေပြီး ကျွန်ုပ်တို့ အားလုံး ရေစီးထဲ မျောပါသွားစေနိုင်သောကြောင့် များစွာသတိထားရလေ၏။

မြစ်ကြောင်းလမ်းမှာ ကြမ်းတမ်းခက်ခဲပင်ပန်းလှသည် မှန်သော်





လည်း မြေပုံတွင် ဖော်ပြထားချက်အရ ကုန်းလမ်းကိုလည်း ရွေးချယ်ရန်မဖြစ်နိုင်ပေ။ ကုန်းလမ်းမှာ မတ်စောက် သောတောင်တန်းများနှင့် ရှုံ့ညွန်အိုင်များနှင့်သာ အတိပြီးနေလေရာ ဤမြစ်ကြောင်းခရီးသက် ပိုမိုဒုက္ခတွေ့စေနိုင်သည်မှာ အမှန်ပင်ဖြစ်၏။

ကျွန်ုပ်တို့အဖွဲ့သည် ရေစီးအလွန်သန်သည့်နေရာများ၌ ထိုးဝါးများကိုသုံးရခြင်း၊ တချို့နေရာများ၌ ဘူဒူးလူငယ်များက ကမ်းစပ်သို့ဆင်းပြီး လှေကိုကြိုးနှင့်ဆွဲရခြင်း စသည့်ကိစ္စများလည်း လုပ်ရချေသေး၏။ နေလုံးကွယ်ပျောက်၍ အမှောင်သို့ရောက်လာလျှင်တော့ လှေကို ကမ်းစပ်တွင် ခိုင်ခံ့စွာချည်နှောင်ပြီး ကုန်းပေါ်တွင် စခန်းချကြပြန်ရာ ထိုအခါများတွင်လည်း သားရဲတိရစ္ဆာန်များ၏ အန္တရာယ်ကို သတိပြုကြရပြန်သည်။ ဤခရီးလမ်းမှာ အစပထမနေ့များ၌ အဆင်တပြေရှိလှသော်လည်း နောက်ပိုင်းတွင်မူ များစွာ ခက်ခဲကြမ်းတမ်းလာတော့၏။

ဘူဒူးလူငယ်များကတော့ ကျွန်ုပ်တို့ကို ဘုရားသခင်အလား ထင်မှတ်ယုံကြည်နေကြလေရာ များစွာ အပူအပင်မရှိ နေနိုင်ကြပေ၏။ သည်မျှလောက်ပင်ပန်းနေကြရပါလျက် နားခိုရာရောက်သောအခါ၌ သူတို့ဘာသာဘာဝ ပြောဆိုရယ်မောနေကြသည်မှာ လူသားအရိုင်းများအသွင်ပျောက်ပြီး ပီဘိကလေးငယ်များနှင့်ပင် တူနေ

www.burmeseclassic.com



သေးတော့သည်။

ကုန်းပေါ်တွင် ခိုနားစဉ်အတွင်း အဆိုးရွားဆုံးမှာ မှက်ခြင်များကိုက်ခဲခံရခြင်းပင်ဖြစ်လေသည်။ ထိုအန္တရာယ်ကို ကာကွယ်ရန်အတွက် ကျွန်ုပ်တို့မှာ မီးပုံကြီးများကို ဖိုကြရလေသည်။ အကယ်၍ မီးပုံသာဖိုမထားပါက မှက်ခြင်များ၏ အန္တရာယ်တင်မက တစ်ထွာတစ်မိုက်ခန့်ရှိသော ကျွတ်ကြီးများ၏အန္တရာယ်နှင့်လည်း ကြုံတွေ့နိုင်လေ၏။

လူနံ့ရသည်နှင့် ခေါင်းတထောင်ထောင်လာနေသော ကျွတ်ကြီးများမှာ စက်ဆုပ်အသည်းယားဖွယ်ကောင်းလှပေ၏။ ထိုအကောင်များမှာ လူ၏သွေးကိုစုပ်ယူရာ၌ ဘောလုံးကဲ့သို့ ဖောင်းကားသွားသည့်အထိ မလွှတ်ဘဲခဲနေတတ်၏။ ထိုအကောင်များကို ကျွန်ုပ်တို့ကသာ ရွံရှာစက်ဆုပ်နေသော် လည်း ဘူဒူးလူရိုင်းများကမူ ကြောက်စရာဟု မထင်မှတ်ကြ။

ဘူဒူးများသည် သူတို့၏ခန္ဓာကိုယ်ကို ကျွတ်များတွယ်ပါက အသာတကြည်ပင် လွှတ်ပေးထားကြပြီး သွေးဝလာသည့်အခါမှ ဖြုတ်ပြီး မီးဖုတ်စားကြသည်ကို မြင်တွေ့ခဲ့ရာ ကျွန်ုပ်မှာ အန်မထွက်မိအောင် မနည်းထိန်းလိုက်ရလေသည်။

ကျွန်ုပ်တို့သုံးဦးကတော့ ထိုလူရိုင်းငယ်များကို တဖြည်းဖြည်း





နှင့် ယဉ်ကျေးအောင်ပြုပြင်သင်ကြားပေးကြသော်လည်း လွန်စွာရိုင်းစိုင်းသည့်အနေအထားမှ ချက်ချင်းပြောင်းလဲရန် မဖြစ်နိုင်သေးသောကြောင့် စိတ်ရှည်ရှည်ထားကြရ၏။ ယခုများမကြာသေးခင်မှာပင် ကျွန်ုပ်တို့နှင့်ပါလာသည့် လူငယ်များမှာ များစွာတိုးတက်နေပေပြီ။ အသားများကို အစိမ်းစားသည်ထက် မီးနှင့်ကင်ဖုတ်ပြီးစားပါက ပိုမို၍အရသာရှိကြောင်းကို သိလာကြပြီဖြစ်၏။ မည်သို့ပင်ဆိုစေ ထိုလူငယ်များမှာ လွန်စွာရိုင်းစိုင်းသည့်ဘဝမှ ယဉ်ကျေးသိမ်မွေ့လာမည့်လမ်းစကိုမြင်နေရသည်မှာ များစွာ စိတ်ချမ်းသာဖွယ်ကောင်းလွန်း၍နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အာဆေကေတစ္ဆေများ နှင့် တွေ့ဆုံခြင်း

"ရှေ့နားဆို မိကျောင်းတွေပေါတဲ့နေရာ ရောက်ပြီ သတိထား ကြ"

ပါစီပူစီ၏စကားကြောင့် ကျွန်ုပ်၏ ဝင်ချက်စတော မောင်းပြန်ရိုင်ဖယ်ကို အသင့်မောင်းတင်ထားလိုက်၏။ ထိုနေရာတစ်ဝိုက်တွင် မြစ်ကြောင်းကွေ့ကောက်နေသောကြောင့် ရေစီးအရှိန်မှာ လျော့ပါး၍နေသည်၊ ဘူဒူးလူငယ်များမှာ အတွေ့အကြုံရှိသူများဖြစ်သောကြောင့် လှော်တက်များကို မိကျောင်း များသတိမထားမိစေရန် အတွက် ညင်သာစွာ လှော်ခတ်ကြကုန်၏။





ကျွန်ုပ်တို့အားလုံးမှာ မည်သည့်အချိန်၊ မည်သည့်နေရာမှ သားစားမိကျောင်းကြီး ရုတ်တရက်ပေါ်လာမည်ကို စိုးကထိတ်ထိတ်နှင့် စောင့်ကြည့်နေရလေသည်။ လှပသောရှုမျှော်ခင်းနှင့် အေးမြလတ်ဆတ်သော လေပြည်၏အရသာကိုပင် မခံစားနိုင် ကြ။ ထိုနေရာကို ကျော်ဖြတ်စဉ်အချိန်မှာ နေ·လုံးဝ ဝင်ခါနီး ဆည်းဆာအချိန်ဖြစ်သောကြောင့် ကောင်းကင်မှာ ပုစွန်ဆီရောင်တောက်ပြီးလှပ၍နေသည်။

အိပ်တန်းပြန်ကျေးငှက်သာရကာများမှာလည်း ဘာသာဘာဝ အုပ်စုဖွဲ့ ပျံသန်းရင်း မာဂဓေတေးများကို ဟစ်ကြွေးသွားကြသည်မှာ အန္တရာယ်ကင်းသည့်နေရာတွင်သာဖြစ်ပါက လွန်စွာ ရှုမောကြည်နူးဖွယ်ကောင်း၍နေလေသည်။ ယခု ကျွန်ုပ်တို့မှာတော့ ထိုကဲ့သို့ မဟုတ်၊ သတိကိုချည်နှောင်ပြီး ရေပြင်ဆီသို့သာ မမှိတ်မသုန် စောင့်ကြည့်နေကြရကုန်၏။

ဖြစ်ချင်တော့ ထိုမိကျောင်းပေါရာ မြစ်တစ်ဖက်တစ်ချက်ရှိ ကမ်းစပ်များမှာလည်း နက်ရှိုင်းသော ရွံ့ညွန်များသာ အတိပြီးနေသောကြောင့် အခြားနေရာများလို ကုန်းပေါ်တက်ပြီး လှေကို ကြိုးနှင့်ဆွဲရန်လည်း မဖြစ်နိုင်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားရွေးချယ်စရာမရှိသော မြစ်ကြောင်းလမ်းမှသာ သတိဝီရိယကြီးစွာနှင့် ကျော်ဖြတ်လှော်ခတ်နေကြရခြင်းဖြစ်လေသည်။ အခါတိုင်း မြူးပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပျံနေသည့်ဘူဒူးများမှာလည်း အသံမထွက်နိုင်ဘဲ လှေကိုသာ ရေသံလှိုင်းသံမကြားအောင် ကျိတ်လှော်နေကြကုန်၏။

"ဒုန်း"

"ဟာ ဘာဖြစ်တာလဲ"

ကျွန်ုပ်တို့၏လှေမှာ အောက်မှတွန်းတိုက်ဆောင့်တိုးလိုက်သော တစ်စုံတစ်ခုကြောင့် လူးလိမ့်သွားရသည်။ ကျွန်ုပ်လက်တွင် ကိုင် ထားသောသေနတ်မှာ ပြုတ်ကျမလို ဖြစ်သွား၏။

"ဒါ မိကျောင်းပဲ၊ သတိထားဗျို့"

ကိုမီရာက အသံအုပ်အုပ်အုပ်နှင့်ပြောပြီး ရေပြင်တစ်နေရာသို့ လက်ညှိုးထိုးလိုက်သည်။ ထိုအခါကျမှ ကျွန်ုပ်မှာ ရေပြင်အောက်မှ ငုပ်လျှိုးလာနေသည့် မည်းမည်းသဏ္ဌာန်ကြီးကို သတိပြုမိတော့ သည်။ ရှည်လျားကြီးမားလှသော မိကျောင်းကြီးမှာ ကျွန်ုပ်တို့လှေကို သွေးတိုးစမ်းသွားပြီးမှ နောက်တစ်ကြိမ် ပြန်လှည့်လာဟန်တူပေ၏။ ကျွန်ုပ်သည် မိကျောင်းကြီးရှိရာသို့ သေနတ်ပြောင်းကိုလှည့်လိုက် သည်။

"ကိုင်း ကိုအောင်ဒင်ရေ ခင်ဗျား လက်စွမ်းပြပေတော့"

"ဒိုင်း"

ကျွန်ုပ်၏ပစ်ချက်မှာ ထိမှန်သွားပုံရလေသည်။ ရေပြင်အထက်





သို့ အနီရောင်သွေးကွက်များ ပွက်၍တက်လာသည်ကို မြင်လိုက် ရ၏။

"ခင်ဗျားပစ်လိုက်တာ ချက်ကောင်းထိသွားဟန်မတူဘူး၊ နောက်တစ်ချက်အတွက် အသင့်သာပြင်ထား"

ကိုမီရာ၏စကားအဆုံးမှာပင် ဒဏ်ရာရမိကျောင်းကြီး၏ ခေါင်း မှာ ကျွန်ုပ်တို့လှေအနီး ကပ်၍ပေါ်လာပြီး ဘူဒူးလူငယ်တစ်ဦးကို ဆိုက်ရန် ကြိုးစားတော့၏။

"ဒိုင်း"

ကိုမီရာကိုင်ထားသည့် ခြောက်လုံးပြူးသေနတ်မှ မီးပွင့်ထွက် သွားပြီး မိကျောင်းကြီးဦးခေါင်းမှာ ပွင့်ထွက်သွားသောကြောင့် အကြောက်လွန်ပြီး ကြက်သေ သေနေသည့် ဘူဒူးလူငယ်လေးမှာ သက်သာသွားလေသည်။ မိကျောင်းကြီး၏ခေါင်းကြီးမှာ ကျွန်ုပ်တို့ လှေနံတစ်ဖက်ပေါ် အရှိန်နှင့်ကျလာပြီးမှ ရေအောက်သို့ ထိုးဆင်း သွားလေရာ လှေမှာ မှောက်မလိုပင်ဖြစ်သွားရ၏။ ထိုသို့ ဝရုန်းသုန်း ကားဖြစ်သွားသောကြောင့် ဘူဒူးတချို့၏လှေတက်များ လွတ်ကျ ကုန်၏။

"ဟာ... ဟိုမှာကြည့်စမ်း"

ကျွန်ုပ်တို့ထံသို့ သစ်တုံးကြီးများပမာ ရွေ့လျားလာနေသည့်



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းများ အားလုံး အကောင်ငါးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းရပေ

"လှေကို အမြန်ဆုံးလှော်ကြဟေ့။ သွေးနံ့ရလို့ ဒီကောင်တွေ ဝိုင်းလာကြတာ၊ မြန်မြန်ကွနော် မြန်မြန်လေး"

ပါစီပူစီက အသံကျယ်ကြီးနှင့်ဆော်သြလိုက်မှ အသိဝင်လာသည့် ဘူဒူးလှူငယ်များမှာ လှေကို ပြိုင်တူ အားကုန်လှော်ခတ်ကြတော့၏။ ထိုအခါမှာတော့ လှေကလေးမှာ မြားတစ်စင်းပမာ ပြေးလွှားရွေ့လျားသွားတော့သည်။

"သေသွားတဲ့မိကျောင်းကြီးကို သူတို့အချင်းချင်း ဝိုင်းစားနေတုန်း ဒီနေရာကလွတ်မှတော်မယ်ဟေ့"

"အားကုန်သာဆွဲကြ ငါ့လူတို့ ဟေ့ ဟိုကောင် မင်းလှော် တက်ငါ့ကိုပေးစမ်း"

ပါစီပူစီသည် အားပျော့နေဟန်ရှိသော ဘူဒူးလှူငယ် တစ်ယောက်၏လှော်တက်ကို ဆွဲယူပြီး အားကုန်လှော်ခတ်လေတော့သည်။

"ကိုအောင်ဒင်ရေ အနားမှာ မည်းမည်းမြင်တာနဲ့ လက်မနှေးနဲ့ဗျို့"

"စိတ်ချ ကိုမီရာ"

"ဟိတ် ဟိုချာတိတ် လှေနံရံမှာပေနေတဲ့ သွေးတွေကို သုတ်





လိုက်စမ်း၊ ဒီအနံ့ရရင် ရောက်လာကြဦးမှာ"

သားစားမိကျောင်းများရန်မှ လွတ်မြောက်ရန် အားကုန်လှော်ခတ်ကြရင်းနှင့်ပင် လိုအပ်သည်များကို ကိုမီရာက မှာကြား၍နေ၏။ ဘူဒူးလှူငယ်ခေါင်းဆောင် ဘိုနီမှာ ပဲ့ကိုင်နေသည်ဖြစ်လေရာ သူ၏ ကျွမ်းကျင်မှုကိုလည်း အသိအမှတ်ပြု ကြရပေမည်။ သူကိုယ်တိုင် အားစိုက်လှော်ခတ်နေရင်းမှပင် တက်ကို လိုသလိုလှည့်ကစားရင်း ထိန်းကျောင်းသွားသည်မှာ ကျွမ်းကျင်ပိုင်နိုင်လွန်းလှပါပေ၏။

ကျွန်ုပ်မှာ ကိုမီရာ ဆိုထားခဲ့သည့်အတိုင်း မိကျောင်းနှစ်ကောင်ခန့်ကို ထပ်ပစ်ခဲ့ရချေသေး၏။ ကျည်ဆန်ထိမှန်သွားသောမိကျောင်းများကို အချင်းချင်း ဝိုင်းပြီး အလုအယက် ပွဲတော်တည်နေကြသည်မှာ သွေးပျက်ဖွယ်ရာပင်တည်း။ မြစ်ပြင်တစ်လျှောက်မှာ မိကျောင်းများ၏လှုပ်ရှားသံ၊ ကိုက်ခဲသံတို့နှင့် တဝုန်းဝုန်းဆူညံ၍နေတော့သည်။

"ရှေ့ကမြစ်ကွေ့ကိုကျော်ရင်တော့ မိကျောင်းတွေရန်က လွတ်ပြီဗျ"

ဘိုနီက နောက်ဘက်မှ လှမ်းအော်၍ပြောလေ၏။

"လုပ်လိုက်စမ်း ငါ့လူတို့။ ညီညီညာညာလေး"

စဖြစ်ဖြစ်ချင်း၌ ကြောက်လန့်တကြား လှော်ခတ်ကြသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တက်မညီလက်မညီဖြစ်ခဲ့သော်လည်း ယခုအခါ၌မူ ကျွန်ုပ်တို့လှေကလေးမှာ စက်တပ်ထားသည့်အလား လွှားခနဲ လွှားခနဲ ပြေး၍နေပေပြီ။ မိကျောင်းများမှာလည်း သွေးညှီနံ့ရရာ၌သာ လှယက်ကိုက်ခဲနေကြသောကြောင့် ကျွန်ုပ်တို့နောက်သို့ တစ်ကောင်တစ်မြီးမှလိုက်မလာကြတော့။ မြစ်ကွေ့ကိုကျော်လွှားနိုင်သည့်အချိန်ရောက်မှသာ ကျွန်ုပ်တို့မှာ သက်ပြင်းကို ရဲရဲချနိုင်ကြတော့သည်။

"ဗျူး … ခြေကုန်လက်ပန်းကို ကျကရောပဲ"

စပ်ဖြီးဖြီးမျက်နှာကြီးနှင့် ကျွန်ုပ်တို့ဘက်သို့ လှည့်ပြောလိုက်သည့် ပါစီပူစီကြီးကိုကြည့်ပြီး ကျွန်ုပ်လည်း ပြုံးမိလေတော့သည်။ ထိုလူကြီး၏ နီညိုရောင်ဝတ်ရုံကြီးမှာ ချွေးများနှင့် ရွဲနစ်၍နေသည်။

"ကျွန်တော့်အသက်ကိုကယ်ခဲ့တဲ့အတွက် မင်းသားလေးရဲ့ ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး"

မိကျောင်းကိုက်ခံရမလိုဖြစ်သွားသော ဘူဒူးလူငယ်က လျှွန်းတားမီရာ၏ခြေအစုံကို နမ်းရှုပ်ပြီးဆိုလေ၏။ ကိုမီရာက သူ၏ပခုံးကို ဆွဲထူလိုက်ပြီး …

"အဲဒါ မင်းတို့တွေ ဓာတ်တူသားဖြစ်တဲ့ လူသားကို မစားတော့ဘူးလို့ ကတိပေးခဲ့လို့ပဲ"





ဟု အချက်ကျကျဆိုလိုက်ရာ ဘူဒူးလူငယ်များအားလုံး …

"ဟုတ်တယ်၊ လူသားမစားဘူး၊ ဓာတ်တူသား မစားဘူး"

ဟု ကြွေးကြော်ကြလေတော့သည်။ ထို့နောက် ဘူဒူးလူငယ်များသည် သူတို့၏ဘာသာဘာဝ သီချင်းတစ်ပုဒ်ကို တညီတညာတည်း သီဆိုကြလေ၏။ မကြာသေးခင်ကမှ အသက်ဘေးမှ သက်စွန့်ဆံဖျား လွတ်မြောက်လာခဲ့ကြသည့်သူများမှာ ယခုအခါမှာတော့ ဘာမှမဖြစ်ခဲ့သလို ပျော်ရွှင်နေကြသည်ကိုကြည့်ပြီး ကျွန်ုပ်လည်း သူတို့ကဲ့သို့ အပျော်များကူးစက်ကာ သူတို့ သီဆိုနေကြသည့် ဟီးလေးဝါးလားဘူးထွားထွား အစရှိသည့် စကားလုံးများကို လိုက်ဆိုမိလေတော့သည်။

ထိုအချိန်၌ ပတ်ဝန်းကျင်မှာ အမှောင်ဘက်သို့ လှ၍လာ နေပြီ။ နေလုံးကြီး နှုတ်ဆက်ထွက်ခွာသွားပြီဖြစ်သောကြောင့် အကြွင်းအကျန်အလင်းစများသည်သာ ခပ်ပျပျ မှိန်ရီစွာ ကျန်ရှိ၍နေသည်။ ကျွန်ုပ်တို့ သင့်တော်ရာတစ်နေရာ၌ နားကြရပေဦးမည်။

"ဟင် ဟိုရှေ့မှာ ဘာတွေလဲ"

"မိကျောင်းကြီးတွေပဲလား"

မြစ်ကွေ့ကျင်းတစ်ခုကို ထပ်မံကျော်ဖြတ်လိုက်သည်နှင့် တွေ့ဆိုက်ရသောအရာများကြောင့် အထိတ်တလန့်ဖြစ်သွားကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ပျိုးနေပြီဖြစ်သောကြောင့် ခပ်လှမ်းလှမ်းတွင် ရပ်တန့်နေသောအရာများကို သဲကွဲစွာ မခန့်မှန်းနိုင်ကြ။

"လှေတွေပဲ၊ ဒါ ရန်သူတွေများလား"

ကိုမီရာ၏စကားကြောင့် ကျွန်ုပ်တို့အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြရပြန်သည်။

"ဒုက္ခပဲ၊ ကျုပ်မှာ လက်ကျန်ကျည်တစ်တောင့်ပဲ ရှိတော့တယ်၊ ဘယ်လိုလုပ်မလဲ"

လှေများမှာ ကမ်းစပ်တွင် ပူးကပ်ရပ်ထားခြင်းဖြစ်လေရာ လေးငါးစီးခန့်ရှိမည်ဟု ခန့်မှန်းရ၏။ လှေများပေါ်တွင် လူအရိပ်အယောင်များကိုတော့ မတွေ့ကြရ။ ထိုသူများမှာ ကုန်းပေါ်မှနေ၍ ကျွန်ုပ်တို့အား စောင့်ဆိုင်းနေကြမည်မှာ သေချာ၏။ ကျွန်ုပ်တို့မှာ ပြန်စုန်ဆင်းသွားဖို့လည်းမဖြစ်နိုင်။ ယခု ရောက်ရှိနေသည့် ကမ်းစပ်မှာလည်း မည်မျှနက်မည် မသိသော ရွှံ့ညွှန်များနှင့်သာ အတိပြီးနေလေရာ များစွာ အခက်တွေ့နေကြ၏။ ထို့ကြောင့် လှော်ခတ်မှုအရှိန်အဟုန်ကို လျှော့ချပြီး ခပ်ဖြည်းဖြည်းနှင့်ပင် အရိပ်အကဲကြည့်တက်လာရတော့သည်။

"ဒါ ကျွန်တော်တို့ တစ္ဆေလှေတွေပဲ၊ လှေတစ်စီးလုံးကို ရွှေပြားဘွနဲ့ကွပ်ပြီး တန်ဆာဆင်ထားဟာယ်၊ ဒီလိုလှေမျိုးကို ကျွန်တော်တို့





လူမျိုးတွေပဲ စီးတတ်တာ"

ပါစီပူစီက တီးတိုးပြောလိုက်သည်။

"ကဲ ကိုအောင်ဒင်ရေ ... ခင်ဗျားရဲ့ တစ်တောင့်တည်းကျန်တော့တဲ့ သေနတ်ကို အသာထားပြီး ကြင်ရာတော် နတ်သမီးရုပ်ကို ထုတ်စွပ်လိုက်ဗျာ၊ ဒါ ကျုပ်တို့ကို လာကြိုတဲ့လှေတွေလဲဖြစ်နိုင်တယ်ဗျ"

ကျွန်ုပ်လည်း ကိုမီရာပြောသည့်အတိုင်း နတ်သမီးမျက်နှာ ဖုံးကို ကမန်းကတန်း ကောက်စွပ်လေတော့၏။

ကျွန်ုပ်တို့၏လှေမှာလည်း တဖြည်းဖြည်းနှင့်ပင် လှေငါးစီးတွဲအုပ်စုအနီးသို့ ချဉ်းကပ်ရောက်ရှိလာတော့သည်။ ပါစီပူစီသည် လှေဦးထိပ်မှနေ၍ မတ်တတ်ထရပ်လိုက်၏။ သူ၏လက်ထဲတွင် သုံးတောင့်ထိုးလက်နှိပ်ဓာတ်မီးတစ်လုံးကိုလည်း ကိုင်ဆောင်ထား၏။

"ဟေး တစ္ဆေလူမျိုးများ... ရေနတ်ဘုရားရဲ့ကြင်ရာတော် မင်းသမီးနဲ့ နတ်ဘုရားရဲ့သားတော် မင်းသားလေးတို့ ရောက်ရှိလာသည်ကို မြင်ကြပါလျက် ဘာကြောင့် အမှောင်ကွယ်ပြီး ပုန်းလျှိုးနေကြသလဲ"

တစ္ဆေဘာသာစကားနှင့် ပီသစွာပြောလိုက်သည့် ပါစီပူစီ၏



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားထည်ဝါသောအသံကြီးက တိတ်ဆိတ်သောဝန်းကျင်ကို လွှမ်းမိုးလိုက်စေ၏။ ကျွန်ုပ်တို့သည် လှေကို လှေဝါးစီးတွဲ ပူးချည်ထားသည့်နေရာ၌ပင် ခပ်တည်တည်နှင့် ကပ်ရပ်လိုက်ကြသည်။ ထိုအခါကျမှပင် ကမ်းခြေချုံပုတ်များအတွင်း တိတ်ဆိတ်စွာ အကဲခတ်စောင့်ကြည့်နေကြသည့်သူများ အလျှိုအလျှိုနှင့် ထလာကြတော့သည်။ သူတို့ထဲမှ တီးတိုးစကားသံများကိုလည်း ကြားနေရ၏။

"သင်တို့ခေါင်းဆောင် ဘယ်သူလဲ၊ အမြင့်မြတ်ဆုံး ရေနတ်ဘုရားရဲ့ကြင်ရာတော် မင်းသမီးကို မထီမဲ့မြင်သဘောနဲ့ ဦးမခိုက်ကြတာလဲ"

ပါစီပူစီက လက်နှိပ်ဓာတ်မီးနှင့် ကျွန်ုပ်မျက်နှာတွင် တပ်ဆင်ထားသည့် နတ်သမီးရုပ်တုကိုပြပြီး ပြောလိုက်ရာ ကမ်းစပ်ပေါ်မှ ကြောက်လန့်တကြား အာမေဋိတ်သံများ ပေါ်ထွက်လာပြီး မြေပေါ်ပြားပြားဝပ်ကုန်ကြ၏။ သူတို့၏အခြေအနေကို ကြည့်လိုက်သည်နှင့် သည်တစ်ခါလည်း ကျွန်ုပ်တို့ အောင်မြင်ပြီကို တွက်ဆသိနိုင်ပေပြီ။

"သင်တို့ခေါင်းဆောင် ဘယ်သူလဲလို့ မေးနေတာ ဘာလို့ ပြန်မဖြေလဲ၊ မင်းသားလေးရဲ့ ဝရဇိန်လက်နက်နဲ့ အသက်ဇီဝိန်နုတ်တာ ခံချင်နေလို့လား"

ပါစီပူစီမှာ အသံရောဟန်ပါ အဟိတ်ကောင်းလွန်းလှချေ၏။





ကျွန်ုပ်သည် သူ၏သရုပ်ဆောင်ကောင်းပုံကိုကြည့်ပြီး စိတ်ထဲမှ ချီးကျူးနေမိ၏။ ပြားပြားဝပ်နေသည့်သူများထဲမှလူတစ်ဦး ကြောက်ရွံ့တုန်လှုပ်စွာနှင့်ထလာသည်။ ပါစီပူစီက ကိုင်ထားသည့်လက်နှိပ်ဓာတ်မီးအလင်းရောင်နှင့် ထိုသူ၏ မျက်နှာကိုထိုးလိုက်ရာ ထိုသူများ မျက်စိများကို လက်နှင့်ကာ ပြီး လဲပြိုကျသွားမတတ် လန့်ဖျပ်သွားတော့၏။

"ကျွန်... ကျွန်တော် ဒီအဖွဲ့ကိုခေါင်းဆောင်လာတဲ့ ယာ... ယာကူဘူပါ"

ထိုသူ၏အသံက တုန်ယင်လှုပ်ရှား၍နေသည်။ သူ၏နောက်လိုက်တစ္ဆေများမှာ အယောက်သုံးဆယ်ခန့်ရှိ၏။ သူတို့သည် မည်းနက်သောခန္ဓာကိုယ်များကို မြေပေါ်ပြားပြားဝပ်မှောက်ပြီး သူတို့ခေါင်းဆောင် ယာကူဘူ၏ကံကြမ္မာကို ချောက်ချားစွာနှင့် စောင့်ဆိုင်းကြည့်ရှုနေကြ၏။

"သင်တို့ ဒီမှာ ဘာလုပ်နေကြသလဲ"

"ဟို... ဘုရင်မက ရေနတ်ဘုရားမကို လာကြိုဆိုနိုင်းလို့ စောင့်နေကြတာပါ"

"ဒါဆိုရင် ရေနတ်ဘုရားမ အနားကိုရောက်လာတာတောင်မှ ဘာကြောင့် ပုန်းလျှိုးနေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ...ဒီလိုပါ၊ ဟို ... မှောင်ကလဲမှောင်နေတာဆိုတော့ ရန်သူ မိတ်ဆွေ မခွဲခြားနိုင်လို့ပါ၊ ကျွန်... ကျွန်တော်တို့ရဲ့အပြစ်ကို ခွင့်လွှတ်ပါ"

"ကောင်းပြီ၊ သင့်ကိုခွင့်လွှတ်တယ်၊ မလွှတ်ဘူးဆိုတာ ကျွန်ုပ်နဲ့ မသက်ဆိုင်ဘူး။ မင်းသားလေးက ဆုံးဖြတ်ပေးမယ်၊ မင်းသားလေး ခင်ဗျာ ဒီလူတွေက သူတို့ရဲ့အပြစ်ကို ခွင့်လွှတ်ပေးဖို့ တောင်းပန်နေကြပါတယ်၊ မင်းသားလေး ဆုံးဖြတ်ပေးပါ"

ပါစီပူစီက ကိုမီရာဘက်သို့ လှည့်ပြီး ဦးညွှတ်အရိုအသေပေးကာ မေးလိုက်၏။

"သင်တို့ရဲ့အကြောင်းပြချက်ဟာ နိုင်လုံတဲ့အတွက် ကျွန်ုပ် ခွင့်လွှတ်တယ်၊ ကဲ အားလုံး ဝပ်ဝပ်ဆင်းနေရာက ထပြီး သက်သက် သာသာ နေနိုင်ကြတယ်"

တချွေစကားနှင့် ပီသစွာပြောလိုက်သည့် ကိုမီရာအသံ ကြားမှ ပင် အားလုံး သက်ပြင်းချနိုင်ကြတော့သည်။ ထို့နောက် သူတို့ အားလုံး ကျွန်ုပ်နှင့်ကိုမီရာအား အပြန်ပြန်အလှန်လှန် ဦးချကြကုန် ၏။ ပါစီပူစီက တချွေနယ်မြေ၏ လက်ရှိအနေကို ပြန်လည်ရှင်းပြ၏။ ယခုအချိန်၌ စိတ်သက်သာရာရနေပြီဖြစ်သော ယာကူဘုသည် တချွေနယ်မြေအကြောင်းများကို ပြောပြနေရာမှ တစ်စုံတစ်ခုကို





အလေးအနက်ထားသည့်အနေနှင့် သူ၏မျက်နှာက တည်သွား၏။

"အရှင်တို့ကို အရေးကြီးတာတစ်ခု ကျွန်တော် ပြောချင်ပါ တယ်"

"ပြောလေ၊ ဘာပြောမှာလဲ"

"ဒီလိုပါ၊ ဘုရင်မ ရီဟာန်နာက ကျွန်တော့်ကို အလေးအနက်မှာ လိုက်တာက အရှင်တို့ကို ကြိုဆိုခေါ်ဆောင်လာတဲ့အခါမှာ လူသား စားဘူဒူးများ မပါဝင်လာစေဖို့ပါပဲ"

သူ၏စကားကြောင့် ဘိုနီနှင့် ဘူဒူးလူငယ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

"ကျွန်တော်တို့ မင်းသားလေးနဲ့တွေ့ပြီးကတည်းက လူသား မစားကြတော့ဘူး"

"ဟုတ်တယ်၊ ဘယ်သူမှမစားကြဘူး"

ဘိုနီက မကျေမနပ်နှင့်ပြောလိုက်ရာ ကျန်သည့်လူငယ်များက လည်း ဝိုင်းဝန်းထောက်ခံကြ၏။

"သင်တို့ စားတာ မစားတာ ကျွန်ုပ်တို့ မသိဘူး။ ကျွန်ုပ်ကတော့ ဘုရင်မပေးလိုက်တဲ့အမိန့်အတိုင်း ထမ်းဆောင်တာပဲ၊ လူသားစား အရိုင်းကောင်များ တချွေမြေကိုနင်းမှာကိုတော့ ဘုရင်မက လုံးဝ လက်မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ကြီးကျယ်လိုက်တာ"

"ဟုတ်တယ်၊ ငါတို့လူမျိုးက နဂိုကတည်းက ကြီးကျယ်ခဲ့တာပဲ မင်းတို့လူသားစားကောင်တွေသာ ရိုင်းစိုင်းသေးသိမ်နေကြတာ"

"ဘာပြောတယ်"

နစ်ဖက်စလုံး တင်းတင်းမာမာဖြစ်ကုန်ကြ၏။ သူတို့မှာ နဂိုကတည်းက ရန်သူများဖြစ်ကြသောကြောင့် နည်းနည်းလေး ထိမိုက်သည်ဟုထင်ရုံနှင့် မခံမရပ်နိုင်ဖြစ်နေကြခြင်းပင်တည်း။

"အားလုံး နားထောင်ကြစမ်း"

ကိုမီရာ၏ မာနီပါပါ ပြောလိုက်သည့်အသံကြောင့် တုတ်ဆွဲ ဓားဆွဲလုပ်နေကြသူများ ငြိမ်သက်သွား၏။

"ရှေးပဝေသဏီကတည်းက အမြစ်တွယ်ခဲ့တဲ့ ရန်ညိုးရန်စတွေကြောင့် စစ်မက်တွေဖြစ်ပွားခဲ့ကြတယ်။ ဒီလို လောင်မြိုက်နေတဲ့ ဒေါသမောဟတရားတွေကို နတ်ဘုရားက မလိုလားဘူး၊ ဒါကြောင့် သင်တို့ ခိုက်ရန်မဖြစ်ပွားကြနဲ့"

"မင်းသားလေးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ဘုရင်မ ရီဟန်နာရဲ့အမိန့်ကို ..."

ယာကူဘု၏စကားက သည်မှာတင် ပြတ်တောက်သွား၏။ သူ့မှာ ဘုရင်မရီဟန်နာကို လွန်စွာကြောက်ရွံ့နေရသည့် လက္ခဏာ





ရှိ၏။

"အကယ်၍ ဘူဒူးတွေကိုခေါ်လာရင် သင့်ကို ဘယ်လို အပြစ်ပေးမလဲ"

"ချက်ချင်း အမေးအမြန်းမရှိ ကွပ်မျက်ပစ်မှာ အမှန်ပါပဲ၊ နောက်ပြီး ကျွန်တော့်နောက်လိုက်တွေရော သူတို့ ဘူဒူးတွေကိုပါ အရှင်ထားမှာမဟုတ်ဘူး"

လွန်စွာ ကြောက်မက်ဖွယ်ကောင်းလွန်းလှပေစွ။ ကိုမီရာက ခေါင်းကိုညိတ်လိုက်ပြီး ဘိုနီတို့အဖွဲ့ကို ကြည့်လိုက်သည်။

"ကဲ ကြားတဲ့အတိုင်းပဲ မိတ်ဆွေတို့၊ ဒါ နှစ်ဖက်စလုံး အကျိုးမဲ့စေမယ့်ဓာတ်လမ်းပဲ၊ သူ့နယ်မြေမှာတော့ သူ့ဥပဒေနဲ့သူပေါ့လေ"

"ကျွန်တော်က မင်းသားလေးရဲ့အနားမှာ အလုပ်အကျွေးပြုချင်လို့ပါ၊ ကျွန်တော်နဲ့ပါလာတဲ့ ဘူဒူးလူငယ်များအားလုံးရဲ့ဆန္ဒကလဲ ဒီအတိုင်းပါပဲ၊ ဟုတ်ကြလား"

"ဟုတ်ပါတယ်"

ကိုမီရာက ပြုံးလိုက်သည်။ ဘိုနီက မျက်နှာငယ်လေးနှင့် ဆက်ပြောပြန်၏။

"တခြွေနယ်မြေဟာ သိပ်ကြောက်စရာကောင်းမှန်း ကျွန်တော်တို့ အစဉ်အဆက် သိထားခဲ့ကြပါတယ်၊ သွားလဲမသွားချင်ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်းသားလေးဟာ ကျွန်တော်တို့ရဲ့ အသက်သခင်ကျေးဇူး ရှင်ဖြစ်သလို ကိုးကွယ်ရာလဲဖြစ်ပါတယ်”

လူသားစားမျိုးနွယ်ရိုင်းမှ ပေါက်ဖွားလာခဲ့ကြသော်လည်း ထိုလူငယ်တို့၏ ကျေးဇူးသစ္စာသိတတ်ပုံမှာ အံ့ဖွယ်ကောင်းလှ၏။ ကိုမီရာက ဘိုနီထံသို့ လျှောက်သွားပြီး ပခုံးကို အသာဖက်လိုက်သည်။

“သင်တို့ရဲ့စိတ်ဆန္ဒကို ကျွန်ုပ် သဘောပေါက်တယ်၊ ကျွန်ုပ်တို့ တစ်ချိန်မှာ ပြန်လည်ဆုံတွေ့ကြဦးမှာပါ၊ ကဲ မိတ်ဆွေတို့ ခု အနေအထားကတော့ ဟောဒီ ယာကူဘူ ပြောတဲ့အတိုင်း လက်ခံလိုက်တာ အသင့်လျော်ဆုံးပဲ၊ ဒါကြောင့် သင်တို့ ဒီမှာ တစ်ညနားပြီး မနက်ဖြန်ကျရင် ပြန်ကြပါ၊ ကဲ ယာကူဘူ ဒီ တစ်ညတာအတွင်းမှာ ဟောဒီ ဘူဒွားလူငယ်များကို အန္တရာယ်မပေးပါဘူးလို့ ကတိပေးနိုင်လား”

“ပေးနိုင်ပါတယ် အရှင်”

“ကောင်းပြီ၊ ဒီလူငယ်တွေ သင်တို့ရဲ့ လက်ချက်နဲ့ တစ်ခုခု ဖြစ်ရင်တော့ သင်တို့အားလုံး အသက်နဲ့ခန္ဓာ အိုးစားကွဲပြီသာမှတ် သင်တို့ကိုးကွယ်တဲ့ နေနတ်ဘုရားမက သင်တို့ရဲ့ ဝိညာဉ်ကို ရှော ချင်းယူပစ်မယ်ဆိုတာ သဘောပေါက်ထား”

ကိုမီရာက ကျွန်ုပ် စွပ်ထားသည့် နတ်ဘုရားမ၏မျက်နှာဖုံး လက်ညှိုးထိုးပြီး ပြောလိုက်သည်။ သည်တစ်ခါမှာတော့ တစ်ချိန်





ငြိမ်ကုပ်နေပြီး ပွဲကြည့်ပရိသတ်လုပ်နေသည့် ကျွန်ုပ်၏အခန်းကဏ္ဍ ရောက်ပေပြီ။ ကျွန်ုပ်က မျက်နှာဖုံးစွပ် အတွင်းမှနေ၍ “အူး ဝူး ဝူး” ဟု အသံနက်ကြီးနှင့်အော်လိုက်ရာ တစ္ဆေလူမျိုးများတင်မက ဘူဒွား လူငယ်များပါ ကုန်းကန်တော့ကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## တဈွေမြို့တော်မှ ဘုရင်မ

ထိုနေရာလောက် ရွှေပေါ်များသည့်နေရာမျိုး ကျွန်ုပ်တစ်သက်တာ၌ တစ်ခါမှ မမြင်မတွေ့ဖူးခဲ့ချေ။ ရွှေတုံးရွှေခဲများမှာ မြို့တော်နေရာအနှံ့ ပြန့်ကျဲ၍နေ၏။ သူတို့၏ အသုံးအဆောင်ပစ္စည်းများတင်မက အဆောက်အအုံများကိုပင် ရွှေပြားများခတ်၍ တန်ဆာဆင်ထားသောကြောင့် တစ်မြို့လုံးမှာ ပြောင်ပြောင်ဝင်းဝင်းနှင့် လင်းလက်၍နေ၏။

ယာကူဘူတို့အုပ်စုနှင့်အတူလိုက်ပါလာကြသည့် ကျွန်ုပ်တို့သုံးဦးကို အာဆကေမြို့သူမြို့သားများက လမ်းဝဲယာ တစ်ဖက်တစ်ချက်မှ စီတန်း၍ကြိုဆိုကြ၏။ သူတို့၏မျက်လုံးများမှာ အံ့ဩ





များနှင့် အတိပြီး၍နေသည်။ ကျွန်ုပ်မှာ နတ်ဘုရားမ၏မျက်နှာဖုံးကို ဆုံးစံအတိုင်းစွပ်ပြီး ရှေ့ဆုံးမှလျှောက်ရလေ၏။ ကျွန်ုပ်၏နောက်မှ ကိုခီရာနှင့် ပါစီပူစီတို့ လိုက်ပါကြပြီး ထိုနောက်တွင်မှ ယာကူဘူတို့အဖွဲ့ ရိုကျိုးစွာနှင့်ပါလာခဲ့ကြ၏။

တဈွေလူမျိုးများသည် နတ်ဘုရားမကို မည်မျှကြောက်သနည်းဆိုသော် ကျွန်ုပ်က စူးစမ်းသည့်သဘောနှင့် သူတို့ဘက်သို့လှည့်ကြည့်မိသည်နှင့် မျက်နှာများကိုငုံ့ပြီး အလဲလဲအပြိုပြိုဖြစ်ကုန်ကြ၏။ နတ်ဘုရားမရုပ်တုကို မည်သူမျှ တည့်တည့်မကြည့်ရဲကြ။ ကျွန်ုပ်က မျက်ရှုံ့ထပြီး ဝှးဝှးဝါးဝါးလုပ်လိုက်သည့်နေရာမျိုးဆိုလျှင်ပြေးသူပြေး မြေပေါ် ဝပ်ချသူချနှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ကြတော့သည်။

“ကိုအောင်ခင်ရေ ကြောက်တယ်ဆိုတိုင်းဖြစ်ခြောက်မနေနဲ့ဗျ။ အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်ပြီ”

ကိုခီရာက သတိပေးမှပင် ကျွန်ုပ်မှာ မှင်ပြန်သတ်ဖြစ်တော့သည်။ တဈွေလူမျိုးမှာ ပါစီပူစီကဲ့သို့ပင် နက်မှောင်သော အသားအရေရှိပြီး များသောအားဖြင့် ဖျင်ကြမ်းဝတ်ရုံများကို ဝတ်ဆင်ထားကြကုန်၏။ အမျိုးသမီးများမှာမူ သူတို့၏ဝတ်ရုံပေါ်တွင် ရွှေချည်ရွှေပြားများကို ဆင်၍ အလှအပ ခြယ်သထားကြသည်ကို တွေ့မြင်ရ၏။

ပါစီပူစီသည် မှော်လင့်ခြင်းမျက်လုံးများနှင့် သူ တွေ့မြင်ချင်သူ



www.burmeseclassic.com

www.burmeseclassic.com



များကို လိုက်ရှာ၍နေလေသည်။ သူ့ထံမှ သက်ပြင်းချသံကြီးများကို မကြာခဏ ကြားနေရ၏။ ကျွန်ုပ်တို့မှာ မြို့တံခါးဝမှနေ၍ လေးဖာလုံခန့် လျှောက်ဝင်လာခဲ့ပြီးဖြစ်လေရာ ဘုရင်မ၏စံအိမ်တော်ကို ခပ်ပျပျမြင်ရသည့်နေရာသို့ ရောက်ရှိလာခဲ့ကြပေပြီ။

အတွင်းမြို့ရိုးဟုခေါ်ရမည့် ထူထဲသည့်နံရံကြီးကို ရွှေတုံး ရွှေခဲကြီးများနှင့် မံ၍ထားပြီး ထိုအထဲတွင်မှ ဘုရင်မ၏စံအိမ်တော်မှာ ရွှေတောင်ကြီးနှစ်ခုကို နောက်ခံပြုပေါ် လွင်၍နေလေသည်။

"ဘုရင်မစံအိမ်တော်ရဲ့ လက်ဝဲဘက်မှာ ပန်နီဆာနတ်ဘုရားကြီးရဲ့ ဘုရားရေအိုင်ကြီးရှိတယ်၊ ဒီရေအိုင်ကြီး ဘယ်လောက်နက်တယ်ဆိုတာ ဘယ်သူမှမပြောနိုင်ဘူးဗျ"

ပါစီပူစီက ကိုမီရာကို ပြောပြနေသည့်အသံကို ကြားရ၏။

"ဒီရေအိုင်ကြီးက တောင်နှစ်လုံးကြားက စီးဆင်းနေတဲ့ မြစ်နဲ့ဆက်စပ်လို့နေတယ်"

"အဲဒီမြစ်က ကျုပ်တို့ အခု ဆန်တက်လာတဲ့မြစ်နဲ့ အတူတူမဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော်တို့ အခု ဆန်တက်လာတဲ့မြစ်က ဒီမြစ်ရဲ့ လက်တက်တစ်ခုပဲ"

"ဒါဆိုရင် ဒီအထိ လှေနဲ့ဆန်တက်ခဲ့လို့ မဖြစ်ဘူးလား"





"မဖြစ်ဘူးဗျ၊ ဒီရဲ့အလွန်မှာ ရေတံခွန်အသေးစားလေးရှိပြီး ရေစီးအလွန်သန်သဗျ၊ သဘာဝအတားအဆီးတစ်ခုပေါ့ဗျာ"

ကျွန်ုပ်သည် ရှေ့မှနေ၍ သူတို့နှစ်ဦး၏အော်သံကို နားစိုက်နေခဲ့မှာပင် "ပါစီပူစီ"ဟု ခေါ်လိုက်သည့် အမျိုးသမီးတစ်ဦး၏အသံကို ကြားလိုက်ရသည်။ အသံကြားရာဘက်သို့ စိတ်ဝင်တစားနှင့် ကျွန်ုပ်လှည့်ကြည့်မိလေရာ လူအများမှာ ကြောက်လန့်တကြားနှင့် အလဲလဲအပြိုပြိုဖြစ်ကုန်ပြန်သည်။ သို့သော် အသက်သုံးဆယ်ကျော်အရွယ် လုံးကြီးပေါက်လှ ညိုညိုမောင်းမောင်း အမျိုးသမီးတစ်ဦးကသော့ တည်ငြိမ်စွာနှင့်ရပ်နေ၏။ သူ၏ ထူအမ်းအမ်းနှုတ်ခမ်းများကတဆတ်ဆတ်နှင့်တုန်နေကာ ညို့မှိုင်းရီဝေနေသောမျက်ဝန်းများနှင့် ပါစီပူစီကို ကြည့်၍နေသည်။

"အလီရှာ"

ပါစီပူစီ၏နှုတ်မှ လွတ်ခနဲထွက်သွားသော အာမေဍိတ်သံကြောင့် ထိုအမျိုးသမီးမှာ သူ၏ငယ်ချစ် အလီရှာဖြစ်မှန်း ကျွန်ုပ်အမှတ်ရမိတော့သည်။ ဘိုင်စကုတ်ထဲမှ မင်းသား မင်းသမီးများပမာ အချိန်ကာလတာရှည်စွာ ဝေးကွာနေကြသော ချစ်သူနှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက် ပြေးဖက်ရင်း အလွမ်းသည်ကြတော့သည်။ သူတို့၏အာရုံထဲတွင် များပြားလှသောလူထုကြီးကို မေ့လျော့



www.burmeseclassic.com

www.burmeseclassic.com



သွားပုံရလေ၏။

ပါစီပူစီကဲ့သို့ပင် အလီရှာမှာလည်း ယခုအချိန်ထိ အိမ်ထောင်မထူဘဲ အချစ်ကြီးစွာ စောင့်မျှော်နေသည့်အကြောင်းကို ကြားရသောအခါ ကျွန်ုပ်တို့မှာ သူတို့နှစ်ဦး၏မေတ္တာကို များစွာ အံ့ဩလေးစားမိတော့သည်။ အလီရှာ၏ ပြောစကားအရ ပါစီပူစီ၏မိခင်ကြီးမှာ အချိန်ကာလတော်တော်ကြာကတည်းက ဆုံးပါးသွားခဲ့ပြီ ဆိုသည့်အကြောင်းကိုလည်း သိရပြန်ရာ ကျွန်ုပ်မှာ ပါစီပူစီနှင့်ထပ်တူ စိတ်မကောင်းဖြစ်မိ၏။

"၃"

ထိုအချိန်မှာပင် စံအိမ်တော်ဆီမှ မောင်းသံကြီးတစ်ချက် ပေါ်ထွက်လာရာ ကျွန်ုပ်တို့မှလွဲ၍ တစ္ဆေမြို့သူမြို့သားများ အားလုံးဒူးထောက်၍ထိုင်လိုက်ကြကုန်၏။

"ဘုရင်မ ကြွချီလာပြီ၊ သူ အမိန့်မပေးဘဲ သူ့ကို ဘယ်သူမှ မော်ကြည့်ခွင့်မရှိဘူးဗျ"

ပါစီပူစီက တိုးတိုးပြောလေ၏။ ကျန်အချိန်များ၌ မည်သည့်အခါမှ ကြောက်ရွံ့ဟန်မပြခဲ့သော ပါစီပူစီမှာ ယခုအခါမှာတော့ လွန်စွာထိတ်လန့်တုန်လှုပ်နေပုံရလေ၏။ တစ္ဆေလူမျိုးသွေးအပြည့်ပါသူတစ်ဦးပီပီ သူသည်လည်း သူ၏ချစ်သူ အလီရှာနှင့်အတူ အများ





နည်းတူ ငုတ်တုတ်ထိုင်၍နေလေသည်။ လမ်းပေါ်တွင် မတ်တတ်ရပ်လျက်ကျန်နေသူဟူ၍ ကျွန်ုပ်နှင့် လူစွန့်စားဧရာတို့နှစ်ဦးသာ အထင်းသားတည်ရှိနေပေတော့သည်။

အတွင်းဝင်းတံခါးဆီမှ ဦးစွာထွက်ရှိလာသူများကတော့ ရွှေနှင့်ငွေလုပ်ထားသည့် ပုဆိန် ဓား လှံများကို ကိုင်ဆောင်ထားကြသည့် တစ္ဆေရဲမက်များ။ သူတို့အနောက်တွင်မှ အားကောင်းမောင်းသန် သူလင်ပျို့ရှစ်ဦး ထမ်းလာသည့် ရွှေဝေါယာဉ်တစ်စီး။ ရွှေပြးခတ် နီညိုရောင်တင်းတိမ်ကာရံထားသည့် အထဲတွင် ဘုရင်မကြီး ရှိဟန်နှာပါလာမှာ သေချာ၏။

မည်သို့မှန်းမသိ။ ကျွန်ုပ်၏ရင်မှာ ဝေါယာဉ်နီးလာသည်နှင့်အမျှ တဒိန်းဒိန်းနှင့် အခုန်မြန်လာ၏။ ဘုရင်မဝေါယာဉ်ရှေ့မှ ကာကွယ်ရန်လိုက်ပါလာသော တစ္ဆေရဲမက်များမှာ မြင့်မားထွားကျိုင်းသူများဖြစ်ကြသည်၊ သူတို့သည် အောက်ပိုင်းကို အောက်ပိုးကျိုက်၍ အထက်ပိုင်းကို ဗလာကျင်းထားကြလေရာ နက်ပြောင်နေသော ခန္ဓာကိုယ်ကြီးများမှာ ကြွက်သားအစုအဖွဲ့တို့နှင့် အထင်းသား ပေါ်လွင်၍နေ၏။

သူတို့၏ မျက်နှာမည်းကြီးများမှာ လူသေကောင်များကဲ့သို့ ခံစားမှု ကင်းမဲ့၍နေလေသည်။ တစ္ဆေရဲမက်များသည် ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အနီးရောက်လာသည်နှင့် လမ်းဘေးတစ်ဖက်တစ်ချက်သို့ ရှဲသွားပြီး အခြားသူများကဲ့သို့ပင် ဦးခေါင်းကိုညွှတ်၍ ဒူးတစ် ချောင်းကိုထောက်ကာ ထိုင်ချလိုက်ကြသည်။

မကြာမီမှာပင် ဘုရင်မ၏ဝေါယာဉ်သည် ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာပြီး ရှပ်တန့်သွားတော့သည်။ ဝေါထမ်းလာသည့် လူငယ်များမှာ အသက်နှစ်ဆယ်ဝန်းကျင်သာရှိပြီး ရုပ်ရည်ပြေပြစ်သူများဖြစ်ကြ၏။ ထိုသူများမှာ ဘုရင်မ၏အနီးကပ်ပျော်တော်ဆက်များဖြစ်ကြောင်းကို နောင်အခါတွင်မှ ကျွန်ုပ်တို့ သိကြရသေးသည်။

ဘုရင်မ၏ ဝေါယာဉ်နံဘေးတွင် အခြားသူများကဲ့သို့ ငုတ်တုတ်မထိုင်ဘဲ ရပ်တန့်နေသူတစ်ဦးရှိ၏။ ထိုသူသည် အခြားသူများနှင့်မတူသည့် ရွှေပြားခတ်အနီရောင်ကိုယ်ကျပ်အကျႌကို ဝတ်ထား၏။ ဦးခေါင်းတွင်လည်း ကျောက်မျက်ရတနာများနှင့် စီခြယ်ထားသည့် ရွှေကွင်းတစ်ကွင်းကို စွပ်ထား၏။ အောက်ဘက်တွင်လည်း ခပ်ရွှရွှ ဘောင်းဘီသဏ္ဍာန် အစိမ်းရောင် အဝတ်တစ်ခုကို စီးထားလေရာ သူ၏ပုံမှာ တစ်မူကွဲပြား၍နေလေသည်။

ထိုသူသည်ကား ဘုရင်မ၏ မန်ဂလာလင်ယောကျ်ား ဖြစ်၏။ ထိုသူသည် သက်ာမကောင်းပုံပေါက်ရှိသည့် စူးရှသောမျက်ဝန်းများနှင့်





ကျွန်ုပ်တို့အား စိုက်ကြည့်၍နေ၏။ ကျွန်ုပ်မှာ ထိုသူကို ကြည့်လိုက်၊ သခုတိုင် တင်းတိမ်ကိုမဖွင့်သေးဘဲ ငြိမ်သက်နေသည့် ဝေါယာဉ်ကို ကြည့်လိုက်နှင့် စိတ်လှုပ်ရှား၍နေသည်။ ထူးခြားသည်မှာ လူများ သည်မျှလောက်များပြားနေပါလျက်နှင့် အပ်ကျသံပင်မကြားရလောက်အောင် ဆိတ်ငြိမ်နေခြင်းပင်တည်း။

သိပ်မကြာခင်မှာပင် သွယ်နွဲ့သော လက်ကလေးတစ်ဖက်၏လှုပ်ရှားမှုနှင့်အတူ တင်းတိမ်စသည် ပွင့်ဟသွားပြီး လွန်စွာပြေပြစ်ချောမောလှပသည့် ဘုရင်မရီဟာန်နာကို ကျွန်ုပ်တို့ တွေ့မြင်ကြရတော့သည်။ ရီဟာန်နာသည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီး ကိုမီရာကိုတော့ အတန်ကြာ စူးစိုက်ကြည့်နေလေ၏။ သူမ၏အကြည့်မှာ ကွဲကွာခဲ့တာကြာပြီဖြစ်သော မိတ်ဆွေဟောင်းတစ်ဦးကို ရုတ်တရက်ပြန်တွေ့လိုက်ရသောကြောင့် အံ့သြမှင်တက်သွားသည့်ပုံမျိုး ပေါက်၍နေ၏။ သူ၏မျက်ဝန်းများမှာ လင်းလက်၍နေပြီး ဘီကျလှပသောနှုတ်ခမ်းလေးမှာ အနည်းငယ်ပွင့်ဟ၍နေလေသည်။

"ငါ ဆင်းမယ်"

ကြိုသာသော်လည်း ပြတ်သားလှသည့်အသံနှင့် အမိန့်ပေးလိုက်သည်နှင့် ကျွန်ုပ်တို့မှာ အံ့ဖွယ်အခြင်းအရာကို တွေ့မြင်ကြရလေတော့သည်။ သူ၏ရဲမက်ကြီးများမှာ ဝေါယာဉ်နံဘေးသို့ အပြေး



www.burmeseclassic.com

www.burmeseclassic.com



အလွှားရောက်လာကြပြီး သူတို့၏ခန္ဓာကိုယ်များကို ကုန်းကုန်းကွကွ လုပ်ကာ လှေကားထစ်များသဖွယ် ပြုလုပ်ပေးကြ၏။

ထိုသူများ၏ကျောကုန်းများပေါ် နင်းလျှောက်၍ ရီဟာန်မှာ သည် ကူ့နွေ့ရရပင် ဆင်းချလာတော့သည်။ သူမ၏လင်ယောက်ျား ဖြစ်သူက လက်ကို ကမ်းပေးသော်လည်း သူမက အကိုင်မခံဘဲ လက်ကိုပုတ်ထုတ်လိုက်ရာ ထိုသူမှာ မျက်စိမျက်နှာပျက်သွားရ တော့သည်။

ဘုရင်မ၏ အသားအရေမှာ သူတို့ တစ္ဆေလူမျိုးကြီးများလို မည်းနက်မနေဘဲ ညိုညက်ညက်နှင့် စိုပြည်လှပေ၏။ သူမသည် ပါးလွှာပျော့ပျောင်းသော ဂါဝန်ကဲ့သို့ ရွှေရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားလေရာ အကွေ့အဝိုက် အမို့အမောက်များနှင့် လွန်စွာ တင့်တယ်ပြေပြစ်သော ခန္ဓာကိုယ်အလှမှာ စိတ်လှုပ်ရှားဖွယ် ပေါ် လွင်၍နေပေ၏။

သူမ၏အလှကိုဖွဲ့ရမည်ဆိုလျှင် လှသည်ထက်ပိုလှသည်၊ ရက် ရက်စက်စက်လှသည်ဟုပင် ဆိုရပေတော့မည်။ အဘယ်ကြောင့် ဤသို့ပြောရသနည်းဟုဆိုသော် စူးရဲထက်ရှသောမျက်လုံးနှင့် ပြည့်ပြည့်နှုတ်ခမ်းတို့က အစဉ်သဖြင့် ပြုံးရောင်သမ်းနေသော်လည်း ထိုအပြုံးနောက်ကွယ်မှ ကြောက်မက်ဖွယ်ရာကောင်းသော ရက်





ကြမ်းခြင်းတို့ကို ခံစားသိရှိနေရသောကြောင့်ဖြစ်ပေ၏။ သူတို့လူမျိုး များက သူမကို နှစ် ထောင်ပေါင်းများစွာအသက်ရှည်သူဟု ယုံကြည် ကြသော်လည်း ကျွန်ုပ်တို့အမြင်မှာတော့ အသက်နှစ်ဆယ်စွန်းစွန်း ခန့်လောက်သာရှိမည်ဟု ခန့်မှန်းရလေ၏။

ကျွန်ုပ်တို့ရှေ့ ရပ်လိုက်စဉ်တွင် သူမထံမှ အမျိုးအမည် ခွဲခြား ရသော ကိုယ်သင်းနံ့တစ်မျိုးကို ရနေလေရာ ကိုမီရာတော့ မည်သို့ နေမည်မသိ၊ ကျွန်ုပ်မှာတော့ ရင်များ ဗလောင်ဆူပြီး ကတုန်ကယင် ကြီးဖြစ်၍နေတော့သည်။

"နောက်ဆုံးကျတော့ အမိနတ်ဘုရားဟာ သူ့ရဲ့ဘုမိနက်သန် အရာမှန်ကို ပြန်ရောက်လာတာပါပဲလား၊ သူနဲ့အတူ ကျွန်ုပ် ဘဝ ပေါင်းများစွာ စောင့်မျှော်နေတဲ့သူကိုလဲ ပါအောင်ခေါ် လာခဲ့တာပဲ၊ ကျေးဇူးကြီးမားလှပါဘိ"

သူမက ကျွန်ုပ်မျက်နှာပေါ် တွင် စူးစိုက်ထားသည့် နတ်ဘုရားမ အာရုံတော့ကို ကြည့်ပြီး ဆည်းလည်းလှုပ်ခတ်သံမျိုးနှင့် ဆိုလိုက်၏။ သူမ ဆက်ဆက်တွဲပြောလိုက်သည့် ဘဝပေါင်းများစွာ စောင့်မျှော်နေ သူ ဆိုသည့် အသုံးအနှုန်းကိုတော့ မည်သည့်သဘောနှင့်ပြောလိုက် မှန်း ကျွန်ုပ် နားမလည်ပါ။

"ကြင်ရာတော်နတ်ဘုရားမရုပ်တုက အစစ်အမှန် ဟုတ်ရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် မစစ်တော့ဘူးလား"

"ဘာရယ်"

သူတို့၏ဘာသာစကားနှင့် ရှင်းလင်းပြတ်သားစွာမေးလိုက်သည့် လှစွန့်စားမီရာ၏ စကားသံကြောင့် သူမ များစွာ အံ့သြသွားပုံရလေ၏။

"သင်က ကျွန်ုပ်တို့ဘာသာစကားကို ဘယ်လိုတတ်နေတာလဲ"

လှစွန့်စားမီရာက ဘာမှပြန်မဖြေဘဲ ပခုံးတွန့်ပြီး ပြုံးလိုက်သည်။

"ရေနတ်ဘုရားရဲ့သားတော် မင်းသားလေးဆိုတာ ရှင်ပဲမဟုတ်လား"

ထိုအမေးကိုလည်း ကိုမီရာက မဖြေဘဲ ပြုံး၍သာနေ၏။

"ရေနတ်ဘုရားရဲ့သားတော်ရယ်၊ နတ်ဘုရားမကို ပင့်ဆောင်လာမယ့် ဝိညာဉ်လှသူတစ်ယောက်ရယ်၊ နတ်ဆရာကြီးတစ်ဦးရယ် ရောက်လာကြပြီဆိုလို့ ကျွန်ုပ် ဆင်းလာတာ၊ အခု သင်တို့နှစ်ယောက်ကိုပဲ တွေ့နေရပါလား၊ နတ်ဆရာကြီး ဆိုတာ ဘယ်မှာလဲ"

"ရှိပါတယ်၊ သူက သင်တို့ တစ္ဆေလူမျိုးပဲလေ၊ ဟိုနားမှာ သင်တို့ တစ္ဆေလူမျိုးထုံးစံအတိုင်း ခစားနေလေရဲ့"

လှစွန့်စားမီရာ ညွှန်ပြရာသို့ ကြည့်လိုက်ရာ ဒူးထောက်ပြီး ခေါ





နေသည့် ပါစီပူစီကို မြင်လိုက်ရသည့်အခါ ဘုရင်မ၏မျက်နှာ ခင်းမာခက်ထန်သွား၏။

"ဒီလူဟာ ယခင်နတ်ပူဇော်ခံခါနီးမှာ နတ်ဘုရားမရုပ်တုနဲ့ ထွက်ပြေးလွတ်မြောက်သွားတဲ့ ရာဇဝတ်ကောင်မဟုတ်လား၊ ဒီလိုကောင်ကို နတ်ဘုရား စိတ်ပြေဖို့ ချက်ချင်း အပြစ်စီရင်ရလိမ့်မယ်"

ဘုရင်မ၏ မာထန်သောစကားလုံးများကြောင့် ဦးခေါင်းငုံ့ ဒူးထောက်ထိုင်နေသည့် ပါစီပူစီမှာ များစွာတုန်လှုပ်သွားပုံ ရလေ၏။

"သူဟာ သူ့သဘောနဲ့သူ ထွက်ပြေးသွားတာမဟုတ်ဘူး၊ ရေနတ်ဘုရားရဲ့ကြင်ရာတော်နတ်ဘုရားမက သူ့ကို ခေါ် ဆောင်သွားခဲ့တာပဲ၊ သူ့မှာ ဘာအပြစ်မှမရှိဘူး၊ အခု ရေနတ်ဘုရားမဟာ သူ့ကြောင့် ပြန်ရောက်လာတာဖြစ်တဲ့အတွက် သင့်အနေနဲ့ သူ့ကို ကျေးဇူးတောင်တင်သင့်တယ်"

တည်ငြိမ်ပြတ်သားစွာပြောလိုက်သည့် လှစွန့်စားမီရာကို ဘုရင်မက တွေတွေကြီး စိုက်ကြည့်လိုက်သည်။

"သူ့ကို အပြစ်ယူမှာကို သင် မနှစ်သက်ဘူးပေါ့၊ ရှိစေတော့၊ သင့်ရဲ့မျက်နှာကြောင့် ကျွန်ုပ် ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်တယ်၊ ကျွန်ုပ်ဟာ နတ်ဘုရားမကို ကြိုဆိုချင်ဇောကြီးမားလွန်းလို့သာ နန်းတော်တွင်းကနေ ဒီကိုထွက်လာခဲ့တာပါ၊ ကဲပါလေ နတ်ဘုရားမ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုကို ကျွန်ုပ်လက်ထဲ အပ်ပါဦး"

ကိုမီရာက ခေါင်းညိတ်လိုက်သောကြောင့် ကျွန်ုပ်လည်း မျက်နှာဖုံးရုပ်ကိုချွတ်ပြီး သူမကိုကမ်းပေးလိုက်၏။ ယခုမှပင် ကျွန်ုပ်လည်း မျက်နှာကို တင်းကျပ်စွာစည်းနှောင်ခံထားရခြင်းမှ ပေါ့ပါး လွတ်ကင်းလေတော့သည်။ ဘုရင်မသည် သူ့လက်ထဲရောက်လာသည့် မျက်နှာဖုံးရုပ်တုကိုကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။ ထို့နောက် သူမသည် ကျွန်ုပ်အား သာမန်ကာလျှံကာ တစ်ချက်ကြည့်လိုက်ပြီးမှ ကိုမီရာ၏မျက်နှာကို စေ့စိုက်ကြည့်နေကာ ထိုအတောအတွင်း သူမ၏မျက်ဝန်းထဲ၌ လင်းလက်နေသော အလင်းရောင်တချို့ကို ကျွန်ုပ် မြင်လိုက်ရသည်။

"ခင်းသားလေး ... သင်ဟာ ကျွန်ုပ် မြင်ဖူးသမျှယောက်ျား တွေထဲမှာ တကယ့်ကို ယောက်ျားပီသပြီး ချောမောခန့်ညားတဲ့သူပဲ နတ်ဒေဝတာတစ်ပါးလို့ တင်စားခေါ်ဝေါ်ရလောက် အောင် တင့် တယ်လှပေတယ်"

သူမ ထိုစကားပြောနေစဉ်အတွင်း သူမ၏လင်ယောက်ျား မန်ဂလာကြီးကို ကျွန်ုပ် ကြည့်လိုက်ရာ လွန်စွာ မနာလိုအူတို ဖြစ်နေသည့်ရုပ်သွင်ကြီးကို တွေ့မြင်လိုက်ရ၏။

"သင့်ကို ရေနတ်ဘုရားရဲ့သားတော်လို့ ဘာကြောင့်ခေါ်ခေါ်





ကြသလဲဆိုတာတော့ ကျွန်ုပ် မသိဘူး၊ အို ... ဒါထက် သင်တို့ကိုင်ဆောင်ထားတဲ့အရာတွေက ဘာတွေလဲ၊ ဒီလိုအရာမျိုးတွေ ကျွန်ုပ် မမြင်ဖူးပါလား"

ဘုရင်မက ကိုမီရာ့ထံမှ ခြောက်လုံးပြူးနှင့် ကျွန်ုပ်၏ ဝင်ချက်စတာရိုင်ဖယ်သေနတ်ကိုကြည့်ပြီး မေးလိုက်၏။

"ဒါတွေဟာ သေခြင်းတရားကိုပေးစွမ်းနိုင်တဲ့ နတ်ဆိုးနဲ့ အလားသဏ္ဍာန်တူတဲ့အရာများဖြစ်လို့ သူတို့ကို သေနတ်လို့ခေါ်တယ် ဘုရင်မ"

"အို... ဟုတ်လား၊ ဒါလေးတွေက လူကို သေစေနိုင်တယ်ပေါ့"

"လူတင်မကဘူး အသက်ရှိတဲ့သတ္တဝါမှန်သမျှကို သေစေနိုင်ပါတယ်"

ဘုရင်မသည် လွန်စွာ စိတ်ဝင်စားသွား၏။

"ကျွန်ုပ်က ပြောရုံနဲ့ ယုံတတ်တဲ့သူတော့မဟုတ်ဘူး၊ လက်တွေ့ကျကျမှသဘောကျတာ၊ သင် စမ်းပြနိုင်မလား"

"စမ်း ဆိုရင်တော့ စမ်းပြလို့ရပါတယ်"

"ဒါဆိုရင် ..."

ဘုရင်မက စကားစကိုဖြတ်လိုက်ပြီး အလွန်ရက်စက်သည့် အပြုံးမျိုးနှင့်ပြုံးလိုက်ကာ သူ့ယောက်ျား မန်ဂလာကို လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"အဲဒီ အသုံးမကျတဲ့ တိရစ္ဆာန်လိုကောင်ကို သေအောင်လုပ်ပြစမ်းပါ"

ရက်စက်လွန်းသည့် သူမ၏စကားကြောင့် လင်ယောကျ်ားဖြစ်သူ မန်ဂလာမှာ များစွာ ထိတ်လန့်တုန်လှုပ်သွား၏။ သူ၏တစ်ကိုယ်လုံးမှာ ကြောက်ရွံ့မှုများနှင့်အတူ တစ်ကိုယ်လုံး တုန်ယင်နေပြီး လဲပြိုကျမလောက် ဖြစ်နေတော့၏။ ဘုရင်မက သူ၏အဖြစ်ကိုကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ကျောက်ဆစ်ရုပ်များပမာ ငုတ်တုတ်ထိုင်နေကြသည့် အာဆကေတဗွေကြီးများမှာ မည်သို့ဆက်ဖြစ်မည်ကို စိတ်ဝင်စားကြသော်လည်း မော်မကြည့်ဝံ့ကြ။ သူတို့၏ရင်တွင်းမှာလည်း ချောက်ချားလှုပ်ခတ်နေကြမည်မှာ သေချာလှပေ၏။

"ဒီလိုလုပ်တာ နတ်ဘုရား မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ၊ အသုံးမဝင်တဲ့သူကို ဖယ်ထုတ်ရမှာပဲ မဟုတ်လား။ ကိုယ့်ကို လာစူးနေတဲ့ဆူးကို ဖယ်မပစ်ဘဲ ဘယ်သူနေနိုင်လဲ"

"ဒါတော့ မှန်တယ်လေ၊ ဒါပေမယ့် သူက ဆူးမှမဟုတ်တာ နောက်ပြီး နတ်ဘုရားက ကျုပ်ကို အိပ်မက် အကြိမ်ကြိမ် ပေးခဲ့တယ်၊ သူဟာ ဒီနယ်မြေမှာ အကြောင်းမဲ့ သတ်ဖြတ်မှုတွေကို ရှုံ့မုန်း





လို့ ထွက်သွားတာတဲ့၊ အခု ဒီနယ်မြေကို သူ ပြန်လာတဲ့အချိန်မှာလဲ အကြောင်းမဲ့ သတ်ဖြတ်မှုတွေ မပြုလုပ်စေဖို့ မှာကြားသွားခဲ့တယ်"

"သင့်စကားက အဆန်းပါပဲလား၊ ကျွန်ုပ်တို့ သိထားတာက ကျွန်ုပ်တို့ရဲ့နတ်ဘုရားများဟာ သွေးကို သောက်သုံးကြတယ်၊ ယဇ်နတ်ပူဇော်ခြင်းအမှုကို နှစ်သက်ကြတယ်၊ သူက ခုလိုမိန့်ကြားတယ်ဆိုတာ မယုံကြည်စရာပါပဲလား"

"သင် မယုံတာတော့ မတတ်နိုင်ဘူး။ ကျုပ်ကို မှာကြားထားတဲ့အတိုင်း ပြောတာပဲလေ"

"ကျွန်ုပ်က နှစ်ပေါင်းများစွာကြာမြင့်ပြီးမှ ပြန်ကြွလာတဲ့ နတ်ဘုရားမကို အကြီးအကျယ် ပူဇော်ဂုဏ်ပြုတဲ့ယဇ်ပူဇော်ပွဲကြီးလုပ်ဖို့ စီစဉ်ထားတာ။ လူတစ်ရာ၊ နွားတစ်ရာ၊ မြင်းတစ်ရာ၊ ဆိတ်တစ်ရာ သက်ရှိသတ္တဝါ လေးရာရဲ့ သွေးနဲ့ဆေးကြောမယ်လို့ စိတ်ကူးထားတာ"

"ဒါဆိုရင်တော့ နတ်ဘုရားမဟာ လွန်စွာ စိတ်မကောင်းဖြစ်မှာပဲ"

"သင့်နေရာမှာ တခြားသူတစ်ယောက်ဆိုရင်တော့ ကျွန်ုပ် ရှည်ရှည်ဝေးဝေး ဒီလောက် စကားပြောဖြစ်မှာမဟုတ်ဘူး၊ ခုလောက်ဆိုရင် သင့်ရဲ့အသက်ဝိညာဉ်လဲ ရှိတော့မှာမဟုတ်ဘူး။ သို့သော်လဲ



www.burmeseclassic.com

www.burmeseclassic.com



သင်ဟာ ကျွန်ုပ် ထာဝရ မျှော်လင့်စောင့်စားခဲ့သူဖြစ်လို့ ကျွန်... သင့်ကို အန္တရာယ်ပြုမှာမဟုတ်ပါဘူး၊ ကဲ ဒီအကြောင်းတွေ နော... မဆက်ဆွေးနွေးကြတာပေါ့၊ သင်တို့လဲ ပင်ပန်းနေလောက်ပြီ... စံနန်းတော်မှာ အနားယူဖို့ ဖိတ်ခေါ်ပါတယ်၊ ဝေါသမားရေ... သွားကြမယ်ဟေ့"

ဘုရင်မ အမိန့်သံကြောင့် ခန္ဓာကိုယ်ကို လှေကားထစ်အဖြ... ပြုလုပ်ပေးကြသည့် အာဆကေကြီးများ လှုပ်လှုပ်ရှား ရှားဖြစ်သွား... ပြီး ယခင်အတိုင်း ကုန်းကွပေးကြကုန်၏။ ဘုရင်မသည် လှုစွန်... မီရာအား ညို့ငင်အားအပြည့်ပါသည့်မျက်လုံးများနှင့်ကြည့်ပြီး ခေါ်... ဖြူးနှင့်ပင် ဝေါယာဉ်တော်ပေါ်သို့ တက်သွားလေတော့သည်။ သ... တော့မှပင် ကျွန်ုပ်နှင့်ကိုမီရာတို့မှာ လွတ်လွတ်လပ်လပ်စကားပြေ... ခွင့်ရကြတော့၏။ မြန်မာစကားနှင့်သာ တီးတိုးပြောဆိုကြသော... ကြောင့် ကျွန်ုပ်တို့၏စကားကို မည်သူမှ နားမလည်နိုင်ပါ။

"အမျိုးသမီး ပြောသွားတာ ခင်ဗျားဟာ သူ ထာဝရ မျှော်... စောင့်စားခဲ့သူ ဆိုပါလား၊ ဘာသဘောလဲမသိဘူးဗျ။ ဒီစကား... စတွေ့တွေ့ချင်းမှာပြောတော့ ကျုပ် နားမလည်ဘူး၊ ဟော အ... ဝေါ်ပေါ်တက်ခါနီးမှာ ခင်ဗျားကို ရည်ရွယ်ပြီး ပြောမှန်းသိရ... တယ် ကိုမီရာရေ။ လှတာတော့ အတော်လှတဲ့အမျိုးသမီးပဲဗျ နော"





"ခင်ဗျားက လှတာကိုပဲမြင်တာကိုး၊ အဲဒီလှတာရဲ့နောက်မှာ ရက်စက်မှုတွေကလဲ ကပ်ပြီးပါနေတယ်ဗျ၊ သူ့စကားက ဘာ အဓိပ္ပာယ်လဲဆိုတာ အချိန်တန်ရင်တော့ သိရမှာပေါ့ဗျာ၊ သတိတော့ ထားရမယ်ဗျို့"

"ကျုပ်အမြင်အရတော့ ကိုယ့်ဆရာကို တော်တော်ကျနေပုံပဲ၊ ဘယ်လိုလဲ စိတ်မဝင်စားဘူးလား"

"သွားစမ်းပါဗျာ၊ အဲ ဒါပေမယ့် ကျုပ်တို့အသက်ဘေးနဲ့ တခြား လူတွေ ဒုက္ခမရောက်ဖို့အရေးအတွက်တော့ အချိုတော့သတ်ထား ရမှာပဲဗျ၊ မှသားတွေကိုတော့ တယ်မပြောချင်ပါဘူးဗျာ၊ သို့သော်လဲ အားလုံး အဆင်ပြေဖို့အတွက် မှသားမပါ လက်ာမချော လုပ်နေရ တာပဲဗျို့"

ကိုမီရာသည် ထိုသို့ပြောပြီးနောက် တစ်ချက်ရယ်လိုက်၏။ ကြာခင်မှာပင် ကျွန်ုပ်တို့သည် အတွင်းဂိတ်တံခါးဝအနီးသို့ ရောက်ရှိလာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရီဟာန်နာ၏ ရွှေစံအိမ်ကြီးမှာ ကျွန်ုပ်တို့ထင်ထားသည့်ထက် ပိုမိုလှပခံ့ညားလှပေ၏။ ရွှေပြားအမိုး စုလစ်မွမ်းချွန်များ၊ ရွှေပြားကာ နံရံများပေါ်တွင် ရတနာမျိုးစုံကို ထည့်သွင်းစီခြယ်ထားလေရာ နတ်ဘုံနတ်နန်းတမျှ လှပ၍နေတော့သည်။ ကျွန်ုပ်တို့မှာ စံအိမ်တော် တွင်း မရောက်သေးသော်လည်း အပြင်မှကြည့်ရုံနှင့်ပင် ရင်သပ်ရှုမော ဖြစ်ကြရ၏။

စံအိမ်တော်အတွင်းဝင်းဆီသို့ ကျွန်ုပ်နှင့်ကိုမီရာတို့ နှစ်ဦးသာ လိုက်ပါခွင့်ရှိသောကြောင့် ကျွန်ုပ်တို့မှာ မိတ်ဆွေကြီး ပါစီပူစီကို နှုတ် ဆက်လမ်းခွဲခဲ့ကြလေသည်။ ပါစီပူစီကလည်း ဝမ်းနည်းစွာနှင့်ပင် သူ မည်သည့်နေရာ၌ရှိမည်ဖြစ်ကြောင်း၊ သူ ကျွန်ုပ်တို့ကို လာမတွေ့ နိုင်သော်လည်း ကျွန်ုပ်တို့အနေနှင့် သူ့ကို မည်သည့်အချိန်တွင်မဆို





သာတွေ့နိုင်ကြောင်း၊ လိုအပ်သမျှကို ခိုင်းစေနိုင်ကြောင်းနှင့် ကျွန်ုပ် တို့ပြန်ပါက သူ့ကို ချန်မထားခဲ့စေလိုကြောင်းတို့ကိုပါ ပြောဆိုသွား ခဲ့လေသည်။

ဘုရင်မရီဟာန်နာသည် နတ်ဘုရားကြီးများအား ကိုးကွယ်ရာ ခန်းမကျယ်ကြီးအတွင်းသို့ ကျွန်ုပ်တို့အား ဦးစွာခေါ်ဆောင်သွားခဲ့ သ၏။ ထိုခန်းမမှာ ဘုရင်မစံအိမ်တော်နှင့် သီးခြားတည်ရှိနေပြီး အိမ်တော်နှင့်ဆက်သွယ်သည့် လူသွားလမ်းငယ်လေးတစ်ခုကို ဆောက်လုပ်ထားလေသည်။

ခန်းမကျယ်ကြီးအတွင်းတွင် ဝတ်ရုံဖြူများကို ဆင်မြန်းထား သည့် အသက်ခပ်ကြီးကြီး လူကြီးလေးဦး ရှိ၍နေ၏။ ထိုလူကြီးများ သည် ဘုရင်မဝင်လာသည်နှင့် ဝပ်စင်း၍ အရိုအသေပြုကြပြီး ကျွန်ုပ် တို့နှစ်ဦးအား အထူးအဆန်းသတ္တဝါများသဖွယ် ကွက်ကြည့်ကွက် ကြည့်နှင့်လုပ်နေကြလေ၏။ ထိုလူကြီးများမှာ ဘုရင်မ၏ အတိုင်ပင် ခံအမတ်ကြီးများလော၊ သို့တည်းမဟုတ် ရေနတ်ဘုရားကို အလုပ် အကျွေးပြုနေသည့် ယဇ်နတ်ဆရာကြီးများပဲလော ကျွန်ုပ်တို့ ဝေခွဲ မရ။ ဘုရင်မကလည်း ကျွန်ုပ်တို့နှင့် မိတ်ဆက်မပေးချေ။

ခန်းမ၏ထောင့်တစ်နေရာတွင် ကျွန်ုပ်တို့ ယူဆောင်လာခဲ့ကြ သည့် နတ်ဘုရားမရုပ်တုနှင့်ပုံစံတူရုပ်တုကြီးတစ်ခု ရှိလေသည်။ ဖြ

www.burmeseclassic.com



အနေအထားချင်းတူသော်လည်း ထိုရုပ်တုမှာ နတ်ဘုရားမရုပ်တုထက် အဆများစွာကြီးမားပြီး မျက်နှာမှာ မိန်းမပုံမဟုတ်ဘဲ ကြမ်းတမ်းရက်စက်သည့်ယောကျ်ားတစ်ဦး၏ပုံစံကို ထုလုပ်ထားလေ၏။ ထိုရုပ်တုကြီးမှာကား ရေနတ်ဘုရားရုပ်တုကြီးပင်တည်း။

"အဖရေနတ်ဘုရား ...၊ အဖရဲ့ကြင်ရာတော် နတ်ဘုရားမ အဖထံသို့ ပြန်လည်ရောက်ရှိလာခဲ့ပေပြီ၊ အဖ ရှုပါလေ"

ဘုရင်မက သူ့လက်ထဲကိုင်ထားသည့် ရုပ်တုငယ်ကို ဦးခေါင်းထက်တင်မြှောက်ပသပြီး ဆိုလိုက်သည်။ ကျွန်ုပ်ပဲ အကြည့်မှားသွားရောသလားမသိ၊ နတ်ဘုရားကြီး၏မျက်လုံးများမှာ ဝင်းလက်သွားသလိုဖြစ်သွားသောကြောင့် ကြက်သီးများပင် ဖျန်းခနဲထသွားရသည်။ ရုပ်တုကြီးမှာ ပြူးကျယ်သောမျက်လုံး၊ အလယ်မှ ချိုင့်ခွက်၍ဘေးနှစ်ဖက်ပွကားထွက်နေသည့် နှာခေါင်းတို့နှင့်အတူ ထူထဲသောပါးစပ်ကြီးမှာလည်း ဖြဲဟထားလေရာ လွန်စွာ အရုပ်ဆိုးအကျည်းတန်ပြီး ကြောက်မက်ဖွယ်ရာရသကို ပေးစွမ်း၍နေလေသည်။

ရုပ်တုကြီးရှေ့တွင် လူနှစ်ဖက်စာခန့်ရှိ ထုထဲသော ရွှေအင်တုံကြီးတစ်ခု ရှိနေပြီး အင်တုံ၏မျက်နှာပြင်တွင်လည်း နတ်ဘုရားနှင့်နတ်ဘုရားမတို့၏ မျက်နှာများကို ဖောင်းကြွထုလုပ်ထားလေ၏။

"ဒီရွှေအင်တုံဟာ နတ်ဘုရားမ စံမြန်းရာနေရာပဲ၊ အရင်က





တော့ ဆံဖိသွေးများနဲ့ပြည့်လျှံနေပေမယ့် အခုတော့ ခြောက်ခန်းနေတာ ကာလကြာခဲ့ပြီပဲ၊ ရှုကြလော့"

ရွှေအင်တုံကြီး၏ လက်လေးသစ်ခန့်ထူထဲသော နှုတ်ခမ်းပေါ်တွင် မရေမတွက်နိုင်အောင်များပြားလှသော ဓားခုတ်ရာများကို တွေ့ကြရလေသည်။ ရွှေအင်တုံကြီး၏အမြင့်မှာ နှစ်ပေသာသာခန့်ရှိကာ လူတစ်ယောက် ဒူးထောက်ထိုင်ပြီး လည်စင်းပေးပါက အကွက်တိအနေအထားများဖြစ်သောကြောင့် ယဇ်ကောင်များကို ဤအင်တုံပေါ်တွင်ပင် ကွပ်မျက်ခဲ့ကြောင်း သိသာ၍နေလေသည်။

"ဟော့ ပါးကွက်အာဏာသားကို ခေါ်လိုက်စမ်း"

ဘုရင်မက စူးရှသည့်အသံနှင့် အမိန့်ပေးလိုက်ရာ ဝတ်ဖြူသူတစ်ဦး ပြေးထွက်သွား၏။ ကိုမီရာကတော့ မည်သို့မျှ တုန်လှုပ်ဟန်မရသော်လည်း ကျွန်ုပ်မှာမူ များစွာ ကြောက်ရွံ့ချောက်ချားသွားမိလေ၏။ ပါးကွက်အာဏာသားကို ဘာ့ကြောင့်ခေါ်ရသလဲ။ ပါးကွက်အာဏာသားဟူသည်မှာ ကွပ်မျက်ရန် အကြောင်းရှိမှ ခေါ်သည့်သူများ မဟုတ်လားဟု တောင်တောင်အီအီ တွေးပြီး ချွေးစေးများပါ ပြန်လာတော့၏။

မကြာမီမှာပင် ကြီးမားလေးလံသည့် ဓားကောက်ကြီးကိုထမ်းပြီး အလွန့်အလွန်ထွားကျိုင်းဆူဖြိုးလှသည့် လူဝကြီးတစ်ဦး ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိလာတော့သည်။ ကျွန်ုပ်သည် ထိုလူကြီးနှင့် သူ၏ လွန်စွာထက်ရှသောဓားကြီးကိုကြည့်ကာ တံတွေးကိုသာ ကြောက်လန့်တကြားနှင့် တကွပ်ကွပ်မျိုနေမိလေ၏။

"ပုရောဟိတ်အိုကြီး ပူလီ ဒီကိုလာစမ်း"

ထိုသို့ဆိုလိုက်သည်နှင့် အသက်အကြီးဆုံး ပုရောဟိတ်ကြီးမှာ မျက်လုံးမျက်ဆန်ပြူးပြီး တစ်ကိုယ်လုံး နတ်ပူးသလို တုန်ယင်သွားတော့သည်။

"ကျ…ကျ… ကျွန်ုပ်မှာ ဘာ…အ …အပြစ် …"

"တိတ်စမ်း။ နတ်ဘုရားမသာပြန်လာမယ်ဆိုရင် သင့်ရဲ့ အသက်သွေးနဲ့ ဆေးကြောပေးမယ်ဆိုပြီး လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မျက်နှာလုပ်ပြောဆိုခဲ့တာ သင် မေ့ပေမယ့် ကျွန်ုပ်ကတော့ မမေ့နိုင်ဘူး"

မာထန်လွန်းသည့် ငေါက်ငမ်းသံကြောင့် ထိုအဘိုးကြီးမှာ အသံတိတ်သွားပြီး မျက်လုံးမှ မျက်ရည်များ စီးဆင်းကျလာ၏။ ထို့နောက် တုန်ယင်ချည့်နဲ့နေသောခန္ဓာကိုယ်ကို အနိုင်နိုင်သယ်ကာ ဒယိမ်းဒယိုင်လျှောက်လာပြီး သူ၏လည်မျိုကို ရွှေအင်တုံပေါ်သို့ တင်ပေးလိုက်တော့သည်။ အာဏာသားကြီးက ဓားကိုမြှောက်လိုက်ပြီး ဘုရင်မ၏အမိန့်ကို စောင့်ဆိုင်းနေလေ၏။





"ရှီဟာန်နာ"

ကိုဇီရာက ဘုရင်မဟူသည့်နာမ်စားကို မသုံးဘဲ နာမည်ကို ခေါ်လိုက်သောကြောင့် သူမ လှည့်ကြည့်လေသည်။ သူမ၏ မျက်ဝန်းများမှာ လွန်စွာခက်ထန်နေသော်လည်း ကိုဇီရာကို ကြည့်လိုက်သည်နှင့် ပြန်လည်နူးညံ့ပျော့ပျောင်းသွားမှန်း ကျွန်ုပ် တွေ့မြင်လိုက်ရ၏။

"နတ်ဘုရားမက သတ်ဖြတ်မှုတွေမလုပ်ဖို့အကြောင်း ပြောထားပါလျက်နဲ့ ဘာ့ကြောင့် ဒီလိုအမှုတွေ လုပ်နေရတာလဲ"

"ဒီလူကြီးဟာ ကပ်ပါးယပ်ပါး ဖော်လံဖားပြီး ညာဝါး စားသောက်နေတာ ကြာလှပေါ့၊ ဘာလဲ ဒီအသုံးမကျတဲ့လူကြီးကို အပ်မျက်မယ့်ကိစ္စကိုလဲ သင် သဘောမတူပြန်ဘူးလား"

"ရှီဟာန်နာ ကျုပ်တို့ဟာ သင့်ရဲ့ဧည့်သည်တွေပါ၊ ဒီ နတ်ဘုရားမရုပ်တုကိုလဲ ဘာလိုလားချက်မှမရှိဘဲ စေတနာသန့်သန့်နဲ့ ခိုဆောင်ပေးခဲ့ကြတဲ့သူတွေပါ၊ ကျုပ်တို့မပြန်ခင်အချိန်လေးမှာ အနိဋ္ဌာရုံတွေ မမြင်ချင်တာတော့ အမှန်ပဲ"

ဘုရင်မ၏မျက်လုံးများက အရောင်တစ်မျိုး ပြောင်းသွား၏။

"ရှင်တို့က ပြန်မယ် ဟုတ်လား"

"ပြန်ရမှာပေါ့၊ ကျုပ်တို့ရဲ့ဝတ္တရားက ပြီးသွားပြီလေ"

"အို …ပြန်မယ့်အကြောင်းကို မပြောပါနဲ့၊ ရှင်က ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး ရှင်ရယ်၊ ရှင် မမှတ်မိလို့ပါ။ အင်းလေ…တစ်ချိန်ကျရင်တော့ ရှင့်ရဲ့မှတ်ဉာဏ်ထဲကို နတ်ဘုရားများက အတိတ်ဘဝဇာတ်ကြောင်းတွေ ပြန်ထည့်ပေးပါလိမ့်မယ်၊ ကဲ ဒါတွေ ထားလိုက်တော့၊ ဟုတ်တယ်၊ နတ်ဘုရားမကို ခုလို သက်စွန့်ဆံဖျား ပြန်လာပို့တဲ့အတွက် ရှင်တို့ရဲ့ကျေးဇူးက ကြီးလှပါတယ်၊ ကျွန်မ ရှင်တို့ကို ကျေးဇူးပြန်ဆပ်ရမယ်၊ ကျေနပ်အောင် ပြုစုရမယ်၊ ကဲ အကြောက်လွန်နေတဲ့ ပုရောဟိတ်အိုကြီး ငါ့မျက်စိရှေ့က ခုထွက်သွားစမ်း။ ဟောဒီ မင်းသားလေးရဲ့ ကျေးဇူးကြောင့် သင့်အသက်မသေတာလို့ မှတ်လိုက်ပါ”

သူမ၏စကားများမှာ တောင်စဉ်ရေမနိုင်လွန်းလှသော်လည်း သနားစရာ ပုရောဟိတ်အိုကြီးမှာတော့ အသက်ဘေးမှ လွတ်ကင်းခဲ့ပေပြီ။ ပုရောဟိတ်အိုကြီး ပူလီသည် လူစွန့်စားမိရာ၏ခြေအစုံကို အကြိမ်ကြိမ်နမ်းရှုံ့ပြီး အပြင်သို့ ပြေးထွက် ပျောက်ကွယ်သွားတော့သည်။

“ဟို အသုံးမကျတဲ့လူကြီးတွေလဲ ထွက်သွားကြတော့၊ အာထာသားကြီး သင့်ရဲ့ဓားကို ဒီထက်ထက်မြက်အောင် သွေးထား။ သင်လဲ သွားပေတော့”

အလျှိုလျှို ပျောက်သွားကြပြီးနောက် ခန်းဆောင်တွင်း၌





ကျွန်ုပ်တို့နှစ်ဦးနှင့် ဘုရင်မ ရီဟာန်နာသာ ကျန်ရှိခဲ့တော့၏။

“နတ်ဘုရားမကို သွေးနဲ့မပူဇော်ဘူးဆိုတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ”

ရီဟာန်နာက အကြံတောင်းသလိုမျိုးမေးလေသည်။

“ရေသန့်သန့်လေးနဲ့ဆိုရင် သူ ပျော်မှာပဲ ရီဟာန်နာ”

“ကောင်းပြီလေ၊ ဟေ့ တစ်ယောက်လာစမ်း”

လူငယ်တစ်ယောက် အလွန်ရိုကျိုးသည့်ပုံစံနှင့် ရောက်လာ၏။ ထိုလူငယ်မှာ ဘုရင်မ၏ဝေယျာဝစ္စကို ထမ်းသူများထဲမှ တစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ် သတိထားလိုက်မိသည်။

“ပိုးမွှား လုံးဝမပါတဲ့ ရေသန့်သန့်ကို ဟောဒီအင်တုံထဲ ထည့်၊ နတ်ဘုရားမဟာ ရေသန့်သန့်မှာပဲ စံပျော်လိမ့်မယ်၊ ပိုးမွှားမပါစေနဲ့နော်၊ တစ်ကောင်ပါတာနဲ့ သင့်လက်တစ်ဖက်ကို ဖြတ်ပစ်မယ် နားလည်လား”

လူငယ်က နားလည်ကြောင်းပြောပြီး ပြန်ထွက်သွား၏။

“မင်းသားလေး… ရှင်က ကျွန်မကို ပိုင်စိုးပိုင်နင်းနဲ့ ရီဟာန်နာလို့ ခေါ်တယ်၊ ကျွန်မကို ဒီလိုခေါ်ဝံ့တဲ့သူ ဒီနယ်မြေမှာ မရှိဘူး။ ရှင်ကတော့ ကျွန်မကို ဟိုအရင်ကတည်းက ဒီလိုပဲ ခေါ်ခဲ့တာပဲလေ၊ ကျွန်မ ကျေနပ်နှစ်သက်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများကိုပြောပြီးနောက် ဘုရင်မက ကျွန်ုပ်တို့ ဤနေရာသို့ရောက်လာခဲ့ပုံများကို မေးလေ၏။ လူစွန့်စားဓိရာက သူနှင့်ကျွန်ုပ်တို့၏အမည်များကို ပြောပြီး နတ်ဘုရားမရုပ်တုကို ပြန်လည်ပို့ပေးရခြင်းအကြောင်းများကိုပါ ရှင်းပြလေရာ ဘုရင်မသည် တိတ်ဆိတ်စွာနှင့် နားထောင်လေ၏။ ဘုရင်မသည် အခြားသူများအပေါ်တွင် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တင်းမာခက်ထန်သလောက် လူစွန့်စားဓိရာအပေါ်မှာတော့ ပျော့ပျောင်းနူးညံ့၍နေသည်မှာ ကျွန်ုပ်တို့အတွက် ကံကောင်းလှပေ၏။

အပြောအဆို အမူအရာက အစ ပြောင်းလဲ၍လာသည်ကို တွေ့ကြလေ၏။ ထိုအချိန်မှာပင် လူငယ်သည် ရေများကို ဖြည့်ပြီး သွားကြောင်း ရိုကျိုးစွာနှင့် သတင်းလာပို့၏။ ဘုရင်မသည် သူ့ဲ စေခိုင်းထားပါလျက် စကားပြောနေစဉ် အနှောင့်အယှက်ပေးရကောင်းလားဟူသည့်သဘောနှင့် အလိုမကျဖြစ်သွားပုံရ၏။ ရေအင်တုံကိုလှည့်ကြည့်လိုက်ရာ အင်တုံနံဘေး ရေစက်တချို့ ဖိတ်စဉ်နေသည်ကိုမြင်သည်နှင့် ပေါက်ကွဲပြန်လေသည်။

"ဖြန်း"

လူငယ်၏ပါးကို ဖြတ်ရိုက်လိုက်သည့်အသံကြီးမှာ တိတ်ဆိတ်နေသောခန်းမကြီးအတွင်း ကျယ်လောင်စွာမြည်ဟည်းသွားတော့





သည်။ ထိုလူငယ် ကြောက်လန့်သွားပုံမှာ ပြောစရာပင်မရှိတော့။

"တိရစ္ဆာန်ကောင် ဘာပဲလုပ်လုပ် ဖိတ်တာစဉ်တာ ငါမကြိုက်ဘူးဆိုတာ မသိဘူးလား၊ သွားစမ်း အဲဒီရေတွေကို လျှာနဲ့ပြန်လျက်"

ကျွန်ုပ် တွေ့ဖူးသမျှထဲတွင် ထိုမိန်းမလောက်သွေးဆာပြီး ကြမ်းတမ်းရက်စက်သူမျိုး မရှိဖူးခဲ့။ ထိုမိန်းမ၏စရိုက်သည်ကား ဩချယူရလောက်အောင်ပင်တည်း။ သူမသည် ဘာမှမဖြစ်ခဲ့သလိုပုံစံမျိုးနှင့် နတ်ဘုရားမ၏ရုပ်တုကို အင်တုံတွင်း ထိုးထည့်လိုက်၏။

"အို ... နတ်ဘုရားမ... ရေသန့်သန့်တွင်သာ ပျော်စံပါလေဦး။ အရှင့်အပေါ်တွင် ထင်ကျန်သည့် ကျွန်တော်မျိုးမတို့၏ အညစ်အကြေးများကို လပြည့်ညချိန်ခါ၌ ပွဲလမ်းသဘင်ကျင်းပ၍ ဆေးကြောပေးပါမည် အို ...အရှင်"

သူမသည် လက်နှစ်ဖက်ကိုမြှောက်ပြီး အထက်ပါစကားများကို နှုတ်မှတတွတ်တွတ်ရွတ်ဆို၍နေ၏။ စိတ်ကျေနပ် အောင်ရွတ်ဆိုပူဇော်သမှုပြုပြီးသည့်အချိန်ကျမှ ကျွန်ုပ်တို့ဘက်သို့ ပြန်လှည့်လာသည်။ သနားစရာကောင်းသည့် လုလင်ပျိုလေးမှာ ဖိတ်စဉ်သွားသောရေများကို လျှာနှင့်ပြန်လျက်နေရသည်ကိုကြည့်ပြီး ကျွန်ုပ်တို့မှာ စိတ်မကောင်းလှသော်လည်း ဘာမှမတတ်နိုင်၊ ရိုဟန်နာဘုရင်မကတော့ သူ့ကို ဖုတ်လေ့သည့်ငါးပိ ရှိသည်ဟုပင်ထင်မှတ်မထင်းတော့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နှစ်သက်တဲ့ လူစွမ်းကောင်းကြီးခိုရေ... ကျွန်မနဲ့ အတူ ညစာစားသောက်ရန် ဖိတ်ခေါ်ပါတယ်၊ ရှင်တို့အတွက် ကျွန်မ အကောင်းဆုံးတွေ စီမံထားခိုင်းပါတယ်၊ သုံးဆောင်ပြီးပါက အဆင်ပြေ အောင် အိပ်စက်အနားယူရန်အတွက် အခန်းများလဲ ရှင်းလင်းထား ပါတယ်"

ဤစကားများကို ပြောနေသည့်အချိန်မှာတော့ သူမ၏ အသွင် သဏ္ဍာန်မှာ ပျားသကာကဲ့သို့ပင် ချိုမြ၍နေ၏။

"ပန်းအဆိပ်သီးများကိုရော စားသုံးစေဖို့ စီမံထားသေးသလား"

ကိုခိုရာက ထိုကဲ့သို့မေးလိုက်ရာ ဘုရင်မသည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ...

"အို... ဒါကိုလဲ ရှင် သိတာပဲလား၊ အင်းပေါ့လေ သိမှာပေါ့ ဒီနယ်မြေက ရှင့်နယ်မြေပဲဟာ၊ ကျွန်မရဲ့ လူစွမ်းကောင်းကြီးရယ် — ရှင့်ကို ဘယ်တော့မှ ပန်းအဆိပ်သီး မကျွေးပါဘူးရှင်"

ဟု ရဲတင်းဖျတ်လတ်စွာဆိုလိုက်လေတော့သတည်း။

* * *

*





အာဖရိကဝိုင်၊ သိုးကောင်လုံးကင်၊ ငှက်ကုလားအုတ်ပေါင်း၊ ကြက်ဆင်ဟင်းလျာ စသည့် တင့်တယ်စွာစီရင်ထားသော အစား အသောက်များကို တစ်ဝစားတစ်ဝသောက် တစ်ဝလွှတ်တီးခဲ့ရာ အချိန်လွန်သွားသောကြောင့် မိမိအတွက်စီမံထားသည့်အခန်းသို့ မည်သို့မည်ပုံ ပြန်လည်ရောက်ခဲ့သည်ကိုပင် ကောင်းစွာမမှတ်မိ တော့။ နံနက်နေအတော်မြင့်မှပင် အိပ်ရာမှနိုးတော့သည်။

တစ်လမ်းလုံး လှပပင်ပန်း စိတ်ပင်ပန်းဖြစ်ခဲ့သော ကျွန်ုပ်အား ကိုခိုရာက ...

"ဟော့လူ ကြည့်လဲသောက်ဦးဗျ၊ ဒီဝိုင်ထဲမှာ အဆိပ် ရောမထား ရင်တောင် အသောက်လွန်ပြီး မာလကီးယားနေဦးမယ်"

ဟု နောက်ပြီး သတိပေးသည်ကိုတောင်မှ မထိန်းနိုင်တော့ဘဲ တစ်ခွက်ပြီးတစ်ခွက် ဆင့်ကာသောက်နေလေတော့သည်။ အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်ဗန်းများကို သယ်သူ၊ ဝိုင်လာငှဲ့ပေးသူ၊ အာဖရိကန် ညိုချောလေးများမှာလည်း မလုံ့တလုံ ဝတ်ဆင်ထားတာဆိုတော့ ကျွန်ုပ်မှာ ဆက်ရက်မင်းစည်းစိမ်တွေ့နေတော့၏။ ဘုရင်မ ရီဟာန်နာသည် ထိုအမျိုးသမီးငယ်များကို ကျွန်ုပ်ထံသို့သာ ကပ်ခွင့်ပေးပြီး ကိုမီရာကိုမူ သူကိုယ်တိုင် ဧည့်ခံပြုစုလေ၏။ ဘုရင်မက ကိုမီရာ အနီး ပူးကပ်ထိုင်ကာ သူ၏ယောကျ်ားဖြစ်သူ မန်ဂလာကိုတော့ ခပ်လှမ်းလှမ်းတစ်နေရာတွင်သာ ထိုင်ခွင့်ပေးထားလေရာ ထိုသူမှာ မကြာခဏဆိုသလိုပင် ကျွန်ုပ်တို့ကို ရှုသိုးသိုးနှင့် မကျေမနပ်ကြည့်၍ နေတော့၏။

ဘုရင်မ ရီဟာန်နာကတော့ သူ့ကို လုံးဝ ဂရုမစိုက်ဘဲ ကိုမီရာ အနီးတွင်သာ ပရောပရီလုပ်၍နေသည်။ ကိုမီရာမှာ များစွာအနေ ကျပ်နေပုံရပြီး အစပိုင်းတွင် ကျွန်ုပ်အား လှမ်းသောက်ရန် မြေ ကြားသော်လည်း နောက်ပိုင်းတွင်မူ ဘုရင်မ ငှဲ့ပေးသမျှ တစ်ခွက်ပြီး တစ်ခွက် ဆင့်သောက်နေသည်ကိုသာ တွေ့နေရတော့၏။

ကျွန်ုပ်သည် ညက ဖြစ်ပျက်ခဲ့သမျှအကြောင်းများကို တစေ့ ရေးပြန်တွေးကြည့်လေရာ ကိုမီရာအနီးသို့ ကပ်သွားမိသည့် ရာဇ်မင်း တစ်ဦးအား ဘုရင်မရီဟာန်နာက လက်ပြန်တစ်ချက်ဖြတ်ရိုက်လိုက် သည်မှလွဲ၍ အခြားပဋိပက္ခမရှိဘဲ ပျော်ရွှင်စွာ ပွဲပြီးသွားသည်ကို





ပြန်သတိရလာ၏။

ကျွန်ုပ်၏အခန်းထဲတွင် ရွှေပြားကွပ်ထားသည့် တစ်ယောက်အိပ် ခုတင်တစ်လုံးသာရှိသောကြောင့် ကိုမီရာမှာ ကျွန်ုပ်နှင့် တစ်ခန်း တည်းအိပ်စက်ခြင်းမဖြစ်နိုင်ဟု တွေးမိ၏။ ခုတင်ပေါ်တွင် သိုးမွေး မွေ့ရာကိုခင်းထားပြီး ခုတင်နံဘေးတွင် အမျိုးအမည်မသိပန်းများ ကို ထိုးထားသည့်ပန်းအိုးတစ်လုံးနှင့် ရွှေရေတကောင်းဘူးတစ်ခုကို တင်ထားလေ၏။ ထိုမှလွဲ၍ အခန်းအတွင်းတွင် ထူးထူးခြားခြား ဘာမှမရှိဘဲ ရှင်းလင်း၍နေသည်။

ကိုယ်လက်မျက်နှာသန့်စင်ပြီး အပြင်သို့ထွက်လိုက်စဉ်မှာပင် ကျွန်ုပ်နှင့်ကပ်လျက်အခန်းမှ ထွက်လာသည့် လူစွန့်စားမီရာနှင့် တက်ပင်းတိုးတော့၏။

"ဟဲလို ကိုအောင်ဒင် ညကသောက်တာ အတိတ်မေ့သွားတဲ့ အထိပါပဲလား"

"ဟုတ်ပဗျာ၊ ဒီအခန်းထဲ ဘယ်လိုပြန်ရောက်မှန်းကို မသိ တော့ဘူး"

"ခင်ဗျားကို အာဖရိကန်ကောင်မလေးနှစ်ယောက်က တွဲပြီး ပို့သွားတာလေ။ ကဲ လာဗျာ ကျုပ် ထူးဆန်းတဲ့အကြောင်းလေး တစ်ခု ပြောချင်လို့ ခင်ဗျားကို နှိုးမလို့ထွက်လာတာ၊ ခင်ဗျား နိုးလာ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ အဘောာ်ပဲ"

ကိုစိရာက ထိုသို့ပြောပြီး သူ့အခန်းတွင်းသို့ ပြန်ဝင်သွား ကျွန်ုပ်လည်း လိုက်ပါသွားတော့၏။ ကျွန်ုပ်မှာ မှုးမေ့သွားစဉ်အတွင်း မည်သို့သောထူးဆန်းသည့်အခြင်းအရာမျိုးနှင့် ကိုစိရာ ကြုံတွေ့ခဲ့ သည်ကို မှားစွာ စိတ်ဝင်စားနေမိ၏။ ကိုစိရာ၏အခန်းမှာ ကျွန်ုပ် အခန်းထက် များစွာကျယ်ဝန်းလှပေသည်။

"အလိုလေးလေး"

နံရံပဝါလည်း ခန်းလုံးပြည့်ထုလုပ်ထားသည့် ပန်းပုရုပ်များ ကြောင့် ကျွန်ုပ်မှာ နှုတ်မှ အာမေဍိတ်သံထွက်ကျရလောက်အောင် အံ့သြသွားရသည်။ ပန်းပုရုပ်များမှာ ယောက်ျားနှင့်မိန်းမ ချစ်ခင် ရင်းနှီးစွာ ဖက်လဲတကင်းလုပ်နေပုံများကို ထုလုပ်ထားခြင်းဖြစ်ပေ ၏။ အမျိုးသမီး၏ပုံမှာ ဘုရင်မရီဟန်နှာနှင့်တူနေပြီး ယောက်ျား ၏အသွင်မှာတော့ ဆူကြုံနိမ့်မြင့် အမျိုးမျိုးအစားစား ကွဲပြား လေ၏။ တစ်နေရာရှိ ရုပ်တုတစ်ခုမှာ ယခုလက်ရှိ ဘုရင်မ၏ လင် ယောက်ျား မန်ဂလာကြီးနှင့်တူနေသောကြောင့် ဤရုပ်တုများ သူမ၏လင်ယောက်ျားများနှင့် သူမ၏ပုံကို ထုလုပ်ထားခြင်းဖြစ် ဟု ခန့်မှန်းရလေသည်။ ဤလို လှသူအရောက်အပေါက်နည်းပြီး ရိုင်းစိုင်းခေါင်ခိုက်သောနယ်မြေ၌ ဤမျှလောက်လက်ရာမြော





အောင် ထုလုပ်နိုင်သော ပန်းပုဆရာမျိုး ရှိသည်ကိုတွေးပြီး ကျွန်ုပ်မှာ သွှန်စွာအံ့သြနေမိ၏။

"ခင်ဗျားကိုသာပြောနေတာ ညက ကျုပ်လဲ တော်တော်များ သွားသဗျ။ ဟိုမိန်းမက ပတ်ချွဲနပ်ချွဲလုပ်နေလို့ စွတ်သောက်လိုက်တာ ခေါင်းချာစိုင်းပါရောလား"

"ခင်ဗျားပြောမယ့် ထူးဆန်းတဲ့အကြောင်းအရာဆိုတာ ဒီအရုပ် တွေကိုပြောတာလား၊ အရုပ်တွေက ဘုရင်မနဲ့ သူ့ရဲ့ အစဉ်အဆက် နှံဂလာတွေဖြစ်မယ်ဗျ"

ကျွန်ုပ်က အရုပ်များဘက်သို့ မေးငေါ့ပြီးမေးလိုက်ရာ ကိုစိရာ သည် စိတ်မသက်မသာပုံစံမျိုးနှင့် ခေါင်းကိုခါရမ်းလေ၏။

"ညက မှောင်နေတော့ ဒီအရုပ်တွေကို သိပ်သတိမထားမိဘူးဗျ။ အဲ... ညက ကျုပ် အိပ်မက်မက်တယ်၊ နတ်သမီးလို လှပတဲ့မိန်းမ တစ်ယောက်နဲ့ အိပ်စက်ရတယ်ဆိုပြီးတော့ အဲဒီနတ်သမီးက ကျုပ် ကို လက်စွပ်တစ်ကွင်းပေးသွားလေရဲ့၊ မနက်အိပ်ရာနိုးတော့ ဒီမှာ ကြည့်စမ်းပါဦး"

ကိုစိရာက သူ၏လက်ကိုထောင်ပြလိုက်ရာ လက်သူကြွယ်၌ စွပ်လျက်သားရှိနေသည့် စိန်ပွင့်လေးများပတ်လည်စီမြှုပ်ထားသော ရွှေလက်စွပ်တစ်ကွင်းကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘယ်သူ့လက်စွပ်လို့ထင်လဲ"

"အင်း ... ဘုရင်မရီဟာန်နာ ဝတ်ထားသလိုတော့ ထင်တာပဲ"

"သေချာတာပေါ့ဗျာ၊ ကျုပ်က သူနဲ့အနီးကပ်နေခဲ့တာပဲ၊ ဒီ လက်စွပ်ဟာ အပြစ်အနာဆာအကင်းမဲ့ဆုံး စိန်ပွင့်တွေနဲ့ လုပ်ထား တာလို့ ကျုပ်ကို သူ ပြောခဲ့သေးတယ်"

"ခင်ဗျားကို ညကတည်းက ပေးလိုက်တာများလား"

"မဟုတ်ပါဘူးဗျာ၊ ကျုပ်ရဲ့အသိစိတ်တွေက ဒီလောက် မပျောက်သေးပါဘူး၊ ဒီအခန်းကို ကိုယ့်ဘာသာ လျှောက်ပြီး တံခါး ဂျက်ကို အသေချပိတ်ခဲ့တာပဲဗျ၊ အင်း ... ဒီမနက်မှပဲ ဟောဒီပန်း[illegible] သတိထားမိတော့တယ်၊ ခင်ဗျားအခန်းမှာလဲ ရှိတယ်မဟုတ်လား"

"ရှိတာပေါ့ဗျာ၊ ဒါ ဘာပန်းမျိုးလဲမသိဘူး"

ထိုပန်း၏ပုံစံမှာ လွန်စွာ ထူးဆန်းလှလေ၏။ စိမ်းညိုရောင်[illegible] စည်မှ လက်ခုပ်ပုံအရွက်ကြမ်းများက ငုံနေပြီး ထိုအတွင်းဘက်[illegible] လိပ်ပြာတောင်ပံသဏ္ဍာန် ပွင့်ချပ်နှစ်လွှာစီက နှစ်ဖက် နှစ်ရှ[illegible] ပူးကပ်ပြီး ထွက်နေ၏။

"ဒီပန်းကို ဘိုလိုတော့ Loving angels လို့ခေါ်သတဲ့ [illegible] ကောင်တွေကနေ အလင်းရောင်ထွက်တာနဲ့ အိပ်နေတော့တာ[illegible] ညဦးနက်မှောင်မိုက်မှ ပွင့်အာကြတာ၊ ဒီလိုပွင့်လာတဲ့အခါ လူပုံ[illegible]





[illegible]တောင်ပံနှစ်ဖက်နဲ့ အရုပ်နှစ်ခုက မျက်နှာချင်းဆိုင်ပုံမျိုးနဲ့ ပေါ် [illegible]ထွက်လာကြတယ်၊ အဲဒီအခါကျရင် တော်တော်အ်မွှေးတဲ့ ရနံ့ [illegible]တစ်မျိုးလဲ ပေါ်ထွက်လာတော့တယ်၊ အဲဒီအနံ့က လူရဲ့မင်ကိုစိတ်ကို [illegible]ပျောက်သွားစေတယ်၊ သူ့ရဲ့ရနံ့ကို ထုတ်လွှတ်တဲ့ အချိန်ကလဲ [illegible]တစ်ချက်လေးပဲဗျ၊ အဲဒီအချိန်မှာ သူ့အနံ့ကို ရှူရှိုက်မိတဲ့သူဟာ အရက်ကျင်းတဲ့အချိန်ထိ အသိစိတ် ကင်းမဲ့သွားတော့တာပေါ့ဗျာ"

ကိုမီရာက ပန်းအကြောင်းကိုရှည်လျားစွာရှင်းပြပြီး ...

"ဟောဒီလက်ခုပ်ပုံစံကြွက နှစ်လွှာပူးထွက်နေတာ သူတို့ ရဲ့တောင်ပံတွေပေါ့ဗျာ"

ဟု ဆက်လက်ပြောဆိုလေ၏။

"သတိမမူ ဂူမမြင် ဆိုသလို အသက်နဲ့ခန္ဓာ အိုးစားမကွဲတာ [illegible]ကောင်းလို့ဆိုရမှာပဲ၊ ကျုပ်ထင်တယ် ညက ပါ့ုအမျိုးသမီး သေချာပေါက် ဒီအခန်းထဲရောက်လာလိမ့်မယ်၊ တံခါးဂျက်တွေက အသေချထားတာဆိုတော့ သူ ရောက်လာနိုင်မယ့် လျှို့ဝှက်အံဖုံး [illegible]ခါးတစ်ခုလဲ ဒီအခန်းထဲမှာရှိလိမ့်မယ်၊ ဒါကိုတော့ ကျုပ်တို့ ရှာဖွေ ရမှာပဲ"

ကျွန်ုပ်တို့ ထိုကဲ့သို့ပြောဆိုနေစဉ်မှာပင် အခန်းထဲသို့ လူငယ် [illegible]တစ်ဦး ရောက်လာပြီး "ဘုရင်မ အခေါ်တော်လွှတ် လိုက်လို့ပါ" ဟု



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ပြောဆိုလေ၏။ ကိုမီရာနှင့် ကျွန်ုပ်တို့လည်း ထိုလူငယ် ခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့ကြရာ ဘုရင်မ၏ နားနေဆောင်သို့ ရောက်ရှိလာခဲ့ကြတော့သည်။

ဘုရင်မသည် လေသာဆောင်ပြတင်းပေါက်တစ်ခုအနီးတွင် ထိုင်ပြီး ငေးကြည့်နေရာမှ ကျွန်ုပ်တို့ခြေသံကိုကြားရသောကြောင့် လှည့်ကြည့်လေသည်။ ကျွန်ုပ်တို့အား ခေါ်ဆောင်လာသည့်လူငယ်လေးမှာ အပေါက်ဝမှပင် ဘုရင်မအား ဦးညွှတ်အရိုအသေပေးပြီး လှည့်ပြန်သွားတော့၏။

"ဘယ်လိုလဲ၊ ညက အိပ်စက်ပျော်ကြရဲ့လား"

"အိပ်လို့တော့ကောင်းပါရဲ့ဗျာ၊ ဒါပေမယ့် အိပ်မက်တော့ မကောင်းဘူး"

"အိပ်မက်က ဘယ်လိုမကောင်းတာများလဲ၊ အို ... ကျွန်မက ...ပ်စုနေလိုက်တာ၊ ထိုင်ကြလေ၊ အေးဆေးဆေးဆေး စကား ...စကားပြောကြတာပေါ့"

...ူမ ညွှန်ပြသည့် ကတ္တီပါခင်းရှေ့ထိုင်ခုံများတွင် ကျွန်ုပ်တို့ ...င်ထိုင်လိုက်ကြ၏။

"ဆိုပါဦး ဘယ်လိုအိပ်မက်တွေမက်တာလဲ"

"ဘီလူးစီး...ရဘာလို့ မက်တာလေ"





ကိုမီရာ၏စကားကြောင့် ဘုရင်... ...က်...က်...က်...က်ရယ် ...လေ၏။

"တော်တော်ဆိုးတဲ့ ဘီလူးဖဲ၊ ကျွန်မက အိပ်ဘာ...ယာ...တဲ့ ကျွန်မ ...ရဲ့ စံနန်းတော်မှာ နတ်သမီးလေးနဲ့ အိပ်...က်...ကဲ့ အိပ်မက်မျိုး မက်...ယ်လို့ထင်ထားခဲ့တာ၊ အလို...ရှင့်လက်က လက်စွပ်က ကျွန်မ ...က်စွပ်လိုပါပဲလား"

"...ဘ်မှာပေါ့ ညက ကျုပ်ကိုစီးတဲ့ဘီလူးက စွပ်ပေးသွားတာ ...ပဲ၊ ရော့ ပြန်ယူလေ၊ ကျုပ် မလိုချင်ဘူး"

ကိုမီရာက လက်စွပ်ကို ပြန်ချွတ်ပေး...ာ ဘုရင်မ ...ည်ပြန်လေ ... ပြီးမှ ...

"ပြန်ပေးဖို့မလိုပါဘူး၊ ဒါက ရှင့်လက်စွပ်ပဲလေ၊ ကျွန်မရဲ့ လူစွမ်း...ကောင်းကြီးမီရာရယ် ကျွန်မကို ဘီလူးနဲ့မနှိုင်းပါနဲ့၊ ကျွန်မက ရှင် အိပ်ပျော်နေတဲ့အချိန်မှာ အခွင့်ကောင်းယူပြီး ဘာမှလဲ...လုပ်ခဲ့ပါဘူး၊ ဒီလက်စွပ်လေးကို စွပ်ပေးခဲ့ရုံလေးတစ်ခုတည်းပါ၊ ဒါ ...တ်ဘုရားမ ...ပ်တုကို ပြန်လည်ပို့ဆောင်ပေးတဲ့အတွက် ကျွန်မက လိုလိုလားလား ကျေးဇူးဆပ်တဲ့လက်စွပ်လေးလို့ သတ်မှတ်ပြီး ပြန်စွပ်ထားလိုက်ပါ ရှင်ရယ်"

ထိုသို့ပြောပြီးနောက် ဘုရင်မသည် ကျွန်ုပ်ဘက်သို့ လှည့်...



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"အောင်ဒင် အမှန်အတိုင်းပြောရရင် ကျွန်မက မီရာနဲ့ပဲ နှစ်ယောက်သား စကားပြောချင်တာ၊ ဒါပေမယ့် ရှင့်ကို ဘာ့ကြောင့်ခေါ်သလဲဆိုတော့ ကျွန်မတို့ရဲ့အတိတ်ဘဝအကြောင်းကို သက်သေပြချင်လို့ပဲ၊ လာ လိုက်ခဲ့"

ဘုရင်မ ခေါ်ဆောင်ရာနောက်သို့ ကျွန်ုပ်တို့ လိုက်ပါသွားခဲ့ရာ နန်းဆောင်၏အစွန်ဆုံးခန်းဆောင်ကြီးတစ်ခုရှိရာသို့ ရောက်ရှိလာခဲ့ကြတော့သည်။ ကျွန်ုပ်တို့ ဖြတ်သန်းခဲ့ရာ လမ်းတစ်လျှောက်လုံးတွင် မတုန်မလှုပ် ကျောက်ဆစ်ရုပ်သဏ္ဌာန်မျိုးနှင့် ရပ်တန့်နေသည့် ဘုရင်မ၏ကိုယ်ရံတော်ရဲမက်များကို တွေ့ကြရ၏။ ထိုသူများ၏ မျက်နှာမှာ ခံစားချက်ကင်းမဲ့နေပြီး လူသေလောင်းများနှင့်ပင် တူနေသေးတော့သည်။ သူတို့သည် ဘုရင်မအမိန့်တစ်ခုမှလွဲ၍ မည်သည့်အရာကိုမှ ဂရုစိုက်သူများမဟုတ်ကြောင်း ခန့်မှန်း၍ရလေ၏။

"ဒီအခန်းဟာ လွန်ခဲ့တဲ့နှစ်ထောင်ပေါင်းများစွာက ဒီနယ်မြေကို ပထမဦးဆုံး စိုးစံအုပ်ချုပ်သွားတဲ့ ဘဝရှင်မင်းတရားကြီး စံမြန်းသွားရာ ခန်းဆောင်ပေပဲ"

သူမက အထက်ပါစကားများကိုပြောပြီး ခန်းဆောင်တံခါးကို ဖွင့်လိုက်၏။ အခန်းအတွင်းတွင် ကြီးမားသော သလွန်ညောင်





စောင်းတစ်ခုရှိနေပြီး ထိုအနီးတွင် အနက်ရောင်ကတ္တီပါစနှင့်ဖုံးလွှမ်းထားသော လူတစ်ယောက်ရပ်နေသည့် အရွယ်အစားခန့်ရှိ အရာဝတ္ထုကြီးတစ်ခု ရှိ၍နေလေ၏။ ထိုအရာဝတ္ထုကြီးနှင့် မလှမ်းမကမ်းတွင် ရွှေစားပွဲတစ်လုံးနှင့် ငုဝ်းကိုဝိုင် ပတ်ထားသော ထိုင်ခုံသုံးလုံးရှိလေရာ ထိုနေရာမှာပင် ကျွန်ုပ်တို့သုံးဦးသား ထိုင်လိုက်ကြ၏။

"ဒီအခန်းထဲကို ဘယ်သူမှ ဝင်ခွင့်မရှိဘူး ကျွန်မ တစ်ယောက်ကလွဲရင်ပေါ့လေ၊ ကျွန်မကတော့ သန့်ရှင်းရေးလုပ်တဲ့အခါများမှာ ဝင်လေ့ရှိပါတယ်၊ ကျွန်မဟာ ဒီနယ်မြေမှာ သက်ဦးဆံပိုင် ဘုရင်တစ်ပါးဖြစ်ပေမယ့် ဒီအခန်းနဲ့ပတ်သက်လာရင်တော့ ကျေးကျွန်တစ်ဦးပါပဲ"

သူမ၏စကားများမှာ စိတ်ဝင်စားဖွယ်ကောင်းလွန်းလှပေ၏။ ကျွန်ုပ်သည် သူမ၏စကားများကို စိတ်ဝင်စားသလို ကတ္တီပါအနက်စနှင့်ဖုံးအုပ်ထားသည့်အရာကြီးကိုလည်း စိတ်ဝင်စားနေမိ၏။

"ကျွန်မ အာရုံထဲမှာ အမြဲရှိနေတာက ကျွန်မတို့ ချစ်မြတ်နိုးတဲ့ ဘုရင်ကြီးရဲ့ ဝိညာဉ်ဟာ ကမ္ဘာမြေပေါ်မှာ ပြန်လည်မွေးဖွားလာပြီး တစ်နေရာက တစ်စုံတစ်ယောက်ထဲမှာ ပူးကပ်နေတယ်ဆိုပြီးတော့ပေါ့၊ ဒါဟာ အမှန်တရားတစ်ခုပဲဆိုတာ အခုတော့ သေချာသွားပြီလေ"

သူမသည် ကိုမီရာကို လွန်စွာပြင်းထန်အားပါလှသည့် ညို့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းကြီးများနှင့် ကြည့်လိုက်၏။ ကိုမီရာနေရာ၌ အခြား တစ်ယောက်သာဆိုလျှင် ထိုအကြည့်တစ်ချက်တည်းနှင့်ပင် ကြွေဆင်းသွားနိုင်၏။

"ဗျင်းရိုငြိုးငွေ့ဖွယ်ကောင်းလွန်းတဲ့ အချစ်မဲ့နေ့ရက်တွေကို ကျော်ဖြတ်နေရတဲ့ ကျွန်မတို့ရဲ့ဘဝတွေက ရင်နင့်ကြေကွဲဖွယ်ကောင်းလွန်းလှပါတယ်"

"အချစ်မဲ့နေ့ရက်များ ... ဟုတ်လား"

လူစွန့်စားမီရာက ခနိုးခနဲ့ပုံစံမျိုးနှင့်ပြောလိုက်ပြီး ဟက်ခနဲတစ်ချက်ရယ်လိုက်၏။

"ကျွန်မကို မလှောင်ပါနဲ့ ရှင်ရယ်၊ ဘာလဲ ကျွန်မတို့က လင်ယောက်ျား မန်ဂလာတွေကို တစ်ယောက်ပြီးတစ်ယောက် ယူခဲ့တာ အချစ်ကြောင့်လို့ ရှင် ထင်နေလို့လား"

"ဒါကတော့ ခင်ဗျားအသိပဲလေ၊ အချစ်ကြောင့်ပဲဖြစ်ဖြစ်၊ သွေးသားဆန္ဒကြောင့်လို့ပဲဆိုဆို ဒါတွေက ခင်ဗျားအလုပ်ပဲ၊ ကျုပ် စိတ်မဝင်စားဘူး"

ကိုမီရာမှာ သူ၏အခန်းတွင်းဝင်ပြီး လက်စွပ်စွပ်ပေးသွားခြင်းအပေါ်၌ တင်းနေဟန်တူလေ၏။ မကြောက်မရွံ့နှင့်ပင် ဘုစကားများကို ပမာမခန့်ပြောနေလေသည်။





"ရှင်ဟာ ကျွန်မတို့ရဲ့ဘုရင်ကြီး ဒရာဒီလာနဲ့ ကြာလေ တူလာလေပဲ၊ သူ့လက်ထက်တုန်းက ရီဟာန်နာက ချောမောလှပတဲ့ နန်းတွင်းသားတစ်ဦးကို စိတ်ဝင်တစား တစ်ချက်ကြည့်မိလိုက်တာ သူ စိတ်နာလို့မဆုံးတော့ဘူး၊ ကျွန်မတို့အားလုံး သူ့ရဲ့စိတ်နာတတ်ပုံကို သွားပြီး မရယ်မိတဲ့သူ တစ်ယောက်မှ မရှိဘူးရှင်"

"ခင်ဗျားပြောနေတာတွေကို ကျုပ် နားမလည်ဘူး၊ ခင်ဗျားတို့အားလုံးဆိုတာ ဘယ်သူတွေလဲ"

"ရီဟာန်နာ ... ရီဟာန်နာတွေလေ"

ရီဟာန်နာတွေ ဆိုပါလား။ ဒါ သူ ဘာသဘောနဲ့ပြောတာလဲ၊ ကျွန်ုပ် နားမလည်။ ဘုရင်မကလည်း ကျွန်ုပ်တို့၏ပုံစံကိုကြည့်ပြီး သဘောပေါက်ပုံရလေ၏။ ထို့ကြောင့် သူတို့ ရီဟာန်နာများ၏ အံ့ဖွယ်အတ်ကြောင်းကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

"ဒီနယ်မြေမှာ ဘုရင်မရီဟာန်နာကို စံအိမ်နေ လူယုံတော်တွေကလွဲလို့ ဘယ်သူမှ စေ့စေ့မကြည့်ရဲကြဘူး၊ သူဟာ နှစ်ပေါင်းများစွာ အသက်ရှည်ပြီး ဘယ်တော့မှ မသေနိုင်တဲ့သူတစ်ယောက်လို့ ထင်ထားကြတယ်၊ ရှင်တို့ အဲဒါကို ယုံသလား"

"မယုံဘူး"

"ဟုတ်ပြီ၊ ဒါဆိုရင် ကျွန်မအသက် ဘယ်လောက်ရှိမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းထားလဲ"

"အလွန်ဆုံးရှိလှမှ နှစ်ဆယ်ကျော်ပေါ့"

"အိုး ... ကျွန်မက နေနေတယ်ထင်ပါရဲ့၊ ကျွန်မအသက်က သုံးဆယ်ပြည့်ပြီးပြီရှင့်၊ ကျွန်မ ဘုရင်မဖြစ်နေတာ ဆယ်နှစ်ရှိသွားပြီ"

ထိုစကားများပြောနေသည့်အချိန်မှာတော့ သူမသည် ကျေနပ်စွာပြုံးရယ်နေလေ၏။ သို့သော် ခဏအတွင်းမှာပင် သူမ၏မျက်နှာက ပြန်တည်သွားပြီး သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်သည်ကိုတွေ့လိုက်ကြရသည်။

"ကျွန်မ ဟောဒီလူ့ပြည်မှာ နောက် ဆယ်နှစ်ပဲ အသက်ရှင်နေထိုင်နိုင်တော့မယ်၊ ကျွန်မ သေဆုံးတဲ့အခါ ကျွန်မနဲ့တူတဲ့ ဘုရင်မ ရီဟာန်နာတစ်ယောက်က ဒီနယ်မြေကို ဆက်အုပ်ချုပ်သွားဦးမှာပဲ၊ သူကလဲ ကျွန်မလိုပဲ ရက်စက်ဦးမှာပဲ၊ ကျွန်မတို့ ဘာ့ကြောင့် ရက်စက်ကြမ်းကြုတ်တဲ့စိတ်ထားတွေရှိနေရသလဲဆိုတာ ရှင်တို့သိသလား၊ ဒီမိန်းမဟာ တအားကိုရက်စက်တာပဲ၊ ဒါပေမယ့် ဒီလို ဘာကြောင့် ရက်စက်တဲ့စိတ်တွေဖြစ်နေရတာလဲဆိုတာမျိုး ရှင်တို့ မတွေးမိကြဘူးလား"

သူမ၏အသံက မာကျောခက်ထန်၍လာ၏။ ထိုအခါမျိုးမှာ အလွန်ချောမောလှပသည့် သူမ၏သွင်ပြင်မှာ အလိုလို ကြောက်





မက်ဖွယ်ကောင်း၍နေတော့သည်။

"ကျွန်မတို့ဘုရင်ကြီး ဒရာဒီလာဟာ အဆိပ်အမျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်တဲ့ ပညာရှင်ကြီးတစ်ယောက်ပဲ၊ သူ့ဆီမှာ လူကို တုံးခနဲ သေစေနိုင်တဲ့အဆိပ်၊ တစ်ပတ်လောက်ခံတဲ့အဆိပ်၊ တစ်နှစ်၊ ဆယ်နှစ်၊ နှစ်နှစ်ဆယ်ကျမှ တန်ခိုးပြပြီး လဲသေစေနိုင်တဲ့အဆိပ် စသဖြင့် အမျိုးမျိုးအစားစားရှိခဲ့တယ်၊ အမှန်တော့ ဒီအဆိပ်ပညာနဲ့ပဲ သူဟာ ဒီနယ်မြေကို အုပ်ချုပ် မင်းလုပ်နိုင်တဲ့ဘုရင်ကြီး ဖြစ်ခဲ့တာပဲ။ သူဟာ အဆိပ်ပြီးသူတစ်ယောက်အဖြစ် လေ့ကျင့်နိုင်ခဲ့ပေမယ့် ထူးဆန်းတဲ့ ကပ်ရောဂါတစ်မျိုးရဲ့ဒဏ်ကိုတော့ မခံနိုင်ခဲ့ရှာဘူး။ သူ့ရောဂါက ခန္ဓာကိုယ်ထဲကအရိုးတွေ ကျိုးကြေဆွေးမြည့်တဲ့ရောဂါ ဆိုတော့ နောက်ပိုင်းမှာ သူဟာ သလွန်တော်ပေါ်ကနေ လုံးဝ မထနိုင်ရှာတော့ဘူး၊ သမားတော်မျိုးစုံနဲ့ ကုသခဲ့ပေမယ့် ဘယ်သမားတော်မှ သူ့ရောဂါကို ပျောက်ကင်းအောင်မပြုလုပ်နိုင်ပါဘူး။ သူဟာ တဖြည်းဖြည်းနဲ့ ပိုပိုပြီးဆိုးလာတော့တယ်။ သူ့ရောဂါဟာ ဘယ်လိုမှ မပျောက်ကင်းနိုင်တဲ့အကြောင်း သူကိုယ်တိုင် သိလာတော့ သူ သိပ်ချစ်ကဲ့ မိဖုရားရီဟာန်နာကို ခေါ်ပြီး နောင်လာလတ္တံ့ ကာလများမှာ သူဖြစ်စေချင်တဲ့အကြောင်းများကို ပြောပြတော့တာပါပဲ"

ဘုရင်မက ဒရာဒီလာ ဘုရင်ကြီးနဲ့ ပထမဦးဆုံး ရီဟာန်နာ

www.burmeseclassic.com



မိဖုရားတို့၏အကြောင်းများကို စီကာပတ်ကုံး ပြောပြလေရာ ကျွန်ုပ်တို့မှာ စိတ်ဝင်စားစွာနှင့် နားထောင်ဖြစ်ကြလေတော့သည်။ ဘုရင်နှင့် ဘုရင်မတို့မှာ လွန်စွာချစ်ကြသည့် ချစ်သူများ ဖြစ်ကြလေရာ ဘုရင်သေဆုံးတော့မည်ဆိုကတည်းက မိဖုရားမှာ လိုက်သေရန် အသင့်ပြင်ထားပြီးလေပြီ။

ထိုခေတ်ထုံးစံအရ ဘုရင်သေလျှင် မိဖုရားများသာမက ကိုယ်လုပ်တော် ရံရွေတော်များကိုပါ ဘုရင်နှင့်အတူ မြေမြှုပ် သဂြိုဟ်သည့်ဓလေ့ရှိလေ၏။ ဒရာဒီလာဘုရင်ကြီးက ထိုကဲ့သို့ မလုပ်လိုသဖြင့် သူသေသော်လည်း သူချစ်သော ရီဟာန်နာမိဖုရားကို ဘုရင်မအဖြစ် ဆက်လက်အုပ်ချုပ်စေလို၏။

မိဖုရားရီဟာန်နာ၏ဖခင်ကြီးမှာ အလွန်အစွမ်းထက်သည့် မှော်ပဍ္ဍလက်ပညာရှင်ကြီးတစ်ဦးဖြစ်ပြီး ထိုပညာကို မိဖုရား ရီဟာန်နာကလည်း အတန်အသင့် တတ်မြောက်ထားပြီး ဖြစ်လေသည်။ ဘုရင်က မိဖုရားကို ဖခင်ကြီးထံမှ ဝိညာဉ်ကူးဆက်သည့် မှော်ကဝေအတတ်ပညာကို တတ်မြောက်အောင်သင်ယူပြီး မိမိအား ဘဝအဆက်ဆက်စောင့်ဆိုင်းနေရန်နှင့် မိမိမှာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဤနေရာသို့ မလွဲမသွေ ပြန်လာမည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် အချစ်ဆုံးချစ်သူများအဖြစ် ဆက်လက် ပေါင်းသင်းကြမည်





အကြောင်းများကို စိတ်ကူးယဉ်ဆန်စွာ မှာကြားသွားခဲ့လေ၏။

"ဝိညာဉ်ကူးဆက်တဲ့ပညာဆိုတာ ဘာကိုခေါ်သလဲ"

ကိုဝီရာ၏ ကြားဖြတ်အမေးကြောင့် ဘုရင်မက ခေါင်းညိတ်လိုက်ပြီး ...

"အဲဒီပညာက ဒီဘဝ ဒီခန္ဓာကနေ အိုမင်းလာတဲ့အခါ ငယ်ရွယ်နုပျိုတဲ့ အခြားခန္ဓာတစ်ခုထဲက ကူးပြောင်းဝင်နိုင်တဲ့ ပညာပဲ"

ဟု ဆိုလေ၏။ ထို့နောက် ဤသို့ဆက်ပြောပြန်သည်။

"ကျွန်မတို့ဟာ အစဉ်အဆက် အဲဒီပညာတွေနဲ့ အသက်သွင်းခံလာရတဲ့ ရီဟာန်နာတွေပဲ၊ ဒါကြောင့် ကျွန်မဟာ ဖြစ်တည်လာခဲ့သမျှ ရီဟာန်နာရဲ့ဘဝဇာတ်ကြောင်းတွေကို မှတ်မိနေတာပေါ့၊ ကျွန်မသေဆုံးခဲ့ရင်လဲ ကျွန်မရဲ့ဝိညာဉ်ကို အခြားရီဟာန်နာအသစ်တစ်ခုထဲ ဝိညာဉ်ကူးဆက်ပေးသွားဦးမှာပဲ၊ အင်း... နောင်လာမယ့်ဆယ်နှစ်ဆိုရင်ပေါ့လေ"

"သင်ပြောတဲ့စကားတွေက မယုံနိုင်စရာတွေပါပဲလား၊ ထားလိုက်ပါတော့လေ၊ ဒါနဲ့ သင်က ဘာကြောင့် နောင်ဆယ်နှစ်မှာ သေရမယ်လို့ အတိအကျပြောနေနိုင်ရတာလဲ"

"ဘာကြောင့်လဲဆိုတော့ သေမှာ သေချာနေလို့လေ၊ ဒီအကြောင်းကိုပြောရရင်တော့ ဒရာဒီလာဘုရင်ကြီးရဲ့ ထူးဆန်းတဲ့ စိတ်ကူးယဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေကိုပဲ ဆက်ပြောရမှာပဲ၊ ဘုရင်ကြီး ကံတော်ကုန်တဲ့အချိန်မှာ ရိုဟန်နာဟာ ချောတုန်းလှတုန်း အသက်နှစ်ဆယ်လောက်ပဲရှိသေးတယ်လေ၊ နောင်ဘဝတစ်ခုမှာ သူ ပြန်ရောက်လာတဲ့အခါ ရိုဟန်နာကို အခုလိုပဲ ငယ်ငယ်ချောချောလေးအဖြစ်နဲ့ ဆုံချင်သတဲ့"

သူမ ဆက်ပြောသည့် ဘုရင်ကြီး၏စိတ်ကူးများမှာ ထူးဆန်းလွန်းလှသောကြောင့် ဤသူကြီးမှာ ရှုံးနိမ်းနေရော့သလားဟုဝင်ကျွန်ုပ် တွေးထင်မိ၏။ ဘုရင်ကြီးက ယခု သူ ကံကုန်သည်နှင့် အနှစ်နှစ်ဆယ်တိတိ ဤနယ်မြေကို ဆက်အုပ်ချုပ်ရန် ရိုဟန်နာအား အခွင့်ပေးခဲ့၏။ ထိုအနှစ်နှစ်ဆယ်အတွင်းတွင် ရိုဟန်နာသည် ထိုအချိန်တွင် မွေးဖွားလာသည့် အမျိုးသမီးငယ်များကို ရိုဟန်နာလောင်းများအဖြစ် ပြုစုပျိုးထောင်ပေးရပေမည်။

ရိုဟန်နာသည် ထိုအထဲတွင်မှ သူနှင့် အနီးစပ်ဆုံးတူသည့် အမျိုးသမီးငယ်ကို ရိုဟန်နာအသစ်အဖြစ် ဝိဉာဉ်ကူးဆက်ပေးရပေမည်။ ဘုရင်ကြီးသည် ရိုဟန်နာကို နောင် အနှစ်နှစ်ဆယ်နေရမည့်အဆိပ်ရည်ကို တိုက်၏။

ဘုရင်ကိုချစ်သည့် မိဖုရား ရိုဟန်နာကလည်း ထိုအဆိပ်ရည်ကို ကြည်ဖြူစွာနှင့် သောက်သုံးခဲ့လေ၏။

"ဘုရင်ခိုင်းတဲ့အတိုင်းကို မိဖုရားက လိုက်လုပ်တာပဲလား"





"အို... လုပ်တာပေါ့၊ ဘုရင်မဟာ သူ့အဖေဆီက-ဝိဉာဉ်ကူးဆက်ပညာကို ရအောင်သင်ခဲ့တယ်၊ ပြီးတော့ သူ့ရဲ့အနောက်မှာဆက်ခံမယ့် ရိုဟန်နာလောင်းကလေးငယ်တွေကို သူ တတ်တဲ့ပညာတွေ သင်ပေးတယ်၊ သူနဲ့ အကျင့်စရိုက်တူအောင် ရိုက်သွင်းပေးရဆာ့တာပဲ"

ဘုရင်မသည် ဘုရင်ကြီး ကံကုန်ပြီးသည့်နောက်ပိုင်း၌ လွန်စွာကြမ်းတမ်းခက်ထန်လာ၏။ ထိုသို့ဖြစ်ရသည်မှာ သူ သောက်သုံးခဲ့ရသည့် အနှစ်နှစ်ဆယ်အဆိပ်ကြောင့်လည်း ဖြစ်ဟန်တူလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ဘုရင်အဖြစ်ဆက်ခံနိုင်သည့် မင်းပျိုမင်းလွင်များလည်း ရှိနေသေးရာ ထိုသူများကို ရက်ရက်စက်စက် နှိပ်ကွပ်ပြီးတိုင်းပြည်ကို အကြောက်တရားနှင့်အုပ်ချုပ်လေတော့သည်။

ဘုရင်ကြီးက ရိုဟန်နာကို မလွန်ဆန်နိုင်သော သွေးသားဆန္ဒရှ အချစ်မပါသည့်အိမ်ထောင်ရေး ခွင့်ပြုပေးခဲ့လေရာ ဘုရင်မသည် မန်ဂလာများကို ယူခွင့်ရှိသည့်အတိုင်း ယူလေ၏။ သူမသည် ဘုရင်ကြီးထံမှ အဆိပ်ပညာရပ်များကိုလည်း တတ်မြောက်ထားပြန်ရာ စိတ်ကြိုက်မတွေ့သူဆိုလျှင် သူမ အဆိပ်ဒဏ်သင့်ခြင်းကို ခံကြရလေ၏။

"ခင်ဗျားပြောတဲ့အထဲမှာ ရိုဟန်နာလောင်းလျာ ကလေးငယ်



www.burmeseclassic.com

www.burmeseclassic.com



တွေဆိုပြီး ပါတယ်၊ ရီဟာန်နာဆိုတာ တစ်ယောက်တည်းဖြစ်မှာ မဟုတ်လား"

"ဟုတ်တယ်လေ၊ မွေးတာတော့ မွေးထားရတာပေါ့၊ အဲ အထဲကမှ အတော်ဆုံးတစ်ယောက်က ရီဟာန်နာဖြစ်တာပေါ့ ရီဟာန်နာဖြစ်ဖို့ လွယ်ကူတယ်များမှတ်နေလား"

ရီဟာန်နာလောင်း ကလေးငယ်များမှာ အယောက်နှစ်ဆယ် တစ်ခါတစ်ရံတွင် အယောက်သုံးဆယ်ခန့်အထိ ရှိလေ၏။ ထို ကလေးငယ်များကို မူလ ဒရာဒီလာနှင့်ဘုရင်မ ရီဟာန်နာတို့၏ ဇာတ်ကြောင်းကို ကျေညက်အောင်ပို့ချပေးပြီး အတိုက်အခိုက် အသတ်အပုတ်ပညာ၊ မှော်ပညာ စသည်တို့ကို သင်ကြားပေး လေ၏။

ဘုရင်မလုပ်မည့်သူမှာ ချောမောလှပရန်လိုအပ်သော်လည်း ပျော့ညံ့သူတစ်ယောက်တော့ မဖြစ်စေရ။ ထို့ကြောင့် ကမ်းကုန်သည် ကြမ်းတမ်းရက်စက်မှုမျိုးစုံကိုလည်း သင်ကြားကြရ၏။ ကလေးငယ် များကို တစ်ဦးနှင့်တစ်ဦး သတ်ပုတ်စေခြင်းများကိုလည်း မကြာခဏ ပြုလုပ်ခိုင်းစေ၏။

လက်ရှိ ရီဟာန်နာဘုရင်မ ကံတော်ကုန်ခါနီး ဝိညာဉ်ကူးတော့ တော့မည့်အချိန်မှာတော့ ရီဟာန်နာလောင်းများ၏ ဇာတ်ရှိန်





အမြင့်ဆုံးရောက်လာတော့သည်။ သူတို့မှာ ထိုအချိန်၌ အသက် နှစ်ဆယ်အရွယ်ရောက်နေပြီး ရီဟာန်နာဘုရင်မအဖြစ် ဆက်ခံရန် အသင့်ရှိနေကြပေပြီ။

ဘုရင်မက သူတို့ကို အဆိုင်းများတွဲပေးပြီး ဓား လှံ ပဲခွပ် ရဲတင်း သိုင်းသန်ရာလက်နက်များကို စွဲကိုင်စေပြီး အသေအကျေ သတ် ဖြတ်ခိုင်းတော့သည်။ နောက်ဆုံးတွင် တစ်ယောက်သာကျန်နေမည် ဖြစ်သည့် စနစ်နှင့် အသေသတ်ခိုင်းခြင်း ဖြစ်လေရာ ရှုံးနိမ့်သူများက သေဆုံးကြရပြီး အောင်နိုင်သူများက နောက်တစ်ဆင့်တက်ရ၏။

ယခုခေတ် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကဲ့သို့ အုပ်စုပွဲ၊ ကွာ တား ဖိုင်နယ် စသည်များကို ကျော်ဖြတ်ပြီး နောက်ဆုံး ကျန်သူ နှစ်ယောက်မှာ ဖိုင်နယ်၌ တွေ့ကြရတော့သည်။ ထိုအဆင့်တွင် နိုင်သူမှာ ဘုရင်မဖြစ်လာသည့်သူပင်တည်း။

"ခင်ဗျားတို့ဟာက ရက်စက်လွန်းရာကျပါတယ်ဗျာ"

"မတတ်နိုင်ဘူးလေ၊ ဒီစနစ်ကို ဒရာဒီလာဘုရင်မင်းမြတ် လက်ထက်ကတည်းက ဒီအတိုင်း ကျင့်သုံးလာခဲ့တာပဲ၊ ကျွန်မတို့ ကလေးတုန်းက ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူမှ မသိကြတော့ဘူး၊ ဒီကို ရောက်လာတာနဲ့ ထောင်နဲ့တူတဲ့ အလုံပိတ်ဝင်းကျယ်ကြီးထဲမှာ အနှစ် နှစ်ဆယ်လုံးလုံးနေခဲ့ကြရတယ်၊ အပြင်လောကနဲ့ လုံးဝ အထိ



www.burmeseclassic.com

www.burmeseclassic.com



အတွေ့မရှိဘဲ ဘုရင်မ သင်ပေးတဲ့ပညာတွေကိုပဲ သင်ကြရတယ်၊ သြော်... ဒီအထဲကမှ အဲ့ရွယ်ရောက်လာတဲ့အချိန်မှာ အရုပ်ဆိုး အကျည်းတန်နေတဲ့သူတွေဟာ ဘုရင်မ မဖြစ်ထိုက်သူတွေမို့ စောစောစီးစီးသက်ဖြတ်တာကိုလဲ ခံရသေးတယ်ရှင့်”

ဒီလိုဆိုဘော့လည်း သူမတို့ရဲ့ဘဝမှာ အလွန့်အလွန် သနားဖွယ် ရာကောင်းလှန်းနေ၏။ ဘုရင်မ ရီဟာန်နာထံတွင် အမြဲတစေဖြစ်ပေါ် နေသည့် ကြမ်းတမ်းရက်စက်ခြင်းအကြောင်း ရင်းများကို ယခုအခါ ကျွန်ုပ်တို့ ခြေရာခံမိနိုင်ပေပြီ။

“ခင်ဗျားရော ရီဟာန်နာလောင်းတွေ မွေးထားပြီးပြီလား”

“အို့... မွေးထားရတာပေါ့။ ကျွန်မမှာ အခု အသက် ဆယ်နှစ် အရွယ်ရှိတဲ့ ရီဟာန်နာလောင်း အယောက်နှစ်ဆယ် ရှိတယ်၊ ကျွန်မ ဟာ အရင်ဘုရင်မများနည်းတူ ဝိညာဉ်ကူးဆက်ခါနီးမှာ နတ်ဘုရား ရဲ့သစ္စာရေကို သောက်ခဲ့ရတယ်၊ အဲဒီသစ္စာရေဟာ အနှစ်နှစ်ဆယ် သာနေရမယ့် အဆိပ်ရည်ပဲ၊ ဒါကိုသောက်ပြီးမှ ကျွန်မ သိခွင့်ရခဲ့တာ ထုံးစံအတိုင်း နှောင်ဆယ်နှစ်မှာ ကျွန်မ သေဆုံးတဲ့အခါ နောက် ရီဟာန်နာလောင်းတစ်ဦး ထပ်ပေါ်ဦးမှာပေါ့၊ အမှန်တော့ ဒီအကြောင်း တွေဟာ အလွန်အရေးကြီးတဲ့ အထူးလျှို့ဝှက်ချက်တွေပဲ၊ ဘယ်သူ့ ကိုမှ ပြောပြခွင့်မရှိဘူး။ ဒါပေမယ့် ရှင်တို့ကိုတော့ ပြောပြသင့်တယ်





ထင်လို့ ပြောပြခဲ့တာပဲ”

သူမဟာ ထိုသို့ဆိုပြီးနောက် လူစွန့်စားမိရာ၏ မျက်နှာကို တွေ တွေငေးငေးကြည့်လိုက်၏။

“ကျွန်မ ပြောပြတဲ့အကြောင်းတွေက ရှင့်ရင်ကို လှုပ်လှုပ်ခတ် ခတ်မဖြစ်စေဘူးလား။ ဥပမာ ဒရာဒီလာဘုရင်ဟာ ငါ့ဒါပဲလားဆိုပြီး တော့ရော မထင်မှတ်မိဘူးလား”

“အဲဒီလိုတော့မထင်ပါဘူး။ ဒါပေမယ့် ခင်ဗျားရဲ့ဇာတ်လမ်းတွေ ကတော့ စိတ်ဝင်စားဖို့အတော်ကောင်းပါတယ်၊ ခင်ဗျားတို့ ရီဟာန်နာ ဘုရင်မတွေဖြစ်တည်ခဲ့ရပုံတွေအပေါ် လဲ အများကြီး ဝေနာမိပါတယ် ဗျာ”

“ကျေးဇူးတင်ပါတယ် မိရာ၊ ကြမ်းတမ်းခက်ထန် ရက်စက်ခြင်း တွေကိုပဲ အပြည့်အသိပ်ထည့်ခံထားရတဲ့ ကျွန်မအတွက် ရှင်ဟာ နူးညံ့ပျော့ပျောင်းစေနိုင်တဲ့သူပါပဲ၊ ဒီမှာ ကျွန်မ အခုလောက် ဘယ် သူ့ကိုမှ စကားအများကြီးမပြောဖြစ်ခဲ့ဘူး၊ ကျွန်မ ကိုယ်ခန္ဓာထဲက အနှစ်နှစ်ဆယ်အဆိပ်တန်ခိုးတွေကြောင့် ကျွန်မဟာ အစဉ်သဖြင့် ဒေါသကြီးနေမိတယ်၊ ရှင်ဟာ ကျွန်မအတွက် အဆိပ်ဖြေဆေးပါပဲ မိရာရယ်၊ ကဲ စကား ကောင်းနေလိုက်တာ ရှင်တို့ကို ဒီအခန်းထဲ ခေါ်လာခဲ့ရခြင်းအကြောင်းရင်းကို ပြရဦးမယ်၊ အနဲ့သြဘွားကြမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



တော့ ထင်တာပဲ”

သူမသည် ထိုင်ခုံပေါ်မှထ၍ ကတ္တီပါအနက်စနှင့်ဖုံးအုပ်ထား သည့်အရာကြီးအနီးသို့ လျှောက်သွားလေ၏။ “ဒီမှာကြည့်” ဟု ဆိုပြီးနောက် ကတ္တီပါစကိုဆွဲခွာလိုက်သောအခါ မြင်တွေ့လိုက်ရ သည့် ရွှေစင်ရုပ်တုကြီးနှစ်ခုကြောင့် ကျွန်ုပ်တို့နှစ်ယောက်သား ပါးစပ်အဟောင်းသားဖြစ်သွားကြရ၏။

အမျိုးသမီး၊ အမျိုးသားနှစ်ယောက် ယှဉ်တွဲလျက်ရပ်နေသည့် ရုပ်တုတွင် အမျိုးသား၏ပုံမှာ ကိုယ်ဟန်အနေအထား ရုပ်ရည် လက္ခဏာမှအစ လူစွန့်စားဓီရာနှင့် ချွတ်စွပ်တူနေပြီး အမျိုးသမီး၏ပုံ မှာတော့ ယခု ဘုရင်မရီဟန်နာနှင့်ခွဲမရအောင်တူနေလေ၏။

“ဒါဟာ ဒရာဒီလာ ဘုရင်မင်းမြတ်နဲ့ သူ့ရဲ့ပထမဆုံးမိဖုရား ရီဟန်နာတို့ရဲ့ပုံပဲ”

ကိုဓီရာကတော့ မည်သို့ခံစားရမည်မသိ၊ ကျွန်ုပ်မှာ ရုပ်တုကြီး များကိုတစ်လှည့် သူတို့နှစ်ဦးကိုတစ်လှည့် ကြည့်ပြီး များစွာ ရင်သပ် ရှုမောဖြစ်နေရလေတော့သည်။

❦ ❦ ❦





အခန်းတွင်း ပြန်ရောက်သည်နှင့် တစ်စုံတစ်ဦးက ဝင်ရောက် မွှေနှောက်ရှာဖွေထားသည့်လက္ခဏာကို မြင်လိုက်ရသောကြောင့် ကျွန်ုပ် ထိတ်လန့်တုန်လှုပ်သွားမိ၏။ ကျွန်ုပ်၏ မန်ချက်စတာ မောင်း ပြန်ရိုင်ဖယ်သေနတ်မှာ မရှိတော့။ ကျွန်ုပ်လည်း လူစွန့်စားဓီရာ၏ အခန်းရှိရာသို့ အမြန်ပြန်ပြေးရတော့၏။

“ကိုဓီရာရေ ကျုပ်သေနတ် မရှိတော့ဘူး၊ ဘုရင်မနဲ့ စကားပြော နေချိန်မှာ အခွင့်ကောင်းယူပြီး လာမွှေသွားတာပဲ၊ အန္တရာယ်က တော့ ပိုကြီးမယ့်သဘောပဲ”

ကိုဓီရာ၏အခန်းမှာလည်း ကျွန်ုပ်အခန်းနည်းတူ မွှေနှောက် ရှာဖွေခြင်းခံထားရသည်ကိုတွေ့ရ၏။

“ဘယ်သူ့လက်ချက်လို့ထင်လဲ ကိုဓီရာ၊ ဘုရင်မ လက်ချက်ပဲ သား”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အထင်တော့ ဘုရင်မ မဟုတ်ဘူးလို့ထင်တာပဲ၊ အတော့ပြောလို့မရဘူးဗျ၊ ဖြစ်နိုင်တာကတော့ သူ့ရဲ့ မန်ဂလာ၊ ဒါမှ မဟုတ် လူယုံအချစ်တော်တစ်ယောက်ယောက်လားပဲ၊ ဒီအခန်းတွေကတော့ မလုံခြုံတာ အမှန်ပဲဗျ၊ ခုညမှာအစွမ်းကုန်သတိထားရမယ်"

"ကျုပ်လဲ ကိုမီရာ့အခန်းကို ပြောင်းနေမှ သင့်မယ်ထင်ပါရဲ့"

"ကောင်းတယ်လေ၊ စည်းစည်းလုံးလုံးရှိတာပေါ့"

ကျွန်ုပ်လည်း အထုပ်အပိုးများကို ပြန်လည်စုစည်းသယ်ဆောင်ပြီး ကိုမီရာ၏အခန်းသို့ ပြောင်းလာခဲ့တော့သည်။ ကျွန်ုပ်တို့၏ အခန်းနှစ်ခုကြားတွင် ရပ်တန့်စောင့်ဆိုင်းနေသည့် လူငယ်လေးမှာ ကျွန်ုပ်ယခုကဲ့သို့ အခန်းပြောင်းသည်ကိုကြည့်ပြီး များစွာ အံ့သြနေရလေ၏။

ထိုသူငယ်မှာ ကျွန်ုပ်တို့ လိုအပ်ပါက ဘာမဆိုခိုင်းစေနိုင်ရန်အတွက် ဘုရင်မက တာဝန်ပေးထားသောလူငယ်လေးဖြစ်ပေ၏။ ပြုံးချိုသောမျက်နှာလေး၊ သွက်လက်ချက်ချာယဉ်ကျေးသော အရာတို့ကြောင့် ထိုသူငယ်၏ပုံပန်းမှာ နှစ်လိုဖွယ်ကောင်း၍နေ၏။ သူသည် ဘုရင်မ၏ အချစ်တော်တစ်ဦးဖြစ်ပြီး သူ၏အမည်မှာ ဗလီဖြစ်ကြောင်း ကျွန်ုပ်တို့ သိထားကြလေ၏။

"ဗလီကတော့ အခန်းပြောင်းတဲ့ကိစ္စ ဘုရင်မဆီ သံတော်ဦး





သွားတင်မယ်ထင်တာပဲ၊ ကျုပ်ကို အံ့သြတဲ့မျက်လုံးနဲ့ ကြည့်နေသဗျ"

"တင်တင်ပေါ့ဗျာ၊ ကျုပ်တို့က သူ့ရဲ့အထိန်းချုပ်ခံတွေမှ မဟုတ်တာ"

ကျွန်ုပ်တို့ ပြောနေစဉ်အတွင်း ဗလီသည် အခန်းရှေ့မှ ဖြတ်သွားသည်ကိုမြင်လိုက်ရသောကြောင့် ကိုမီရာက ဗလီအား "ဗလီ ခဏလာဦး" ဟု ခေါ်လိုက်၏။ သူငယ်လေးသည် ရိုကျိုးစွာနှင့်ပင် ပြန်လှည့်လာပြီး အခန်းဝ၌ ဦးခေါင်းကိုငုံ၍ ရပ်တန့်နေလေ၏။

"လာပါဦးကွ အထဲကို"

"ဘာများခိုင်းစရာရှိလို့လဲ သခင်၊ ကျွန်တော် သခင်တို့ အတွက် အစားအသောက်တွေ သွားယူပေးမလို့ပါ"

"အစားအသောက်တွေ ခဏထားစမ်းပါဦးကွာ၊ မင်းကို မေးစရာရှိလို့"

"ဟုတ်ကဲ့ မေးပါ သခင်"

"ငါတို့ကို ဘုရင်မ အခေါ်လွှတ်လိုက်တဲ့အချိန်မှာ မင်း ဒီအခန်းဝမှာပဲရှိနေတယ်မဟုတ်လား"

"ဟုတ်ကဲ့ ရှိနေပါတယ် သခင်"

"ဒါဆိုရင် ငါတို့အခန်းတွေထဲ ဘယ်သူဝင်တယ်ဆိုတာ မင်း



www.burmeseclassic.com

www.burmeseclassic.com



သိမှာပေါ့"

သငယ်လေး အံ့အားသင့်သွား၏။ မျက်မှောင်ကြုတ်လိုက်ပြီး…

"ကျွန်တော် တစ်ချိန်လုံးရှိနေတယ်၊ ဘယ်သူမှဝင်တာ မတွေ့ပါလား"

သူ၏ပုံကိုကြည့်ပြီး လိမ်ညာပြောနေခြင်းမဟုတ်မှန်း သိသာလေ၏။ ကိုမီရာက သူ၏မျက်လုံးများကို စူးစိုက်ကြည့်လိုက်ပြီး ဦးခေါင်းကို ညိတ်လိုက်သည်။

"ငါတို့ရဲ့သေနတ်တွေ ပျောက်သွားတယ်၊ မင်း ရှိနေရက်နဲ့ ပျောက်တာဆိုတော့ သူခိုးဟာ ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ပျောက်နေသူများလား"

"ဒါ…ဒါကတော့ …"

ဘာဆက်ပြောရမှန်းမသိဘဲ ရပ်တန့်သွား၏။ ကိုမီရာ ပြုံးလိုက်ပြီး …

"ကဲ ထားလိုက်တော့၊ အခု ငါတို့နေတဲ့အခန်းက အရင် ဘယ်သူနေတဲ့အခန်းလဲ"

ကိုမီရာ အမေးကို ဖြေသင့်၊မသင့် ဗလီ တစ်ချက် တွေဝေစဉ်းစားနေ၏။

"မင်းတာဝန်ယူထားတဲ့အခန်းမှာ ငါတို့ပစ္စည်းတွေပျောက်သွားတဲ့အကြောင်း ဘုရင်မ သိသွားရင် ဘယ်လိုနေမလဲ"

သငယ်လေး ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ ကိုမီရာ ပြုံးလိုက်ပြန်သည်။

"ကဲ ကြောက်မနေပါနဲ့၊ ငါတို့ ပြန်မပြောပါဘူး။ ဒါပေမယ့် မင်း ငါတို့မေးတာကို အမှန်အတိုင်းပြောရမယ်"

ထိုအခါကျမှ ဗလီမှာ စိတ်သက်သာရာရသွားပြီး သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်လေ၏။

"ပြောပါ သခင်၊ ကျွန်တော် သိသမျှ အကုန်ပြောပါ့မယ်"

"ဒါဆိုရင် ပထမမေးခွန်းကိုပဲ အရင်ဆုံးဖြေကွာ၊ ဒါ ဘယ်သူ့အခန်းလဲ"

"မန်ဂလာ့အခန်းပါ၊ သခင်တို့ရောက်လာမှ မန်ဂလာကို တခြားပို့လိုက်တာပါ"

"ဒီအခန်းထဲမှာ အံဝှက်တံခါးရှိတယ်၊ ဒါကို မင်း သိလား"

"ဖြစ်နိုင်ပါတယ် သခင်၊ မန်ဂလာကို သူ့အခန်းပိတ်ရက်နဲ့ အပြင်ဘက်ရောက်လာတတ်တာကို ကျွန်တော် တွေ့ဖူးပါတယ်၊ အံဝှက်တံခါး ဘယ်မှာရှိတယ်ဆိုတာကိုတော့ ကျွန်တော် မသိပါဘူး"

ဆက်လက်ပြီး ကိုမီရာက နန်းတော်၏အနေအထား ဝင်ပေါက်ထွက်ပေါက်၊ ရဲမက်ဦးရေ၊ ယမ်းနတ်ပူဇော်ပွဲအကြောင်း အစရှိသည်







www.burmeseclassic.com

www.burmeseclassic.com



များကို သိလိုသမျှ မေးမြန်းလေရာ သူငယ်လေးကလည်း အစ သိသမျှကို ပြန်လည်ဖြေကြားလေ၏။

"အင်း...၊ ခုလို ငါသိချင်တာတွေကို ပြောပြတဲ့အတွက် ကျေးဇူးပဲ၊ ကိုင်း ဗလိရေ မင်း ဘုရင်မကို သံတော်ဦးတင်စရာရှိသေးတယ် မဟုတ်လား၊ သွားပေတော့'

ကိုမီရာ၏စကားကြောင့် ဗလိ ရှက်အမ်းအမ်းဖြစ်သွား၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ သခင်၊ ကျွန်တော်က နီးရာဓားကို ကြောက်နေရသူပါ၊ တစ်ခုတော့ သခင်တို့ကို ကျွန်တော် စေတနာနဲ့ သတိပေးပါရစေ"

သူက ထိုကဲ့သို့ပြောပြီးမှ ပတ်ဝန်းကျင်ကို မလုံမလဲမျက်လုံးများနှင့်ကြည့်လိုက်၏။ ပြီးတော့မှ လေသံတိုးတိုးနှင့်...

"အခုမန်ဂလာဟာ ကောက်ကျစ်ရက်စက်သူတစ်ယောက်ပါ၊ သူဟာ ဘုရင်မကို အရှုးအမူးစွဲလမ်းနေပြီး ဘုရင်မက သခင်တို့ကို မျက်နှာသာပေးတဲ့အပေါ်မှာ မကျေမနပ်ဖြစ်နေပါတယ်၊ သူက သခင်တို့ကို အန္တရာယ်ပေးနိုင်ပါတယ်"

"မင်း အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမယ့် သူ့လောက်ကတော့ သိပ်အရေးစိုက်စရာမလိုပါဘူး"

"မဟုတ်သေးဘူး သခင်၊ သူ့မှာ သူနဲ့ အကြံတူစရိုက်တူ နောက်





လိုက်လက်သားတွေရှိတယ်၊ သူတို့အားလုံးဟာ ဘုရင်မကို အရူး အမူး စွဲလမ်းနေကြတဲ့သူတွေချည်းပဲ"

"မင်းရော မစွဲလမ်းဘူးလား"

ကိုမီရာက နောက်မေးမေးလိုက်ရာ ဗလိသည် ရှက်ပြုံး ပြုံးလေ၏။ ထို့နောက် တိုးညင်းစွာနှင့် ...

"ဘုရင်မနဲ့ ထိတွေ့ဖူးသူမှန်သမျှ သူ့ကို မစွဲလမ်းဘဲနေပါ့မလား သခင်ရယ်"

ဟု ဆိုလိုက်လေတော့သတည်း။ ဗလိ ထွက်သွားပြီးနောက် ကျွန်ုပ်တို့သည် အခန်းတံခါးကိုပိတ်ပြီး အံ့ဝှက်တံခါး မည်သည့်နေရာတွင်ရှိမည်ကို ရှာဖွေကြတော့သည်။ ကိုမီရာသည် တစ်ခန်းလုံးကို စေ့စေ့စပ်စပ်ကြည့်လိုက်ပြီး တစ်နေရာသို့ရောက်သည့်အခါ၌ သူ၏မျက်လုံးများက ရပ်တန့်သွား၏။

"ဟိုအခန်းထောင့်က ကော်ဇောဟာ တစ်နေရာမှာ ခေါက်ရှုံးကျုံးနေပါလား၊ အဲဒီအောက်မှာ အံ့ဝှက်တံခါး ရှိနိုင်တယ်ဗျ"

ကော်ဇောကို လှန်ကြည့်လိုက်ရာ သူ မှန်းဆထားသလိုပင် အံ့ဝှက်တံခါးကို တွေ့ရတော့သည်။ သို့သော် တံခါးမှာ သည်အတိုင်း လုံးဝဖွင့်၍မရပါ။

"အောက်ကနေ ချက်ချထားတဲ့ပုံပဲ၊ အပေါ်မှာ တံခါးဖွင့်စေနိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့မောင်းတံခလုတ်တော့ ရှိလိမ့်မယ်၊ ရှာကြည့်ကြသေးတာပေါ့"

ကျွန်ုပ်တို့သည် အခန်းနံရံများတစ်လျှောက်တွင် မောင်းခလုတ်ဖြစ်နိုင်မည့်အရာကို လှည့်ပတ်ရှာဖွေဖြစ်ကြ၏။ နံရံတစ်လျှောက်လုံးတွင် ဘုရင်မ ရီဟာန်နာနှင့် မန်ဂလာခေါင်းစုံ၏ ရုပ်တုငယ်များသာရှိလေရာ ထိုအထဲတွင် မောင်းခလုတ် ရှိနိုင်သည်ဟု ကိုမီရာက ထင်မြင်ချက်ပေး၏။

ထို့နောက် ကိုမီရာသည် တစ်တောင်ခန့်အရွယ်အစား ထုလုပ်ထားသည့် စုံတွဲရုပ်များကို လိုက်လှည့်ကြည့်တော့၏။ ကျွန်ုပ်လည်း သူ့နည်းတူ လှည့်ကြည့်လေရာ အရုပ်များမှာ အသေထုလုပ်ထားသောကြောင့် တုပ်တုပ်မျှမလှုပ်ကြောင်းကို တွေ့ရတော့သည်။

"တွေ့ပြီဗျို့"

အရုပ်ခေါင်းများစွာကို လှည့်ပတ်ကြည့်ရှုပြီးနောက် တစ်နေရာအရောက်တွင် ကိုမီရာက ရပ်တံ့လိုက်ပြီး ကျွန်ုပ်ကို လက်ယပ်ခေါ်လေ၏။

"ဒီအရုပ်က ခုလက်ရှိမန်ဂလာနဲ့တူတဲ့အရုပ်ပဲဗျ၊ သူက တခြားအရုပ်တွေလို အသေမဟုတ်ဘဲ အရှင်ဖြစ်နေတယ်ဗျ၊ သူ့ဘေးမှာလှဲ့ညှိပါများလို့ ပွန်းနေတဲ့အရာတွေ ဖြစ်နေတယ် တွေ့လား၊ ဒီမှာကြည့်"





အရုပ်၏ပုံစံမှာ မန်ဂလာနှင့် ဘုရင်မတို့၏ မတ်တတ်ရပ်လျက် ဖက်နေကြသည့်ပုံစံမျိုးဖြစ်ပြီး လက်ယာဘက်အခြမ်းတွင် အသေအချာကြည့်ပါက စက်ဝိုင်းခြမ်းသဏ္ဌာန် ပွန်းနေသည့်အရာကို တွေ့မြင်နိုင်လေ၏။ ကိုမီရာက လက်တွေ့ကျကျပင် မတ်တတ်ရပ်နေသည့်အရုပ်ကို ဆွဲလှည့်လိုက်ရာ အခန်းထောင့်ရှိ အံ့ဝှက်တံခါးကြီးသည် တကျွိကျွိနှင့် ပွင့်ဟလာတော့၏။

တံခါးပွင့်သည်နှင့် ကျွန်ုပ်တို့နှစ်ဦးသား ထိုနေရာသို့ ပြေးကြည့်ကြရာ အောက်သို့ဆင်းသည့် ကြောင်လိမ်လှေကားကိုသာမြင်ရပြီး အောက်ခြေတွင် ဘာတွေရှိမည်ကိုတော့ ကွဲပြားစွာမတွေ့ကြရ။

"ကဲ လက်နှိပ်ဓာတ်မီးယူပြီး အောက်ဆင်းကြည့်ကြရင် ကောင်းမယ်"

ကျွန်ုပ်က လက်နှိပ်ဓာတ်မီးယူပြီး အောက်သို့ဆင်းရန်ပြင်နေစဉ်မှာပင် အပြင်ဘက်မှ တံခါးခေါက်သံကို ကြားလိုက်ရသောကြောင့် တုံ့ခနဲဖြစ်သွားကြရ၏။

"သခင် ဘုရင်မက အခေါ်တော်လွှတ်လိုက်လို့ တံခါးဖွင့်ပါဦး"

ဗလီ၏အသံ။ ကျွန်ုပ်တို့လည်း အောက်သို့ဆင်းကြည့်မည့်အကြံကို လက်လျှော့လိုက်ကြရပြီး အံ့ဝှက်တံခါးကို ပြန်ပိတ်ရသေ
ချာ အားလုံးပြီးစီးမှ အခန်းတံခါးကိုဖွင့်လိုက်လေရာ တံခါးဝတွင်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ချိုးစွာရပ်နေသည့် ဗလီကို တွေ့ကြရတော့သည်။

"အနေအခင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ သခင်၊ သခင်ဓီရာကို ဘုရင်မက အမြန်တွေ့ချင်တယ်ဆိုပြီး အခေါ် လွှတ်လိုက်လို့ပါ။ သခင် အောင်ဒင်ကတော့ ဒီမှာ သက်သက်သာသာ အနားယူနိုင်ပါတယ်လို့ ဘုရင်မက မှာလိုက်ပါတယ်"

ကိုဓီရာသည် ကျွန်ုပ်ကိုကြည့်ပြီး သူမပါဘဲ အောက်သို့ မဆင်းရန်နှင့် သတိဝီရိယနှင့်နေရန်တို့ကို မှာကြားပြီး ဗလီနှင့်အတူ လိုက်ပါသွားတော့သည်။ အမှန်တော့ ကျွန်ုပ်လည်း လူစွန့်စားဓီရာသာ မပါပါက လွန်စွာသွေးကြောင်သူဖြစ်ရကား သူမမှာခဲ့လျှင်တောင်မှ သူမပါဘဲ အောက်သို့ဆင်းရန် စိတ်ကူးမိမည်မဟုတ်ပါ။ ထို့ကြောင့် အခန်းတံခါးကိုပိတ်ပြီး သတိဝီရိယကြီးစွာနှင့်ပင် အံဝှက်တံခါးကို သာ မျက်တောင်မခတ်တမ်း စေ့စေ့ကြည့်နေမိလေတော့သည်။

"ကျွီ"

"ဟော ..."

ကိုဓီရာ ထွက်သွားပြီး မကြာမီမှာပင် အံဖုံးတံခါးဆီမှ ပွင့်ဟလာသံ ကြားလိုက်ရရာ ကျွန်ုပ်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရ၏။ ကျွန်ုပ် အားကိုးသည့်သေနတ်မှာလည်း မရှိတော့သောကြောင့် အောက်မှတက်လာမည့်ရန်သူကို မည်သို့ကာကွယ်ရမည်





တွေးပြီး ကြောက်စိတ်တို့ဝင်လာရတော့၏။

အံဖုံးတံခါးမှာ ဖြည်းဖြည်းချင်းပွင့်ဟ၍လာလေပြီ။ တက်လာမည့်ရန်သူများ တစ်ယောက်တည်းလား၊ တစ်ယောက်တည်းမဟုတ်ဘဲ အများကြီးတက်လာလျှင် ကျွန်ုပ် ဘာမှတတ်နိုင်မည်မဟုတ်ဟု တွေးမိပြီး အကောင်းဆုံးကတော့ သူတို့ရောက်မလာမီ အခန်းအပြင်သို့ထွက်ရန်ကို ဆုံးဖြတ်လိုက်တော့သည်။ ထို့ကြောင့် တံခါးရှိရာသို့ ကမန်းကတန်းပြေးပြီး ချက်ကိုဖွင့်လိုက်လေရာ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ရုတ်တရက် ကြက်သေသေသလို ဖြစ်သွားရ၏။ မန်ဂလာ... မန်ဂလာ ဒီမှာပါလား။ ကျွန်ုပ် ကြောင်နေစဉ်မှာပင် သူ၏ လက်သီးမည်းကြီးက အရှိန်အဟုန်ပြင်းစွာနှင့် မေးရိုးဆီသို့ ဝင်လာရာ...

"ဒိုး"

ဟူသောအသံကိုသာကြားလိုက်ရပြီး ကျွန်ုပ်မှာ အခန်းတွင်းသို့ ဒလိမ့်ခေါက်ကွေး လွင့်စဉ်ကျသွားလေတော့သည်။ ကျန်တာ ဘာမှ မသိတော့။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်သို့ ဘွမ်းခနဲကျလာသည့် ရေစက်ရေပေါက်များကြောင့် ကျွန်ုပ် ပြန်လည်သတိရလာ၏။ အစပိုင်း၌ အမြင်အာရုံအကြည်ကြည်လင်လင် မရှိသေး။ တဖြည်းဖြည်းနှင့်မှ ပတ်ဝန်းကျင်ကို ပြတ်ပြတ်သားသားမြင်လာရတော့သည်။

ကျွန်ုပ်၏ရှေ့တွင် မန်ဂလာနှင့်အတူ သန်မာထွားကျိုင်းသည့် လူငယ်ငါးဦး ရပ်၍နေ၏။ မန်ဂလာ၏လက်ထဲတွင် ကျွန်ုပ်တို့၏ သေနတ်နှစ်လက်လုံးရှိနေပြီး ကျန်သူများကတော့ ဓား၊ ပုဆိန်၊ လှံရှည် စသည်တို့ကို ကိုင်ဆောင်ထားကာ သူတို့၏ပုံမှာ ထွန်းညှိထားသည့်မီးတိုင်အလင်းရောင်အောက်တွင် သရဲမရဲစီးသလို ဖြစ်နေသည်။





ကျွန်ုပ်မှာ လက်နှင့်ခြေတို့ကို ကြိုးများနှင့်တင်းကျပ်စွာ ချည်နှောင်ထားခြင်းခံရသောကြောင့် ယခုအချိန်၌ သူတို့ပြုသမျှ နရတော့မည့်အရေးကို တွေးပြီး စိတ်မကောင်းဖြစ်နေရတော့သည်။

“ကိုအောင်ဒင်”

နံဘေးမှခေါ်လိုက်သည့်အသံကြောင့် အံ့အားသင့်ပြီး လှည့်ကြည့်လိုက်ရာ ကျွန်ုပ်ကဲ့သို့ပင် တိုင်တစ်တိုင်တွင် တုပ်နှောင်ထားခြင်းခံနေရသည့် မိတ်ဆွေကြီး ပါစီပူစီနှင့် သူ၏ချစ်သူ အလီရှာတို့ကို တွေ့လိုက်ရလေ၏။ ပါစီပူစီမှာလည်း ထုထောင်းရိုက်နှက်ခြင်းများကို ခံထားရသောကြောင့် မျက်နှာတစ်ခုလုံး ဖူးရောင်စုတ်ပြဲ၍နေ၏။

“ကျုပ်တို့ကို ဒီကောင်တွေ သတ်မလားမသိဘူး”

“လောလောဆယ်တော့ သတ်ဦးမယ်မထင်ဘူး။ သူတို့ အမိကဆိုချင်တာက လူစွန့်စားမိရာကိုလေ၊ သူ့ကို မမိခင်တော့ ကျွန်တော်တို့ကို ဓားစာခံအဖြစ် ဖမ်းထားမယ့်သဘောပဲ”

“တိမ်စမ်း”

မန်ဂလာကြီးသည် စကားရှည်နေသော ပါစီပူစီကို ခေါက်ခနဲပြီး ပြေးပိတ်ကန်လိုက်ရာ ဘိုင်းခနဲအသံကြီး ပေါ်ထွက်လာ၏။ အလီရှာမှာ သူ၏ချစ်သူ ယခုလို နှိပ်စက်ခံရသောကြောင့် မျက်ရည်များနှာပျက်၍နေ၏။ ထို့နောက် မန်ဂလာသည် ဓားရှည်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို ဤနေရာ၌ သေချာစွာစောင့်ဆိုင်းနေရန် မှာကြားပြီး ကျန်သူများကိုခေါ် ဆောင်၍ ထွက်ခွာသွားလေ၏။ သည်ညတွင် သူတို့အဖွဲ့ ကိုမီရာကို မိအောင်ဖမ်းကြမှာ သေချာ၏။

"ဟေ့ ချာတိတ် ငါတို့ကို ဘာလို့ဖမ်းတာလဲ"

ကန်ခံထိတာတောင် စိတ်မှတ်မရှိသည့် ပါစီပူစီက မန်ဂလာတို့အဖွဲ့မျက်စိရှေ့မှာ ပျောက်သွားသည်နှင့် ကျန်နေသူအစောင့်လူငယ်ကို မေးလိုက်၏။ ထိုလူငယ်က ဘာမှ ပြန်မပြောဘဲ မျက်နှာကို တစ်ဖက်သို့လွှဲလိုက်သည်။

"မင်းက စိတ်ကောင်းရှိမယ့်ပုံပဲ၊ ရုပ်ရည်ကလဲ သားနားသတွေ ဟိုမန်ဂလာကောင်နဲ့ ဘာမှမဆိုင်ဘူး"

ပါစီပူစီက သာသာထိုးထိုးလေး မြှောက်ပင့်ပြီးပြောလိုက်၏။

"သူတို့ဖမ်းမယ့်သူက နတ်ဘုရားရဲ့သားတော်ကွ"

"သူ့ကို ဘယ်သူမှဖမ်းလို့မရဘူး။ မင်းတို့မပြောနဲ့ ဘုရင်မတောင်မှ သူ့ကို မလွန်ဆန်နိုင်တာ၊ မမိုက်ချင်စမ်းပါနဲ့ကွာ"

လူငယ် တစ်ချက်တွေဝေသွား၏။ ပါစီပူစီက ဆက်ပြောပြသည်။

"သူ့မှာ ဘုရင်မထက် ပိုစွမ်းတဲ့တန်ခိုးတွေ ရှိတယ်။ မင်း ငါ့ကိုကူညီရင် မင်းကို သူက မန်ဂလာအဆင့်တင်မကဘူး ဘုရင်





အဆင့်ရောက်အောင်တောင် သူက ဘုရင်မကို နားချနိုင်တယ်၊ နတ်ဘုရားရဲ့သားတော်က 'မင်းတို့ထင်နေသလို ဘုရင်လုပ်ချင်တဲ့သူ မဟုတ်ဘူးကွ"

"ကျွန်တော်က ဘာကူညီရမလဲ"

ထိုလူငယ်ထံမှ အသံထွက်လာ၏။ ပါစီပူစီ၏ စကားလုံးများကြား ထိုလူငယ်မှာ မျောပါသွားခဲ့ပေပြီ။

"ငါတို့ကို လွှတ်ပေးဖို့ပေါ့"

"အဲဒါတော့ မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် လွှတ်ပေးရင်တောင် ခင်ဗျားတို့ ဒီကလွတ်အောင်သွားနိုင်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဟောဒါကြီးက ဟိုဘက်တစ်ဖက်ကို အလုံပိတ်ထားတဲ့ မြေအောက်သရိုင်းကြီးပဲ၊ ဒီသရိုင်းထဲမှာ အစဉ်အဆက် မန်ဂလာတွေ ဘုရင်မတွေရဲ့ အရိုးဗူတွေနဲ့ ပြည့်နှက်နေတယ်၊ ဟိုဘက်ကနေ ဒီ မြေအောက်သရိုင်းကြီးထဲကို ဆင်းဖို့ အပေါက်နှစ်ခုပဲရှိတယ်၊ တစ်ခုက ဘုရင်မအခန်းမှာ၊ နောက်တစ်ခုကတော့ မန်ဂလာ့ရဲ့အခန်းမှာပဲ"

"ဒီဘက်မှာတော့ အပေါက်ရှိမှာပေါ့"

"အဲဒီဘက်ကတော့ ရှိတယ်၊ ဒါပေမယ့်လဲ ခင်ဗျားတို့သွားလို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်မထင်ဘူး၊ ဒီကထွက်လိုက်တာနဲ့ ရေနတ်ဘုရားရဲ့ မရဏ ရေအိုင်ကြီးရှိတယ်၊ ဒီရေအိုင်ကိုဖြတ်သန်းပြီး ဘယ်သူမှမသွားနိုင်ဘူး၊ ရေထဲကိုဆင်းတာနဲ့ အသက်ဝင်နေတဲ့ ရေနတ်ဘုရားရဲ့ စားသောက်ခြင်းကို ခံရမှာပဲ"

သူငယ်၏အပြောကို နားထောင်ရုံနှင့်ပင် အရာရာမှာ ကျပ်တည်း၍နေကြောင်း သိသာနိုင်လေ၏။

"ကျွန်တော် လွှတ်ပေးချင်ပေမယ့် ခင်ဗျားတို့ မလွှတ်နိုင်ပါဘူးဗျာ၊ နောက်ပြီး ခင်ဗျားပြောသလို နတ်ဘုရားရဲ့သားတော်က ကျွန်တော့်ကို ဖေးမမှာက နောက်၊ နီးနေတဲ့ မန်ဂလာနဲ့ သူ့အဖွဲ့ရဲ့ ကွပ်မျက်မှုကိုခံရမှာက အရင်၊ မဖြစ်နိုင်ပါဘူးဗျာ"

လူငယ်က ထိုသို့ပြောပြီး စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်၏။ ထိုအချိန်မှာပင် မန်ဂလာတို့လူသိုက် ထွက်သွားသည့်ဘက်ဆီမှ ဝုန်းဝုန်းဒိုင်းဒိုင်းအသံများကို ကြားလိုက်ကြရ၏။

"ဘာသံတွေလဲ"

"တိုက်ခိုက်သံတွေပဲဗျ၊ ဟိုလူတွေ လူစွန့်စားမိရာနဲ့တွေ့နေကြပြီထင်တယ်"

'ထိုအသံများကိုကြားနေရသည့်အခိုက် ကျွန်ုပ်တို့ကို စောင့်ဆိုင်းနေသည့် လူငယ်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့၏။





"ဟော့ ကောင်လေး ငါတို့ကို ကြိုးဖြေပေးတော့၊ နတ်ဘုရားသားတော် လာတော့မယ်"

ပါစီပူစီက အခွင့်ကောင်းယူပြီး ပြောလိုက်ရာ လူငယ်က မျက်စိမျက်နှာပျက်နှင့် ...

"မလုပ်...မလုပ်ပါနဲ့ဗျာ၊ ကျွန်...ကျွန်တော် ဘာလုပ်ရမှန်းသိတော့ဘူး"

ဟု တုန်တုန်ယင်ယင်နှင့် ဆိုလေ၏။ တိုက်ခိုက်သတ်ပုတ်သံများမှာ ငြိမ်သက်မသွားဘဲ ပိုမိုပြင်းထန်ဆူညံလာ၏။ အော်သံ ဟစ်သံ မာန်သွင်းသံများမှာ ကျယ်လောင်လာသောကြောင့် ကျွန်ုပ်တို့ဘက်သို့ ပိုမိုနီးကပ်လာပြီဟု ခန့်မှန်း၍ရလေ၏။ သို့သော် သိပ်မကြာမီမှာပင် အသံဗလံများတိတ်ဆိတ်သွားပြီး ကျွန်ုပ်တို့ဘက်သို့ လူတစ်ယောက် ဒယီမ်းဒယိုင်လျှောက်လာသည်ကိုတွေ့ကြရ၏။

"ဟင် ..."

ထိုသူမှာ မန်ဂလာဖြစ်ပြီး သူ၏မျက်နှာမှာ ရှုံ့မဲ့၍နေ၏။ မျက်လုံးကြီးများက ပြူးကျယ်နေ၏။ သူ၏ပုံစံကြီးမှာ လွန်စွာကြောက်မက်ဖွယ်ကောင်းနေသောကြောင့် ကျွန်ုပ်တို့တင်မက စောင့်ဆိုင်းနေသူ လူငယ်ပါ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွား၏။

"တား ... တား ပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများကိုပြောပြီးသည်နှင့် မန်ဂလာကြီးသည် ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့သည်။ ထိုအခါကျမှ သူ၏ကျောပြင်တွင် ဓားမြှောင်တစ်လက် စိုက်ဝင်နေကြောင်း တွေ့ကြရတော့၏။

"ကျုပ်ကို တိုက်ခိုက်ရင်း သူတို့ အချင်းချင်း ထိုးခုတ်မိကြတာဗျ"

လူစွန့်စားမီရော။ ကျွန်ုပ်တို့မှာ လူစွန့်စားမီရောကို ဘေးမသီ ရန်မခ မြင်လိုက်ကြရသောကြောင့် ဝမ်းနည်းစွာအံ့ဩဝမ်းသာကြရ၏။ သူက ဘာမှမဖြစ်ခဲ့သလိုပုံဟန်မျိုးနှင့် အေးဆေးစွာလျှောက်၍လာ၏။ သူ၏လက်ထဲတွင် ကျွန်ုပ်၏ဝင်ချက်စတာရိုင်ဖယ်နှင့် ခြောက်လုံး ပြူးသေနတ်ကို တစ်ဖက်တစ်ချက် ကိုင်ဆောင်ထား၏။

အစောင့်လူငယ်မှာ ကိုမီရောကိုမြင်သည်နှင့် ကြောက်အား လန့် အားနှင့် ဓားကိုပစ်ချပြီး ဒူးထောက်လိုက်ကာ အသက်ကို ချမ်းသာ ပေးပါရန် တောင်းပန်လေတော့၏။

"သူ့ကိုခွင့်လွှတ်လိုက်ပါ ကိုမီရော၊ ဒီသူငယ်က စိတ်ထားမဆိုး ပါဘူး၊ လူပေါင်းမှားလို့သာ ပါလာခဲ့တာ"

ကျွန်ုပ်က ပြောလိုက်ရာ ကိုမီရောက ဦးခေါင်းကိုညိတ်လိုက်ပြီး ချည်နှောင်ထားသည့်ကြိုးများကို ဖြေပေးလေ၏။ ထိုအခါ၌ အစောင့်လူငယ်ကလည်း ပါစီပူစီနှင့် အလီရှာတို့ကို ချည်နှောင်





ထားသည့်ကြိုးများကို အပြေးအလွှား သွားရောက် ဖြေပေးတော့သည်။

"ခင်ဗျား ဒီကို ဘယ်လိုရောက်လာတာလဲ"

"ဘုရင်မက ကျုပ်ကိုခေါ်ပြီး ရမ္မက်နဲ့ အကြီးအကျယ် ဖြားယောင်းတော့တာပဲ၊ ကျုပ်လဲ မတတ်သာတာနဲ့ သူ့ကို နှာရိုက်လောက် မေ့မြောစေမယ့်မေ့ကြောကိုနှိပ်ပြီး လစ်ထွက်လာခဲ့တာပဲ၊ အခန်းပြန်ရောက်တော့ ခင်ဗျားက မရှိတော့ဘူးလေ"

"ဒါနဲ့ ဒီကိုဆင်းလိုက်လာတော့ မန်ဂလာအဖွဲ့နဲ့တွေ့ကြတာပဲပေါ့ ဟုတ်လား"

"သေချာတာပေါ့ဗျာ၊ ဒီကောင်တွေက ကျုပ်ကိုတွေ့တာနဲ့ ဘာမှမပြောဘဲ အသေတိုက်ခိုက်ကြတော့တာပဲ၊ ခါတိုင်း ရန်သူတွေလို ခပ်ပျော့ပျော့လေးလုပ်လို့မရတဲ့အနေအထား ဆိုတော့ ကျုပ်လဲ မှတ်လောက်သားလောက်အောင် ပြန်တွယ်ခဲ့တာပဲဗျို့"

"ကဲ အခု ဘာဆက်လုပ်ကြမလဲ"

"ဒီကနေ လစ်ကြမယ်လေ၊ ခုချိန်က အချိန်ကောင်းပဲ၊ ဒါနဲ့ ပါစီပူစီတို့က ဘယ်လိုရောက်နေတာလဲ"

"ဟောဒီကောင်ကြီးပေါ့ဗျာ သူ့အဖွဲ့နဲ့ ဝေလီဝေလင်းမှာ ရောက် လာပြီး ကျွန်တော်တို့နှစ်ယောက်ကို ဖမ်းခေါ်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပါစီပူစီက သေဆုံးနေပြီဖြစ်သော မန်ဂလာကြီးကို လက်ညှိုးညွှန်ကာ ပြောလေ၏။

"အပေါ်ဘက်ကနေလစ်ဖို့တော့ အဆင်မပြေနိုင်ဘူး၊ နန်းတော်ပတ်လည်အစောင့်တွေက တင်းကျပ်းချထားတာ"

"ဒီဘက်ကလဲ ထွက်လို့မလွယ်ဘူးလို့ ဟိုသူငယ်က ပြောတယ်၊ ဒီကထွက်ရင် နတ်ဘုရားရဲ့မရဏရေအိုင်ကြီးဆီ ရောက်မယ်၊ အသက်ဝင်နေတဲ့ နတ်ဘုရားက အိုင်ထဲဆင်းသူမှန်သမျှကို သတ်ဖြတ်ပစ်သတဲ့"

"ဟုတ်၊ မဟုတ် ကြည့်ကြသေးတာပေါ့လေ"

လူစွန့်စားမီရာသည် ကျွန်ုပ်ကို ရိုင်ဖယ်သေနတ်လှမ်းပေးပြီး အစောင့်သူငယ်ကိုခေါ်ကာ ထွက်ပေါက်ရှိရာ လမ်းညွှန်ခိုင်းတော့၏။ ပါစီပူစီက ဤရေအိုင်ကြီးကို ကျော်ဖြတ်နိုင်ပါက လွတ်လမ်းများသွားပြီဖြစ်ကြောင်းနှင့် ဤနယ်မြေမှ အချိန်မရွေး ထွက်ပြေးနိုင်အောင် သူ့ချစ်သူအလီရှာနှင့် တိုင်ပင်ပြီး လှေတစ်စီး ဝှက်ထားတာရှိကြောင်းများကို ပြောပြလေ၏။

မကြာမီမှာပင် ကျွန်ုပ်တို့လူစုမှာ ရေနတ်ဘုရား၏ မရဏရေအိုင်ကြီးရှိရာသို့ ရောက်ရှိလာကြတော့သည်။ ရှည်လျား ကျယ်ဝန်းလှသည့်ရေအိုင်အလယ်တွင် ကြီးမားလှသော ဖားပြုပ်ပုံသဏ္ဍာန်





ရုပ်တုကြီးမှာ ပေါ်လောပေါ်နေ၏။ ပါစီပူစီတို့စုံတွဲနှင့် အစောင့်သူငယ်မှာ ရုပ်တုကြီးကို မြင်ကြသည်နှင့် ခြေတုန်လက်တုန်ဖြစ်ပြီး အကြောက်လွန်နေကြတော့သည်။

"ဟင် ..."

ရေနတ်ဘုရားရုပ်တုကြီးမှာ ကျွန်ုပ်တို့ကြည့်နေစဉ်အတွင်းမှာပင် အသက်ဝင်လှုပ်ရှားပြီး တရွေ့ရွေ့ကူးခတ်လာသည် တွေ့မြင်လိုက်လေရာ ကျွန်ုပ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့၏။ ပါစီပူစီတို့အဖွဲ့မှာကား ကြောက်လန့်လွန်းသောကြောင့် ရုပ်ပျက်ဆင်းပျက်ပင်ဖြစ်ကုန်ကြတော့၏။

"ဒါ ... ဒါကြီးက တကယ်အသက်ဝင်နေပါလား"

"အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့လေ၊ ကဲပါလေ ဒါကြီးကို ခေါင်းထဲ သိပ်မထည့်ထားပါနဲ့ဟော အတော်ပဲဗျို့၊ ဟိုမှာ လှေနှစ်စီး ရှိနေပါလား"

ထိုလှေများမှာ နတ်ဘုရား အိပ်ပျော်နေစဉ်အတွင်း ယဇ်ကောင်များကိုသယ်ဆောင်ဆက်သသည့်အခါ၌ သုံးသည့်လှေဖြစ်ကြောင်း အစောင့်သူငယ်က ရှင်းပြ၏။ အမှန်တော့ ဘုရင်မ နန်းဆောင်နံဘေးရှိ နတ်ကွန်းတွင်ရှိသော နတ်ဘုရားရုပ်တုမှာ ပုံတူထုလုပ်ထားသည့် ရုပ်တုသာဖြစ်ပြီး ဤရေအိုင်တွင်းရှိသည့် ရုပ်တုကမှ အသက်ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ပန်နီဆာနတ်ဘုရားကြီး ဖြစ်သည်ဟု ပါစီပူစီက ဆိုလေ၏။

လူစွန့်စားမီရာက အစောင့်သူငယ်ကို ကျွန်ုပ်တို့နှင့် ဟိုဘက်ကမ်းရောက်သည်အထိလိုက်ပြီးမှ နန်းတော်ဆီပြန်ရန်ပြော၏။ အစောင့်သူငယ်မှာ လွန်စွာကြောက်လန့်နေသော်လည်း ကိုမီရာ၏စကားကို မငြင်းပယ်သာဘဲ လိုက်ခဲ့ပါမည်ဟုဆိုလေ၏။ ဤသို့မလုပ်၍လည်း မဖြစ်။ ချက်ချင်း ထိုသူငယ် ကို လွှတ်ပေးလိုက်ပါက နန်းတော်တစ်ခုလုံး သိရှိသွားနိုင်ပြီး ရုတ်ရုတ်သဲသဲဖြစ်သွားနိုင်သည်မဟုတ်ပါလား။

"ဒီဟာကြီးနဲ့ပတ်သက်ပြီး ကျုပ်ထင်မြင်တာတစ်ခုရှိတယ်ဗျ ဟုတ်,မဟုတ် စမ်းကြရမှာပဲ"

"ဘယ်လိုထင်လဲ ကိုမီရာ"

"ကဲ ဒီလိုလုပ်ကြမယ်ဗျာ၊ ကျုပ်နဲ့ အဲဒီသူငယ်က လှေတစ်စီးနဲ့ အရင်သွားကြမယ်၊ ရေသံကြားရင် ဒါကြီးက ကျုပ်တို့ဆီ လိုက်လာမယ်ထင်တာပဲ၊ အဲဒီအခါကျမှ ခင်ဗျားတို့က အခွင့်ကောင်းယူပြီး အမြန်လှော်ပြေးပေတော့"

"ဟာ ဒါဆိုရင် ခင်ဗျားတို့အတွက် အန္တရာယ် ... အန္တရာယ်များမှာပေါ့"

"မပူပါနဲ့ ကိုအောင်ဒင်ရာ၊ အန္တရာယ်များတဲ့အရသာကို နှစ်မြို





လို့လဲ ကျုပ်တို့ ဒီလိုခရီးတွေသွားနေကြတဲ့ဟာ။ သြော်... ပြောရဦးမယ် ကိုအောင်ဒင်ရေ၊ မတော်မတည့် ခင်ဗျားတို့ဘက်လှည့်လာရင်တော့ သေနတ်ထဲက ကျည်ကုန်တဲ့အထိ ဆွဲပေတော့ဗျို့"

ထိုသို့ဆိုပြီးနောက် လူစွန့်စားမီရာသည် လှေပေါ်တက်လိုက်၏။

"မင်း လှေလှော်တတ်တယ်မဟုတ်လား၊ ကဲ လှော်ပေတော့"

အမိန့်သံဆုံးသည်နှင့် လှေငယ်လေးသည် လျင်မြန်ပေါ့ပါးစွာ ပြေးထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ဟုတ်တယ်ဗျာ၊ ကိုမီရာပြောတဲ့အတိုင်းပဲ နတ်ဘုရားရုပ်တုကြီးက သူတို့လှေကို လိုက်နေပြီ”

“ဒုက္ခတော့ များးကုန်တော့မှာပဲဗျာ၊ ပန်နီဆာနတ်ဘုရားကြီးရယ် လူစွန့်စားမီရာကို ဒဏ်မခတ်ပါနဲ့၊ သူဟာ ကောင်းမြတ်တဲ့လူတစ်ယောက်ပါ”

“ပါစီပူစီရေ ဆုတောင်းတာကို အသာထားပြီး ကိုမီရာ မှာခဲ့တဲ့အတိုင်း အနောက်ဘက်ကလစ်ကြစို့၊ မြန်မြန်လေးဗျို့”

ကျွန်ုပ်က လှေဦးတွင်နေရာယူလိုက်ပြီး အလီရှာကို အလယ်တွင်ထား၍ ပါစီပူစီက ပဲ့ကိုင်လိုက်၏။ သေနတ်ကို အသင့်မောင်းတင်လိုက်ပြီး နံဘေး၌ချကာ ကျွန်ုပ်လည်း တက်တစ်ခုကိုဆွဲ၍ အားသွန်လှော်ခတ်လေတော့၏။





“အမယ်လေး ဟိုမှာ သူတို့ နတ်ဘုရားကြီးနဲ့ နီးနေပြီ”

အလီရှာ ထိတ်လန့်တကြားအသံကြောင့် ကျွန်ုပ် လှမ်းကြည့်လိုက်ရာ ကိုမီရာသည် သူ၏ခြောက်လုံးပြူးသေနတ်နှင့် နတ်ဘုရားရုပ်တုကြီးကို ချိန်ရွယ်နေသည်ကိုတွေ့လိုက်ရ၏။

“ဒုက္ခပဲဗျာ၊ နတ်ဘုရားကို သေနတ်နဲ့ပစ်ရင် ဒုက္ခရောက်ကုန်တော့မှာပေါ့”

“ဒိုင်း”

ပါစီပူစီ၏စကားအဆုံးမှာပင် ကိုမီရာ၏သေနတ်ပြောင်းဝမှ မီးပွင့်ထွက်သွားလေတော့သည်။ ရုပ်တုကြီးမှာ တစ်ချက်ငြိမ်သက်သွား၏။

“ဒိုင်း”

နောက်တစ်ချက်။ ထိုသေနတ်သံတစ်ချက်အပြီးမှာပင် ကိုမီရာတို့၏လှေမှာ တိမ်းမှောက်သွားသည်ကို တွေ့လိုက်ရတော့သည်။

“သွားပြီ၊ သေကုန်ပါပြီဗျာ”

“ဒါ နတ်ဘုရားကို ရန်ပြုလို့ နတ်ဘုရားက အပြစ်ပေးတာ၊ အမယ်လေး ကျွန်မတို့တော့ ရန်မပြုပါဘူးနော်”

လူစွန့်စားမီရာအတွက် အလွန်တရာစိုးရိမ်ပူပန်နေရသည့်အလယ် ပါစီပူစီတို့စုံတွဲကလည်း တစ်မှောင့်။



www.burmeseclassic.com

www.burmeseclassic.com



"သေနတ်သံကြောင့် နန်းတော်ကလူတွေအားလုံး ထွက်ကြည့်ကုန်ပြီဗျ"

ဟုတ်၏။ ဟိုမှာဘက်ကမ်းတွင် ဓား၊ လှံလက်နက်များ ကိုင်ဆောင်ထားသည့် ရဲမက်များ အပြည့်အသိပ်ရောက်ရှိ၍နေပေပြီ။ နတ်ဘုရားရုပ်တုဆီမှ ရေပြင်ကို တဝုန်းဝုန်းရိုက်ခတ်သံများမှာ ကျယ်လောင်စွာပေါ် ထွက်၍နေ၏။ သို့သော်လည်း ရေအောက်မှ ခပ်အုပ်အုပ်ပေါ် ထွက်လာသည့် သေနတ်သံတစ်ချက်ကို ကြားလိုက်ရပြီးသည့်နောက် အရာရာမှာ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

လှုပ်ခတ်မှုမရှိတော့သော ရေပြင်ကြီးကိုကြည့်ပြီး ကျွန်ုပ်၏ရင်မှာ ဟင်းလင်းပြင်ကြီးလိုဖြစ်သွား၏။ ပါစီပူစီ၏ မချိ တင်ကဲ တက်ခေါက်သံနှင့် အလီရှာ၏ရှိုက်ငိုသံတို့ကို ကြားနေရ၏။

"ဟော ..."

ဗွမ်းခနဲ ရေပေါ်သို့ပေါ် ထွက်လာသည့် ဦးခေါင်းတစ်ခု။ သူကတော့ ကျွန်ုပ်တို့ဇာတ်လိုက်ကြီး လူစွန့်စားမီရာ။ ကျွန်ုပ်တို့ဘက်သို့ ကူးလာနေသော ကိုမီရာကိုကြည့်ကာ ဝမ်းသာသွားရတော့သည်။

"ပါစီပူစီရေ အဲဒီဘက်ကိုလှော်ဟေ့"

ပါစီပူစီနှင့် အလီရှာတို့နှစ်ဦး အံ့သြစိတ်များနှင့် မှင်တက်နေကြရာ ကျွန်ုပ် လောဆော်လိုက်မှ အသက်ဝင်လှုပ်ရှားကြတော့သည်။





ခဏကြာမီမှာပင် လှေကလေးသည် ကိုမီရာ၏အနီးသို့ ရောက်ရှိသွားတော့သည်။

"ကိုမီရာ ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူးဗျ ရေနတ်ဘုရားလုပ်နေတဲ့ သတ္တဝါကြီးတော့ ကြွသွားပြီ"

ကိုမီရာက လှေပေါ်သို့တွယ်တက်ပြီး ပြောလိုက်သည်။

"မြန်မြန်လှော်ကြပေတော့ဗျို့၊ ဘုရင်မရဲ့ ရဲမက်တွေ ရေအိုင်ကြီးကို ပတ်ပြီးလိုက်လာကြပြီ"

ဟုတ်၏။ သဲသဲလှုပ်နေသော ရဲမက်များမှာ ကျွန်ုပ်တို့နောက်သို့ လိုက်လာကြပေပြီ။ သို့သော်လည်း ကြီးမားကျယ်ပြန့်လှသည့် ရေအိုင်ကြီးကိုပတ်ပြီးလိုက်ရမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့ကို တော်ရုံနှင့်မီနိုင်ကြမည်မဟုတ်။

ယင်းသို့ဆိုစေ ကျွန်ုပ်တို့ကတော့ သူတို့နှင့် ဝေးကွာသည်ထက် ဝေးကွာအောင် အစွမ်းကုန်လှော်ခတ်ကြရပေမည်။

"ဘာသတ္တဝါကြီးလဲဗျ"

ကျွန်ုပ်က အစွမ်းကုန်လှော်ခတ်နေရင်းမှပင် စပ်စုလိုက်၏။

"နစ်ချို့ရေဘဝဲကောင်ကြီးဗျာ၊ သေနတ်နှစ်ချက်ထိတာ တော်တော်ရုံနဲ့မသေဘူး။ ကံဆိုးတဲ့ကောင်လေးကတော့ ရေဘဝဲ ညှစ်



www.burmeseclassic.com

www.burmeseclassic.com



သတ်တာကို ခံလိုက်ရလေရဲ့”

ကိုမီရာမှာ စိတ်မကောင်းဖြစ်နေပုံရလေ၏။

“ကျုပ်တောင်မှ သီသီလေးပါပဲဗျာ၊ သူ့လက်ကြီးနဲ့ ညှစ် ဆွဲထားတုန်းမှာ သူ့ခေါင်းထဲ ကျည်တစ်တောင့်ထည့်လိုက်နိုင်ပေလို့ဗျို့”

ကျွန်ုပ်သည် အလွန်ဝေးကွာနေပြီဖြစ်သော ရွှေနန်းတော်ဘက်သို့လှည့်ကြည့်မိလေရာ နန်းတော်ထက် လေသာပြတင်းတစ်ခုမှနေ၍ ကျွန်ုပ်တို့ဘက်သို့ ငေးမောကြည့်နေသော အနီရောင်ဝတ်စုံဝတ် အမျိုးသမီးတစ်ဦးကို ခပ်ပျပျ တွေ့မြင်လိုက်ရ၏။

“ဟိုး အပေါ်ကကြည့်နေတာ ဘုရင်မ ထင်ပါရဲ့”

“အနီရောင်ဝတ်ထားတာဆိုတော့ ဟုတ်မယ် ကိုအောင်ဒင်ရေ ကျုပ်တို့ ထွက်ပြေးလို့မရအောင် မှော်ကဝေပညာနဲ့ မန်းမှုတ်နေဟန်တူလေရဲ့”

“ဒါနဲ့ ခင်ဗျားလက်စွပ် မမြင်တော့ပါလား”

ကျွန်ုပ်က ခုမှ သူ၏လက်ကို သတိထားပြီးမေးလိုက်ရာ ကိုမီရာက သူ့ပုံဟန်အတိုင်း ပခုံးကိုတွန့်လိုက်၏။

“ကျုပ်လက်စွပ် မဟုတ်ရပေါင်ဗျာ၊ သူ့ယောက်ျား ဘုရင်ကြီးရဲ့လက်စွပ်ပါ၊ ကျုပ်နဲ့ ဘာမှမဆိုင်လို့ သူ မေ့နေတုန်း သူ့လက်ထဲ ပြန်စွပ်ပေးလိုက်တယ်”





“သူက ခင်ဗျားကို အဲဒီဘုရင်ကြီးလို့ပဲ ထင်နေတာဗျ”

“တော်စမ်းပါဗျာ၊ ရုပ်တုနဲ့တူတိုင်းသာ ဘုရင်လုပ်ရမယ် ဆိုရင်တော့ ခက်ခက်ရချည်သေးရဲ့၊ ဘယ်နှစ်ယောက်ကျမှန်း မသိတဲ့ဟာကြီးနဲ့ ပိတ်လှောင်နေတဲ့အခန်းကျဉ်းလေးမှာ လူညွန့်အတုံးခံပြီး ဘုရင် လုပ်မနေနိုင်ပါဘူးဗျာ”

ထိုသို့ ခပ်သောသောပြောပြီး လူစွန့်စားမီရာက တစ်ချက်ရယ်လိုက်သည်။ သူ့ကို ကျွန်ုပ် လေးစားသည့်အထဲ၌ ဤအချက်သည်လည်း အပါအဝင်ဖြစ်၏။ အန္တရာယ်များဝိုင်းနေသည့် အထဲမှပင် ပျော်ပါးစွာ ရယ်မောနေနိုင်ခြင်းမှာ သူ၏ပြယုဂ်ပင်ဖြစ်၏။

သို့နှင့်ပင် ကျွန်ုပ်တို့သည် မရဏာရေအိုင်တစ်ဖက်ကမ်းသို့ ရောက်ရှိလာကြလေတော့သည်။ တက်များကိုကိုင်ပြီး လက်အားကို အစွမ်းကုန် အသုံးပြုခဲ့ကြသည်။ ကျွန်ုပ်တို့လှေစုမှာ ရေပေါ်မှနေ၍ ကုန်းပေါ်ရောက်သည်နှင့် ခြေထောက်များကို ဖဝါးနှင့်တင်ပါး တစ်သားတည်းကျအောင် အသုံးပြုကြရပြန်လေသည်။

မပြေးလို့ကလည်း မဖြစ်။ ပုရွက်ဆိတ်များသဖွယ် သဲသဲလှုပ် ဆိုက် လာနေသည့် တစ္ဆေရဲမက်များလက်ထဲသို့ ပြန်လည် မကျရောက်စေရန် မိမိကိုယ်မိမိ မာရသွန်အပြေးသမားကဲ့သို့ သဘောထားရမည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကျွန်ုပ်တို့အထဲ၌ အမျိုးသမီးတစ်ယောက် ပါနေသောကြောင့် သူ့ကို ဖေးကူနေရသေးရာ ခရီးမသွက်ဖြစ်ကြရ၏။

"ကျွန်မ ... ကျွန်မ မပြေးနိုင်တော့ဘူး"

"အို... အချစ်ရယ် အားတင်းထားစမ်းပါ၊ ကိုယ်တို့ လျော့တွက်ထားတဲ့နေရာရောက်တော့မယ့်လေ"

"အား... ခြေထောက်က တအားနာနေပြီ"

"ကဲ ပါစီပူစီရေ ဖဝါးတော်နုနု သွေးခြေဥပြီဆိုတော့ ထမ်းသာပြေးပေတော့ဗျာ၊ အချစ်စစ်အချစ်မှန်ဆိုတဲ့သဘောမှာ ထမ်းပြေးတာလဲပါသဗျ"

ကိုမီရာ၏ ရယ်ရွှမ်းဗတ်ရွှမ်းအပြောကြောင့် ကျွန်ုပ်မှာ အဆောဆို့နေသည့်ကြားမှပင် ပြုံးလိုက်မိသေး၏။ ပါစီပူစီလည်း ကိုမီရာပြောသည့်အတိုင်းပင် သူ၏ချစ်သူကို ပခုံးပေါ်တင်၍ ထမ်းပြေးလေ၏။

"ကိုအောင်ဒင်ရေ ..., ခင်ဗျားသေနတ် တစ်ချက်ပေးဗျာ၊ ခင်ဗျားရဲ့ တစ်တောင့်တည်းကျန်တဲ့ကျည်ဆန်ကိုတော့ ဒီနေရာမှာ အကျိုးရှိရှိ အသုံးချရမယ်"

လူစွန့်စားမီရာသည် သေနတ်ကိုယူလိုက်ပြီး အနောက်သို့လှည့်ကာချိန်ရွယ်လိုက်၏။





"မှတ်လောက်သားလောက်အောင် အပြေးသန်တဲ့ကောင် တစ်ကောင်ကိုတော့ ပစ်ချိုးထားမှ"

အပြေးသန်သည့်တစ္ဆေရဲမက်တချို့မှာ အုပ်စုကြီးထဲမှ ရှေ့သို့ချွန်ထွက်နေ၏။ သူတို့မှာ ကျွန်ုပ်တို့နှင့် အလွန်ကွာလှမ်းနေလှသေးသော်လည်း အလီရှာ၏ ဖြစ်နေပုံနှင့်ဆိုလျှင် မီလာနိုင်စရာအကြောင်းရှိပေ၏။ ကိုမီရာသည် သေနတ်ဒင်ကို ပခုံးတွင်ထောက်ပြီး ဘယ်ဘက်မျက်လုံးကိုမှိတ်ကာ ချိန်သီးမှတစ်ဆင့် ပစ်ကွင်းကိုသေချာစွာချိန်ရွယ်နေ၏။

"ဒိုင်း"

ကော်ဒိုက်ယမ်းအားပေါက်ကွဲသံနှင့်အတူ ရှေ့ဆုံးမှ လူတစ်ဦးသေပြီးကျသွားသည်ကိုတွေ့လိုက်ရ၏။ ထိုတစ်ယောက် လဲကျသွားသည်နှင့် ကျန်သည့်သူများမှာ ကြောက်လန့်တကြားနှင့် ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြတော့သည်။ နောက်ပြန်လှည့် ပြေးသူကပြေး၊ မြေကြီးပေါ် ဝပ်ချသူက ဝပ်ချနှင့် ရှုပ်ယှက်ခတ်နေတော့၏။

"သူတို့ တော်ရုံနဲ့တော့ ဆက်လိုက်လာရဲမှာမဟုတ်ဘူး"

အမှန်တကယ် သေသေကျေကျေသဘောမျိုးနှင့် လိုက်လာကြသော်လည်း ကျွန်ုပ်တို့အတွက် မချောင်တော့။ ပါစီပူစီမှာလည်း သူ၏ချစ်သူကို ပခုံးတမ်းလျက်တစ်ဖုံ၊ ကျောပိုးလျက်တစ်နည်း ချီပြေး၍

www.burmeseclassic.com



တစ်သွယ်နှင့် အမျိုးမျိုးသယ်ဆောင်နေရရာ ဖတ်ဖတ်မောနေပေပြီ။

အာဆကေ တချွေရဲမက်များမှာ ယခင်လို ရဲရဲတင်းတင်း အပြေးအလွှားမလိုက်လာကြသော်လည်း ကုပ်ချောင်းချောင်းနှင့် မရဲတရဲ လိုက်လာနေကြသေး၏။ အကယ်၍သာ သူတို့တွေ မကြောက်မရွံ့နှင့် ယခင်အတိုင်းသာလိုက်လာကြမည်ဆိုလျှင် ကျွန်ုပ်တို့ထံ၌ ကျည်ဆန်ဗုံးယာနှင့် သေနတ်အခွံသာရှိတော့သောကြောင့် ဒုက္ခလှလှ ရောက်သွားနိုင်၏။ လူစွန့်စားမိရာ၏ ခြောက်လုံးပြူးမှာလည်း ရေဘဝဲကြီးနှင့် လုံးထွေးသတ်ပုတ်ရင်း မရဏာရေအိုင်ကြီးထဲ ကျ ရစ်ခဲ့ပေပြီ။

"ရောက်ပြီဗျို့၊ ရောက်ပြီ"

ပါစီပူစီက အလီရှာကို ပိုးထားရာမှ ချလိုက်ပြီး ဝမ်းသာအား ရ အော်လိုက်သည်။ သူ၏လှေမှာ လှလေးယောက် ချောင်ချောင် ချိချိစီးနိုင်ပြီး တစ္ဆေလှေထုံးစံအတိုင်း ရွှေပြားကွပ်ထားလေ၏။

"အပြန်ခရီးက ရေစုန်ဆိုတော့ အေးအေးဆေးဆေး မျော သွားရုံပဲ"

"နို့ ရေတံခွန်လေးတစ်ခု ရှိသေးတယ်ဆို"

"အဲဒါက ဟိုးအထက်မှာကျန်ခဲ့ပါပြီ ဆရာရယ်၊ ကျွန်တော်ထ ရေတံခွန်ပေါ်က ကျွမ်းထိုးချရမယ့်အဖြစ်မျိုး ဘယ်လုပ်ပါ့မလဲ"





ကျွန်ုပ်တို့အားလုံး ချုံပုတ်များကြား ဝှက်ထားသောလှေကို ရေပေါ်ချကြ၏။ အလီရှာနှင့် ကျွန်ုပ်တို့နှစ်ဦး ဦးစွာတက်လိုက်ပြီး ပါစီပူစီနှင့် လူစွန့်စားမိရာတို့ နောက်တက်လိုက်သည်နှင့် လှေကလေးမှာ တသွင်သွင်စီးဆင်းနေသည့် ရေအလျဉ်နှင့်အတူ လျင်မြန်စွာ မျောပါ သွားလေတော့သတည်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပိုင်း အဖြစ်အပျက်များမှာတော့ စာစီရလောက်အောင် အခက်အခဲသိပ်မရှိတော့။ မိကျောင်းများပေါ်များသည့်နေရာ၌ ရေသံမကြားအောင်ရင်တထိတ်ထိတ်နှင့် ကျော်ဖြတ်ခဲ့ရခြင်းမျှသာ ပြောစရာရှိလေ၏။ ပါစီပူစီမှာလည်း ချီးကျူးဖွယ်ကောင်းလှပေ၏။ အပြန်ခရီးလမ်းအတွက် သူသည် ရိက္ခာခြောက်များကိုပါ မမေ့မလျော့ စီမံထားသောကြောင့် အစားအသောက်အတွက် မပူပင်ကြရ။

ထို့အပြင် သူသည် ရွှေတုံးရွှေခဲများကိုပါ ကောက်ထည့်လာသေး၏။ ထိုရွှေများကို ကျွန်ုပ်တို့အားပါ ခွဲဝေပေးသေးရာ ကျွန်ုပ်တို့က လက်မခံခဲ့ကြ၊





"ဆရာတို့တွေက တော်တော်အံ့ဩစရာကောင်းပါတယ်၊ ဘာကိုမှ မမက်မောကြဘူးနော်၊ လူစွန့်စားဆိုတဲ့နာမည်နဲ့ လိုက်ပါပေရဲ့ဗျာ"

သူက ထိုစကားမျိုးကို မကြာခဏဆိုလေ၏။

"အမှန်တော့ ကျွန်တော်လဲ ဥစ္စာပစ္စည်းကို သိပ်မက်တဲ့သူတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အခုက မိနီးမရပြီဆိုတော့ သူ မျက်နှာမငယ်အောင်ထားဖို့လိုမှာဗျ"

ချစ်ရည်လူးသည့်မျက်လုံးကြီးနှင့် အလီရှာကိုကြည့်ပြီး ပြောလေရာ သူမက ရှက်ပြုံးပြုံး၍နေ၏။ ဤခရီးတွင် သစ္စာကြီးသော ချစ်သူနှစ်ဦး ပြန်ပေါင်းထုပ်ရခြင်းသည်သာ ကျွန်ုပ်တို့အတွက် အမြတ်ဖြစ်ခဲ့ချေ၏။ အခုအခါ၌ ပါစီပူစီရော အလီရှာပါ ရေနတ်ဘုရား ပန်နီဆာကို ယုံကြည်ကိုးကွယ်သူများ မဟုတ်ကြတော့။

သူတို့ကိုးကွယ်သည့် ရေနတ်ဘုရားမှာ ရေဘဝဲတစ်ကောင်သာဖြစ်ကြောင်း သူတို့ သိရှိခဲ့ရပေပြီ။ ထိုရေဘဝဲကောင်ကြီးသည် ရေပေါ်၌ တစ်ခုတည်းပေါ်နေသည့်ရုပ်တုကို ဆွဲယူကစားလိုက်၊ ရေပေါ်၌ပေါ်အောင်ပြုလုပ်ထားသည့်ရုပ်တုဖြစ်သောကြောင့် မြုပ်သွားလိုက် ပေါ်လာလိုက်ဖြစ်နေသည်များကို အံ့ဩတကြီးဖြစ်ပြီး လူ့အသက်သွေးများနှင့် ယဇ်နတ်ပူဇော် သည့်ဓလေ့မှာ လွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရှုံမှန်းစရာ မှားယွင်းသောခလေ့ဖြစ်ကြောင်း သူတို့ နားလည်ခဲ့ကြလေပြီ။

လူသားစား ဘူဒူးနယ်မြေဆီသို့ ကျွန်ုပ်တို့လှေ ဆိုက်ကပ်သည့်အချိန်တွင် ဘိုနီနှင့် ဘူဒူးများအားလုံး ဝမ်းပန်းတသာ ကြိုဆိုကြလေ၏။ ယခုအချိန်၌ ဘူဒူးများမှာလည်း လူသားကို မစားဘဲနှင့်နေနိုင်ကြပြီဖြစ်လေရာ ဒါသည်လည်း ကျွန်ုပ်တို့အတွက် အမြတ်ပင်မဟုတ်ပါလော။

"မင်းသားလေးတို့အားလုံး ကျွန်တော်တို့နယ်မြေမှာပဲ နေလိုက်ကြပါလားဗျာ၊ ကျွန်တော်တို့ တစ်သက်လုံး မြှုစုသွားပါ့မယ်"

သူတို့နယ်မြေတွင် ခေတ္တသာနားပြီး ကျွန်ုပ်တို့ ခရီးဆက်ထွက်ရန်ပြင်ကြရာ ဘိုနီက ဝမ်းနည်းသံနှင့်ဆိုလေ၏။ ကျွန်ုပ်တို့အား လွန်စွာချစ်ခင်ကြသည့် ဘူဒူးများသည် ခေါင်းနီလူပုများ ရန်မရှာနိုင်ရန်အတွက် များပြားလှသောအုပ်စုလိုက်ကြီး ခြံရံကာ အန္တရာယ်ကင်းသည့်နေရာရောက်သည်အထိ ပို့ဆောင်ပေးကြ၏။

အလာတုန်းက အသက်လုပြီးပေးခဲ့ရသည့် ထိုနေရာ၌ ခေါင်းနီလူပုများကို တစ်ကောင်တစ်မြီးမှ မတွေ့ကြရချေ။ ဘူဒူးများကိုယ်ကြောက်များဖြစ်သောကြောင့် လွတ်ရာတွင် ပုန်းအောင်းနေကြဟန်တူပေ၏။ ကျွန်ုပ်တို့က နောင် အခွင့်သင့်လျှင် မိတ်ဆွေဘူဒူး





များထံသို့ ပြန်လာဦးမည်ဖြစ်ကြောင်း ပြောဆိုနှုတ်ဆက်ရာ ဘိုနီနှင့်လူငယ် အများအပြားမှာ ငိုကြွေးကြကုန်၏။

ဤသို့နှင့် အလာခရီးစဉ်မှ လမ်းကြောင်းအတိုင်း တစ်ဆင့်ပြီးတစ်ဆင့်ပြန်ခဲ့ကြရာ နောက်ဆုံး၌ အင်္ဂလန်ရှိ မိတ်ဆွေကြီးဆမ်းမားထံသို့ ပြန်ရောက်ရှိလာကြတော့၏။ သည်မှာတွင်လည်း ကျွန်ုပ်တို့မှာ ဝမ်းသာစရာဖြစ်ခဲ့ရပြန်၏။ ဟာကျူလီဆမ်းမားမှာ ကျန်းမာရေးပြန်ကောင်းကာ နာလန်ထစ ပြုနေပေပြီ။

"အံ့သြစရာပါပဲဗျာ၊ ခင်ဗျားတို့ ကြင်ရာတော်နတ်ဘုရားမရုပ်တုကို သယ်ဆောင်သွားပြီးကတည်းက အလိုလိုစိတ်ကြည်လင်ပြီးနေပြန်ကောင်းလာတာပဲဗျ"

ဟာကျူလီဆမ်းမားက ဖက်လဲတကင်း ဝမ်းသာအားရ ဆိုလေ၏။ အမှန်တော့ သူ၏ရောဂါမှာ စိတ်ထောင်း၍ ကိုယ်ကြေခြင်းသာဖြစ်ပြီး စိတ်ရှင်းသွားသည်နှင့် ကိုယ်လည်း ပြန်ကြည်လင်သန့်ရှင်းရောဂါကင်းဖြစ်သွားဟန်တူပေ၏။ အာဆကေတစ္ဆေနယ်မြေတွင်သာ တစ်သက်လုံး ဗဟုသုတနည်းပါးစွာနှင့် ကြီးပြင်းလာခဲ့သည့်အလီရှာအတွက်ကတော့ ပြင်ပကမ္ဘာမှာ အံ့စရာအတိပြီး၍နေ၏။

သူမသည် ကလေးငယ်တစ်ဦးသဖွယ် ဟိုငေးသည်ငေးနှင့်အရာရာအားလုံးကို အထူးအဆန်းဖြစ်၍နေတော့သည်။ ကား



www.burmeseclassic.com

www.burmeseclassic.com



ရထား မီးသဘော အပါအဝင် ကမ္ဘာမြေတစ်လွှား လူအများ အသုံးပြုနေကြသည့် စက်ကိရိယာပစ္စည်းများမှာ သူမတို့ တစ်ခါမှ စိတ်ကူးပင်မယဉ်ဖြစ်ခဲ့သောအရာများဖြစ်၍နေလေ၏။

ပါစီပုစီကတော့ အထူးအဆန်းတစ်ခုဖြစ်တိုင်း လမ်းခရီး တစ်လျှောက်တွင်သာမက ယခု အိမ်သို့ရောက်ချိန်ထိ ရှင်းပြမဆုံးဖြစ်နေရတော့သည်။ ဟာကျူလီဆမ်းမား:က ပါစီပုစီကို ယခင်လို ကျွန်သခင် ပုံစံမျိုး မဟုတ်ဘဲ မိတ်ဆွေသူငယ်ချင်းအဖြစ်သတ်မှတ်ကာ ချစ်သူနှစ်ဦးနေရန်အတွက် အိမ်တစ်လုံးကိုပါ လက်ဖွဲ့ပြန်ရာ သူတို့မှာ လွန်စွာပျော်ရွှင်ကြတော့၏။

ကျွန်ုပ်တို့၏ ဤစွန့်စားခန်းခရီးစဉ်သည်ကား ယခု စာစုရေးနေသည့်အချိန်နှင့်တွက်လျှင်မူ ကြာကောင်းကြာမြင့်ခဲ့ပေပြီ။ သို့သော်လည်း ပြန်တွေးလိုက်လျှင်မူ မနေ့တစ်နေ့ကလိုပင် ဖြစ်နေဆဲ။ ဘုရင်မ ရီပာန်နာ၏ဇာတ်သိမ်းပိုင်းသတင်းကို နောင်တစ်ချိန်၌ ကြားသိရလေရာ လွန်စွာ ပဟေဠိဆန်၍နေပေ၏။

ကျွန်ုပ်တို့နောက်ပိုင်း၌ အာဖရိက စိန့်ရှေးရတနာရှာဖွေရေး အဖွဲ့တစ်ဖွဲ့ ထိုနေရာသို့ မထင်မှတ်ဘဲ ရောက်သွားခဲ့၏။ ထိုအဖွဲ့တွင် လူစွန့်စားမိရာ၏ ရင်းနှီးသောမိတ်ဆွေတစ်ဦး ပါဝင်လေသောကြောင့် ထိုလူမှတစ်ဆင့် ပြန်လည်ကြားသိခဲ့ရခြင်းဖြစ်လေသည်။





လူတစ်ယောက် သေဆုံးရုံနှင့် ကြောက်ရွံ့၍မလိုက်ဝံ့ကြသော အာဆကေတစ္ဆေများအပေါ်၌ ဘုရင်မသည် လွန်စွာ မျက်ခေါ်သထွက်ခဲ့၏။ လူ့အသက်ပေါင်း ဘယ်လောက်သေသေ ဘုရင်လောင်းလူစွန့်စားမိရာကို အရှင်ဖမ်းဆီးခဲ့ရမည်၊ မဖမ်းဆီးနိုင်ဘဲ ပြန်လာခဲ့ပါက သေဒဏ်ကျခံရမည်ဟု ပြင်းထန်သည့်အမိန့်တော်ကို ချမှတ်လေ၏။

ဘုရင်မအမိန့်တော်ကို မလွန်ဆန်နိုင်သော အာဆကေရဲမက်များမှာ ကျွန်ုပ်တို့၏နောက်သို့ စုန်ဆင်းလိုက်ရန်ပြင်ဆင်ကြတော့သည်။ သူတို့ လက်နက်လူသူ စုဆောင်းချိန်၊ လှေတက်များ မပြည့်စုံသောကြောင့် ပြင်ဆင်ချိန်များမှာ အနည်းငယ်ကြာမြင့်နေသောကြောင့် ကျွန်ုပ်တို့ကိုမမီ ဖြစ်သွားရခြင်းဖြစ်လေသည်။

ထိုသူများမှာ ဘူဒူးနယ်မြေမှ ကျွန်ုပ်တို့ ထွက်ခွာသွားပြီးသည့်နောက်မှ ထိုနယ်မြေသို့ ရောက်ရှိလာ၏။ တစ္ဆေရဲမက်များသည် ဘူဒူးများကိုရောက်ရောက်ချင်း အပြင်းအထန်တိုက်ခိုက်ကြရာ ဘူဒူးများမှာ ပထမပိုင်း၌ လွန်စွာအထိနာခဲ့ကြတော့သည်။

သို့သော်လည်း နဂိုကတည်းက အသတ်အပုတ်သန်သည့် ဘူဒူးများကို ဘိုနီက ဦးဆောင်၍ ပြန်လည်ခုခံကာကွယ်တိုက်ခိုက်ရာ တဖြည်းဖြည်းနှင့် အသာစီးပြန်ရလာတော့သည်။ သွေးအေးနေပြီ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သောဘုန်းများသည် အာဆကေတစ္ဆေများကို လန့်ထွက်သွားအောင် တိုက်ခိုက်နိုင်ရုံမက ဆုတ်ခွာသွားသည့် ရန်သူများနောက်သို့ လိုက်ကြရာ တစ္ဆေနယ်မြေသို့တိုင် ရောက်ရှိသွားကြတော့သည်။

ဘုန်းများမှာ ယခင်ကတည်းက သူတို့ကို လူရာမသွင်းသည့် အာဆကေများကို လွှန်စွာမှာကြည်းထားခဲ့လေရာ ယခုလို ဒေါသအထွတ်အထိပ်ရောက်ချိန်မှာတော့ ဆိုဖွယ်ရာမရှိတော့။ မုန်တိုင်းတိုက်ခတ်သလို အပြင်းအထန်သတ်ပုတ်တိုက်ခိုက်ကြသောကြောင့် နောက်ဆုံးတွင် အာဆကေနန်းတော်ကို စီးနင်းမိကြတော့သည်။

ထိုအချိန်မှာတော့ ဘုရင်မ ရီဟာန်နာက ထူးဆန်းစွာ ပျောက်ဆုံး၍နေပေပြီ။ အသက်မသေဘဲ ကျန်ရှိသည့်သုံ့ပန်းများ၏ အဆိုအရ ဘုရင်မရီဟာန်နာမှာ စစ်ထွက်ချိန်က ပါရှိမသွားသော်လည်း ထိုအချိန်ကတည်းက ပျောက်ဆုံးသွားခဲ့သည်ဟု သိရလေ၏။ ဘုရင်မနှင့်အတူ ရေနတ်ဘုရား၏ကြင်ရာတော်ရုပ်တုလေးမှာလည်း ပျောက်ဆုံး၍နေ၏။

ဘုရင်မသည် မှော်ကဝေပညာကို တတ်မြောက်ထားသောကြောင့် လူစွန့်စားမီရာနောက်သို့ မြေလျှိုးပြီးတော့ပဲ လိုက်သွားသလိုလို၊ နတ်ဘုရားမျက်နှာဖုံးကိုစွပ်၍ မိုးပျံပြီးတော့ပဲ ထွက်သွားသလိုလို အမျိုးမျိုးပြောဆိုကုန်ကြ၏။



BURMESE CLASSIC .com



ကျွန်ုပ်မှာ ထိုထင်မြင်ချက်အယူအဆများကို ယုံကြည်သူမဟုတ်သော်လည်း တစ်ခါတစ်ရံ၌မူ နတ်ဘုရားမျက်နှာဖုံးစွပ်ထားသည့် ဘုရင်မရီဟာန်နာ မပြောမဆိုနှင့် ဝုန်းခနဲရောက်လာမလားဟု သွေးသန့်နေမိ၏။ ထိုအကြောင်းကို လူစွန့်စားမီရာနှင့်လည်းပြောဖြစ်ခဲ့သေးသည်။

"ကိုယ့်ဆရာရေ ရီဟာန်နာသာ အဲဒီလိုမျိုးကြီးရောက်လာရင် ကျုပ်တော့ သွေးပျက်ပြီး အသက်ထွက်သွားမလားဘဲ"

"တော်စမ်းပါဗျာ၊ မိန်းမတစ်ယောက်ပဲ ဘာကြောက်စရာလိုလဲ"

"မိန်းမတော့ မိန်းမပေါ့ဗျာ၊ ဒါပေမယ့်..."

"မဟုတ်တာတွေ တွေးမနေပါနဲ့ ကိုယ့်လူရာ၊ ပေါ့ပေါ့ပါးပါးနေစမ်းပါ"

ကိုမီရာက ထိုသို့ဆိုပြီးနောက် သူ၏တယောလေးကို ဖြုတ်ယူလိုက်ပြီး တေးသွားတစ်ပုဒ်ထိုး၍နေ၏။

"ခင်ဗျားကတော့ ပေါ့ပေါ့ပါးပါးနေနိုင်ပေရဲ့ဗျာ၊ ရောမမြို့ကြီးမီးဟုန်းဟုန်းလောင်ချိန် တယောထိုင်ထိုးနေနိုင်တဲ့ နီယိုဘုရင်ကြီးအတိုင်းပါပဲ။ အင်းလေ... နေနိုင်မှာပေါ့၊ ခင်ဗျားလဲ ဘုရင်ကြီးပဲဟာ ရီဟာန်နာဘုရင်မရဲ့အသည်းစွဲ ဒရာဒီလာ ဘုရင်ကြီးလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ခနဲ့တဲ့ထဲ့စကားကြောင့် လူစွန့်စားခီရာသည် တယော ထိုးခြင်းကို ရပ်တန့်လိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်လေတော့ သတည်း။

## စည်သူအဂ္ဂ

ရွှေသမင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com